သီရိဆွေစာအုပ် ၁၅

# ဒုဋ္ဌဂါမဏိ

**ချစ်ဦးညို**

လုံးချင်းဝတ္ထု စ/ဆုံး

( တန်ဖိုး - ၁၃၀၀ ကျပ်)

စာမူခွင့်ပြုအမှတ်
၁၁၉၁/၂၀၀၄ (၁၀)

မျက်နှာဖုံးခွင့်ပြုအမှတ်
၁၃၆၆/၂၀၀၄ (၁၂)

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ ဇန်နဝါရီလ၊ ၂၀၀၅ ခုနှစ်

အုပ်ရေ
၁၀၀၀

မျက်နှာဖုံးပန်းချီ
ပန်းချီဝသုန်

စာစီ
သီရိဆွေ

စာအုပ်ချုပ်
စွယ်တော်

အတွင်းဖလင်
မဟာမီဒီယာ

မျက်နှာဖုံး နှင့် အတွင်းပုံနှိပ်
ဦးတင်အောင်ကျော်၊ စွယ်တော်ပုံနှိပ်တိုက်
အမှတ် - ၈၇၊ ၅၆-လမ်းတို၊ အမှတ်(၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးခင်မောင်သန်း (၀၁၄၅၄) သန်းစာပေ၊
အမှတ်-၆၃/ခ၊ ၁-လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

## လေးစားအပ်သော စာဖတ်သူ–သို့
## စာရေးသူ–မှ

'ဒုဋ္ဌဂါမဏိ'သည် မြတ်ဆုမွန်မဂ္ဂဇင်းတွင် (၁၉၉၄)၊ ဇူလိုင်လမှ (၁၉၉၆) အောက်တိုဘာလအထိ (၂၈)လတိုင် အခန်းဆက်ရေးခဲ့သော ဝတ္ထုရှည်ဖြစ်ပါသည်။ သို့သော် မြတ်ဆုမွန်မဂ္ဂဇင်းကို ဆက်လက်ထုတ်ဝေခြင်း မပြုတော့သည့်အတွက် ဝတ္ထုသည် မပြီးဆုံးသေးဘဲ တစ်ပိုင်းတစ်စနှင့် ရပ်ဆိုင်းသွားခဲ့ပါသည်။ နှစ်ကာလကြာမြင့်ခဲ့ပြီဖြစ်၍ မည်သည့်နေရာတွင် ရပ်ဆိုင်းသွားခဲ့သည်ကိုလည်း မမှတ်မိတော့ပေ။

သီရိဆွေစာအုပ်တိုက်မှ 'ဒုဋ္ဌဂါမဏိ'ကို အစပြန်ဖော်ကာ နောက်ကြောင်းပြန်လိုက်လံရှာဖွေခဲ့ပါသည်။ မြတ်ဆုမွန်မဂ္ဂဇင်းများလည်း အစုံအလင်မရှိတော့သောကြောင့် အမျိုးသားစာကြည့်တိုက်တွင် ပြန်ရှာဖွေရသည်။ နောက်ဆုံးရေးသား ရပ်ဆိုင်းသွားသော ၁၉၉၆ အောက်တိုဘာလထုတ် မဂ္ဂဇင်းအထိ အစုံအလင် တွေ့ရှိခဲ့ပြီးနောက် မဆုံးသေးသော ဝတ္ထုကို ဆက်လက်ရေးသားရပါသည်။ ရေးသူ(မိမိ)နှင့် ဝတ္ထု(ဒုဋ္ဌဂါမဏိ)တို့သည် ရှစ်နှစ်မျှကင်းကွာပြတ်တောက်ခဲ့သော်လည်း ဆက်ရေးဖို့ အစပျိုးလိုက်သည်နှင့်ပင် ထိုကင်းကွာခဲ့သော ကာလအပိုင်းအခြားက ချက်ချင်းနီးကပ် ဆက်စပ်သွားကြသည်ဟု ဆိုနိုင်ပါသည်။ စာရေးဆရာတို့ အလေ့ရှိကြသော ပူးဝင်ဖန်တီးမှု၊ လသိုင်းစေ့ဆော်မှု၊ ကွန့်မြူးကျက်စားမှု (Inspiration) သည် ခက်ခက်ခဲခဲ နှိုးယူမနေရဘဲ အလိုလိုပင် နိုးကြားဝင်စားဖြစ်ခဲ့ပါသည်။ ရှစ်နှစ်ကြာ ဝေးကွာခဲ့သော်

လည်း ချစ်ခင်ရင်းနှီးစွဲရှိပြီး မိတ်ဆွေသူငယ်ချင်းတို့၏ ထွေးထွေးနွေးနွေးရှိမြဲရှိဆဲ သံယောဇဉ်နှင့် အလားတူမည် ထင်ပါသည်။

*  *  *

'ဒုဋ္ဌဂါမဏိ'ကို ရေးရာတွင် လယ်တီမဏ္ဍိုင်ပုံနှိပ်တိုက်ထုတ် (သီဟိုဠ်ကျွန်း၊ အရှင်မဟာနာမထေရ်မြတ် ရေးသားစီရင်အပ်သော မဟာဝံသအဋ္ဌကထာကျမ်းကို ရွှေတော်မြို့ ကျီးသဲလေးထပ်ဆရာတော် မြန်မာပြန်ဆိုရေးသားအပ်သော သီဟိုဠ်ရာဇဝင် မဟာဝင်ဝတ္ထု ဇမ္ဗုဒီပစာတမ်း)ကို အခြေပြုပါသည်။ အလျဉ်းသင့်၍ ဖော်ပြလိုသည်မှာ ကျွန်တော်တို့က 'ဝင်ကိုးဝင်'ရှိသည် ဟူ၍ ပြောဆိုမှတ်သားလေ့ရှိကြသော်လည်း အထက်ပါ မဟာဝင်ဝတ္ထု၏ ဗဟုဝံသဝိဘာဝိနီ နိဒါန်းတွင်မူ ...

"ထိုဝင်တို့သည် ၁၊ ဗုဒ္ဓဝင်ကျမ်း၊ ၂၊ အနာဂတဝင်ကျမ်း၊ ၃၊ ဒီပဝင်ကျမ်း၊ ၄၊ မဟာဝင်ကျမ်း၊ ၅၊ မဟာဗောဓိဝင်ကျမ်း၊ ၆၊ ဒါဌာဓာတုဝင်ကျမ်း၊ ၇၊ နလဋ္ဌဓာတုဝင်ကျမ်း၊ ၈၊ ဆကေသဓာတုဝင်ကျမ်း၊ ၉၊ ဓာတုဝင်ကျမ်း၊ ၁၀၊ မဟာထူပဝင်ကျမ်း၊ ၁၁၊ စူဠထူပဝင်ကျမ်း၊ ၁၂၊ ဟတ္ထဝနဝလ္လဝိဟာရဝင်ကျမ်း၊ ၁၃၊ ဂန္ထဝင်ကျမ်း၊ ၁၄၊ စူဠဂန္ထဝင်ကျမ်း စသည်ဖြင့် ဧဝင်မက များစွာရှိကြကုန်၏"

ဟူ၍ ဖော်ပြပါရှိလေသည်။

အခြားမှတ်ဖွယ်တစ်ခုမှာ (၁၁၇၉)ခုဖွား ဖြစ်တော်မူသော ကျီးသဲလေးထပ်ဆရာတော် (အရှင်မုနိန္ဒာဘိဓဇ)သည် ကျမ်းမဟာဝင်ဝတ္ထုကို (၁၂၄၀)ခုနှစ်တွင် ရေးသားပြီးစီးကြောင်း ကျမ်းပြီးနိဂုံး၌ ဖော်ပြပါရှိလေသည်။ သက်တော် (၇၇)နှစ်တွင် ပျံလွန်တော်မူသော ဆရာတော်ကြီးသည် ဤမဟာဝင်ဝတ္ထုကို သက်တော်(၆၁)နှစ်တွင် စီရင်ရေးသားခဲ့ပါသည်။

ဒုဋ္ဌဂါမဏိမင်း၏ ခေတ်ကာလနောက်ခံကို ခန့်မှန်းသိရှိနိုင်စေရန်...မဟာဝင်ဝတ္ထုလာအတိုင်း ဖော်ပြရသော် ...

– ဝိဇယဗျာဟုမင်း–သီဟိုဠ်သို့ရောက်၊ မင်းပြု– မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောနှစ် (သာသနာတော် – ၁)

- ပဏ္ဍုဝါသုဒေဝမင်း – သာသနာတော်နှစ် ၃၉
- အဘယမင်း – သာသတော်နှစ် ၆၉
- ပဏ္ဍုကာဘယမင်း – (၁၇ နှစ် မင်းလပ်သည်)
- ၎င်း – သာသနာတော်နှစ် ၁၀၆
- မုဋသီဝ မင်း – သာသနာတော်နှစ် ၁၇၆
- ဒေဝါနံပိယတိဿမင်း – သာသနာတော်နှစ် ၂၃၆
- ဥတ္တိယမင်း – သာသနာတော်နှစ် ၂၇၆
- မဟာသီဝမင်း – သာသနာတော်နှစ် ၂၈၆
- သူရတိဿမင်း – သာသနာတော်နှစ် ၂၉၆
- သေန နှင့် ဂုတ္တ(ကျေးမင်းညီနောင်)–သာသနာတော်နှစ် ၃၀၆
- အသေလမင်း – သာသနာတော်နှစ် ၃၃၀
- ဧဠာရကျေးမင်း – သာသနာတော်နှစ် ၃၄၀
- ဒုဋ္ဌဂါမဏိမင်း – သာသနာတော်နှစ် ၃၆၄ (နန်းစံ ၂၄ နှစ်)

* * *

ဤဝတ္ထုရေးရန်အတွက် လက်ရင်းပြုရသော (မဟာဝင်ဝတ္ထု) ကို မြန်မာပြန်ရေးသားတော်မူခဲ့သည့် ကျီးသဲ လေးထပ် ဆရာတော်ကြီး၏ ကျေးဇူးတရားကို ပူဇော်အပ်ပါသည်။ ထို့ပြင် ...

အခန်းဆက် ဝတ္ထုရှည်အဖြစ် ဖော်ပြခဲ့သော မြတ်ဆုမွန် မဂ္ဂဇင်း၊ တစ်စုတစ်စည်းတည်း ထုတ်ဝေသော ကိုသန်းထိုက် (သီရိဆွေစာအုပ်တိုက်)၊ မသင်းသွယ်သွယ်လှိုင် (အမျိုးသားစာကြည့်တိုက်)နှင့် စာကြည့်တိုက် ဝန်ထမ်းများ၏ ကျေးဇူးကို မှတ်တမ်းပြုအပ်ပါသည်။

**ချစ်ဦးညို**

# အဖွင့်

**ဒုဋ္ဌဂါမဏိ** ။ ။ အရှင်ဘုရား၊ ရှေးအခါကာလက သူရဲကြီး တစ်ကျိပ်ဖြစ်ခဲ့ဖူးတဲ့ အရှင်မြတ်တို့နဲ့အတူ တပည့်တော်ဟာ စစ်ပွဲပေါင်းများစွာကို ဆင်နွှဲခဲ့ပါတယ်ဘုရား၊ အခုအချိန်မှာတော့ တပည့်တော် တစ်ယောက်တည်း သေမင်းနဲ့ စစ်ထိုးဖို့ အားထုတ်နေရပါပကောဘုရား၊ ရန်သူအပေါင်းကို ထောင်းထောင်းဖျက်ခြေ၊ ပျက်ကြွေစေခဲ့တဲ့ တပည့်တော်ဟာ အခုအချိန်မှာ မရဏရန်သူကို ရှုံးနိမ့်စေအောင် မတတ်နိုင်တော့ပါလား ဘုရား။

**ထေရပုတ္တာဘယ မထေရ်** ။ ။ မကြောက်နဲ့မင်းမြတ်၊ မကြောက်နဲ့၊ ကိလေသာတည်းဟူသော ရန်သူကို မအောင်လျှင် သေမင်းတည်းဟူသော ရန်သူကိုမအောင်နိုင်ဘူး။ အလုံးစုံသော ရုပ်နာမ်ခန္ဓာ၊ သင်္ခါရတရားတို့သည် အမြဲတည်တံ့ မရှိကုန်ဟု မြတ်စွာဗုဒ္ဓ ဟောတော်မူတယ်။ အလုံးစုံသော သင်္ခါရတို့သည် ပျက်ရမည်သာ ဖြစ်တယ်။ ဇရာ၊ မရဏ အနိစ္စတို့သည် အတုမရှိသော မြတ်စွာဗုဒ္ဓကိုယ်တော်ကိုပင်လျှင် ကပ်ငြိ နှိပ်စက်ပေတယ်။ ငါ၏ ရုပ်နာမ်ခန္ဓာ ဟူသမျှတို့သည် အမြဲမရှိ၊ ဆင်းရဲအတိသာ၊ အစိုးမရချေတကားလို့ နှလုံးသွင်းဒကာတော်။

**သီရိဆွေစာအုပ်တိုက်**

**ဒုဋ္ဌဂါမဏိ** ။ ။ အရှင်ဘုရား၊ ယခုအခါ ငိုကြွေးခြင်းဆိုတဲ့ စစ်သည်တွေ ရောက်လာပါပြီ။ မသိခြင်းဆိုတဲ့ ဗိုလ်ပါအစုတို့ ဖွဲ့တည်ကြပါပြီ။ ပြင်းစွာတွေဝေခြင်းဆိုတဲ့ လုံရိုးက ထကြွပါပြီ။ ယောင်ယမ်း မြည်တမ်းခြင်းဆိုတဲ့ အလံတံခွန်တွေတလူလူလွင့်ပါပြီ။ နှလုံးမသာယာခြင်းဆိုတဲ့ စည်တီးသံတွေ ဟီးဟီးညံနေပါပြီ။ ရင်ကိုထုရိုက်ခြင်းဆိုတဲ့ ကြေးနင်းခွက်ခွင်းသံတွေ ဆူဝေပါပြီ။ ပြင်းစွာပင်ပန်းခြင်းဆိုတဲ့ ခရုသင်းသံတွေ ထွက်ပေါ်ပါပြီ။ မျက်ရည်တည်းဟူသော သွေးတို့ ယိုစီး၊ ဒုက္ခဝေဒနာတည်းဟူသော အဲမောင်းသွားတို့စူးနစ်စိတ်၏ဆင်းရဲခြင်းတည်းဟူသော မိုန်းသွားတို့စိုက်ဝင်၊ ကိုယ်၏ဆင်းရဲခြင်းတည်းဟူသောဆောက်ပုတ်တို့ ရိုက်ခတ်၊ ထိတ်လန့်ခြင်းတည်းဟူသောသံလွှစက်တို့ ခုတ်ဖြတ်၊ မရဏမြားက စွဲဝင်ပါပြီဘုရား။ သေခြင်းဆင်က နင်းပါပြီဘုရား။ ကုသိုလ် အကုသိုလ် စစ်သူရဲတို့ တိုက်ခိုက်ကြပါပြီ ဘုရား။ ယမမင်းရဲ့ တမန်တို့ ဟစ်ကြွေးလှည့်လည်ကြပါပြီဘုရား။သေခြင်း– သေခြင်းတည်းဟူသောစစ်။ ဒီစစ်ပွဲကြီးကို အောင်မြင်နိုင်တဲ့ သတ္တဝါရယ်လို့ မရှိပါလားဘုရား။

**ထေရပုတ္တာ ဘယမထေရ်** ။။ မင်းမြတ်ဒကာတော်၊ ဆင်ခြင်လိုက်စမ်း၊ နှစ်ခုမြောက်သော အတိတ်ဘဝ၊ သာမဏေဖြစ်ခဲ့စဉ်ကတည်းက သင်ဟာကြီးစွာသော ကုသိုလ်သမ္ဘာရသမ္ဘာဆန္ဒကြောင့် နတ်ပြည်သို့ရောက်ကြောင်း နိမိတ်သည် ထင်ခဲ့ပေတယ်။ နတ်၏ချမ်းသာကို ရအံ့ရှိခဲ့ပေတယ်။ သို့စင်လျက် နတ်၏ချမ်းသာကို သင်မင်းမြတ် ပယ်ခဲ့တယ်မဟုတ်လား။ သည်သို့ ပယ်ပြီး၍ မင်းအဖြစ်သို့လာကာ များစွာသောကောင်းမှု ကုသိုလ်တော်တွေကို ပြုခဲ့တယ်မဟုတ်လား၊ သင်မင်းမြတ်ရဲ့ ဧကရာဇ် အဖြစ်ကို ရယူခံစားခြင်းဟာ ဘုရားရှင်သာသနာတော်ကို ထွန်းပစိမ့် သောငှာသာ ပြုတော်မူခဲ့ပေတယ်။ များလှစွာသောကောင်းမှုတွေနဲ့ ပြည့်စုံခဲ့တဲ့ မင်းမြတ်ဒုဋ္ဌဂါမဏိ ယနေ့တိုင်အောင် အစုစုသင်ပြုခဲ့သော ကောင်းမှု ကုသိုလ်တို့ကို အောက်မေ့ဆင်ခြင်ပါ။ ဒကာတော်မင်းမြတ်။

**ဒုဋ္ဌဂါမဏိ** ။ ။ အရှင်ဘုရား...အရှင်ဘုရားဟာ တပည့်တော်ရဲ့ နှစ်ကြိမ်သော စစ်ပွဲမှာ အဖော်သဟဲ ဖြစ်ပါပေတော့တယ် အရှင်ဘုရား။

သလွန်တော်ပေါ်၌ လဲလျောင်းနေလျက်ကပင် ဒုဋ္ဌဂါမဏိ မင်းကြီး၏ လက်အစုံတို့သည် ကြာပဒုံဖူးငုံသွား၏။ ထိုလက်အစုံကို နဖူးပြင်ထက်သို့ တုန်ရီစွာကပ်လျက် ထေရပုတ္တာဘယမထေရ်မြတ်အား ရှိခိုးနေရင်းဖြင့် မင်းကြီးသည် မိန်းမောသွားပြန်လေသည်။

အနီးရှိ နားခံတော်နှင့် စာတော်ဖတ်စာရေးအမှုထမ်းက အသင့်ကိုင်ထားသော ပုရပိုက်ကို ဖွင့်ရန်ပြင်လျက် သမားတော်ကြီးကို လှမ်းကြည့်သည်။ ဘုရင့်သမားတော်ကြီးက အသာအယာ ခေါင်းညိတ်ပြလိုက်သည်။

စာတော်ဖတ်စာရေး၏ နူးညံ့တိုးတိမ်သော အသံပေါ်လာ၏။ "မြတ်သောမင်းကြီးဘုရား၊ ဘုန်းတော်ကြီးသောမင်းမြတ်သည် သာသနာတော်၏ အကျိုးစီးပွား များစိမ့်သောငှာ ၉၉–ဆောင်သော ကျောင်းတို့ကို ကောင်းစွာ ဆောက်တော်မူပြီ။ ၁၉–ကုဋေသောဥစ္စာတို့ဖြင့် မရိစဝဋ္ဋိမည်သော ကျောင်းကိုလည်း ဆောက်တော်မူပြီ။ ထိုမျှသာမကသေး၊ အရပ်ရပ်အစုစု များလှစွာသော ကောင်းမှုတော်တို့ကား..."

စာတော်ဖတ်၏ ပုရပိုက်ဖတ်ရွတ်သံကို အလိုက်သင့်နား ထောင်ရင်း ဒုဋ္ဌဂါမဏိမင်းကြီး၏ စိတ်အလျဉ်သည် ရှင်သန်ခဲ့သော ဘဝဖြစ်စဉ်ကြီး တနံတစ်လျား ကာလများစွာတို့ ဆီသို့ မရပ်မနား ပြေးလွှားသွားသည်။ ညို့မှိုင်း လွှတ်အပ်သော မြားနှယ်တရိပ်ရိပ်...

* * *

# အခန်း(၁)
# လုပ်ကြံမှု

အိမ်ရှေ့စံ ဥပရာဇာမဟာနာဂ၏ အသက်ရှင်သန်မှုသည် အန္တရာယ်များ ခြိမ်းခြောက်မှုများဖြင့်သာ ဝန်းရံနေလေသည်။ နောင်တော်ရင်း ဒေဝါနံပိဒတိဿမင်းကြီး၏ မြှောက်စားချီးမြှင့်မှုဖြင့် လင်္ကာဒီပထီးနန်း အိမ်ရှေ့စံအရာကို ရရှိပိုင်ဆိုင်ခဲ့ရသော်လည်း မဟာနာဂအဖို့ ဤအိမ်ရှေ့မင်း စည်းစိမ်သည်ပင် အန္တရာယ်ညို့ကွင်းတစ်ခု ဖြစ်လာခဲ့သည်။

အသက်အန္တရာယ်သည် အချိန်မရွေး၊ နေရာမရွေးမှ ပေါ်ပေါက်လာနိုင်သည်ကို မဟာနာဂဥပရာဇာ သိထားသည်။ သေမင်းရနံ့ကို အချိန်တိုင်းလိုလိုမှာ ရှူရှိုက်မိနေသည်။ ကြေးတိုက်အကျဉ်းထောင်အတွင်းရှိ ရာဇဝတ်သားသော်မှပင် မိမိ၏ အသက်ရှင်သန်ရမည့် ကာလအပိုင်းအခြားကို အတိအကျ သိထားနိုင်၏။ မည်၍ မည်မျှ ကာလလွန်မြောက်သော် မည်သည့်နေ့ မည်သည့်အခါတွင် တစ်စပြင် သူသတ်ကုန်း၌ မိမိအစီရင်ခံရလိမ့်မည်ဟူသော အပိုင်းအခြားကို သိသေး၏။ အိမ်ရှေ့စံဥပရာဇာရင့်မကြီးတစ်ယောက်လုံးဖြစ်သော မိမိမှာကား ဘယ်

နေ့ဘယ်အခါ သေဆုံးရမည်ကို မသိနိုင်လောက်အောင် အန္တရာယ်တို့က ဝိုင်းရံနေချေသည်။

အချိန်မရွေး အလုပ်ကြုံခံရမည့်အန္တရာယ်၊ ထိုအန္တရာယ်လာရာ အရပ်ကလည်း မဖွယ်မရာပင်။ နောင်တော်မင်းကြီး၏ မိဖုရားထံမှ ရောက်လာမည့် ဘေးအန္တရာယ် ဖြစ်သည်။ မိဖုရားကြီး၏အညှိုးအတေးကလည်းပြင်းထန်လွန်းသည်။ မိမိ၏သားတော်ကို ဥပရာဇာမအပ်နှင်းဘဲ မဟာနာဂ မင်းသားကိုမှ ဥပရာဇာ အပ်နှင်းရကောင်းလားဟူသော အငြိုးအတေး ဖြစ်သည်။

မဟာဝံသ ရာဇမျိုးတို့၏ ထီးနန်းဆက်ခံစိုးစံမှုကား ရှုပ်ထွေးလှဘိခြင်း။ ရာဇပလ္လင်ကို ကမ်းလင့်နေသော လက်အစုံတို့က များပြားလှသည်။ ညီတော်၊ သားတော်၊ တူတော်...တို့သည် အသီးသီး အသက မိမိကိုယ်မိမိ မင်းဖြစ်ထိုက်သည်ဟု ယုံကြည်ထားကြသူများပင်။

ဘုရင်မင်းမြတ်၏ မြှောက်စားမှုသည်ပင် အမြှောက်စားခံရသူအတွက် အန္တရာယ်ကျော့ကွင်းပြန်ဖြစ်သွားသည်။ ထိုအခါ မဟာနာဂမင်းသားအဖို့ရာမှာလည်း အိမ်ရှေ့စံ ဥပရာဇာဟူသော အဖြစ်သည် သေမင်းနှင့် မကြာခဏ ထိတွေ့နေရသည့် စည်းစိမ်ချမ်းသာ ဖြစ်လာခဲ့ရလေသည်။

မိမိ၏ သားတော်အား ဥပရာဇာ မအပ်နှင်းရကောင်းလားဟူသော အာဃာတဖြင့် မိဖုရားကြီးက၊ ရန်ငြိုးဖွဲ့နေခြင်းကို မင်းကြီးသိအောင်လည်း ဖွင့်မပြောသာ။ မိဖုရားကြီး၏ လျှို့ဝှက်လုပ်ကြံမှုများမှာ ပိရိလွန်းလှသည်။ ထို့ကြောင့် နိုးကြားသောသတိကို အမြဲရှိစေလျက်ဖြင့်ပင် အသက်ကို ရှင်အောင် မွေးရပေတော့သည်။

မဟာနာဂ မင်းသားသည် ရေတွင်း ရေကန်များ တူးဖော်ခြင်းကို ထက်သန်ပြင်းပြသူ ဖြစ်သည်။ ထို့ကြောင့် မိမိအသက် လုပ်ကြံမှုများကို ရှောင်ကွင်းရင်းဖြင့်ပင် နေပြည်တော်ဝန်းကျင်၌ ရေတွင်းရေကန်တူးဖော်ခြင်းများကို ပြုမြဲပြုခဲ့လေသည်။

ယခုလည်း မြို့တော်၏ အပြင်၌ တရစ္ဆအမည်ရှိ ရေကန်တစ်ကန်တူးရန် စီမံနေဆဲ ဖြစ်သည်။ သင်းပင်း ကျေးကျွန်တို့ အားလုံးကို စုဝေးစေကာ မဟာနာဂသည် မြို့ပြင်သို့ ထွက်လာခဲ့သည်။

မဟာနာဂနှင့်အတူ လိုက်ပါသူကား တူတော်မင်းသားငယ်ဖြစ်၏။ လောကဓံ၏ ပြက်ရယ်ပြုချက်ဟု ဆိုရတော့မည်ပင်။ မိခင်ဖြစ်သူ မိဖုရားကြီးက မိမိအသက်ကို ရန်ရှာနေချိန်၌ သားဖြစ်သူမင်းသားငယ်က မိမိအား ခင်တွယ်နေသည်။ ကလေးအရွယ်လွန်ပြီးစ လုလင်ပျိုပေါက်အရွယ် မင်းသားငယ်သည် မိမိကို အားကျနှစ်သက်နေသူ ဖြစ်လေသည်။ သို့သော် မင်းသားငယ် အားကျနေသည်က မိမိ၏ ဥပရာဇာဟူသော အိမ်ရှေ့မင်းစည်းစိမ်မဟုတ်။ မိမိ၏ လှုပ်ရှားတက်ကြွသော ဘဝ။ သင်းပင်းကျေးကျွန်အပေါင်းတို့အား စီမံခန့်ခွဲလျက် မြို့ရွာဇနပုဒ် ဂါမဒေသများဆီ လှည့်လည်နေသော ဘဝဖြစ်သည်။

"ရွှေနန်းတော်ကြီးထဲမှာ နေရတာဟာ အလွန်ငြီးငွေ့စရာကောင်းတာပဲ၊ ဦးရီးတော်မင်းရယ်၊ တစ်နေ့တစ်နေ့ ဒီမျက်နှာတွေ၊ ဒီအသံတွေပဲ မြင်နေကြားနေရတယ်။ ဒီရွှေနံ့၊ အမွှေးနံ့တွေကိုပဲ ရှူရှိုက်နေရတာ။ ညီက လွတ်လပ်သန့်ရှင်းတဲ့ လေကို ရှူရှိုက်ချင်တာ၊ မြို့တော်ပြင်ပက လယ်ကွင်းတွေ၊ တောရွာတွေ၊ လွင်ပြင်တွေ၊ တောအုပ်တွေဆီမှာ စိတ်လွတ်ကိုယ်လွတ် မြင်းတစ်စီးနဲ့ လျှောက်သွားနေချင်တာ"ဟု မင်းသားငယ်က ပြောတတ်သည်။

လုလင်ပျိုတို့၏ အပူအပင်ကင်းသော လန်းဆန်းနုပျို မျက်နှာကို ငေးကြည့်ရင်းက မဟာနာဂသည် မသိမသာ သက်ပြင်းရှိုက်မိ၏။

"အခု မြို့ပြင်တစ်နေရာမှာ တရစ္ဆဆိုတဲ့ ရေကန်တစ်ကန်တူးဖော်မယ်လို့ ညီသိထားတယ်။ ဦးရီးတော်နောင်မင်းနဲ့အတူ ညီလိုက်မလို့ဘဲ။ မြေပြင်ကို ရောမ ကျင်းကြီးဖြစ်အောင် တူးရင်း မြေကြီးအောက်ကနေ ရေတွေထွက်လာမယ့် ကိစ္စကို ညီသိပ်စိတ်ဝင်စားနေတယ်။

လိုက်ရမယ် မဟုတ်လား။ အို…ဦးရီးတော် ခွင့်ပြုမပြု ညီကတော့ မြင်းတစ်စီးနဲ့ ထွက်လာခဲ့ပြီ။ စားမြိန်စာ ထုပ်လဲ ယူလာခဲ့ပြီလေ"

"မင့်မယ်မယ် ခွင့်ပြုရဲ့လား၊ ညီမင်း" တူဝရီးပင် ဖြစ်သော်လည်း ညီအစ်ကိုနှယ် တွယ်တာကြသူများ ဖြစ်၍ တူတော်ဟု မခေါ်ဘဲ ညီမင်းဟုသာ အခေါ်လေ့ပေသည်။

"မယ်မယ်လား၊ မယ်မယ်ခွင့်ပြုမပြု ဆိုတာမလိုဘူးလေ။ ညီအရွယ်ဟာ မိခင်ထံ ခွင့်တောင်းပူဆာနေရမယ့် အရွယ်မှ မဟုတ်တော့တာ။ ညီဟာစားတစ်စင်းမြင်းတစ်ဇက်ကို နိုင်နင်းတဲ့အရွယ်ပါ။ ဦးရီးတော်နောင်မင်းရဲ့"

မဟာနာဂ အနေဖြင့် မည်သို့မျှ မပြောသာတော့ပေ။

"ဇနပုဒ်ဂါမအရပ်တွေက အသီးအနှံတွေကိုလဲ ညီက လတ်လတ်ဆတ်ဆတ် စားချင်တာ။ နန်းတော်ကြီးထဲမှာ ပွဲတော်အုပ် ထဲမှာ ဆက်သလာတဲ့ သစ်သီးတွေစားရတာ အရသာ မတွေ့တော့ဘူးလေ။ ကိုင်း…သွားကြစို့လေ ဦးရီးတော်နောင်မင်းရဲ့"

* * *

တရစ္ဆရေကန်ကြီး တူးဖော်မှုကို နေ့လယ်မွန်းတည့်ကာနီး၌ ခေတ္တရပ်နားလိုက်ကြသည်။ မင်းသားငယ်ကား လွတ်လပ်တက်ကြွစွာ အပျော်ကြီးပျော်နေလေသည်။ နေ့လယ်စာ စားချိန်တွင် မင်းသားငယ်သည် ပါလာသော စားမြိန်စာထုပ်ကို ဖွင့်၍ ရေကန်တူး ဇနပုဒ်သားများနှင့်အတူ တပျော်တပါး ဝင်စားသည်။

"ညီတစ်သက်မှာ အပျော်ဆုံးနေ့ တစ်နေ့ပါပဲ၊ ရေကန်တူးဖော်တာကိုလဲ မြင်ခွင့်ရတယ်။ အပူကင်းတဲ့ ဇနပုဒ်သားတွေနဲ့လဲ တွေ့ခွင့်ရတယ်။ လွတ်လပ်သန့်ရှင်းတဲ့ လေကို ရှူရှိုက်ပြီး ဟောဒီလို သစ်ပင်ရိပ်မှာ နေ့လယ်စာ စားရတာကလဲ ဘာနဲ့မှမတူတဲ့ အရသာ။ အိုး…ညီပျော်လိုက်တာ၊ တကယ်ပါပဲ၊ သေပျော်ပါပြီ ဦးရီးတော်နောင်မင်းရယ်"

"ဟေးညီ ဘယ့်နဲ့သေပျော်ပါပြီလဲ ဒီစကားက"

အမှတ်မထင် ပြောလိုက်သော မင်းသားငယ်၏ စကားတစ်ခွန်းကို မဟာနာဂမင်းသား အကြားမြက်သွားသည်။ နားထဲသို့ အရုပ်ဆိုးစွာ ဝင်သွားသည်။

မင်းသားငယ်သည် အပျော်ကြီးပျော်စွာ မြူးတူးလျက် အဆင်ခြင်မဲ့ စကားပြောလေခြင်းဟု အောက်မေ့မိသည်။ သို့သော်–

စကားနောက် တရားပါခဲ့ချေပြီ။ တူတော်လေး၏ စကားတစ်ခွန်းသည် ကံကြမ္မာနိမိတ်ဖတ် စကားဖြစ်ခဲ့လေပြီ။

နေ့လယ်စာ လက်စသပ်ချိန်မှာပင်၊ ဖြူလွှသော အဝတ်ပိုင်းတစ်ထည် အုပ်လွှမ်းထားသည့် ငွေလင်ပန်းတစ်ချပ်က မဟာနာဂမင်းသားထံ ရောက်လာ၏။

"ဟော့ အဲဒါကဘာလဲ"

ငွေလင်ပန်းကို သယ်လာသည့် မင်းချင်းအား မဟာနာဂ မေးလိုက်သည်။

"အရှင့်သားတော်ငယ်ရဲ့ မယ်တော်မိဖုရားကြီးက အပို့စေလွှတ်လိုက်တဲ့ သရက်သီး ဖြစ်ပါတယ် အရှင်"

ဤတွင် အနီးနားတွင် ရှိနေဆဲဖြစ်သော တူတော် မင်းသားငယ်လေးက အားပါးတရ ဆိုလိုက်သည်။

"မယ်မယ်ပို့လိုက်တဲ့ သရက်သီးဟုတ်လား၊ လှပ်လိုက်စမ်းပါ၊ အဲဒီပဝါကို၊ ညီသရက်သီး ကြိုက်တတ်တာကို မယ်မယ်သိလို့ တကူးတကန့် ပို့ခိုင်းလိုက်တာ ဦးရီးတော်နောင်မင်းရဲ့...ဒီလိုဆိုတော့လဲ မယ်မယ်ဟာ ဂရုစိုက်ရှာပေသား"

မဟာနာဂ မည်သို့မျှ မတတ်လိုက်နိုင်။ တူတော်မင်းသားငယ်သည် မင်းချင်းလှပ်လိုက်သော အဝတ်ပိုင်းအောက် အပေါ်ဆုံးမှ သရက်သီး တစ်လုံးကို လှမ်းယူလိုက်သည်။ ဝင်းဝါမွှေးကြိုင်နေသည့် သရက်သီး။

"ဒါ နန်းတော်ဆောင် မဟုတ်ဘူးနော်။ ဦးရီးတော်နောင်မင်း

ကို အလျင်ဦးချတာတွေ၊ ခွင့်ပန်တာတွေ လုပ်မနေတော့ဘူး၊ ညီစား လိုက်တော့မယ်"

မင်းသားငယ်သည် ဓားမြှောင်ဖြင့် သရက်သီးကို စိတ်ကာ စားလိုက်၏။

"အား ချိုလိုက်တဲ့ သရက်သီး၊ ကောင်းလိုက်တဲ့ သရက်သီး နောင်မင်းကော စားလေ။ ညီစိတ်ပေးရအား–အ" တုန်လှုပ်ချောက်ချား ဖွယ် မြင်ကွင်းပင်။

သရက်သီးစိတ်ကို ဝါးနေရင်း၊ မင်းသားငယ်၏ မျက်လုံးများ က ပေါက်ထွက်မတတ် ပြူးကျယ်လာကြ၏။ မျက်နှာတစ်ပြင်လုံး နီရဲလာကာ ပါးစပ်မှ အမြှုပ်များ တစီစီ ထွက်ကျလာ၏။ ထို့နောက် လည်မျိုကို ဆုပ်ကိုင်ရင်း ကွေးကောက်တွန့်လိမ်သော ကိုယ်ခန္ဓာဖြင့် နောက်လို့လဲကျသွားလေသည်။

"အ...ဆိပ်"

မိမိအား သေကြောင်းကြံလိုက်သော မိဖုရားကြီး၏ ရက်စက် သည့်လုပ်ကြံမှု၊ သို့သော် အဆိပ်သရက်သီးကို စားမိသူက သူ၏သား တော်ငယ်။

အိမ်ရှေ့ဥပရာဇာ မဟာနာဂသည်အံ့သြခြင်း၊ တုန်လှုပ်ခြင်း များဖြင့် မင်းသားငယ်၏ အသက်မဲ့ရုပ်ခန္ဓာကိုကြည့်ရင်း ဆုံးဖြတ်ချက် တစ်ခု ချလိုက်၏။ မိဖရားကြီး၏ရန်ငြိုးကား အဆုံးစွန်အထိရောက်ရှိ ခဲ့ပေပြီ။ အဆိပ်ခတ်၍လုပ်ကြံသည်အထိ မိမိအားစစ်မျက်နှာဖွင့်ခြေပြီ။ ကံဆိုးရှာသော မင်းသားငယ်မှာ မိမိကိုယ်စားဓားစာခံဖြစ်၍ အသက်ကုန် ခဲ့ပြီဖြစ်သည်။ လုပ်ကြံမှုပယောဂသည် အိမ်ရှေ့ဥပရာဇာအား မထိခိုက်ဘဲ သားရင်းကိုသာလွဲမှားစွာ ထိုးစိုက်သွားခဲ့ကြောင်း မိဖရားကြီးသိလျှင် အပြင်းထန်ဆုံး ရန်ငြိုးကလဲ့စားကို သူပြုတော့မည်။

ဤရွှေမြို့တော် ရွှေထီးရွှေနန်းကား မိမိအတွက် သူသတ်ကုန်း သဖွယ် ဖြစ်သွားချေပြီ။ တစ်ရက်တစ်မနက်ကလေးမျှ ဆက်လက်နေထိုင်

ရန်မသင့်တော့သော ဒေသဖြစ်သွားချေပြီ။

ရာဇပလ္လင်ဘုရင်ဧကရာဇ် အိမ်ရှေ့ဥပရာဇာ ဘုန်းအာဏာစသည်တို့သည် အသက်ဇီဝတစ်ခုရှင်သန်ရေးအတွက် အချိန်မရွေး ခြိမ်းခြောက်နေသော သေမင်း၏ရန်အစွယ်များသာဖြစ်သည်။အသက်ရှင်နေထိုင်ရေးမှအပ အဘယ်အရာက တန်ဖိုးရှိနိုင်ဦးမည်နည်း။

ဥပရာဇာမဟာနာဂသည်မြို့တော်အတွင်းသို့ပင် ပြန်မဝင်တော့၊ တရစ္ဆရေကန် တူးနေရာ အရပ်မှာပင် အစီအစဉ်များချမှတ်လိုက်သည်။ နောင်တော် ဒေဝါနံပိယတိဿမင်းကြီးထံသို့ လူယုံဖြင့်သဝဏ်လွှာ ဆက်လိုက်သည်။ ထိုသဝဏ်လွှာထဲတွင် မိမိအသက်ကို မိမိစောင့်ရှောက်ခြင်းငှာ အခွင့်ပေးသနားတော်မူပါဟု၍ ထည့်သွင်းရေးသားလိုက်သည်။အခြေအနေအရပ်ရပ်ကို နောင်တော်မင်းမြတ်နာလည်ပြီး ဖြစ်လိမ့်မည် နားလည်သည်နှင့်အမျှ ခွင့်လွှတ်နိုင်လိမ့်မည်။

ဥပရာဇာထီးနန်းစည်းစိမ် ဟူသည်မှာ အသက်ရှင်နေရေးဟူသောဘဝ ဖြစ်တည်မှုနှင့်နှိုင်းစာလျှင် ဘာမျှတန်ဖိုးမရှိသောအရာသာဖြစ်သည်။

အိမ်ရှေ့အဆောင်အယောင်အားလုံးကို စွန့်ထားခဲ့ပြီးသည်နောက် မဟာနာဂသည် အိမ်ရှေ့မိဖုရားနှင့် ကျေးကျွန်များကို စုရုံးကာ နေပြည်တော်မှ ထွက်ခွာခဲ့သည်။ ရွှေမြို့တော်နှင့် ဝေးနိုင်သမျှအဝေးဆုံးသို့ ခရီးနှင်ခဲ့သည်။

ငြိမ်းအေးချမ်းမြေ့သော တောတောင်မြစ်ဖျားဆီမှ ရောဟဏဇနပုဒ်ငယ်လေးသည် ဥပရာဇာမဟာနာဂအား ဆီးကြိုနှင့်လေသည်။

ရောဟဏဇနပုဒ်သည် နှစ်များမကြာမီအတွင်းမှာပင် မဟာဂါမဟူသော အမည်ရလာသည်။ ရွာကြီးဟုဆိုရစေကာမူ မြို့ငယ်လေးတစ်မြို့ပမာ စည်ကားသာယာလာသည်။ ဘုန်းအာဏာနှင့် အာဃာတစက်ကွင်းများမှဝေးကွာခဲ့ပြီဖြစ်သော မဟာနာဂသည် တောတောင်မြစ်ဖျားဒေသနှင့် တစ်သားတည်းဖြစ်သွားသည်။

ပင်ကိုယ်အားဖြင့်ပင် လက်အောက်ကျေးကျွန် တိုင်းသားပြည်သူများနှင့် ရင်းနှီးနွေးထွေးစွာ နေထိုင်တတ်သည့် မဟာနာဂအဖို့ရောဟဏဇနပုဒ်သည် ဤလက်ာဒီပ၌ အကောင်းဆုံးနေရာဖြစ်သွားသည်။ တောများကိုထွင်၍ စံအိမ်တော်ဆောက်သည်။ တောင်ခါးပန်းများတွင် လူနေအိမ်များ ဥယျာဉ်ခြံများကို လုပစွာတည်စေသည်။ မြစ်ဖျားဒေသလွင်ပြင်ပြန့်လိုမှု ဝိဟာရကျောင်းကြီးများ ဆောက်ရန် သတ်မှတ်လိုက်သည်။

တစ်နေ့တစ်ခြား လျင်မြန်စွာတိုးပွားကြီးကျယ်လာသော ရောဟဏဇနပုဒ် ဒေသနှင့်အတူပြောစမှတ် တွင်လောက်သောအခြားဖြစ်ရပ်တစ်ခုလည်းရှိသေးသည်။ ယင်းမှာယဋ္ဌာလဃကအမည်ရှိ ဝိဟာရကျောင်းကြီး ဆောက်လုပ်ခြင်းနှင့်ပတ်သတ်နေသည်။ ဝိဟာရကျောင်းကြီးကိုဆောက်လုပ်နေဆဲမှာပင် မဟာနာဂ၏မိဖုရားသည် သားငယ်တစ်ပါးဖွားမြင်ခဲ့သည်။

မဟာနာဂသည် နေပြည်တော်တွင်ကျန်ခဲ့သော နောင်တော်ဒေဝါနံပိယတိဿမင်းကြီးအား ဂုဏ်ပြုအစွဲထားလျက် သားငယ်အား တိဿဟုအမည်မှည့်လိုက်လေသည်။

ရွာကြီးမြို့ငယ်အဖြစ် ရောက်ရှိခဲ့ပြီဖြစ်သော ရောဟဏ ဇနပုဒ်ငယ်လေးမှာလည်း မူရင်းဇနပုဒ်အမည် ပျောက်ကွယ်သွားပြီး မဟာဂါမဟူ၍သာ အစွဲပြုလာခဲ့သည်။ ဥပရာဇာ မဟာနာဂကို ချစ်ခင်လိုလားကြသည့် ဝန်းကျင်ဒေသမှ ရွာငယ်ရွာကြီးများလည်း အစုလိုက်အပြုံလိုက်ခိုဝင်လာကြသည်။ ထိုအခါမဟာဂါမသည်လည်း အမည်နှင့်မလိုက်အောင်ကြီးကျယ်စည်ကားလာပြန်သည်။ ဝိဟာရ ကျောင်းတော်ကြီးများ၊ ဈေးရုံများ၊ မြစ်ဆိပ်များ၊ ဂီတနှင့် အကခန်းဆောင်များ၊ လူနေအိမ်ခြေဒေသအပိုင်းအခြားများဖြစ်ပေါ်လာသည်။

မဟာနာဂသည် လက်ာဒီပနေပြည်တော်ကို စွန့်ခွာခဲ့သော်ငြားဤအေးချမ်းသော ဒေသသစ်တွင် အလိုအလျောက်ပင် ဘုရင့်နေပြည်

တော်သစ် တစ်ခုကို ဖန်တီးမိလျက်သား ဖြစ်ခဲ့ပြန်လေသည်။

ဤသို့ဖြစ်ပင် အများ၏လိုလားချက်အရ အခြေအနေအရပ်ရပ်၏ တောင်းဆိုချက်အရ ရာဇဝံသ မင်းဆက်အသစ်ကို စိုက်ထူဖြစ်သွားကာ သားတော်ငယ်တိဿ မင်းသားသည်လည်း ထီးညွန့်နန်းလျာအဖြစ်ရောက်ရှိခဲ့လေသည်။

အချိန်ကာလတို့သည် တရိပ်ရိပ်ဖြတ်သန်းသွား၏။ မဟာနာဂအမည်ရှိသောကျောင်းတော်ကြီးကို ဆောက်လုပ်လှူဒါန်းအပြီးတွင် မဟာနာဂသည် အနိစ္စရောက်ခဲ့သည်။ သားတော်တိဿမင်းသားက ယဋ္ဌာလယကတိဿဘွဲ့မည်ဖြင့် ရာဇပလ္လင်ကိုဆက်ခံခဲ့သည်။ ထို့နောက်သားတော်ဂေါဋ္ဌာဘယမင်း၊ ထို့နောက်သားတော်ကာကဝဏ္ဏတိဿမင်း အဆင့်ဆင့်ဆင်းသက်ခဲ့သည်

ရောဟဏဇနပုဒ်ငယ်ကို အဦးဆုံးတည်ဆောက်ခဲ့သူ မဟာနာဂမင်း၏ စတုတ္ထမြောက်နန်းဆက်ဖြစ်သော ဤကာကဝဏ္ဏတိဿ ဘုရင်လက်ထက်တွင် ထူးခြားသော ဖြစ်ရပ်များပေါ်ပေါက်လာခဲ့၏။ အထူးခြားဆုံးဖြစ်ရပ်ဟု ခေါ်ရမည့်အရာကား မဟာဂါမအနီး ယောဋ္ဌကလက်ာကျောင်းတော်ကြီး မေးတင်တည်ရှိရာ မြစ်ဆိပ်သို့မျောပါရောက်ရှိလာသော ကြီးစွာသောအိုးကြီး တစ်လုံးပင် ဖြစ်လေသည်။

ထိုအိုးကြီးထဲ၌ပါလာသည်ကား . . .

* * *

## အခန်း (၂)

ကလျာဏီမြစ်သည် လင်္ကာဒီပတွင် ဝိသေသ ဂုဏ်ဒြပ်တစ်ခုကို ဆောင်သောမြစ် ဖြစ်သည်။ အကြောင်းမူ ကလျာဏီမြစ်ကြီးသည် မိမိ၏အနီး၌ တည်ထောင်အပ်သော မြို့ကြီးတစ်မြို့ကို ထီးနန်းစိုက်ထူ အုပ်ချုပ်သည့် ဘုရင်အားကလျာဏီတိဿ အမည်ရရှိစေသောကြောင့် ဖြစ်လေသည်။

ကလျာဏီတိဿဘုရင်သည် လင်္ကာဒီပ၏ ထီးပြိုင်နန်းပြိုင် မင်းများအနက် သာသနာတော်ကို သက်ဝင်ယုံကြည်သည့်အရာ၌ အခြားမင်းများထက် ထူးကဲသည်ဟု ဆိုရမည် ဖြစ်သည်။ ထီးနန်းရသည့်နေ့မှ စ၍ ကလျာဏီတိဿမင်းအထူး ဝါယမစိုက်၍ပြုသောအရာမှာ ရတနာသုံးပါးအရေးပင် ဖြစ်သည်။ မြတ်စွာဗုဒ္ဓ၏ သာသနာတော်ကို ကျင့်သုံးစောင့်ရှောက်ထိန်းသိမ်းနေကြသူများမှာ သံဃာဖြစ်သည်ကို ကလျာဏီ တိဿဘုရင်ကောင်းစွာသဘောပေါက်သည်။

ထို့ကြောင့် အဘယမထေရ်မြတ်ကြီးကို အမှူးထားလျက် သံဃာပရိသတ်ကို နန်းတော်သို့ ပင့်ဆောင်လျက် တစ်နေ့မပြတ် ဆွမ်းဒါနပြုစုလုပ်ကျွေးခဲ့၏။ မင်းကြီး၏ နန်းဦးဆောင်မှ ဆွမ်းစားဆောင်

သည် အဘယမထေရ်မြတ်ကြီး အမှူးပြုသော သံဃာတော်တို့ဖြင့် ကျက်သရေကို ဆောင်နေ၏။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်တို့ သည် ဤနန်းဦးဆောင်မှုတစ်ဆင့် တစ်မြို့တစ်ပြည်လုံးသို့ ထွန်းလင်း စွာ စီးပြန့်တောက်ပနေကြသည်။ ကလျာဏီမြစ်ကြီး တငြိမ့်ငြိမ့်ရစ်ခွေ စီးဆင်းနေသည်နှင့်အမျှ ကလျာဏီတိဿမင်းကြီး စိုးစံသောမြို့တော် ကြီးသည်လည်း သာသနာတော်၏ အငြိမ်းဓာတ်များဖြင့် အေးချမ်း သာယာလျက် ရှိလေသည်။

* * *

## သမုဒ္ဒရာရေအထုအောက်သို့

သို့သော် ဤငြိမ်းချမ်းသာယာမှု အမြိုက်ပြင်ကြီးထဲ၌ အညစ်အကြေးတစ်စက် ကျရောက်စွန်းထင်းဖို့ အကြောင်းဖန်လာ၏။ ထိုအညစ်အကြေးတစ်စက်သည် မင်းကြီး၏ မိဖုရားနှင့် ညီတော်ဥတ္တိယမင်းသားတို့ကို အကြောင်းပြု ပေါ်ပေါက်လာလေသည်။

ဤသတင်းကို စတင်အနံ့ရကြားသိကာစ၌ ကလျာဏီတိဿမင်းကြီးသည် လက်ခံယုံကြည်ရန်ပင် ဝန်လေးအံ့သြခဲ့သည်။ မဖွယ်မရာဖြစ်ရပ်၌ တုန်လှုပ်ခဲ့ရသည်။

မိဖုရားကြီးနှင့် ညီတော်ဥတ္တိယမင်းသား။

* * *

သဒ္ဓါတရားနှင့် ပြည့်စုံ၍ ရတနာသုံးပါး၌ သက်ဝင်သူ ဖြစ်သော်လည်း ကလျာဏီတိဿမင်းကြီးသည် ပုထုဇဉ်သာဖြစ်သောကြောင့် ဤမဖွယ်မရာသတင်း၏လောင်မြိုက်မှုကို ခံရလေသည်။ သို့သော် စိတ်လိုက်မာန်ပါကား မပြုခဲ့၊ ကြားရသော သတင်းအတိုင်း တကယ်အမှန် ဟုတ်၊ မဟုတ်ကို ပိရိစွာ စုံစမ်းထောက်လှမ်းစေခဲ့သည်။ နန်းတော်မှာလည်း မည်သို့မျှ မူဟန်မပျက် နေခဲ့သည်။

သို့သော် ဥတ္တိယမင်းသားကား အကင်းပါးသူ ဖြစ်၏။

လျှို့ဝှက်ကောက်ကျစ်စွာ ကြံတတ်သူတို့၏ ဓမ္မတာအတိုင်း မည်သူ့ကိုမျှ မယုံကြည်၊ အမြဲတစေ နိုးကြားသောသတိဖြင့် နေ နေသည်။ ဤတွင် ကလျာဏီတိဿမင်းကြီးက မိမိ၏ မိဖုရားကြီးနှင့် မိမိ၏ညီတော်တို့ယဉ်ပါးနေကြခြင်းကို စုံစမ်းထောက်လှမ်းနေချိန် မင်းကြီး၏ အထောက်တော်များက သတင်းခိုင်ခိုင်လုံလုံ မရသေးချိန်မှာပင် ဥတ္တိယမင်းသားက လက်ဦးမှုကို အရယူသွားခဲ့သည်။

ဥတ္တိယမင်းသား ထွက်ပြေး တိမ်းရှောင်သွား၏။

ရာဇဝတ်မင်းပြစ်ကိုကြောက်လန့်၍ထွက်ပြေး တိမ်းရှောင်သွားခြင်းသာဖြစ်ပြီး ဥတ္တိယမင်းသား၌ ထောင်ထားခြားနားရန် အကြံအစည်မရှိကြောင်း၊ ပုန်ကန်ခြားနားဖို့ အင်အားလည်းမရှိကြောင်းကို မင်းကြီး အတိအကျ သိလာရပြန်သည်။

နန်းတော်တွင် ဥတ္တိယမင်းသား မရှိတော့သောအခါ မိဖုရားကြီးသည်လည်း ဘာမှမဖြစ်သည့်အတိုင်း ဣန္ဒြေမပျက်ရှိခဲ့ပြန်သည်။ ဤအမှုမှာ မင်းကြီးတာက ထွက်သည့်ကိစ္စဖြစ်၍ မင်းကြီးလည်း မိဖုရားကြီးအား မည်သို့မျှ အရေးတော်မထားဘဲ မသိလိုက် မသိဘာသာပင် ဆက်လက် နေထိုင်ခဲ့လေသည်။

ဤသို့ဖြင့် မဖွယ်ရာသော ဖြစ်ရပ်သည် အနံ့ထောင်းထောင်း ထွက်ပေါ်လာချိန်မရတော့ဘဲ နန်းတော်တွင်းမှာပင် ဖုံးကာဖိကာနေလာကြရင်းဖြင့် အားလုံးက သတိမေ့သလောက်ရှိလာလေသည်။

သို့သော် မမေ့နိုင်သူတစ်ယောက် ရှိနေသည်။

သူကား ရာဂမီး၏ တငွေ့ငွေ့လောင်မြိုက်ခြင်းကို အချိန်ရှိသရွေ့ ခံနေရသော ဥတ္တိယမင်းသားပင်ဖြစ်သည်။ နေပြည်တော်အစွန်အဖျားတွင် ဇာတ်မြုပ်ပုန်းအောင်းနေရသော်လည်း ဥတ္တိယမင်းသား၏ မိဖုရားကြီးအပေါ် တပ်မက်စွဲလန်းမှုသည် လျော့ပါးမသွားဘဲ တနုန့်နုန့်ခံစားနေရသည်။ မိဖုရားကြီးနှင့်မည်သို့ အဆက်အသွယ်ယူရမည်ကို

တစ်ချိန်လုံးလုံး ကြံစည်သည်။ မိဖုရားကြီးကို နန်းတော်ဆောင်မှ ထွက်စေကာ မိမိပုန်းအောင်းနေရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာစေရမည်။ တိတ်တဆိတ် လျှို့ဝှက်စွာ ထပ်မံစီစဉ်ရမည်။ သို့သော် မိမိအနေဖြင့် နန်းတော်မြို့ရိုးအနီးသို့ပင် မသီရဲ၊ အချိန်းအချက်ကို မည်သို့လျှို့ဝှက်ဆက်သွယ်ရမည်နည်း။

နောက်ဆုံးတွင် ဥတ္တိယမင်းသား၏ ဉာဏ်နီဉာဏ်နက်များမှ ပိရိသေသပ်သော အကြံအစည်တစ်ခု ထွက်ပေါ်လာလေသည်။

ဥတ္တိယမင်းသားသည် စိတ်အချရဆုံး လူယုံတစ်ယောက်ကို ခေါ်ယူလိုက်လေသည်။

"မင်း–နန်းတော်ထဲကို သွားရမယ်၊ နန်းဦးဆောင်ထဲအထိ အရောက်ဝင်ရမယ်"

လူယုံသည် ဥတ္တိယမင်းသား၏ အမိန့်ကို နားမလည်နိုင်ဖြစ်သွား၏။ မိမိသည်ဥတ္တိယမင်းသား၏ လူယုံမင်းချင်းဖြစ်ကြောင်း တစ်နန်းတော်လုံး သိကြသည်။ ထို့အပြင် မိမိသည် သခင်ဖြစ်သူဥတ္တိယမင်းသားနှင့် မိဖုရားကြီးတို့ နန်းတွင်းဆောင်ထဲမှာ တိတ်တဆိတ်ချိန်းတွေ့ကြစဉ်က အမြဲလိုလို စောင့်ကြပ်ပေးခဲ့ရသူ ဖြစ်သည်။ မိမိ၏သခင် ဥတ္တိယမင်းသား ယခုလို တိမ်းရှောင်ပုန်းအောင်းနေရာသို့ အလိုတူအလိုပါအဖြစ် လိုက်ပါခဲ့ကြောင်း၊ မိမိသည်လည်း ရာဇဝတ် မင်းပြစ်စက်ကွင်းတွင် မိနေသူဖြစ်ကြောင်း ကောင်းကောင်းသိထား သည်။

ယခု သခင်က နန်းတော် နန်းဦးဆောင်သို့ စေလွှတ်နေသည်။ ဥတ္တိယမင်းသားသည် ရူးသွပ်သွားပြီးလားဟု တွေးလိုက်မိသည်။

"ကြားလား၊ နန်းဦးဆောင်ထဲအထိ အရောက်သွားရမယ်၊ ငါ့ရဲ့ ချစ်မြတ်နိုးလှစွာသော မိဖုရားကြီးဆီကို ငါ့ရဲ့ စာခွေသဝဏ်လွှာ သွားပေးရမယ်"

"အရှင်–ကျွန်တော်မျိုးကို တစ်နန်းတော်လုံးက သိနေကြ"

"မင်းကို ဘယ်သူမှ မမှတ်မိစေရဘူး၊ မင်းရုပ်သဏ္ဍာန်ဟာ

လုံး၀ ပြောင်းလဲသွားရမှာ၊ အဲဒီရုပ်သဏ္ဍာန်နဲ့ မိဖုရားကြီးရှိနေရာ အနီးဆုံးအထိ အရောက်ဝင်နိုင်အောင် ငါစီစဉ်ပေးမယ်၊ ဟောဒီမှာ ငါ့ရဲ့ စာခွေသဝဏ်"

"ကျွန်တော်မျိုး…ရုပ်ဖျက်သွားရမှာလားအရှင်၊ ဒါလည်း မဖြစ်နိုင်ပါဘူး၊ ဘယ်သူမှ မမှတ်မိအောင် ရုပ်ဖျက်သွားနိုင်တယ်ပဲ ထားဦးတော့၊ မိဖုရားကြီးနားကို နီးနီးကပ်ကပ် ဘယ်လိုလုပ် ရောက်အောင် ချဉ်းကပ်လို့ ရပ့ါမလဲ–အရှင်"။

ဥတ္တိယမင်းသားက စိတ်ချသေချာသော အသွင်ဖြင့် တစ်ချက်ပြုံးသည်။

"ဇနပုဒ်ကျေးရွာလေးမှာ မထင်မရှား ပုန်းအောင်းဇာတ်မြုပ်နေရလို့ ငါ အကြံဉာဏ်တွေ တုံးသွားပြီ ထင်သလား၊ ဟင်း..ဟင်း၊ မင်းသိထားဖို့က အချစ်ဆိုတာ လူကို အမြဲတမ်း နိုးကြားနေစေတယ်၊ အမြဲတမ်းထက်မြက်နေစေတယ်၊ အခု ငါဟာ မိဖုရားကြီးအပေါ် ချစ်တဲ့ အချစ်စိတ်တွေကြောင့် အကြံကောင်း ဉာဏ်ကောင်းတွေနဲ့ တက်ကြွနေတယ် သိလား"

"အမိန့်ရှိပါ…အရှင်"

"ဟင်း ဟင်း၊ တခြားသူတွေအဖို့တော့ ခက်ကောင်းခက်မယ်၊ ငါ့အဖို့ကတော့ သိပ်လွယ်တယ်၊ နန်းဦးဆောင်ထဲမှာ မိဖုရားကြီးရှိနေမယ့်အချိန် မိဖုရားကြီးအနီးကို အခု မင်းနဲ့ငါ နီးကပ်နေသလောက် နီးနီးကပ်ကပ် မင်းရောက်သွားနိုင်ဖို့ ငါ စီစဉ်ထားတယ်"

လူယုံမင်းချင်းသည် စိတ်ဝင်စားလာလေသည်။

ဥတ္တိယမင်းသားကရာဂအခိုးအငွေ့တို့ဖြင့် တောက်ပနေ သောမျက်လုံးများကို ပြူးကျယ်စွာ ဖွင့်လိုက်ပြီး–

"နန်းဦးဆောင်ထဲမှာငါ့နောင်တော်မင်းကြီးဟာ နေ့စဉ် နေ့တိုင်း အဘယမထေရ်အမှူးရှိတဲ့ သံဃာတွေကို ဆွမ်းကပ်တယ်၊ အဲဒီမှာ အိုးခွက်တွေကို သိမ်းဆည်းဖို့ ငါ့မိဖုရားကြီးရှိနေတယ်၊ ဒီအချိန်ပိုင်းလေး

မှာ မင်းဟာ မိဖုရားကြီးအနားရောက်သွားရမယ်၊ ပြီးတော့ ဟောဒီ ချစ်သဝဏ်စာခွေကို သူ့နားမှာ ချပေးလိုက်ရမယ်၊ ဒီလို လုပ်နိုင်ဖို့အတွက်”

မင်းသားက အသံကို နှိမ့်လျက်–

“မင်း ခေါင်းတုံးတုံး၊ သင်္ကန်းရုံလိုက်၊ ရဟန်းယောင်ဆောင် သွား၊ အဘယမထေရ်နဲ့အတူပါလာတဲ့ ရဟန်းတစ်ပါးကို မင်းကြီးက အစတစ်နန်းတော်လုံး ဘယ်သူမှ သင်္ကာမကင်းမဖြစ်ဘူး၊ မင်းကို လည်း ဘယ်သူမှ မမှတ်မိနိုင်ဘူး ဘယ်နဲ့လဲ”

“ကောင်းပါပြီ ... အရှင်”

ကလျာဏီတိဿမင်းကြီး၏ နန်းတော်နန်းဦးဆောင် တံခါးဝ တွင် ခါတိုင်းနေ့များနှယ်ပင် ရဟန်းတော်များ ကြွရောက်လာကြ၏။ အဘယမထေရ်ကြီးက ဦးဆောင်လျက် နန်းဦးဆောင်အတွင်း ကြွချီကာ မင်းကြီးကိုယ်တိုင်စီမံခင်းကျင်းထားသော ဆွမ်းစားပွဲများတွင် နေရာ ယူကြသည်။ ကလျာဏီတိဿမင်းကြီးကလည်း ထုံးစံအတိုင်းပင် ဆွမ်း အမှုဝေယျာဝစ္စများဖြင့် လုပ်ကျွေးပူဇော်နေသည်။

ဆွမ်းပွဲကို အကပ်ပြီးပထမဆွမ်းအုပ်များကို ဘုဉ်းပေးကာ နီးဆဲဆဲမှာပင် အဘယမထေရ်ကြီးသည် သံဃာအစွန်းတစ်နေရာ၌ ရှိ နေသော ထူးခြားမှုတစ်ခုကို သတိပြုလိုက်မိ၏။ ထိုထူးခြားမှုမှာ ရဟန်း တစ်ပါးဖြစ်သည်။ ရဟန်းငယ်၏ သင်္ကန်းရောင်မှာ မိမိဦးစီးသော သံဃာကဲ့သို့ ဣန္ဒြေရသော ရှားနှစ်ရောင်မဟုတ်ဘဲ၊ ဝါရွှေသော အဆင်း ဘက်အနည်းငယ်လုနေသည်။ ထို့ပြင် ရဟန်း၏ ဦးပြည်းမှာလည်း လောလောလတ်လတ် ရိတ်ရှင်းထားကာစဖြစ်မှန်း သိသာလှသည်။ ထို ထက်မူ ရဟန်း၏ အကဲမရသော နေပုံ ထိုင်ပုံ မျက်လုံးကြည့်ပုံများက အဘယမထေရ်ကြီးအား သတိမထားဘဲ မနေစေနိုင်အောင် ထူးခြား ထင်ရှားနေလေသည်။

သို့သော် အဘယမထေရ်ကြီးသည် စိတ်အတွေးကို အနောက် ကျိမခံဘဲ၊ ဖြေသိမ့်စရာအတွေးဖြင့် တွေးယူလိုက်သည်။

"အေးလေ...ကလျာဏီတိဿမင်းကြီးနဲ့ ရင်းနှီးကျွမ်းဝင်ပြီးရှိတဲ့ ရဟန်းတစ်ပါးပါး ဖြစ်လေမပေါ့..."

မင်းကြီးနှင့်တကွ နန်းတော်အမှုထမ်းများကလည်း ထိုရဟန်းကို အဘယမထေရ်ကြီးနှင့်အတူ ပါလာသောရဟန်းအသစ်တစ်ပါးဟု အမှတ်ထားကာ မစစ်မမေးကြတော့ဘဲ၊ ဆွမ်းအမှုကိုသာ ဆက်လက်လုပ်ကိုင်နေကြလေသည်။

ဆွမ်းဘုဉ်းပေးပြီးကြသောအခါ အဘယမထေရ်ကြီး ဟောကြားသောတရားကို နာကြားကာ အနုမောဒနာပြု၍ နေရာမှ ထသွားကြသည်။ ဥတ္တိယမင်းသား လွှတ်ထားသော ရဟန်းယောင်ဆောင်မင်းချင်းကလည်း အခါအခွင့်ကို ချောင်းမြောင်းနေသည်။ သံဃာ၏ နောက်ဆုံးမှလိုက်ရန် နေရာဖယ်၍ ချန်နေရစ်သည်။ မိဖုရားကြီးကား ဆွမ်းပွဲကြွင်းပန်းကန်ခွက်ယောက်များကို သိမ်းဆည်းရှင်းလင်းရင်း နန်းဦးဆောင်ထဲတွင် ကျန်ရစ်ခဲ့ မင်းကြီးကမူ နန်းဦးဆောင်ထဲမှ ထွက်ခွာရန် တစ်ဖက်တံခါးပေါက်ဆီသို့ ရွေ့ရှုထသွား၏။

ရဟန်းယောင်ဆောင် မင်းချင်းအဖို့ အခါအခွင့် သင့်ပေပြီ။

မင်းကြီးတံခါးပေါက်ဆီ ရောက်သွားချိန်၌ မိဖုရားကြီးအနီးချဉ်းကပ်ကာ သင်္ကန်းခါးပိုက်အတွင်း ဝှက်ယူလာခဲ့သော စာခွေသဝဏ်ကို ချလိုက်၏။ ထို့နောက် သံဃာတော်များနောက်သို့ ကမန်းကတန်းလိုက်ပါသွားလေသည်။

ထိတ်လန့်တုန်လှုပ်ဖွယ် အဖြစ်ဆိုးများက ဤတစ်ခဏမှာစတင်၍ ပေါ်ပေါက်လာ၏။ ရဟန်းယောင်မင်းချင်းချလိုက်သော စာခွေသဝဏ်သည် မိဖုရားကြီး သိမ်းဆည်းရှင်းလင်းနေသော ပန်းကန်ခွက်ယောက်ပေါ်သို့ ထိတိုက်မိပြီးမှ ကြမ်းပြင်ပေါ်သို့ ကျသွား၏။ ထိုအခါ အနည်းငယ်ကျယ်လောင်သော ထိခိုက်မိသံကလည်း ထွက်ပေါ်လာ၏။

တံခါးပေါက်မှ ထွက်လုခြေလှမ်းများဖြင့် ရှိနေသော မင်းကြီးက မိဖုရားကြီးရှိရာသို့ လှည့်ကြည့်လိုက်လေသည်။ မိဖုရားကြီးသည်

စာခွေသဝဏ်ကို ရိပ်ခနဲမြင်လိုက်ကတည်းက ဥတ္တိယမင်းသားထံမှ ဖြစ်ကြောင်းသိလိုက်ကာ ကောက်ယူပြီး ပုဝါအကြားသို့ ဝှက်လိုက်၏။ သို့သော် မဆိုစလောက် နောက်ကျသွားလေပြီ။

မင်းကြီးသည် အနီးတွင် ခြေစုံရပ်လျက် ရောက်နေပေပြီ။

"ပြစမ်း…အဲဒါဘာလဲ"

မိဖုရားကြီးက ကယောင်ကတမ်းဖြင့် စာခွေသဝဏ်ကို မင်းကြီးလက်သို့ ဆက်သလိုက်ရလေသည်။

စာခွေသဝဏ်ကိုဖတ်ရင်း မင်းကြီး၏မျက်နှာသည် မီးကျီးခဲတစ်ခုပမာ နီးမြန်းလာ၏။ မီးလျှံမီးညွန့်တစ်ခုလို တုန်လှုပ်နေ၏။ စာခွေသဝဏ်ထဲ၌ ဥတ္တိယမင်းသားသည် အမည်နာမများကို သုံးစွဲမထားဘဲ မလျော်သောစကားလုံး အသုံးအနှုန်းများဖြင့်သာ ရေးသားထားလေသည်။

"ချစ်နှစ်မ မဖုရား….၊ အချစ်တည်းဟူသော မီး၏လောင်မြိုက်မှု…နေ့ညတမ်းတစွဲလန်းနေရခြင်းများ နှစ်ကိုယ်တူတွေ့ဖို့ အရေး"

ထူးခြားသောရဟန်း ဂဏာမငြိမ်သောအသွင်၊ ပြန်လည်ထွက်ကြွသွားသော သံဃာများနောက်သို့ ကမန်းကတန်း လိုက်ပါသွားပုံ၊ ထို့နောက် စာခွေသဝဏ်…

"နောက်ဆုံးက လိုက်သွားတဲ့ရဟန်းကို အမြန်လိုက်ခေါ်ကြစမ်း"

မင်းကြီး၏အမိန့်သည် ဓါးအိမ်ထဲမှ ဆွဲထုတ်လိုက်သော သန်လျက်သွားတစ်ခုနှယ်။

ရဟန်းယောင်မင်းချင်းသည် ရဲမက်တို့အလယ်တွင် ဆောက်တည်ရာမဲ့စွာ ပါလာ၏။ မင်းကြီးမှာလည်း အစစ်မေးရခက်နေတော့သည်။ ငြင်းကွယ်၍ မရတော့သော အခြေသို့လည်း ဆိုက်နေပေပြီ။ ရဟန်းယောင်မင်းချင်းသည် ကတုန်ကယင်ဖြင့် ဝန်ခံလေတော့သည်။

"ဒါ…ဒါလား…ဟုတ်တယ်၊ ဒီစာခွေ ကျုပ်ချသွားတာ၊ ဘာဘာ ဖြစ်လို့လဲ ဘာတွေ ရေးထားလို့လဲ၊ ဒါဟာ…ကျုပ်ကို အဘယ

မထေရ်ကြီးက ခိုင်းစေလို့ မိဖုရားကြီးအနီးမှာ ဒီစာခွေကို ချထားခဲ့ ဆိုလို့ ကျုပ် ကျုပ်လဲ"

ကလျာဏီတိဿမင်းကြီးသည် မူးမိုက်၍ လဲကျမတတ် ဖြစ်သွားလေသည်။ မျက်စိတို့အလယ်နှာရောင်ကို ပြင်းစွာ ရိုက်ပုတ်ခံလိုက်ရသည့်အလား...ရတ်တရက် ဆောက်တည်ရာမဲ့သွားသည်။

မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ဆုပ်ရာမှ လက်နှစ်ဖက်ကို ဖယ်ရှား၍ ပြန်ဖော်လိုက်သောအခါတွင်ကား မင်းကြီး၏မျက်နှာသည် ပီတိ မီးလျှံတစ်ခု ဖြစ်သွားလေပြီ။

"ငါ...ငါက ငါ့ဆရာမထေရ်ကို ရဟန္တာပုဂ္ဂိုလ်အဖြစ်နဲ့ အလေး အမြတ်လုပ်ကျွေး ပူဇော်ခဲ့တယ်။ သူသူကငါ့မိဖုရားကိုယူပြီး နန်းကို သိမ်းဖို့ ကြံတယ်"

ဆွမ်းဘောဇဉ်များဖြင့် လုပ်ကျွေးလှူဒါန်းခဲ့ကာ ကုသိုလ်ကောင်းမှုများဖြင့် ညွတ်နူးလှပခဲ့သော နန်းဦးဆောင်သည် ငရဲဘုံတစ်ခုဖြစ်သွား၏။ ဒေါသမီးအလျှံများ ငြီးငြီးတောက်လောင်လာ၏။

ဆတ်ဆတ်တုန်သော နှုတ်ခမ်းများဖြင့် မင်းကြီးသည် နောက်ထပ်စကားတစ်ခွန်းကို ဖောက်ခွဲလိုက်လေသည်။

"ပါးကွက်သားတွေ အဘယမထေရ်ကို သွားဖမ်းခဲ့ကြ၊ မင်းရင်ပြင်မှာ ကျိုက်ကျိုက်ဆူတဲ့ ဆီပူအိုးကင်းပြင်" နန်းဦးဆောင်တစ်ခုလုံး တဝေါဝေါ ဆူညံသွား၏။ မှူးမတ်ဗိုလ်ဝန်တို့က အူအူသောင်းသောင်း ဝိုင်းဝန်တောင်းပန်ကြသည်။ မသင့်တော်ပါအရှင်၊ အမိန့်တော် မချပါနဲ့ အရှင် ဟူသော အသံများလည်း ဆူညံသွားသည်။ ကလျာဏီတိဿ မင်းကြီးကား အသိဉာဏ်ကင်းမဲ့သွားပေပြီ"

"တစ်ချက်လွှတ် အမိန့်"

သံအိုးကင်းထဲရှိ ဆီပူများသည် ကျိုက်ကျိုက်ဆူပွက်လျက် အောက်မှ မီးလျှံများကာ မပြတ်ထိုးနေသော ထင်းတုံးလောင်စာများကြောင့် ရဲရဲညီးညီးအဆက်မပြတ် တောက်လောင်လျက်။

အဘယမထေရ်ကြီးသည် သံအိုးကင်းဆီသို့ တည်ငြိမ်စွာ လျှောက်လာတော်မူ၏။ ရှေ့တူရူလေးတောင်အကွာသို့ ကြည့်ရင်း မျက်လွှာအစုံတို့ကို ညင်သာစွာ ရုပ်သိမ်းလျက် သတိသံဝေဂကို ဖြစ်စေခဲ့သည်။ ဝဲယာဝန်းကျင်ပရိသတ်တို့ကား အရှင်မြတ်ကို မကြည့်ရက် မကြည့်ရဲဖြစ်ကာ မြေပြင်ပေါ်သို့ ပစ်လှဲချလိုက်ကြသည်။ သို့သော် ငိုရှိုက်သံ မြည်တမ်းသံကိုကားအလျဉ်းပင်မပြုဝံ့ကြ၊ တစ်စုံတစ်ခု အသံအားဖြင့် အမူအရာအားဖြင့် ချွတ်ယွင်းသွားပါက ချက်ချင်းပင် ရာဇဝတ်သားဖြစ်သွားပေမည်။ ကျိုက်ကျိုက်ဆူပွက်နေသော သံအိုးကင်းထဲသို့ နောက်တစ်လှည့်ယူဆင်းရမည့်သူ ဖြစ်သွားပေမည်။ ကလျာဏီတိဿမင်းကြီး၏ တစ်ချက်လွှတ် အမိန့်ကား ပြင်းထန်လှဘိခြင်း။

မထေရ်ကြီးသည် သံအိုးကင်းနှုတ်ခမ်းအနီးတွင် တည့်မတ်စွာ ရပ်လိုက်လေသည်။ ထို့နောက် မျက်လွှာအစုံကို ဖြည်းညှင်းစွာပိတ်လျက် ရှေးကပြုခဲ့သော ဝဋ်ကြွေးဝိပါကကို ဆင်ခြင်တော်မူသည်။

“တကာတို့ လုပ်စရာရှိတာ လုပ်ကြပါ”

ပါးကွက်အာဏာသားများကို မိန့်မြွက်တော်မူလိုက်သည်။

သတိသံဝေဂကို ဖြစ်စေကာ၊ ဝိပဿနာတင်၍ ဆင်ခြင်နှလုံးသွင်း အားထုတ်အပ်သော မထေရ်မြတ်ကြီးသည် ထိုခဏမှာပင် အရဟတ္တဖိုလ်သို့ ရောက်တော်မူလေသည်။ ဆီပူအိုးတွင် အကြော်ခံ၍ နိဗ္ဗာန်ယူသွားတော်မူလေသည်။

ထိုအချိန်၌ စာခွေသဝဏ်ချခဲ့သော ရဟန်းအယောင်ဆောင် မင်းချင်းအား ခန္ဓာကိုယ်သုံးပိုင်းဖြတ်သတ်စေ အမိန့်ကို ခံယူသွားလေပြီ။ ထိုသူ၏ သုံးပိုင်းပြတ်ခန္ဓာကိုယ်ကိုလည်း သမုဒ္ဒရာထဲသို့ မင်းကြီးအမိန့်ဖြင့် ပစ်ချလိုက်ကြသည်။

ဤတွင် မဟာသမုဒ္ဒရာ၏ တုန့်ပြန်မှုက ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုးနတ်များနှင့် သမုဒ္ဒရာစောင့်နတ်များ၏ ခြောင်းခြောင်းထွက်သော အမျက်တို့ဖြင့် ရုတ်ခြည်းဖြစ်ပေါ်လာလေသည်။

ဖူးဖူးကြွတက်သော သမုဒ္ဒရာရေသည် ကမ်းစောက်ကမ်းပါး ကျောက်တောင် ကျောက်ဆောင်များကို တစ်ခဏချင်း၌ လွှမ်းအုပ်နစ်မြုပ်ကြစေပြီးနောက်၊ ကလျာဏီမြစ်ကြီးကိုလည်း ပင်လယ်ပြင်အဖြစ် ဖန်တီးလိုက်လေသည်။ ကလျာဏီမြစ်ရေသည်လည်း သုံးရက်အတွင်းမှာပင် မြို့တော်အတွင်းသို့ ဝါးလုံးထိုးဝင်ရောက်ကာ နေပြည်တော်တစ်ခုလုံး ရေပြင်အထိ ဖြစ်သွားသည်။

"သမုဒ္ဒရာကြီးဟာ အခါမဲ့ရေကြီးလာပြီ"

"ကလျာဏီမြစ်ဟာ ပင်လယ်ဖြစ်သွားပြီ"

နေပြည်တော်၏ အမြင့်ဆုံးအပိုင်းတွင် တည်ထားသော နန်းတော်ဆီသို့ အားလုံးသော ပြည်သားပြည်သူတို့ ပြေးဝင်ဟစ်အော်လာကြ၏။

အဘယမထေရ်မြတ်ကြီးကို ရက်စက်ဆိုးရွားလွန်စွာ စီရင်ခဲ့သော ကလျာဏီတိဿမင်းကြီးသည် မပြေနိုင်သေးသောအမျက်ဖြင့် မှူးမတ်ပုဏ္ဏားတို့ကို ဆင့်ခေါ်စုရုံးလိုက်သည်။

"ဘာကြောင့် သမုဒ္ဒရာအခါမဲ့ ရေကြီးရသလဲ၊ ကလျာဏီမြစ်ကကော ဘာကြောင့် မြို့တွင်းကို စီးဝင်လာရသလဲ၊ သင်တို့မှာအဖြေရှိရမယ်"

"အရှင်မင်းမြတ်၊ ဒါဟာ သမုဒ္ဒရာစောင့်နတ်ရဲ့ ဒေါသပါ၊ သူ့ကို ပူဇော်ပသရပါမယ်"

မိစ္ဆာအယူရှိသော ပုဏ္ဏားတို့၏ စကားကို မင်းကြီး ယုံကြည်သွား၏။

"ဘယ်လို ပူဇော်ပသရမလဲ"

"သမီးတော်ကို၊ မဏိမေခလာနတ်သမီးရဲ့ အလုပ်အကျွေးအဖြစ် ဆက်သရပါမယ် အရှင်"

"ငါ့ရဲ့ သမီးတော်၊ တစ်ဆယ့်နှစ်နှစ်အရွယ် သမီးတော်ကိုလား"

"ဟုတ်ပါတယ်...အရှင်"

"အဲဒီအတိုင်းလုပ်ရင်၊ သမုဒ္ဒရာစောင့်နတ်အမျက်ပြေမလား"

"အကောင်းဆုံးယဇ်ပူဇော်မှု ဖြစ်ပါတယ် အရှင်မင်းကြီး"

သမီးတော်ဒေဝီအား နတ်ဝတ်တန်ဆာများနှင့် လျှော်ညီသည့် ဝတ်စားဒွါဒရာများ ဆင်ယင်စေကာ ရွှေအိုးစရည်းထဲသို့ ထည့်လိုက်ကြ၏။ ထို့နောက် အိုးစရည်းကိုအလုံအခြုံပိတ်လျက် "ဘုရင့်သမီးတော်" ဟူ၍ရွှေပြားတံဆိပ် ခပ်နှိပ်လိုက်သည်။

မင်းသမီးတော်ပါရှိသော ထိုရွှေအိုးစရည်းကြီးကို သမုဒ္ဒရာထဲသို့ မျှောချလိုက်သည့်နေ့မှာပင် သမုဒ္ဒရာရေအပြင်သည် တိုင်းပြည်တစ်ဝှမ်းလုံးကို ဖုံးလွှမ်းသွားလေသည်။ ကလျာဏီတိဿမင်းကြီးနှင့် အားလုံးသော ပြည်သူပြည်သားတို့ တစ်ယောက်မကျန်နစ်မြုပ် သေကြေပျက်စီးသွားကြသည်။

ရဟန္တာမထေရ်ကြီးကို ပြစ်မှားကျူးလွန်သော ရက်စက်ကြမ်းကြုတ်မှုကြောင့် ကလျာဏီတိဿမင်းဟူသော အမည်နာမနှင့် ယင်းအုပ်ချုပ်စိုးစံခဲ့သည့် တိုင်းပြည်သည် သမုဒ္ဒရာရေအထုအောက်တွင် ပျက်စီးပျောက်ဆုံးသွားလေသည်။

* * *

# ဝိဟာရဒေဝီ

ကလျာဏီတိဿမင်းကြီးနှင့်တကွ တိုင်းပြည်အလုံးမဟာသမုဒ္ဒရာအောက်၌ နစ်မြုပ်ပျက်စီးသွားကြချိန်တွင် သမီးတော်ဒေဝီလိုက်ပါသော ရွှေအိုးစရည်းကြီးသည်ကား လက်ာဒီပကျွန်းကို လက်ဝဲရစ်လျက် ကမ်းဘက်သို့ ရွေ့လျားမြောပါခဲ့လေသည်။

နောက်ဆုံးတွင် ရွှေအိုးစရည်းကြီးသည် မဟာဂါမအနီးရှိ ယောဋကလက်ာကျောင်းကြီးဆိပ်သို့ ဆိုက်ရောက်လာ၏။ မဟာဂါမမြစ်ဆိပ်တစ်ခုလုံး အုံးအုံးကျွက်ကျွက်ဖြစ်သွားသည်။ ရွှေအိုးစရည်းပေါ်တွင် ရွှေပြားတံဆိပ် ခပ်နှိပ်ထားသည့်အပြင် ‘ဘုရင့်သမီးတော်တစ်ပါးသည် ဤအိုးစရည်းထဲ၌ပါရှိ၏။ သမုဒ္ဒရာနတ်ကိုပူဇော်လျက် ဤအိုးစရည်းကို လွှတ်မျှောအပ်ကုန်၏’ ဟူသော စာတမ်းကိုပါ တွေ့ကြရသည်။

“သမုဒ္ဒရာကိုဖြတ်ပြီး မဟာဂါမမြစ်ဆိပ်ကို ရောက်လာတဲ့ ရွှေအိုးကြီးပဲ၊ အလုံအခြုံလဲပိတ်ထားတယ်၊ အထဲမှာ ဘုရင့်သမီးတော်တစ်ပါးပါတယ်တဲ့”

“ဒါဟာ တန်ခိုးကြီးနတ်တွေရဲ့ စောင့်ရှောက်မှု ပို့ဆောင်မှုနဲ့ ငါတို့ဆီရောက်လာတာပဲ၊ ငါတို့နဲ့ထိုက်တန်လို့ ငါတို့ဆီရောက်လာတာ”

"ဘုရား ဘုရား အိုးစရည်းထဲမှာ၊ ဘုရင့်သမီးတော် တစ်ပါးပါ လာသတဲ့ အသက်မှရှိသေးရဲ့လား၊ မသိဘူး၊ ဖွင့်ကြည့်ကြပါဦး၊" ကြီးမား လှသော အိုးစရည်းကြီးမှာ မြစ်ဆိပ်ကမ်းခြေ၏ လှိုင်းအပုတ်ဝယ် တလှုပ် လှုပ်ဖြစ်နေ၏။ မဟာဂါမသားတို့က သတိကြီးစွာဖြင့် အိုးစရည်းကို ကမ်းစပ်သို့ ဆွဲယူလာခဲ့ကြသည်။

သမီးတော်ကလေး ဒေဝီကား ပကတိ ဘေးရန်ကင်းစွာပင် အိုးစရည်းထဲမှ ထွက်လာနိုင်ခဲ့သည်။

"ဒေဝီ ဘယ်တိုင်းပြည်က လာသလဲ ဘာဖြစ်လို့ အိုးစရည်းထဲ မှာ ထည့်အမျှောခံလိုက်ရသလဲ ဆိုတာတွေကို မသိချင်ကြပါနဲ့တော့၊ သူတို့အားလုံးဟာ သူတို့ပြုခဲ့တဲ့ ကြောက်စရာ့အကုသိုလ်ကံရဲ့ အာနိသင် ကြောင့် ပျက်စီးသွားကြပါပြီ။ ဒါပဲပြောပါရစေ။ ဟောဒီမဟာဂါမမြစ် ဆိပ်ကလူများအနေနဲ့ ဒေဝီကို လက်ခံကြမယ်ဆိုရင် ဒေဝီရဲ့ဘဝရှင်သန် မှုအသစ်ကို ဒီမှာပဲစတင်ပါရစေ။

ဘုရင့်သမီးတော်၏ တင့်တယ်ရှင်းသန့်သော ရုပ်လက္ခဏာနှင့် တကွ ရဲဝံ့လေးနက်စွာဆိုသော စကားတို့ကို မဟာဂါမသားတို့ ခြွင်းချက်မ ရှိ ယုံကြည်သွားကြသည်။

"အို မဟာသမုဒ္ဒရာကြီးရဲ့ ထူးခြားမွန်မြတ်လှတဲ့ လက်ဆောင် ပဏ္ဏာကို ကျုပ်တို့ဘာကြောင့် လက်မခံနိုင်ပဲရှိရမှာလဲ၊ ဒီလောက်ငယ် ရွယ်နုနယ်ပြီး ဒီလောက်လှပသိမ်မွေ့တဲ့ ဘုရင့်သမီးတော်လေးတစ်ပါးကို ကော ကျုပ်တို့ကဘာကြောင့် မယုံမကြည်ရှိနေရဦးမှာလဲ ဒေဝီလေး၊ ကျုပ်တို့နဲ့အတူ ပျော်ရွှင်ငြိမ်းချမ်းစွာနေပါ၊ ရွှေအိုးစရည်းရဲ့ခရီးရှည်ကြီး ဟာလဲ ဒီမှာပဲကုန်ဆုံးသွားပြီ၊ ရှေ့ဆက်သွားစရာလဲမလိုတော့ဘူး"

ရက်လနှစ်များ ကုန်ဆုံးသွားခဲ့၏။ ဘုရင့်သမီးတော် ဒေဝီသည် လည်း အတင့်တယ်ဆုံးအရွယ်ကို ရောက်ခဲ့၏။ မဟာဂါမသည်လည်း ဒေဝီကြောင့် နာမည်ကျော်ကြား ဂုဏ်သတင်းကြီးမားလာခဲ့လေသည်။

"မဟာဂါမမှာ သမုဒ္ဒရာက လက်ဆောင်ပဏ္ဏာပို့ပေးလိုက်တဲ့ နတ်ဒေဝီလေး တစ်ပါးရှိတယ်"

ကာကဝဏ္ဏတိဿမင်းကြီး၏ ထွက်တော်မူကြီး အခမ်းအနားဖြင့် မဟာဂါမသည် အကြီးကျယ်ဆုံး ဖြစ်ခဲ့ပြန်သည်။ ယောဋ္ဌကလက်ာကျောင်းတော် ဝိဟာရတစ်ဝိုက်မှာလည်း ဘုရင်မင်းမြတ်တို့၏ မင်းအဆောင်အယောင်များဖြင့် တင့်တယ်သွားသည်။

ဒေဝီ၏ အမည်သည် မဟာဂါမအနီး ယောဋ္ဌကလက်ာကျောင်းတိုက်ကြီးကို အစွဲပြု၍ "ဝိဟာရဒေဝီ" ဟူသော အမည်သစ်သို့ ပြောင်းလဲခဲ့ပြန်သည်။

မိမိတို့ ပြုစုစောင့်ရှောက်ခဲ့သော ဒေဝီအား ဝိဟာရဒေဝီဘွဲ့ အမည်အပ်နှင်းလျက် ဘုရင်မင်းမြတ် ကောက်တော်မူပြီဟု ကြားသိရသောအခါ မဟာဂါမသားများပို၍ ဂုဏ်ယူစရာဖြစ်ကြပြန်သည်။

သမုဒ္ဒရာကပေးပို့တဲ့ လက်ဆောင်ပဏ္ဏာဟာ ကာကဝဏ္ဏတိဿမင်းကြီးထံသို့ ရောက်ရှိနိုင်ဖို့အတွက် ငါတို့မဟာဂါမက လက်ခံပြုစုစောင့်ရှောက်ပေးခဲ့ရတာဖြစ်တယ်"

အလှူဒါနမှု၌ ပင်ကိုကပင် ညွတ်ယိမ်းခဲ့ပြီဖြစ်သော ကာကဝဏ္ဏတိဿမင်းကြီးမှာ ဝိဟာရဒေဝီမိဖုရားကြီးကြောင့် ပို၍ပင် ရတနာသုံးပါး၌ သက်ဝင်ယုံကြည်လာခဲ့၏။ မိဖုရားကြီး၏ သဒ္ဓါတရားနှင့် ကိုယ်ကျင့်သီလတို့သည် မင်းကြီး၏ ရာဇအာဏာကိုပင် လွှမ်းမိုးသွားခဲ့၏။

မင်းဘဏ္ဍာအဖြစ်ရရှိသော အခွန်အတုတ်တို့၏ ထက်ဝက်ကို စွန့်ကြဲလှူဒါန်းခြင်း၌ အသုံးပြုကြသည်။ တိဿကျောင်း၊ စိတ္တလတောင်ကျောင်း၊ ဂမိဋ္ဌဝါလိကျောင်း၊ ပါလကျောင်း အစရှိသော ရဟန်းသံဃာတော်တို့ သီတင်းသုံးရာကျောင်းတိုက်ကြီးများ အပြိုင်အဆိုင် ပေါ်ပေါက်လာကြသည်။ ဘုရားစေတီပုထိုးများစွာတို့ကိုလည်း တည်ထားပူဇော်ကြသည်။ ကာကဝဏ္ဏတိဿမင်းကြီးနှင့် ဝိဟာရဒေဝီ မင်းမိဖုရားနှစ်ပါးတို့ ပစ္စည်းလေးပါး ဖြင့် ထောက်ပံ့ပူဇော် လုပ်ကျွေးသော ရဟန်းသံဃာပေါင်း ခြောက်ထောင်မျှရှိလေသည်။

မင်းမိဖုရားတို့ ပစ္စည်းလေးပါး ထောက်ပံ့ပူဇော်ကြသော ထို ကျောင်းတိုက်ကြီးများအနက်တွင် ကောဋ္ဌိပဗ္ဗတကျောင်းတိုက်ကြီးသည် တစ်မူထူးခြားလျက် ထင်ရှားကျော်ကြားလာသည်။

ကောဋ္ဌိပဗ္ဗတကျောင်းတိုက်ကြီး ဂုဏ်သတင်းမွှေးပျံ့ခြင်းမှာ ကျောင်းတိုက်အဆောက်အဦ၏ ကြီးမားခြင်းကြောင့်လည်းမဟုတ်၊ အခြား ကျောင်းတိုက်များထက် လှူဖွယ်ပစ္စည်းပိုမို ပေါကြွယ်ခြင်းကြောင့် လည်း မဟုတ်ချေ။

ကောဋ္ဌိပဗ္ဗတကျောင်းတိုက်ကြီး၏ ဂုဏ်အသရေကို ဆောင်ကြဉ်း ကာ အထူးသဖြင့် ထင်ရှားကျော်ကြားခဲ့ခြင်းမှာ သာမဏေငယ်လေး တစ်ပါးကြောင့်ဖြစ်လေသည်။

* * *

အကယ်၍ သံဃာကျောင်းတိုက် တစ်တိုက်တွင် သီတင်းသုံး နေထိုင်သော သာမဏေတစ်ပါးအတွက် အကောင်းဆုံးအမွတ်မြတ်ဆုံး အရည်အသွေးများကို ပြဋ္ဌာန်းသတ်မှတ်ထားချက် ရှိသည်ဆိုပါလျှင် ထိုအရည်အသွေးများဖြင့် အဖက်ဖက်မှ ပြည့်စုံလျက်ရှိသော သာမဏေ မှာ ကောဋ္ဌိပဗ္ဗတကျောင်းတိုက်မှ သာမဏေငယ်ပင် ဖြစ်လေသည်။

ဥပဇ္ဈာယ်ဆရာတို့ ဆုံးမသော ဒေသနာစကားတို့ကို ရိုသေ လေးမြတ်စွာ လိုက်နာကျင့်ကြံခြင်း၊ အပြောက်အကျားမရှိ၊ ပြကတေ စင်ကြယ်စွာသော သီလကျင့်ဝတ်ကို ဖြည့်ကျင့်လုံခြုံစေခြင်း၊ သံဃာ တော်အပေါင်းနှင့်တကွ ကျောင်းတော်ဝိဟာရတစ်ခုလုံး၏ ဝတ်ကြီးဝတ် ငယ် အလုံးစုံကို အပျက်အကွက်မရှိ အမေ့အလျော့မရှိ ပြုကျင့်ဖြည့်စွမ်း ခြင်း သေနာသနဝတ် စေတီယင်္ဂဏဝတ်တို့ကို မပြတ်ပြုလုပ်လှူဒါန်း ခြင်း စသည်တို့မှာ ထိုသာမဏေငယ်၏ ပြုဖွယ်ဆောင်တာများ ဖြစ်ကြ ၏။

ထို့အပြင် ကောဋ္ဌိပဗ္ဗတကျောင်းတိုက်ကြီးအနီးတွင် အတန်ငယ် မြင့်မားသော တောင်ကုန်းတစ်ခုရှိပြီး ထိုတောင်ကုန်းထက်တွင် စေတီ

တစ်ဆူကို တည်ထားသည်။ ကျောင်းတိုက်သို့ လာရောက်ကြသူ လူပရိသတ်များသည် တောင်ထိပ်စေတီသို့လည်း မပြတ်အဖူးအမြော်ဝင်ကြသည်။ တောင်မှာ များးစွာမမြင့်လှသော်လည်းမတ်စောက်သော အနေအထားရှိသဖြင့် အတက်အဆင်းခက်ခဲ၏။ အထူးသဖြင့် စေတီရင်ပြင်ရောက်ခါနီး တောင်ခါးပန်းမှာ ပို၍ မတ်စောက်နေ၏။

သာမဏေငယ်သည် ထိုတောင်ထိပ်စေတီပြင်သို့ လူအသွားလွယ်ကူ ချောမွေ့စွာ တက်ရောက်နိုင်ကြရန် ကျောက်ဖျာကြီးသုံးချပ်ကို အဆင့်ဆင့် အဆင်ပြေနေသော အနေအထားဖြင့် ပင်ပန်းတကြီးတည်ခင်းဆောက်လုပ်ပေးပြန်သည်။

စကားနည်းနည်းသာ ပြောတတ်ပြီး မိမိပြုဖွယ်ရှိမည့် နိစ္စဗဒ်အမှုများကိုသာ တစိုက်မတ်မတ်ပြုကျင့် ဆောင်ရွက်တတ်သော သာမဏေငယ်လေးသည် ကောဋိပဗ္ဗတကျောင်းတိုက်၏ ဂုဏ်ဆောင်ဖြစ်လာခဲ့လေသည်။ တစ်နည်းအားဖြင့် ကောဋိပဗ္ဗတကျောင်းတိုက်၏ လင်းလက်သော ကြယ်တာရာတစ်ပွင့် ဖြစ်လာခဲ့သည်။

သို့သော် ...

တစ်နေ့သောအခါ ထိုကြယ်တာရာလေးညှိုးမှိန်သွား၏။ ကောဋိပဗ္ဗတကျောင်းတိုက်သည် မှိုင်းပျ အုံဆိုင်းသွား၏။ အကြောင်းမှာ သာမဏေငယ်လေး ပြင်းစွာနာမကျန်း ဖြစ်ခဲ့သောကြောင့်ပင်–

* * *

ဝိဟာရဒေဝီမိဖုရား၏ နေ့စဉ်အလှူဒါန ဝတ်ကြီးဝတ်ငယ်အမှုများအနက် ညဥ့်ချမ်းအချိန် ကာလတိုင်းမှာ တိဿကျောင်းတိုက်အရာမ်အတွင်းရှိ သိလာပဿယအမည်ရှိ ပရဝုဏ်သို့ လာရောက်ခြင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်လေသည်။

သိလာပဿယပုရဝုဏ်ကား နာမကျန်းဖြစ်သော ရဟန်းသံဃာတို့အား သီးသန့်သီတင်းသုံးစေကာ ဆေးဝါးအစာရေစာတို့ဖြင့် ပြုစုစောင့်ရှောက်ရာ ဌာနလည်းဖြစ်သည်။

ဝိဟာရဒေဝီမိဖုရားသည် နာမကျန်းသော ဂိလာနရဟန်းတို့အား၊ အဖျော်ရှစ်ပါး ဆေးဝါးတို့ကို ကိုယ်တိုင်ကပ်လှူပြုစုစမြဲပင်ဖြစ်၏။ ထိုနာမကျန်း ဆောင်သို့မသွားမီ၊ မိဖုရားသည် တိဿကျောင်းတိုက်တွင် သံဃာထေရ်ထံသို့ ဦးစွာရှိခိုးကန်တော့၍ တရားဒေသနာ နာကြားတတ်လေသည်။

ကာဋ္ဌပဗ္ဗတကျောင်းတိုက်မှ သာမဏေငယ်လေး နာမကျန်းဖြစ်၍၊ သိလာပဿယအဆောင်သို့ ရောက်ရှိခဲ့ပြီ၊ သုံးရက်အကြာတွင်၊ မိဖုရားနှင့် သာမဏေငယ်တို့ ထူးခြားစွာ တွေ့ဆုံပြောဆိုကြဖို့ အကြောင်းဖန်လာလေသည်။

ဝိဟာရဒေဝီမိဖုရားကြီးသည် သံဃာထေရ်ထံတွင် တရားဒေသနာ နာကြားနေခဲ့၏။ သံဃာ့ထေရ်ကလည်း၊ မိဖုရားအား အခါအားလျော်စွာ ဟောကြားတတ်သော တရားစကားကို ကြားသိစေ၏။

“မိဖုရား သင်တို့မှာ ရှေးရှေးကပြုခဲ့တဲ့ အတိတ်ကောင်းမှုကြောင့် ယခုဘဝမှာ သူတကာတို့ထက် မြင့်သောမင်းစည်းစိမ်ကို ရရှိခံစားရခြင်းဖြစ်ပေ၏။ ကုသိုလ်ကောင်းမှုမျိုးစေ့ဆိုတာ ဆက်ခါဆက်ခါ ပွားများ စိုက်ပျိုးအပ်တယ်။ ယခုဘဝမှာလဲ၊ ပုညကုသိုလ်ကို မမေ့မလျော့အားထုတ်ပါ”

ဝိဟာရဒေဝီမိဖုရား၏ မျက်နှာကို ခါတိုင်းလို ကြည်လင်ရွှင်ပျခြင်းမရှိသည်ကို တွေ့ရလေသည်။ သံဃာ့ထေရ်အား လက်အုပ်ချီလျက် မိဖုရားသည် လန်းဆန်းခြင်းကင်းသော အသံဖြင့် လျှောက်တင်၏။

“အရှင်ဘုရား၊ တပည့်တော်မတို့မှာ များစွာသော စည်းစိမ်ကို ရရှိပေမယ့် အကျိုးမဲ့အချည်းနှီး ဖြစ်နေပါတယ် ဘုရား”

“ဘာကြောင့်လဲ ဝိဟာရဒေဝီ”

“သားညွန့်မြေးဆက် ကင်းမဲ့တဲ့ဘဝမို့ပါ ဘုရား”

ကာကဝဏ္ဏတိဿမင်းကြီးနှင့် ဝိဟာရဒေဝီမိဖုရားတို့၌ ထီး

ညွန့်နန်းကလျားကင်းကြောင်း သံဃာ့ထေရ် သိတော်မူပြီး ဖြစ်၏။

အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော မထေရ်မြတ်သည် ဝိဟာရ ဒေဝီ၌ သားရ၍ မရ၍သောအကြောင်းကို ဆင်ခြင်ပြီးနောက် ထူးခြား သော စကားတစ်ခွန်းကို မိန့်တော်မူလိုက်၏။

"ဝိဟာရဒေဝီ သိလာပဿယပရိဝုဏ် နာမကျုန်းဆောင်မှာ ကောဋ္ဋိပဗ္ဗတကျောင်းက၊ သာမဏေငယ်တစ်ပါး ရောက်ရှိနေတာကို သိတယ် မဟုတ်လား"

"သိပါတယ်ဘုရား တမြန်နေ့ညဥ့်ချမ်းကပဲ၊ တပည့်တော်မ ဆေးဝါးအဖျော်များ ကပ်လှူခဲ့ရပါတယ် ဘုရား"

"အင်း...သာမဏေငယ် အနားသည်းခဲတယ်၊ သူ့ဆီကို သင် သွားလိုက်ပါ ဝိဟာရဒေဝီ"

အကြောင်းထူးတစ်ခုကြောင့် ညွှန်ကြားမိန့်မြွက်သည်ကို သိ လိုက်သော၊ ဝိဟာရဒေဝီသည် သံဃာ့ထေရ်အား ရှိခိုးဦးခိုက်၍ လျှောက် တင်ခဲ့လေသည်။

"တပည့်တော်မ ယခုပဲ သွားပါမယ် အရှင်ဘုရား"

သိလာပဿယ ပရိဝုဏ်အတွင်းဘက် ဂိလာနများချည်းသာ သီးသန့်ထားရှိသော အဆောင်၌ သာမဏေငယ်သည် ရောဂါဝေဒနာကို အသည်းအသန်ခံစားနေရလေသည်။ ဝိဟာရဒေဝီမိဖုရားကြီးကပ်လှူ ထားသော အဖျော်ရှစ်ပါးနှင့် ဆေးဝါးများလည်း အရာမယွင်းကြ၊ သာမဏေငယ်မှာ ဆေးလည်းမဝင် အစာလည်းမဝင် ရှိနေပေပြီ။

"တပည့်တော် ဝိဟာရဒေဝီမိဖုရားကြီးပါ"

ဟု လျှောက်တင်လိုက်သောအခါ သာမဏေငယ်က မိမိသိပါ ကြောင်းကို မျက်တောင်တစ်ချက် လေးလံစွာ ခတ်၍ အသိအမှတ်ပြု ၏။ မျက်နှာကား သွေးဆုတ်ဖြူလျော်နေသည်။ သေခြင်းတရား၏ နယ်နိမိတ်တွင်းသို့ သာမဏေငယ် တစ်စတစ်စဝင်ရောက်နေပြီ ဖြစ် ကြောင်း မိဖုရားကြီး သိလိုက်လေသည်။

သို့သော် အဘိညာဉ်ခြောက်ပါးနှင့် ပြည့်စုံသော မထေရ်မြတ်ကိုယ်တိုင်က ဤသာမဏေငယ်အား သွားရောက်တွေ့ဆုံရန် လွှတ်လိုက်ခြင်း ဖြစ်၏။ မိဖုရားကြီး၏ စိတ်သည် ယုံကြည်မှုအပြည့်ဖြင့် ကိုင်းညွတ်လာသည်။

“တပည့်တော်တို့ရဲ့ စည်းစိမ်ချမ်းသာဟာ များပြားကြီးကျယ်လှပါတယ်ကိုရင် တပည့်တော်တို့ရဲ့ သားအဖြစ်ကို တောင့်တပြီး ပတ္တနာပြုပါ”

နောက်ဆုံးအချိန်သို့ ရောက်နေပြီဖြစ်သော သာမဏေငယ်အား မိဖုရားကြီးက ပွင့်လင်းစွာပင် လျှောက်လိုက်၏။ သာမဏေငယ်၏ မျက်လွှာများပွင့်လာကာ ရီဝေဆုတ်ယုတ်သော မျက်လုံးများဖြင့် မိဖုရားကြီးကို ကြည့်နေသည်။

“တပည့်တော်ရဲ့သားအဖြစ် နောင်ဘဝမှာ ရရှိဖို့ စိတ်အာရုံပြုဆုတောင်းလိုက်ပါ ကိုရင်လေး”

သာမဏေငယ်နှုတ်ခမ်းများ လှုပ်ရှားပွင့်ဟလာသည်။ ထို့နောက် တိုးတိမ်လွန်းသော လေသံသဲ့သဲ့ထွက်ပေါ်လာ၏။

“ကျွန်ုပ် မင်းအဖြစ်ကို အလိုမရှိဘူး”

ဝိဟာရဒေဝီ၏ ကြည်ညိုစိတ်သည် အတိုင်းမသိ တိုးပွားလာတော့၏။ မိဖုရားကြီးကိုယ်တိုင်က တောင်းပန်လျှောက်ထားနေချိန် ဘဝကူးရတော့မည့်အချိန်တွင် သာမဏေငယ်သည် မင်းစည်းစိမ်ကို ပယ်ချနေချေသည်။

အခိုးအလျှံမရှိတော့သော ရီဝေဆုတ်ယုတ်မျက်လုံးအိမ်များတွင် သာမဏေငယ်၏ ပြတ်သားသော ငြင်းပယ်မှုကို တွေ့နေရ၏။ မိဖုရားကြီးသည်လည်း အခိုင်အမာဆုံးဖြတ်လိုက်လေသည်။ မိဖုရားတို့၏ မင်းမိန့်သြဇာဖြင့် သံဃာဘတ် ဂိလာနဘတ်ပြုဖွယ်အမှုတို့ကို ချက်ချင်းစီစဉ်စေကာ လှူဒါန်းပူဇော်၏။ ထို့နောက် အဖိုးထိုက်အဖိုးတန် ပန်းများကိုလည်း တင့်တယ်စွာ ဆင်ယင်စေကာ ပူဇော်ပြန်၏။

"တပည့်တော်ရဲ့သားအဖြစ်ကို ဆုတောင်းပါ သားကိုရင်လေး ရယ်"

မိဖုရားကြီး၏ တောင်းပန်တိုးလျှိုးသံမှာ လှိုက်လှဲသည်းထန် ရှိလွန်းလှသည်။ သာမဏေငယ်သည် အကြည်ဓာတ်ဆုတ်ယုတ်နေသော မျက်လုံးများဖြင့် အားယူ၍ကြည့်ရင်း မိဖုရားကြီး၏ဆန္ဒကို လိုက်လျော ရန် ဆုံးဖြတ်လိုက်လေသည်။

* * *

ကာကဝဏ္ဏတိဿမင်းကြီးသည် ဝိဟာရဒေဝီမိဖုရား၏ နှုတ်ငုံ ဆောင်ခြင်းကို သိရသောအခါ ဝမ်းမြောက်ဝမ်းသာဖြစ်သွား၏။

ကောဋ္ဌိပဗ္ဗတကျောင်းတိုက်မှ သာမဏေငယ်မကွယ်လွန်မီ မိဖုရား၏ဝမ်းကြာတိုက်၌ ဝင်စားရန် ပတ္ထနာပြုသွားခဲ့ကြောင်း၊ မိမိတို့ ၏ သားအဖြစ်ကို ယခုဘဝတွင် ဆုတောင်းရန်၊ အဘိညာဉ်နှင့် ပြည့်စုံ သော ရဟန်းတော်ကြီးကိုယ်တိုင်က ညွှန်ကြားခဲ့ကြောင်း ဖြစ်ရပ်ခြင်း ရာစုံလင်ကိုလည်း မိဖုရားကြီးထံမှတစ်ဆင့် မင်းကြီးသိခဲ့ပြီး ဖြစ်သည်။

ထို့ကြောင့် ယခု ဝိဟာရဒေဝီ၌တည်သော သန္ဓေသည် ကွယ် လွန်ခဲ့သော သာမဏေငယ်ပင်ဖြစ်ကြောင်း မင်းကြီးရောမိဖုရားပါ အပြည့် အဝ ယုံကြည်ထားကြသည်။ အကယ်လည်း သာမဏေငယ်သည် စုတေ ခဲ့ပြီးနောက် မိဖုရားကြီးထံ၌ စွဲရောက်တည်ရှိခဲ့ပြီ ဖြစ်လေသည်။

သာမဏေငယ်၏ ရုပ်ကလာပ်ကို ကောင်းစွာဖုတ်ကြည်းသဂြိုဟ် ပြီးနောက် မင်းနှင့်မိဖုရားတို့သည် ပရိဝုဏ်အနီးမှာပင် နေထိုင်ကာ သံဃာတော်များအား အလှူကြီးပေးလျက်ရှိသည်မှာ နေ့ရက်ရှည်ကြာ ခဲ့လေပြီ။

ကာကဝဏ္ဏတိဿမင်းသည် မိဖုရားအား နေ့နေ့ညည ပြုစု ဂရုစိုက်လျက် အရိပ်တကြည့်ကြည့် ရှိနေခဲ့၏။ ယခုအခါ ဝိဟာရဒေဝီ မှာ နှုတ်ကြာငုံသန္ဓေရင့်ခဲ့ပြီဖြစ်လေသည်။

နံနက်ခင်း အလှူဒါနဝတ်ကို ပြုခဲ့ကြပြီးသည်၏ တစ်နေ့ဝယ်

မင်းကြီးသည် ထုံးစံအတိုင်း မိဖုရားအား မေးလေသည်။

"ဒီကနေ့ နေရထိုင်ရတာ ပေါ့ပါးရွှင်လန်းရဲ့လား ဝိဟာရဒေဝီ"

"ကိုယ်လက်မအီမသာ နည်းနည်းလေးမှ မရှိပါဘူး မောင်တော်ဘုရင်မင်းမြတ်၊ ဒါပေမဲ့ ဒီနေ့တော့ နှမတော် အထူးပြောစရာ တစ်ခုရှိနေပါတယ်"

"နှုတ်ငုံသန္ဓေနဲ့ ပတ်သက်နေသလား"

"ဟုတ်ပါတယ်၊ မောင်တော်၊ ကိုယ်ဝန်သည် မိန်းမတို့ထုံးစံအတိုင်း ချင်ခြင်းအာလျ ဖြစ်ရတဲ့ ကိစ္စပါ"

"နှမတော် ဘာကို ချင်ခြင်းတပ်သလဲ"

"ထူးခြားဆန်းကြယ်ပြီး ဆောင်ကြဉ်းဖို့ ခက်ခဲတဲ့ ချင်ခြင်းတွေ ဖြစ်နေပါတယ်၊ မောင်တော်"

"ပြည့်ရှင်မင်းတို့ရဲ့ တန်ခိုးအာဏာနဲ့ ဆောင်ကြဉ်းရမှာပေါ့ နှမတော်၊ ဘယ်လောက်တောင်များ ထူးခြားဆန်းကြယ်ပြီး ခက်ခဲနေလို့လဲ"

ဝိဟာရဒေဝီမိဖုရားသည် မင်းကြီးအား ယုံကြည်ကိုးစားသော မျက်လုံးများဖြင့် ကြည့်လိုက်လေသည်။

"သုံးခုသော ချင်ခြင်းအာလျဖြစ်ပါတယ် မောင်တော်ဘုရင်မင်းမြတ်၊ ပထမချင်ခြင်းက နွားလားလောက်ရှိတဲ့ ပျားအုံကို ဦးခေါင်းရင်းမှာထားပြီး လက်ဝဲနံပါးနဲ့လျောင်းကာ သံဃာတော်များကို ပျားဆွမ်းလှူပြီးနောက် အကြွင်းပျားဆွမ်းကို စားလိုပါတယ်"

"အင်း–ထူးခြားဆန်းကြယ် ခက်ခဲတဲ့ချင်ခြင်းပေပဲ၊ ဒုတိယက"

"ဒုတိယချင်ခြင်းက ဧဠာရ ကျေးမင်းရဲ့ သူရဲစစ်သည်ကြီး၏ ဦးခေါင်းကိုဖြတ်တဲ့ သန်လျက်ဆေးရေကို ဦးခေါင်းထက်ရပ်ပြီး သောက်သုံးလိုတဲ့ ချင်ခြင်းပါ"

"တတိယချင်ခြင်းကကော နှမတော်"

"အနုရာဓမြို့အနီး ကြီးစွာသောကန်ထဲက ကြာပန်းကို ဆင်မြန်း

လိုပါတယ်”

မင်းကြီးသည် မဆိုင်းမတွပင် ဝန်ခံစကားမိန့်လိုက်၏။

“ပြည့်စုံရစေမယ် နှမတော်၊ သို့သော် ထူးခြားလှတဲ့ ဒီချင်ခြင်းတွေရဲ့ အဓိပ္ပာယ်ကို မောင်တော်တို့ သိအောင်လုပ်ရဦးမယ်၊ နိမိတ်ဖတ်ပညာရှိတွေကို မေးရလိမ့်မယ်”

“နှမတော်လည်း ဒီချင်ခြင်းတွေရဲ့ အဓိပ္ပာယ်ကို သိချင်နေပါတယ်၊ မောင်တော်ဘုရင်မင်းမြတ်”

နိမိတ်ဖတ်ပညာရှိများက တညီတညွတ်တည်း ထွက်ဆိုကြ၏။

“မိဖုရားကြီးဝမ်းမှာ သန္ဓေယူတဲ့ ဒီသားတော်ဟာ မုချဧကန်ဘုန်းအာနုဘော်ကြီးမားသူ ဖြစ်ပါလိမ့်မယ်။ မိစ္ဆာဒိဋ္ဌိဖြစ်တဲ့ ဌေ္ဘာရကျေးမင်းတို့ကို ပယ်ဖျောက်ပြီး ဧကရာဇ်မင်းအဖြစ်ကို ယူပါလိမ့်မယ်။ သာသနာတော်ကို အတိုင်းထက်အလွန် ထွန်းလင်းတောက်ပစေသူလဲ ဖြစ်ပါလိမ့်မယ်”

ကာကဝဏ္ဏတိဿမင်းကြီးသည် နှစ်ထောင်းအားရခြင်းများစွာဖြင့် ဆိုလိုက်လေသည်။

“အေးဆေးစွာသာ စံနေတော့နှမတော်၊ ထူးခြားတဲ့ အဲဒီချင်ခြင်းတွေအားလုံး ပြည့်စုံစေရမယ်”

* * *

ရွှေနန်းတော်မှ ကြေညာချက်သည် ဇနပုဒ်အသီးသီးသို့ ပျံ့နှံ့သွားခဲ့၏။ နွားလားပမာဏမျှရှိသော ပျားအုံဆိုသော စကားကို ကြားရသောအခါ ပျားဖွပ်သမားတို့သည် ခေါင်းယမ်းညည်းတွား နေကြ၏။

“ဒီလောက်ကြီးမားတဲ့ ပျားအုံမျိုးကို မြင်ဖူးဖို့မပြောနဲ့ စိတ်ကူးထဲတောင် ယောင်လို့မှ မစဉ်းစားမိပါဘူး၊ မင်းကြီးအမိန့်ကလည်း ကြုံကြုံဖန်ဖန် အင်း–ဒါပေမဲ့ ပေးမယ့်ဆုလာဘ် စည်းစိမ်ကတော့ မက်မောစရာပဲ”ဟုသာ အချင်းချင်းပြောနေကြသည်။

သို့သော် နန်းတော်မှ ဤဖိတ်ခေါ်ကြွေးကြော်ချက်ကို စိတ်ဝင်

စားသူ တစ်ယောက်ရှိနေ၏။ ထိုသူကား အရှေ့ပြင်ဇနပုဒ်မှ အဘိုးအို တစ်ယောက်ဖြစ်သည်။ အဘိုးအိုသည် ယခင်က ဘာအလုပ်လုပ်ခဲ့၍ ဘာပညာ တတ်ခဲ့သည်ဆိုခြင်းကို မည်သူမျှ မသိကြရ။ အဘိုအိုး ကိုယ်တိုင်ကလည်း လျှို့ဝှက်သိပ်သည်းစွာ နေခဲ့သည်။

ထို့ထက်မူ အဘိုးအိုသည် ခြေဆွံ့နေပြီး မျက်စိကွယ်နေသူ လည်း ဖြစ်ပြန်ရာ ရွှေနန်းတော်မှ ဖိတ်ခေါ်ကြေညာချက်နှင့် ဤဒုက္ခိတ အဘိုးအိုကြီး ဆက်စပ်ပတ်သက်လာမည်ဟု မည်သူမျှမထင်ကြပေ။

အဘိုးအိုကမူကား ကြေညာချက်ကို ကြားသည်နှင့် သူ၏သား များကို ခေါ်လိုက်လေသည်။

"ဟိုးအရှေ့ဘက်တောင်တန်းက နွားလဘို့ သဏ္ဌာန်ခုံးခုံးကြီးရှိ နေတဲ့ တောင်ကြီးကို မင်းတို့သိတယ် မဟုတ်လား"

"သိတော့သိတာပေါ့ အဘ၊ ဘာဖြစ်လို့လဲ"

"အဲဒီတောင်ကြားကို မင်းတို့သွားကြစမ်း"

"သွားပြီး ဘာလုပ်ရမှာလဲ အဘရဲ့"

"ငါငယ်ငယ်က ရောက်ဖူးတယ်၊ အဲဒီတုန်းက ငါ ဒုက္ခိတ မဟုတ်သေးဘူး၊ မျက်လုံးတွေကလည်း အကောင်းပကတိ၊ အဲဒီတောင် ကြားမှာ မုဒရက်ပင်ကြီးတစ်ပင် ရှိတယ်။ အဲဒီမုဒရက်ပင်ကြီး အပွင့် တွေ ပွင့်ပြီလားဆိုတာ သွားကြည့်ကြစမ်း"

"မုဒရက်ပင်ကြီး အပွင့်ပွင့်တော့ဘာဖြစ်သလဲ အဘ"

"ပွင့်ပြီလားဆိုတာပဲ သွားကြည့်ကြစမ်း"

အဘိုးအို၏ သားတို့သည် တောင်ကြားသို့ သွားကြည့်ပြီး ပြန်လာကြ၏။

"မုဒရက်ပင်ကြီး တွေ့ခဲ့တယ်၊ အပွင့်တွေလည်း ပွင့်နေတယ် အဘ"

"ဟန်ကျပြီ၊ အဲဒီအပင်ကြီးရဲ့ အမြင့်ဆုံးသစ်ခွဆုံ ကြားမှာ ငြမ်းဖွဲ့ပြီး ငါ့ကို အဲဒီငြမ်းပေါ် တင်ပေးကြစမ်း"

"ဟာ အဘကလည်း မမြင်မစမ်းနဲ့ လိမ့်ပြုကျနေမှဖြင့်"

"ငါခိုင်းတဲ့အတိုင်းသာ လုပ်စမ်းပါ၊ အခုပဲ ငါ့ကိုလိုက်ပို့"

"မုဒရက်ပင်ခွကြားမှာ ငြမ်းဆင်ပြီး ငါ့ကို ငြမ်းပေါ်တင်ပေး"

"ပြီးတော့ကော အဘ"

"ငါ့ကိုတင်ပေးပြီးတာနဲ့ မင်းတို့ပြန်ကြ"

"ဟင် အဘက နေရစ်ခဲ့မယ် ဟုတ်လား"

"ငါပြောတဲ့အတိုင်း လုပ်ကြစမ်း၊ ဘာကြောင့် ဘယ်လိုဆိုတာတွေကို ရှင်းပြနေဖို့ အချိန်မရဘူး၊ နောက်တော့ မင်းတို့သိလိမ့်မယ်"

ဒုက္ခိတမျက်မမြင် အဘိုးကြီးကို သားများက ထမ်း၍ အရှေ့ဘက်တောင်ကြားသို့ ခေါ်သွားကြသည်။ ထို့နောက် မုဒရက်ပင်ကြီးခွဆုံတွင် ငြမ်းထိုးကာ ငြမ်းပေါ်သို့ အဘိုးအိုအား တင်ပေးပြီး ပြန်လာခဲ့ကြလေသည်။

* * *

စင်စစ်ကား၊ အဘိုးအိုသည် ပျားပိတုန်းတို့၏ တောင်ပံခတ်သံနှင့်တကွ ထိုသတ္တဝါတို့၏ ဘာသာစကားကိုသိသော ပညာရပ်ရှိသူ ဖြစ်ချေသည်။ အဘိုးအိုသည် မိမိ၏ဒုက္ခိတ မျက်မမြင်ဘဝကို အနှောင့်အယှက်ဖြစ်မည်စိုးသဖြင့် ထိုပညာရပ်ကို မိမိတတ်မြောက်ကြောင်း မည်သူ့ကိုမျှ မသိစေဘဲ လျှို့ဝှက်စွာ နေလာခဲ့ခြင်းဖြစ်လေသည်။

မုဒရက်ပင်ကြီးကား အစွမ်းကုန်ပွင့်လျက် ဖွေးဖွေး လှုပ်နေတော့သည်။ အဘိုးအိုသည် တစ်ညဥ့်လုံးလုံး ငြမ်းပေါ်တွင် တိတ်ဆိတ်စွာနေခဲ့ပြီးနောက် အရုဏ်တက်အချိန်၌ မိမိ၏ထက်မြက်သော အကြားအာရုံကို နိုးကြားစေလျက် အခြေအနေကို စောင့်နေလိုက်၏။

တောတောင်အနှံ့မှ ပျားတို့သည် မုဒရက်ပင်ကြီးဆီသို့ ပျံသန်းလာခဲ့ကြပေပြီ၊ မုဒရက်ပွင့်တို့၏ ဝတ်ရည်ကို စားသုံးရန် အသိန်းအသန်းသော ပျားတို့ ရောက်ရှိလာကြပေပြီ။ အဘိုးအိုသည် ပျားတို့၏ မြူးတူးသံ၊ ခေါ်ငင်သံများကို တောင်ပံခတ်သံများမှတစ်ဆင့် အတိုင်း

သားကြားနေရလေသည်။

ထိုအချိန်မှာပင် ပျားနှစ်ကောင်၏ ထူးခြားသော တောင်ပံခတ် သံမှတစ်ဆင့် ပြောဆိုကြသော စကားအဓိပ္ပာယ်တို့ကို အဘိုးအိုကြား လိုက်ရ၏။

"ဟေ့ ဟေ့ ငါ့ခေါင်းပေါ်ကို မင့်ခြေထောက်က ဝတ်မှုန်မှုန့် တွေ ကျကုန်ပြီ၊ အံမာ...ပျားငယ်လေးပါလား၊ မင်းက ငါ့အထက်က လည်း ပျံသေးတယ်၊ ငါ့ခေါင်းပေါ်လည်း အမှုန်အမွှားတွေ ချသေးတယ်။ ဟေ့ ငါဟာပျားကြီးကွ မလေးမစားနဲ့"

"ပျားကြီးလား၊ မတော်လို့ပါ၊ ခင်ဗျားကလည်း အောက်မှာ ပန်းဝတ်ရည်စုပ်နေတာကိုး၊ ကျုပ်က ကျုပ်လမ်းကျုပ်သွားနေတာပါ၊ ပျံရင်းသန်းရင်းနဲ့ အထက်ကသွားမိတာတော့ မတတ်နိုင်ဘူး၊ ဟင်း ဟင်း ခင်ဗျားကိုယ်ခန္ဓာကြီးကလည်း ကြီးမားကျယ်ပြန့်လွန်းပေသကိုး ပျားကြီးရဲ့"

"ဟေ့ ကြီးသူကို မလေးမစားလဲ လုပ်သေတယ်။ တောင်းပန် စကားလည်း မပြောဘူး၊ ရိုင်းစိုင်းမောက်မာလှချည်လား"

ပျားကဖြင့် အကောင်သေးသေးနဲ့၊ ပြောပုံက မာရေကြောရေ"

"အကောင်းသေးနေတဲ့ အဲဒီပျားငယ် ကျုပ်ရဲ့ ဂုဏ်ကိုခင်ဗျား သိမှမသိဘဲကိုး"

"အံမာ မင်းကများ မင့်မှာဘာဂုဏ်များလို့လဲ"

"ဒီမှာ အတ္တဘောကြီးရဲ့၊ အကောင်ငယ်ပေမယ့် ပျားဆင်းရဲ၊ ပျားငမွဲများ ထင်နေသလား၊ ဟောဟိုတောင်ကြား ဝါးရုံကြီးရဲ့အလယ် မှာ အဆစ်မရှိတဲ့ ဝါးလုံးကြီးရှိတာရယ်၊ အဲဒီ ဝါးလုံး အခေါင်းထဲမှာ အရင်းကနေ အဖျားအထိပျားလဘို့တွေနဲ့ ပြည့်နေတာရယ်၊ အဲဒီဘဏ္ဍာ တိုက်ကြီးကို ကျုပ်တစ်ကောင်တည်း သိထားတာ၊ ဒါကျုပ်ရဲ့ ဂုဏ်ပေါ့ ဗျ၊ ပျားငယ်ပေမယ့် ဥစ္စာစည်းစိမ်ရှင်ဗျ နားလည်လား"

"ဟား ဟား စကားလုံးထွားပေ့ကွာ၊ ဝါးလုံးခေါင်းထဲက

ပျားလဘို့နဲ့များ စည်းစိမ်ရှင်တဲ့၊ ဟော့အကောင်ငယ်လေးရဲ့၊ ဂေါဠသမုဒ္ဒ ရာကမ်းက ဆူးရင်ခြုံအောက်မှာ မှောက်ထားတဲ့လှေရဲ့ ဝမ်းခေါင်းထဲက ပျားလဘို့ဆိုရင် ဘာပြောမလဲ၊ ဟား ဟား အဲဒီလောက်ကြီးမားတဲ့ ဥစ္စာမျိုးကို မင်းကြားတောင်ကြားဖူးရဲ့လား'

"အို...ခင်ဗျားကလည်း ခင်ဗျားပိုင်စည်းစိမ်နဲ့၊ ကျုပ်လည်း ကျုပ်စည်းစိမ်နဲ့ပဲ၊ သွားမယ်ဗျာ အချိန်ကုန်တယ်၊ ပျားဘုရင်မဆီ အခစားဝင်ရဦးမှာ" ပျားကြီးသည် အတောင်ပံကို တဒီးဒီးခတ်ကာ ကျန်ရစ်ခဲ့၏။ ငြမ်းပေါ်မှ အဘိုးအိုသည် အားပါးတရ ပြုံးလိုက်လေ သည်။

မျက်မမြင်အဘိုးအို၏ စီမံညွှန်ကြားမှုဖြင့် ရှေးဦးစွာ ပျားငယ် ၏ စကားထဲမှ တောင်ကြားဝါးရုံအတွင်းရှိ ဝါးလုံးကြီးကို ယူဆောင် လာခဲ့ကြသည်။ ဝါးလုံးကြီးထဲမှ ပျားလဘို့များ ပျားရည်များကို ခွဲဝေ စားလိုက်ကြသည်။ ထို့နောက် ပျားကြီးပြောစကားအတိုင်း ဂေါဠသမုဒ္ဒာရာ ကမ်းနဘေး တစ်နေရာမှ ဆူးရစ်ခြုံအောက်ရှိ မှောက်ထားသော လှေကြီး ကိုလည်း ရှာဖွေခဲ့ကြသည်။ လှေကြီးနှင့်အပြည့် ပျားလဘို့များကိုလည်း ရရှိလိုက်ကြလေသည်။

မိဖုရားကြီး၏ ချင်ခြင်းတစ်ရပ်ကား ပြည့်ဝခဲ့ပေပြီ။ ကာက ဝဏ္ဏတိဿမင်းကြီးသည် ဝမ်းမြောက်အားရစွာဖြင့် မဏ္ဍပ်ကြီးတစ် ဆောင် ဆောက်စေကာ ဇနပုဒ်သားများနှင့်တကွ၊ မျက်မမြင်ဒုက္ခိတအဘိုးအို အား ဆုလာဘ်ကြီးစွာ ချီးမြှင့်လိုက်၏။

ပျားနှင့်တကွသော လှေကြီးကိုလည်း ဦးခေါင်းရင်း၌စိုက်လျက် အဘိုးအို၏ အဘိုးတန်ကမ္ဗလာများခင်းစေကာ ဝိဟာရဒေဝီမိဖုရားကို နေရာယူစေ၏။ ဦးစွာ သံဃာတော်များအား ပျားဆွမ်းကို လှူဒါန်းပြီး မှ မိဖုရားကြီးအား အလိုရှိတိုင်း စားသုံးစေသည်။

ပထမချင်ခြင်း အထမြောက်ခဲ့ပြီးနောက် ဒုတိယချင်ခြင်းကို ဆက်လက်လုပ်ဆောင်စေပြန်၏။ မိဖုရားကြီး၏ ဒုတိယချင်ခြင်းကား

ဌြောရကျေးမင်း၏ သူရဲကြီးဦးခေါင်းကို ဖြတ်သောသန်လျက် ဆေးရေကို ဦးခေါင်းထက်ရပ်၍ သောက်လိုသည့် ဆန္ဒ။

ဤအရာကား လက်ရုံးအစွမ်း၏ အခန်းကဏ္ဍပါဝင်လာလေပြီ၊ စစ်သည်သူရဲကောင်းတို့၏ အမှုဖြစ်ခဲ့ပေပြီ။

ကာကဝဏ္ဏတိဿမင်းသည် သူရဲကောင်းများအနက်မှ ဝေဠုသုမနအမည်ရှိသော သူရဲကောင်းကို ရွေးချယ်ပြီး၊ ကျေးမင်းတို့နေရာ အနုရာဓမြို့သို့ စေလွှတ်လိုက်လေသည်။

* * *

ဌြောရကျေးမင်း၏ မင်္ဂလာမြင်းကို ထိန်းကျောင်းရသော မြင်းထိန်းသည် သဘောသကာယကောင်းမွန်သူ တစ်ယောက်ဖြစ်ကြောင်း စစ်သူရဲကြီး ဝေဠုသုမနစုံစမ်း သိရှိထားသည်။ မင်္ဂလာမြင်းထိန်းဆိုစေကာမူ ဤသူသည် နန်းတော်ထဲအထိ ပေါက်ရောက်သူလည်း ဖြစ်၏။ သဘောသကာယ ကောင်းသူပီပီ၊ တစ်ပါးသူအပေါ်၌လည်း ယုံလွယ်တတ်သူဖြစ်၏။ ဝေဠုသုမနစစ်သူကြီးသည် မိမိ၏အကြံအောင်မြင်ရေးအတွက် မြင်းထိန်းကြီးကို အသုံးချရန် ရွေးချယ်လိုက်လေသည်။

လက်ရုံးစွမ်းသာမက နှလုံးရည်အားဖြင့်လည်း လိမ္မာပါးနပ်သော ဝေဠုသုမနသည် ရပ်ဝေးဧည့်သည်ဟန်ဆောင်လျက် မင်္ဂလာမြင်းထိန်းနှင့် ကျွမ်းဝင်ရင်းနှီးအောင် လုပ်နိုင်ခဲ့၏။ သဘောကောင်းပြီး ယုံလွယ်တတ်သော မြင်းထိန်းကြီးသည် သွက်လက်ချက်ချာ၍ အပြောကောင်းသော ဝေဠုသုမနအား လှိုက်လှဲစွာပင် လက်ခံပြုစုခဲ့သည်။

ခုနစ်ရက်ရှစ်ရက်ခန့်အကြာမှာပင် ဝေဠုသုမနသည် မြင်းထိန်းထံမှတစ်ဆင့် ဌြောရကျေးမင်းစီးသော သိန္ဓောမြင်းကို အတင်းဖမ်းယူစီးနင်းနိုင်ခဲ့တော့သည်။

ဝေဠုသုမနသည် အနုရာဓမြို့အနီး ကြာကန်အတွင်းမှ ကြာပန်းကို ချိုးယူကာ သန်လျက်ကိုစွဲလျက် သိန္ဓောမြင်း၏ ကျောကုန်းပေါ်မှနေ၍ ဟစ်ကြွေးလိုက်၏။

“ငါဟာ ကာကဝဏ္ဏတိဿမင်းကြီးရဲ့ သူရဲကောင်းဝေဠုသုမန၊ ရဲတဲ့သူလိုက်ခဲ့ကြစမ်း”

ဤသို့ ဟစ်ကြွေးလျက် ကဒမ္ဗမြစ်ကမ်းရိုးအတိုင်း ကဆုန်စိုင်း သွားလေသည်။

အနုရာဓမြို့တစ်ခုလုံး အုံးအုံးကျွက်ကျွက် ဖြစ်သွား၏။ မင်္ဂလာ ကြာကန်အတွင်းမှ ကြာပန်းကို ချိုးယူကာ ဘုရင့်စီးတော်မြင်းကို စိုင်း နှင်သွားပြီး၊ သန်လျက်ကိုဝင့်လျက် စိန်ခေါ်သွားသော ဝေဠုသုမနနောက် သို့ လိုက်ရန် ပြင်ဆင်ကြတော့၏။

သို့သော် ဧဠာရကျေးမင်းက ရန်သူနောက်သို့ လိုက်လံဖမ်း ဆီးရန်အတွက် စစ်သည်ဗိုလ်ပါအင်အားကို မသုံးဘဲ နန္ဒသာရထိ အမည်ရှိ စစ်သူရဲကြီးတစ်ယောက်ကိုသာ တာဝန်ပေးလိုက်၏။ စီးချင်း ထိုးပွဲအားဖြင့်သာလျှင် ရန်သူကိုလက်ရဖမ်းဆီးရန် ရှင်းလင်းသုတ်သင် ရန် အမိန့်တော်မှတ်လိုက်လေသည်။

ကဒမ္ဗမြစ်ကမ်းသောင်ပြင်ဝယ် စစ်သူရဲကြီးနှစ်ဦးတို့ တိုက်ခိုက် ကြတော့မည်။ နန္ဒသာရထိသည် သီရိဂုတ္တအမည်ရှိ မြင်းကိုစီးကာ ဝေဠုသုမနနောက်သို့ အမီလိုက်ခဲ့၏။ ဝေဠုသုမနသည် ဤနေရာတွင် ရင်ဆိုင်စီးချင်းထိုးပွဲကို ရှောင်ကြဉ်လိုက်၏။ ဥပါယ်သေနင်္ကိုသာ အသုံး ပြုရန် ဆုံးဖြတ်လိုက်၏။ ဤပွဲတွင် တစ်ဖက်စစ်သူရဲကြီး၏ ဦးခေါင်း ကို ရယူနိုင်ရေးသည်သာ အဓိကဖြစ်သည်။ ပရိယာယ်ဖြင့်သာလျှင် အနိုင်အရှုံးကို ဆုံးဖြတ်ရတော့မည်ဖြစ်သည်။

နောက်ဘက်အဝေးဆီမှ နန္ဒသာရထိ စစ်သူရဲကြီးမြင်းနှင့် လိုက်လာသည်ကို သိလျှင်ပင်၊ ဝေဠုသုမနသည် မြစ်ကမ်းရိုးအနီးရှိ ခရာခြုံကြီးတစ်ခြုံထဲသို့ ဝင်ရောက် ပုန်းအောင်းနေလိုက်သည်။

နန္ဒသာရထိ ခြုံပုတ်အနီး ရောက်လာသော အခါမှ ပုန်း အောင်းနေရာမှ ခုန်ထွက်ကာ၊ မြင်းချင်းအတင်းယှဉ်၍ ဝင်ပူးလိုက်၏။ ဝေဠုသုမနလက်ထဲမှ သန်လျက်သည် လျှပ်ပြက်သလို လှုပ်ရှားသွား

လေသည်။ ဋ္ဌောရကျေးမင်း၏ စစ်သူကြီးသည် ရင်ဆိုင်စီးချင်းထိုးပွဲကို မဆင်နွှဲလိုက်ရတော့ချေ။

ဝေဠုသုမနသည် ညဥ့်ချမ်းအချိန်မှာပင် နန်းတော်သို့ ပြန်ရောက်လာခဲ့၏။ သူနှင့်အတူ ပါလာသည်များမှာ အနုရာဓမြို့အနီး မင်္ဂလာရေကန်မှ ကြာပန်း၊ ဋ္ဌောရကျေးမင်း၏ သိန္ဓောမြင်း၊ နန္ဒသာရထိစစ်သူကြီး၏ လည်ချောင်းသွေးတို့ဖြင့် ပေကျံစွတ်စိုဆဲ သန်လျက်နှင့် နန္ဒသာရထိ စစ်သူရဲကြီး၏ ဦးခေါင်းတို့ပင် ဖြစ်လေသည်။

ဝိဟာရဒေဝီမိဖုရားကြီး၏ ချင်ခြင်းအာသာများ အားလုံးပြည့်စုံခဲ့ပေပြီ။

ဤသို့ဖြင့် နေ့ရက်တဖြည်းဖြည်း ရင့်မာလာပြီ၊ ဆယ်လစေ့သောအခါ မိဖုရားကြီးသည် သားတော်တစ်ပါး မီးရှူးသန့်စင် ဖွားမြင်ခဲ့လေသည်။ သားတော်လေးဖွားမြင်သောနေ့မှာပင် ရတနာသင်္ဘောခုနစ်စင်းတို့သည် မဟာဂါမမြို့ ဆိပ်ကမ်းသို့ ဆိုက်ရောက်လာကြ၏။ ကာကဝဏ္ဏတိဿမင်းကြီးသည် ထိုရတနာတို့၏ အဿမိက သသာမိက ပိုင်ရှင်မဲ့ခြင်း၊ ပိုင်ရှင်ရှိခြင်းအဖြစ်ကို ခွဲခြားစိစစ်ကာ အပြစ်ကင်းသော ရတနာတို့ကို နန်းတော်သို့ယူဆောင် စုပုံစေခဲ့၏။

ထိုအပြင်လည်း မဟာဂါမအနီး စီးဆင်းသွားသော ဂင်္ဂါမြစ်အနီး ခြုံကြီးတစ်ခုအတွင်း၌ ဆဒ္ဒန်ဆင်မျိုးမှ ပေါက်ဖွားသော ဆင်ငယ်တစ်စီးရောက်ရှိလာ၏။ ဆင်ငယ်ကို စတင်တွေ့ရှိသော တံငါသည်၏ အမည်ကို အစွဲပြုလျက် ကဏ္ဍုလဆင်တော်ဟု အမည်နာမသမုတ်စေ၏။ ထူးခြားသော ချင်ခြင်းအာသာတို့ကို တောင့်တပြည့်စုံစေကာ ဖွားမြင်လာသော သားတော်လေး၏ ဘုန်းအာနုဘော်ကို အထင်အရှား တွေ့ကြရပြီ ဖြစ်လေသည်။

ကာကဝဏ္ဏတိဿမင်းကြီးအား ဝမ်းမြောက်မဆုံးရှိနေတော့၏။ သားတော်ကို အမည်မှည့်ရန် အတွက် တန်ဆောင်းမဏ္ဍပ်ကြီးတစ်ခုကို ဆောက်လုပ်ကာ တစ်သောင်းနှစ်ထောင်မျှလောက်သော သံဃာတို့ကို

ပင့်ဖိတ်၍ မင်းကြီးသည် ထူးခြားသောအဓိဋ္ဌာန်ကို ပြုလေသည်။

"ငါ၏ သားတော်သည် သီဟိုဠ်ကျွန်းလုံးကို အုပ်ချုပ်မင်းပြု လျက် မြတ်စွာဘုရား၏ သာသနာတော်ကို ချီးမြှောက်နိုင်မည့် မင်း ကောင်းမင်းမြတ်တစ်ပါးဖြစ်မည်ဆိုပါက ဤတိုက်ခန်းမဏ္ဍပ်သို့ ရဟန်း တော်တစ်ထောင့်ရှစ်ပါးတို့သည် ကြွမြန်းဝင်ရောက်တော်မူကြပါစေသ တည်း။ ထိုရဟန်းတော်တို့သည်လည်း သင်္ကန်းကို ရုံလျက်သာ ကြွတော်မူလာကြပါစေသတည်း။ကြွတော်မူလာကြသောအခါ ဤတံခါး ခုံထက်၌ လက်ယာခြေကို ရှေးဦးစွာချကြပါစေသတည်း။ တစ်ခုသော ထီးနှင့်ယှဉ်သော ဓမ္မကရိဏ်ထုတ်ဆောင်ပါစေသတည်း။ ထို့နောက်မှ ဂေါတမအမည်ရှိသော မထေရ်မြတ်သည်သာလျှင် ငါထားလင့်သော သားငယ်ကို ထိကိုင်ပါစေသတည်း။ ထိုအရှင်သည်သာလျှင် သရဏဂုံ သီလကို ပေးပါစေသတည်း"

ရဟန်းသံဃာတော်တို့ ကြွတော်မူလာကြ၏။

အလုံးစုံပင် မင်းကြီး၏ အဓိဋ္ဌာန်အတိုင်း ဖြစ်ပေါ်ခဲ့၏။ ရဟန်းတော်အားလုံး သင်္ကန်းကို ရုံလျက်ကြွလာကြသည်။ ထို့နောက် တံခါးခုံထက်တွင် လက်ယာခြေကို ဦးစွာတော်မူကြသည်။ ထီးနှင့်ယှဉ် သော ဓမ္မကရိဏ်ကို ထုတ်ဆောင်တော်မူ၏။ ထို့နောက် ဂေါတမအမည် ရှိသော မထေရ်မြတ်သည် သားတော်ကိုထိကိုင်ကာ သရဏဂုံသီလကို ပေးတော်မူ၏။

ကာကဝဏ္ဏတိဿမင်းကြီး၏ နှလုံးအိမ်သည် ပီတိသောမနဿ တို့ဖြင့် ထုံမွှမ်းသွားတော့၏။

ဤသို့ဖြင့် ဃနာဆွမ်းဖြင့် ပူဇော်လုပ်ကျွေးပြီးသောအခါ သား တော်၏အမည်ကို ရွေးခြယ်ကြလေသော်–

မဟာဂါမ၌ မင်းကြီးဖြစ်ခြင်းကို အစွဲပြု၍လည်းကောင်း၊ ခ မည်းတော်၏ ရာဇဝံသအမည်နာမကို အစွဲပြု၍ လည်းကောင်း၊ "ဂါမ ဏိအဘယ" ဟူသောအမည်ဖြင့် မှည့်ခေါ်လိုက်ကြလေသည်။

နာမကရဏအမည်ပေး မင်္ဂလာသဘင်ပြီးသည့်နောက် ကိုးရက်

မြောက်သောနေ့ဝယ် မင်းကြီးသည် ဝိဟာရဒေဝီ မိဖုရား၌ ဒုတိယပဋိသန္ဓေကို ဆောင်လွယ်ရကြောင်း သိရှိရပြန်၏။

ဒုတိယကိုယ်ဝန်အားဖြင့်ကား မိဖုရားသည် စကာပင်ကြီးတစ်ပင်၏ အရင်း၌ သန့်ရှင်းသော အိပ်ရာထက်တွင် အိပ်ကာ ထက်ဝန်းကျင် ကြွေသော စကားပန်းတို့ကို နမ်းကြူလိုသောချင်ခြင်းအာသာဖြစ်လာခဲ့၏။

ဤချင်ခြင်းကို ပြည့်စုံစေလျက် ဆယ်လစေ့သောအခါ ဒုတိယသားတော်ကို ဖွားမြင်သောအခါ 'တိဿ'ဟူသောအမည်ကို မှည့်ခေါ်ကြလေသည်။

ဂါမဏိအဘယနှင့် တိဿမင်းသားတို့ ငါးနှစ်အရွယ်သို့ ရောက်ကြသောအခါ ထမင်းခွံ့ခြင်းမင်္ဂလာကို ဆင်ယင်ကြသည်။ ဤမင်္ဂလာသဘင်တွင် သားတော်နှစ်ပါးအား မင်းကြီးသတ်မှတ်ပြောကြားသော စကားမှာ ကြက်သီးမွေးညှင်းထဖွယ်ပင်။

ထမင်းခွံ့မင်္ဂလာတွင် သံဃာတော်ငါးရာတို့အား ပင့်ဖိတ်လျက် ဃနာဆွမ်းဖြင့် လှူဒါန်းလုပ်ကျွေးပြီးနောက် သံဃာတော်တို့မှ ကြွင်းသော ဃနာထမင်းကို ရွှေခွက်ဖြင့်ထည့်၍ မိဖုရားအား စားစေ၏။ သားတော်နှစ်ပါးကိုလည်း ကျွေးမွေး၏။

ရွှေခွက်ကို ကိုင်စေ၍ မင်းကြီးသည်သားနှစ်ပါးတို့ကို စေ့စေ့ကြည့်လျက် စကားဆိုလေသည်။

"သားတော်ဂါမဏိအဘယနဲ့ သားတော်တိဿ ယခု သင်တို့ရွှေခွက်ထဲက ဃနာထမင်းကို စားကြတော့မှာ ဖြစ်တယ်။ အကယ်၍ သင်တို့ညီနောင်ဟာ မြတ်စွာဘုရားရဲ့ သာသနာတော်ကို မချီးမမြှောက် မထောက်မပံ့ဘဲ မေ့လျော့ချွတ်ယွင်း စွန့်ပစ်ကြကုန်သည်ဖြစ်အံ့၊ ယခု စားသော ဃနာထမင်းဟာ သင်တို့ ဝမ်းမှာ အစာမကျေဘဲ လောင်မြိုက်ကိုက်ခဲပါစေသား"

ဂါမဏိအဘယမင်းသားငယ်သည် ညီတော်တိဿမင်းသားငယ်

အား ပြုံးရွှင်စွာကွက်ကြည့်လိုက်ပြီး ညီတော်နောင်တော်နှစ်ပါးတို့ ဃနာ ထမင်းကို အမြိုက်သုဓာအလား မြိန်ယှက်စွာ စားသောက်ကြလေသည်။

ဂါမဏိမင်းသား တစ်ဆယ့်နှစ်နှစ်အရွယ်၊ တိဿမင်းသား ဆယ်နှစ်အရွယ်သို့ ရောက်လာကြ၏။ သားနှစ်ပါး၏ အာနုဘော်ကို အစဉ်တစိုက်အရိပ်တကြည့်ကြည့်ရှိခဲ့သော ကာကဝဏ္ဏတိဿ မင်းကြီး သည် အလိုစမ်းသပ်သော အစီအမံတစ်ခုကို ပြုပြင်၏။

သံဃာတော်ငါးရာတို့အား ပင့်ဖိတ်လျက် ဆွမ်းလုပ်ကျွေးပြီး နောက် ကြွင်းသောထမင်းကို ရွှေခွက်သုံးခုဖြင့် သုံးစုသုံးပုံခွဲခြားထားစေ လိုက်၏။ ထို့နောက် သားတော်တို့ကို ဆင့်ခေါ်လိုက်သည်။

မင်းကြီးသည် ပထမရွှေခွက်ကို ကိုင်ပြလျက် သားတော်တို့ သင်တို့ရဲ့ ဘိုးဘေးစဉ်လာမပျက်ကိုးကွယ်အပ်သော အမျိုးတို့၏ နတ်ဖြစ် ကုန်သော ရဟန်းသံဃာတို့၏ မျက်ကွယ်သည် ဘယ်သောအခါမှ မဖြစ်ပါစေနဲ့၊ ကိုးကွယ်ဆည်းကပ်အပ်သော ပုဂ္ဂိုလ်မြတ်များရဲ့ မျက် မှောက်မှာပဲ အစဉ်တစိုက်ရှင်သန်ကြီးပြင်းကြ။ အကယ်၍ မျက်ကွယ် ဟူသော အသိအမှတ်နဲ့ မသင့်မလျော် ကြံစီပြုမူ လုပ်ကိုင်ကြမည်ဆို လျှင် ယခုစားသော ထမင်းဟာ အစာမကျေဖြစ်စေသတည်းလို့ အဓိ ဋ္ဌာန်ပြု၍ စားကြရမယ်” ညီနောင်နှစ်ပါးတို့သည် ဆုတ်ဆိုင်းခြင်းကင်း စွာ တက်ကြွစွာ သစ္စာပြုလျက် ထမင်းလုပ်ကို ဆုပ်ယူစားလိုက်ကြလေ သည်။

မင်းကြီးလည်း ဒုတိယရွှေခွက်ကို ညွှန်ပြ၍ ငါတို့ညီနောင်နှစ် ပါးတို့သည် အချင်းချင်းယုံမှားကင်းလျက် အသက်တည်သမျှ သင့်တင့် စည်းလုံးညီညွတ်ကြကုန်သည်သာ ဖြစ်ပါအံ့၊ အကယ်၍ မသင့်မမြတ် ပြုမူနှောင့်ယှက် အကောက်ကြံမျက်လိုသူအား ဤထမင်းသည် အစာ မကျေဖြစ်ပါစေသတည်း လို့ အဓိဋ္ဌာန်ပြုစားကြရမယ်”

မင်းသားညီနောင်တို့ အားရဝမ်းသာသစ္စာဆို၍ စားကြပြန်၏။

တတိယရွှေခွက်ကို မင်းကြီးညွှန်ပြလိုက်၏။ မင်းကြီး၏ မျက် နှာမှာ ပို၍လေးနက်တည်ကြည်နေသည်။

"သားတော်တို့ တတိယရွှေခွက်ထဲက တတိယထမင်းကိုတော့ ငါတို့ဟာ ကျေးမင်းများနဲ့ စစ်မပြုကြပါကုန်အံ့၊ စစ်ထိုးခဲ့သော် ဤထမင်းသည် အစာမကြေဖြစ်ပါစေသတည်းလို့ အဓိဋ္ဌာန်ပြုပြီး စားကြရမယ်"

မင်းသားညီနောင်တို့ မည်သို့တုန့်ပြန်ကြမည်နည်းဟု အားလုံးက စိတ်ဝင်တစား ကြည့်နေကြသည်။ တစ်ချိန်လုံး ပြုံးရွှင်ကြည်နူးစွာ ရှိနေခဲ့သော ညီနောင်နှစ်ပါးတို့၏ မျက်နှာများမှာ မှုန်မှိုင်းညှို့ဆိုင်းသွားကြ၏။ အရွယ်နှင့်မမျှအောင် တည်ကြည့်သွားကြ၏။

ဦးစွာစတင်လှုပ်ရှားသူမှာ ညီတော်တိဿမင်းသားဖြစ်သည်။ တိဿမင်းသားသည် ခမည်းတော်၏ လက်ထဲမှ ထမင်းများကိုနှိုက်ယူ၍ ပစ်လိုက်၏။ အနီးတွင် ရှိနေသော မှူးမတ်များမှာ မမျှော်လင့်သော အပြုအမူကြောင့် တအံ့တသြ ဖြစ်သွားကြသည်။ ကာကဝဏ္ဏတိဿမင်းကြီး၏ မျက်နှာကို လှမ်းကြည့်လိုက်ကြသောအခါ မင်းကြီး၏ မျက်နှာမှာလည်း ပကတိ မတုန်မလှုပ်။

ညီတော် တိဿမင်းသား အလှည့်ပြီးသောအခါ နောင်တော် ဂါမဏိအဘယမင်းသား အလှည့်ရောက်လာသည်။ ဂါမဏိသည် ခမည်းတော်လက်ထဲရှိ ရွှေခွက်တွင်းမှ ထမင်းများကို တင်းမာသော မျက်နှာထားဖြင့် စေ့စေ့ကြည့်နေ၏။ တတိယရွှေခွက်နှင့် တတိယအဓိဋ္ဌာန်။ ခမည်းတော်မင်းကြီးတိုင်တည် လမ်းခင်းပေးထားသော အဓိဋ္ဌာန်ချက်မှာ ကျေးမင်းများနှင့် စစ်မပြု စစ်မထိုးဘဲ နေကြပါကုန်အံ့၊ အကယ်၍ စစ်ပြု စစ်ထိုးခဲ့သည်ရှိသော် ဤထမင်းသည် အစာမကြေဖြစ်ပါစေသတည်း ဟူ၍။

ဂါမဏိမင်းသားသည် ရွှေခွက်ထဲသို့ လက်နှိုက်လိုက်၏။ ထမင်းစေ့များကို ဆုပ်ယူလိုက်၏။ ထို့နောက် လက်ကိုလွှဲယမ်းကာ ဆုပ်ထားသော လက်ချောင်းများကို ဖွင့်ဖြည်လျက် ထမင်းစေ့များကို ပက်ကြဲပစ်လိုက်၏။ ထို့နောက် အံ့သြတကြီးငေးကြည့်နေကြသော မှူးမတ်များ၏ မျက်နှာများရှေ့မှဖြတ်ကာ ခမည်းတော်မင်းကြီးအား လက်

အုပ်ချီရှိခိုးလိုက်ပြီးနောက် နန်းတော်တွင်းမှ ထွက်သွားလေသည်။

ဂါမဏိ ပက်ကြဲပစ်လိုက်သော ထမင်းစေ့များသည် နန်းကြမ်းပြင်တွင် ဖွေးဖွေးလှုပ်ကျန်ရစ်ခဲ့၏။ ပဌမအခိဋ္ဌာန်၊ ဒုတိယအခိဋ္ဌာန်များတွင် ညီနောင်နှစ်ပါးတို့သည် ခမည်းတော်တိုင်တည်ပေးသည့်အတိုင်း လိုက်ပါရွတ်ဆို အခိဋ္ဌာန်ခဲ့ကြကာ ထမင်းများကို ကြည်သာအားရ စားခဲ့ကြပါလျက် ယခုတတိယရွေခွက်နှင့် တတိယအခိဋ္ဌာန်ရောက်သောအခါမှပင် မထင်မှတ်သည်ကို ပြုမူသွားကြခြင်း ဖြစ်သည်။ ဂါမဏိမင်းသား၏ အပြုအမူက ပို၍ တင်းမာပြတ်သားသည်။ ထမင်းစေ့တွေကို ဆုပ်ယူပက်ကြဲပစ်သည်။ ထို့နောက် ခမည်းတော်ကို ရှိခိုးသည်။ ထို့နောက် နန်းတော်ထဲမှ ထွက်ခွာသွားသည်။ အစအဆုံးပင် မင်းသားငယ်၏ အသွင်မှာ တင်းမာလေးနက်လွန်းလှသည်။

ကာကဝဏ္ဏတိဿမင်းကြီး ကြီးစွာ အမျက်တော်ရှလေပြီဟု မှူးမတ်များက တွေးကာ အလိုလိုအနေရခက်သွားကြသည်။ သို့သော် ထူးခြားသည်ကား မင်းကြီး၏ မျက်နှာပေါ်၌ ဒေါသအရိပ်အငွေ့ စိုးစဉ်မျှမရှိခြင်းပင် ဖြစ်သည်။ မင်းကြီးသည် သားတော်ကြီးဂါမဏိ ထွက်ခွာသွားရာဆီသို့ လှမ်းကြည့်ရင်း တစ်ချက်နှစ်ချက် ခေါင်းဆက်ညိတ်နေလေသည်။

မယ်တော်ကြီးကား နားမလည်နိုင်စွာဖြင့် သားတော်ကြီးနောက်သို့ လိုက်သွားလေသည်။

* * *

ဂါမဏိမင်းသားသည် စက်ရာဆောင်ထဲတွင် လှဲလျောင်းနေ၏ လှဲလျောင်းနေသည်ဟု ဆိုရသော်လည်း စန့်စန့်ပြန့်ပြန့် မဟုတ်ဘဲ ခြေနှစ်ချောင်းနှင့် ဒူးနှစ်ဘက်ကို ကျဉ်းကြပ်စွာ ကွေးလျက် ခပ်ပုံ့ပုံ့အနေအထားဖြင့် ရှိနေလေသည်။ အရွယ်နှင့်မလိုက် အကလေးငယ်တစ်ယောက်ပမာ ကွေးကွေးကုပ်ကုပ် ရှိနေသော ထိုအနေအထားကို ကြည့်၍ မယ်တော်ကြီးသည် ဘေးတွင်ဝင်ထိုင်ကာ နဖူးပြင်ကို အသာအယာ ပွတ်သပ်ပေးရင်း မေးလိုက်သည်။

“သားတော်ကြီး ဘာဖြစ်လို့ စန့်စန့်ရန့်ရန့် လက်ခြေတွေကို ဆန့်တန်းပြီး မအိပ်တာလဲ၊ ဘယ့်နှယ်ကြောင့် ဒူးတွေခြေတွေ ကွေးညွတ်ပြီး ကျဉ်းကျဉ်းကြုပ်ကြုပ် အိပ်နေရတာလဲ”

ဂါမဏိ၏ မျက်နှာမှာ တင်းမာလေးနက်နေဆဲ။ မယ်တော်ကြီးကို မကြည့်ဘဲပြောလိုက်လေသည်။

“မယ်မယ်–ဂင်္ဂါမြစ်ကြီးရဲ့ ဟိုမှာဘက်မှာ ကျေးလူမျိုးတို့နေထိုင်ကြတယ်။ ဂေါဋ္ဌအမည်ရှိတဲ့ သမုဒ္ဒရာဟာလည်း အိမ်ရဲ့ အနီးမှာပဲ ရှိတယ်။ သားအတွက် အိပ်ရာကျဉ်းကြပ်လှတယ်။ ဒါကြောင့်မို့ ခြေလက်မဆန့်သာပဲ ကွေးပြီးအိပ်နေရပါတယ်” မယ်တော်ကြီးမှာ တွေခနဲဖြစ်သွား၏။ သားတော်၏ စကားမှာ ထူးခြားဘိခြင်း၊ အိပ်ရာကျဉ်းကြပ်သဖြင့် ခြေလက်မဆန့်သာဘဲ ကွေး၍ နေရပါသည်တဲ့။

မယ်တော်ကြီးသည် နောက်ထပ်စကားမဆိုတော့ဘဲ စက်ရာဆောင်ထဲမှ တိတ်ဆိတ်စွာ ထွက်ခွာသွားလေသည်။ ထူးခြားသောဤစကား၏ အနက်ကို မိမိသိသလိုရှိသော်လည်း မင်းကြီးထံ လျှောက်တင်ရပေသည်။ သားယောကျ်ား၏ ထူးခြားသော အပြုအမူ၊ ထူးခြားသော စကားကို ဖခင်ဖြစ်သူသာ အတိအကျနားလည်နိုင်ပေလိမ့်မည်။

ကာကဝဏ္ဏတိဿမင်းကြီးသည် ထိုစကားကို မိဖုရားကြီးထံမှ တစ်ဆင့် ကြားရသောအခါ မည်သည့်မှတ်ချက်ကိုမျှ မပေးဘဲတိတ်ဆိတ်စွာ နားထောင်နေခဲ့၏။ သို့သော် မင်းကြီး၏ ထိုတိတ်ဆိတ်မှုကား နက်ရှိုင်းလှချေသည်။ ထိုတိတ်ဆိတ်မှုသည် ဝမ်းသာအားရ လက်ပမ်းပေါင်းခတ် ကြွေးကြော်သည်ထက်ပို၍ အထုအထည် ကြီးမားသော ပီတိလည်း ဖြစ်လေသည်။

ဂါမဏိ အဘယ၏ အပြုအမူနှင့် စကားလုံးတို့ကို မင်းကြီးကောင်းစွာ သဘောပေါက်လိုက်လေပြီ။ မင်းကြီး ရင်ထဲကား အတိုင်းမသိဂုဏ်ယူဝမ်းမြောက်သော ကြွေးကြော်သံများဖြင့် ပွဲတင်မြည်လျက်–

ကျေးမင်းတို့ကို စစ်မထိုးပါဘူးဆိုတဲ့ အဓိဋ္ဌာန်ကို ငါ့သားတော်ပယ်တယ်။ တတိယရွှေခွက်ထဲက ထမင်းတွေကို ယူပြီး ပက်ကြဲ

လွှင့်ပစ်လိုက်တယ်၊ ပြီးတော့ ငါ့ကိုရှိခိုးပြီး ထွက်သွားတယ်။ ငါ့ကို ရှိခိုးသွားတာက ဒီအမိဌာန်ကိုဖြင့် ခမည်းတော်တိုင်ပေးတဲ့အတိုင်း သားတော်ရွှတ်ဆိုလိုက်နာခြင်း မပြုနိုင်တာကို ခွင့်လွှတ်ပါဆိုတဲ့ အဓိပ္ပာယ်။ အင်း ပြီးတော့ စက်ရာထက်မှာ ခြေလက်တွေ ကွေးပြီး အိပ်ရင်း သူ့မယ်မယ်ကို ပြောလိုက်တဲ့ စကား။ ဘာတဲ့ ဂင်္ဂါမြစ် တစ်ဖက်မှာ ကျေးလူမျိုးတွေ နေနေသတဲ့ ဂေါ္ဒသမုဒ္ဒရာဟာလည်း အိမ်နားမှာပဲ ရှိသတဲ့။ အိပ်ရာကျဉ်းမြောင်းလို့ ခြေလက်တို့ကို မဆန့်သာပါဘူးတဲ့။ ဒါတွေကို ပေါင်းစပ်လိုက်တဲ့အခါမှာ ငါ့သားတော်ကြီး ဂါမဏိအဘယဟာ မုချသာသနာပြုမယ့် မင်းယောကျ်ား၊ စစ်ထိုးစရာရှိယင် စစ်ထိုးမယ့် မင်းတစ်ပါးဖြစ်မယ့် နိမိတ်လက္ခဏာ၊ အင်မတန်ကို သေချာတဲ့ အလားအလာ–ငါ ဝမ်းမြောက်လှပါဘိ။ အင်း ငါ့သားတော်ကြီးရဲ့ ဘုန်းလက်ရုံး အာဏာစက်ဟာ သူ့အသက်နှင့်အမျှ အခက်အလက်တွေ ဝေစည် ဖြာထွက်အတက်ကြီး တက်တော့မှာ မုချဧကန်။

* * *

# ဂါမဏိနှင့် သူ့ရဲကောင်းများ

ကာကဝဏ္ဏတိဿမင်းကြီး၏ ကောက်ယူချက်များမှာ ကေန် အမှန်ဖြစ်လာခဲ့လေသည်။ ဂါမဏိအဘယသည် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်လာခဲ့၏။

ဤအရွယ်တွင် မင်းသားငယ်၏ ကစားဖော်မှာ အခြားသူငယ် များကဲ့သို့ ဆင်ရုပ်၊ မြင်းရုပ်၊ ရထားရုပ် မဟုတ်ဘဲ တစ်ကယ့်ဆင် တစ်စီး ဖြစ်သည်။ ဂါမဏိ မင်းသားဖွားမြင်ကာစက ရောက်ရှိလာခဲ့ သော ဆဒ္ဒန်မျိုးနွယ် ကဏ္ဍုလဆင်သည် မင်းသား၏ ကစားဖော် ကစားဘက် ဖြစ်လာ၏။

ဆင်ကျိုးထဲတွင် ကဏ္ဍုလဆင်ကို စီးလျက် အရွယ်နှင့်မမျှ အောင်စွမ်းစွမ်းတမံဆင်ကစားလေ့ရှိသော ဂါမဏိအဘယကို ဆင်ကျုံးထိပ် မျှော်စင်ထက်မှ ကြည့်ရင်း ခမည်းတော်မင်းကြီးသည် အားရကျေနပ်မဆုံး ရှိနေတတ်၏။

ကဏ္ဍုလဆင်ကြီးမှာလည်း ဂါမဏိအဘယမင်းသားမှ အပါး အခြားမည်သည့်ဆင်စီးသူရဲမှ မကပ်နိုင်အောင်ဘဲ သွေးဆူကြမ်းတမ်းလှ သော ဆင်ကြီးဖြစ်၏။ သို့သော် ဂါမဏိအဘယစီးပြီဆိုလျှင် ကြမ်းတမ်း

ပြင်းထန်သလောက် လိမ္မာရေးခြား ရှိလွန်းလှသည်။ ဂါမဏိ၏ ချွန်းနှင့် ထူးဆန်းသော အမိန့်ပေးသံအောက်တွင် ကဏ္ဍုလဆင်ကြီး၏ အစွယ်နှင့်နှာမောင်းသည် လူသားစစ်သူရဲတစ်ဦး၏ လက်နက်များနှင့်မခြား လှုပ်ရှားသွားကြသည်။

ဂါမဏိအဘယနှင့် ကဏ္ဍုလဆင်ကြီးတို့သည် လူသားနှင့် အပတိတ်တိရစ္ဆာန် မဟုတ်တော့ဘဲ တစ်ဦးနှင့်တစ်ဦး နားလည်ကြင်နာစွာ ဆက်ဆံတတ်ကြသော သခင်နှင့် ကျွန်ပမာ ဖြစ်လာခဲ့ကြလေသည်။

ဂါမဏိမင်းသားအတွက် ကဏ္ဍုလဆင်ကြီးနှင့်မခြား တစ်နည်းဆိုသော် ကဏ္ဍုလဆင်ကြီးထက်ပို၍ အားထားယုံစားရသော သစ္စာတော်ခံ သူရဲကောင်းများကိုလည်း ရရှိပိုင်ဆိုင်လာခဲ့၏။ ထို သူရဲကြီးများသည် မင်းသား ဆင်ကစားသည့်အခါတိုင်း ဆင်ကျုံး၏အတွင်းနံရံတွင် အသင့်နေရာယူ စောင့်ကြည့်ပေးရသူများ ဖြစ်သည်။ မင်းသား၏ ဆင်ကျုံး အတွင်းနံရံတွင်းသို့ အထူးအခွင့်အရေးဖြင့် ဝင်ရောက်ခွင့်ရသော လက်ရွေးစင်စစ်သူရဲများပင် ဖြစ်သည်။

ထိုလက်ရွေးစင် စစ်သူရဲပဲအရေအတွက်မှာ တစ်ကျိပ်ရှိ၏။ သူတို့ တစ်ဦးစီသည်လည်း အခြားစစ်သည်များလိုက်မမီတုပမရနိုင်သော ထူးခြားသည့် ကိုယ်ပိုင်အစွမ်းများကို ဆောင်ကြသူများ ဖြစ်၏။ ထိုသူတို့ကား–

ကြည်လင်သော အသားအရေ ပြုံးရွှင်သော မျက်နှာထားရှိပြီး နက်ပြာရောင် မျက်လုံးအိမ်ကြီးများဖြင့် ဂါမဏိသခင်မင်းသားအား အမြဲတစေ အရိပ်တကြည့်ကြည့် ကြည့်ကာ အမှုတော်ကို တရံမလပ် ထမ်းရွက်ရန် အစဉ်နိုးကြားနေသော သူ့အမည်ကား "နန္ဒိမိတ္တ"ဖြစ်လေသည်။

နန္ဒိမိတ္တ၏ ဇာတိဒေသကား စင်စစ် ဧဠာရကျေးမင်းတို့၏ ပိုင်နက်ဖြစ်၏။ နန္ဒိမိတ္တ၏ ဦးရီးတော်မှာ ဧဠာရကျေးမင်း၏ စစ်သူကြီးအမတ်တစ်ယောက်ဖြစ်၏။ နန္ဒိမိတ္တသည် ငယ်စဉ်ကပင် အရွယ်နှင့်

မမျှ အားခွန်ဗလ ကြီးမားလှသူဖြစ်၍ ဦးရီးတော်မိတ္တ၏ အမည်ကို ဆက်ခံ ယူထားသူ ဖြစ်သည်။

ဌေဝရကျေးမင်း၏ အမတ်စစ်သူကြီး တူတော်ဖြစ်သော နန္ဒိမိတ္တရောက်ရှိလာပုံမှာလည်း ထူးခြားနေသည်။ ဂါမဏိမင်းသားသည် တစ်နေ့သောအခါ ဆင်ကျုံးမှ အထွက်တွင် မိမိရှေ့၌ ဒူးထောက်ခစား နေသော လုလင်ပျိုတစ်ယောက်ကို တွေ့လိုက်ရ၏။ ထိုလုလင်ပျိုမှာ အဝတ်အစားတွေ စုတ်ပြတ်နေပြီး ခြေဝတ်မဲ့ ဗလာနှင့် ဖြစ်နေ၏။ မင်းသားလှမ်းမည့် ခြေလှမ်းရှေ့တည့်တည့်မှ ပိတ်ကာ မလှုပ်စတမ်း ဒူးထောက်ခစားနေသည့် ထိုသူအားကြည့်ရင်း ဂါမဏိ မေးလိုက်သည်။

"ဟေ့ ငါ့ရှေ့မှာ ပိတ်ဆို့ထိုင်နေတာ ဘယ်သူလဲ"

"ကျွန်တော်မျိုး နန္ဒိမိတ္တပါ။ ဒီကမ္ဘာမြေပြင်မှာ အရှင့်ရှေ့မှောက်ကလွဲလို့ ထိုင်စရာ မရှိတော့လို့ပါ" စူးစူးရဲရဲကြည့်လိုက်သော အကြောက်အလန့်ကင်းသည့် မျက်ဝန်းနက်ပြာများကို ကြည့်ရင်းဂါမဏိသည် သဘောကျသွား၏။

"နန္ဒိမိတ္တဟုတ်လား မင်းဘယ်ကလဲ"

နန္ဒိမိတ္တသည် သူ့အကြောင်းကို သိုင်းဝိုင်းချဲ့ထွင်းခြင်း မရှိဘဲ လိုရင်းကို ပြောပြလေသည်။

"ကျွန်တော်မျိုးဟာ ဌေဝရကျေးမင်းရဲ့ အမတ်စစ်သူကြီးတစ်ဦးရဲ့ တူဖြစ်ပါတယ်။ ဦးရီးတော်နာမည်က မိတ္တပါ။ ငယ်စဉ်ရှစ်နှစ်သားလောက်တုန်းက ကျွန်တော်မျိုးကို လည်ပတ်လွန်းတယ်ဆိုပြီး မိဘတွေက လွန်ကြိုးနဲ့တုတ်ထားကြတယ် ခါးမှာ လွန်ကြိုးချည်ပြီး အိမ်ကိုဖမ်းခေါ်သွားကြတယ်။ အဲဒီလွန်ကြိုးတွေကို ဖြတ်ပစ်ပြီး ကျွန်တော်မျိုး ထွက်ပြေးခဲ့ပါတယ်။ ဒါကြောင့် နန္ဒိမိတ္တလို့ခေါ်ကြတာပါ။ အခုတော့ ဌေဝရကျေးမင်းတို့ရဲ့ အနုရာဓမြို့က ရှိရှိသမျှ လွန်ကြိုးတွေကို ဖြတ်တောက်အလွတ်ရုန်းပြီး ကျွန်တော်မျိုး အရှင့်ဆီ ခစားဖို့ ထွက်ပြေးလာခဲ့ပါပြီ" လုလင်၏ ရဲတင်းပွင့်လင်းခြင်းကို သဘောကျမိသော်လည်း

ဌွောရ ကျေးမင်းတို့၏ဒေသမှ လာသူဖြစ်နေသောကြောင့် ဂါမဏိသည် ဘဝင်မကျနိုင် ဖြစ်သွားလေသည်။

"မင်းက ငါ့ဆီမှာ ခစားဖို့ လာတယ်ဆိုပေမယ့် မင်းကို ငါက ဘယ်လောက်အထိယုံရမှာလဲ၊ နန္ဒိမိတ္တ မင်းရဲ့ လက်ရုံးနဲ့သစ္စာ ရှိမှုကို ငါကဘာအထောက်အထားနဲ့ လက်ခံရမှာလဲ"

"ကျွန်တော်မျိုး ဒါတော့ မပြောတတ်ပါ အရှင်"

နန္ဒိမိတ္တ၏ ရိုးရှင်းပွင့်လင်းမှုကို သဘောကျမိပြန်သည်။ ဤသူငယ်သည် သူ့လက်ရုံးနှင့် သစ္စာရှိမှုကို နှုတ်စကားဖြင့် ရှင်းလင်း သက်သေထူတတ်သူ မဟုတ်။ စကားလက်ဖွဲ့ပြတတ်သူမဟုတ်၊ သူ့မျက် နှာပေါ်မှ ရိုးသားခြင်း၊ သစ္စာခံခြင်း၊ ကျိုးနွံခြင်း၊ အားထားခြင်းများကား အတိုင်းသား

"မင်းကို လက်ခံသင့်မသင့် အခုမဆုံးဖြတ်သေးဘူး။ ခုလော လောဆယ်တော့ မင်းငါ့ရှေ့ကနေပိတ်ဆီးပြီး ဒူးထောက်ခစားနေတာကို ဖယ်သင့်တယ်။ နန္ဒိမိတ္တ"

"ဖယ်ဆိုလဲဖယ်ပါ့မယ်အရှင်၊ ဒါပေမဲ့ ကျေးလူမျိုးတို့ရဲ့ ပေါင်ကိုဖြိုပြီး နောက်ထပ် လူတွေမသတ်ပါရစေနဲ့တော့၊ ဒီလိုသတ် နေရင်လဲ ကုန်မှာ မဟုတ်တော့ပါ။ ကုန်သွားရင်လည်း ဘာမှမထူးတော့ပါ ဘူး"

"ဟေ့မင်းစကားက"

ဂါမဏိသည် နောက်ထပ်ဆက်မမေးတော့ဘဲ ထိုနေ့ညဥ့်တွင် နန္ဒိမိတ္တကို ခေါ်ယူကာ မယ်တော်နှင့်တိုင်ပင်၍ စစ်မေးခဲ့၏။ နန္ဒိမိတ္တ သည် သူ့အကြောင်းများကို အပိုအလိုမရှိ ဖြေကြားခဲ့လေသည်။

သူအရွယ်ရောက်သောအခါ အနုရာမြို့တော်သို့ လာ၍ ဦး ရီးတော်အမတ်၏ သူကြီးထံတွင် အမှုထမ်းခဲ့ကြောင်း၊ သို့သော် အနု ရာဓတွင် သူသည် လူတွေကိုသတ်မိခဲ့ကြောင်း ပြောပြ၏။

"အသားမည်းနက်တဲ့ ကျေးလူမျိုးတွေဟာ တစ်ကယ့်ကို မိစ္ဆာ

ဒိဋ္ဌိတွေပါဘဲ၊ အနုရာဓမြို့တော်က ဘုရားစေတီတွေကို ဖျက်ဖျောက်ကြတယ်၊ ဌာပနာတိုက်တွေကို တူးဖော်ကြတယ်၊ ဆင်းတုရုပ်ပွားတော်တွေလဲ ကပြက်ကချော် လှောင်ပြောင်ပြောဆိုကြတယ်။ ကျွန်တော်မျိုးသည်းမခံနိုင်တော့ဘူး။ တွေ့တဲ့နေရာမှာ တွန်းလှဲပစ်ပြီး ပေါင်တစ်ဖက်ကို ခြေနဲ့နင်း၊ ပေါင်တစ်ဖက်ကို လက်နဲ့ဖြဲကိုင်ပြီး ဝါးလုံးခွဲသလို ခွဲပစ်ပြီး သတ်ပစ်မိလိုက်ပါတယ်။ ဒီလိုနဲ့ တစ်ယောက်ပြီးတစ်ယောက် ကျွန်တော်မျိုးရှင်းပစ်ခဲ့တယ်။”

ကျေးလူမျိုးတို့ ရက်စက်စွာ အသက်ခံရခြင်းမှာ များပြားလာသောအခါ ဧဠာရ ကျေးမင်းအား တိုင်ကြားကြတော့၏။ ဤတွင်နန္ဒိမိတ္တကို ဖမ်းစေဟု ကျေးမင်းက အမိန့်ချလိုက်သည်။

“ဒင်းတို့ ကျွန်တော်မျိုးကို မဖမ်းနိုင်ကြပါဘူး၊ ကြာတော့ ကျွန်တော်မျိုးလည်း ဒီကျေးတွေကို ငါဒီလိုသာ သတ်နေရင် လူတွေသာ ကုန်သွားမယ်။ သာသနာတော်ကတော့ ရန်သူတွေသတ်ပစ်ရုံနဲ့တင် ထွန်းပလာမှာ မဟုတ်ဘူးလို့ တွေးမိပြီး အရှင့်ဆီခစားဖို့ ထွက်ပြေးခဲ့ပါတယ်။

ဂါမဏိမင်းသား၏ တစ်ကျိပ်သော သူရဲတို့အနက် ဒုတိယမြောက်ဖြစ်သော လူစွမ်းကောင်းမှာ “သူရနိမိလ”နာမည်ရှိ၏။ သူရနိမိလ၏ အစွမ်းမှာလည်း ဩချလောက်စရာပင်ဖြစ်၏။ ထင်ရှားသော အစွမ်းအာနိသင်မှာ မယုံနိုင်လောက်အောင် လျှင်မြန်လှခြင်းပင် ဖြစ်လေသည်။ သူ၏ အကြောင်းကား–

ကာကဝဏ္ဏတိဿမင်းကြီး၏ တိုင်းပြည်အုပ်ချုပ်စီမံရေး၌၊ ဂင်္ဂါတစ်ဖက်စီမှ ဧဠာရကျေးမင်းတို့၏ ရန်ကို တားမြစ်ရေးမှာ အဓိကလုပ်ငန်းပင် ဖြစ်သည်။ ဧဠာရတို့၏ရန်သည် အချိန်မရွေး ကျရောက်လာနိုင်သည်ဖြစ်၍ ဂင်္ဂါမြစ်ကြီး၏ ဆိပ်ကမ်းများ၌ ဆိပ်ကမ်းစောင့် အမှုထမ်းအစုများကို ထားရှိရလေသည်။ ထိုသို့ထားရာတွင် မိဖုရားတစ်ပါး၏သားဖြစ်သော ဒီဃာဘယမင်းသားကိုလည်း ကစ္ဆကအမည်ရှိ ဆိပ်ကမ်း၌ ဗိုလ်ပါတပ်စွဲလျက် အစောင့်တာဝန်ချထားသည်။ ဒီဃာဘယ

မင်းသားကလည်း အနီးအနားမြို့ရွာများရှိ ဆွေကြီးမျိုးကြီးများမှ တစ်ယောက်တစ်ယောက် စီသော အရွယ်ကောင်းယောကျ်ားပျိုများကို ဆင့်ခေါ်ကာ မိမိထံအမှုထမ်းစေခဲ့၏။

နိမိလကား ခဏ္ဍကပိဋ္ဌက ရွာသူကြီး၏ သားခုနစ်ယောက်အနက် အငယ်ဆုံးသားဖြစ်ပြီး အရွယ်နှင့်မမျှ ခွန်အားဗလကြီးမားလှသူဖြစ်၏။ ဒီဃာဘယမင်းသားသည် နိမိလကို မိမိထံခစားရန်ဆင့်ခေါ်လိုက်သည်။ အငယ်ဆုံးသားဖြစ်သဖြင့် မိဘများက မထည့်လိုကြ။ သို့သော် အစ်ကိုခြောက်ယောက်တို့ကမူ နိမိလသည် လက်ကြောမတင်းသူပျင်းရိသူဟု စွပ်စွဲကာ မင်းသားထံ စေလွှတ်လိုကြသည်။

နိမိလသည် မိမိအား အစ်ကိုများက မလိုလားကြောင်း သိရသောအခါ အမျက်ထွက်ပြီး နံနက်စောစောကပင် ထ၍ သုံးယူဇနာခရီးကို တစ်ခဏချင်း အရောက်သွားကာ မင်းသားထံ အခစားဝင်ခဲ့သည်။

ဒီဃာဘယမင်းသားသည် နိမိလအား သဘောကျနေခဲ့ပေပြီ၊ သို့သော် သူ၏အစွမ်းကို စစ်ဆေးလိုသေး၍ အမိန့်ပေးလိုက်၏။ “နိမိလ စေတိယတောင်အနီးမှာ၊ ဒွါရမဏ္ဍလဆိုတဲ့ ရွာကြီးရှိတယ်။ အဲဒီရွာမှာ ငါ့မိတ်ဆွေကုဏ္ဍလ အမည်ရှိတဲ့ပုဏ္ဏား တစ်ယောက်နေတယ်။ ပုဏ္ဏားထံကို သင်သွားရမယ်၊ ပြီးတော့ ပုဏ္ဏားပေးလိုက်တဲ့ လက်ဆောင်ပဏ္ဏာနဲ့ ဘဏ္ဍာတွေကို ယူပြီး ကစ္ဆကဆိပ်ကမ်းကို ပြန်လာခဲ့ရော့၊ ငါ့ဆီက လူမှန်းသိရအောင် သဝဏ်ယူသွား”

ကစ္ဆကဆိပ်နှင့် အနုရာဓမြို့သည် ကိုးယူဇနာကွာဝေး၏။ နိမိလသည် အမိန့်ကို ဦးထိပ်ရွက်လျက် နံနက်အရဏ်တက်အချိန်တွင် ထွက်ခွာခဲ့သည်။ ဒွါရမဏ္ဍလရွာ ပုဏ္ဏားဆီသူရောက်သွားသောအချိန်မှာ နံနက်စာထမင်း မစားမီအချိန် ဖြစ်လေသည်။

ပုဏ္ဏားကြီးက မင်းသား၏ သဝဏ်ကို ဖတ်ကာ “နိမိလတဲ့လား အင်း နောက်မှ လုပ်စရာရှိတာတွေ လုပ်ကြတာပေါ့ အခုတော့

သင့်ကြည့်ရတာ ချွေးတွေသံတွေနဲ့ ရေသွားချိုးပါဦး”ဟု ပြောလိုက်၏။ နိမိလသည် အနုရာဓမြို့ကို တစ်ခါမှ မရောက်ဖူးသဖြင့် တိဿကပိ ရေကန်တွင် ရေချိုးပြီးနောက် မဟာဗောဓိ ထူပါရုံစေတီများဆီသို့ ဝင်ရောက်ပူဇော် လှည့်လည်ပြီးမှ မြို့အလုံးကို လျှောက်ကြည့်ကာ ပန်းဆိုင်၌ နံ့သာများဝယ်ခြမ်းပြီး ပုဏ္ဏားအိမ်သို့ ပြန်ခဲ့၏။

ထိုအချိန်တွင် ပုဏ္ဏားအိမ်၌ ထမင်းကျက်နပ်ခါစကပင် ရှိသေး၏။ ထမင်းအိုးတစ်လုံးချက်အတွင်း ပြန်ရောက်လာသော နိမိလကို ကြည့်ပြီး ပုဏ္ဏားကြီးက အံ့အားသင့်သွားသည်။ ရောက်ခဲ့သောနေရာများကို မေးကြည့်ပြီးနောက် “နိမိလသင်ဘယ်နေ့က ထွက်ခဲ့သလဲ၊ ဘယ်နှစ်ရက်ကြာအောင် လာခဲ့ရသလဲ” ဟု စူးစမ်းလိုက်၏။

နိမိလက မထုံတက်တေး ပြန်ဖြေသည်။

“ဒီနေ့ နံနက်အရုဏ်တက်က ထလာခဲ့တာပေါ့၊ ဒီရောက်တော့ ပုဏ္ဏားကြီးက ရေသွားချိုးချေဦးဆိုတာနဲ့ တိဿကပိကန်မှာ ရေချိုးပြီး မဟာဗောဓိနဲ့ ထူပါရုံမှာ ရှိခိုးပြီး အနုရာဓမြို့တွင်း လှည့်လည်ကြည့်ရှုခဲ့ပြီး မြို့နံ့မှ ပြန်လာခဲ့တာပေါ့” ပုဏ္ဏားကြီးမှာ တအံ့တသြဖြစ်သွားပြီး နိမိလကို ချီးကျူးစကားတွေ ပြောမကုန်ဖြစ်သွားလေသည်။ ထို့နောက် နိမိလကို ထမင်းကျွေးရင်း ပုဏ္ဏားကြီး စဉ်းစားမိသည်။ နိမိလ၏ လျှင်မြန်ခြင်းအစွမ်းမှာလူသာမန်တစ်ယောက်ထက်အဆပေါင်းများစွာထူးကဲနေသည်။ မြင်းတစ်ကောင်လို အပြေးမြန်လှသူဖြစ်သည်။ နိမိလ၏ အစွမ်းကိုသာ သိရပါက၊ ဧဠာရကျေးမင်းတို့သည် နိမိလကို လက်လွတ်ခံတော့မည်မဟုတ်။ ဤဒေသတွင် ကြာရှည်ထားရန် မသင့်၊ လူစွမ်းကောင်း နိမိလကို ကာကဝဏ္ဏတိဿမင်းကြီးထံ၌သာ ပို့သင့်သည်ဟု ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် နိမိလအကြောင်းကို သဝဏ်စာရွေးရေးကာ လက်ဆောင်ပဏ္ဏာများစွာတို့ဖြင့် ဒီဃာဘယမင်းသားထံ ပြန်လွှတ်လိုက်သည်။ နိမိလ၊ အနုရာဓမြို့မှ ထွက်ခဲ့သောအချိန်မှာ နေ့မွန်းတည့် အချိန်ဖြစ်

သည်။ ကစ္ဆကဆိပ်ကမ်းသို့ သူပြန်ရောက်ချိန်မှာ ညဥ့်သုံးချက်မတီး သေး၊ ဒီဃာဘယမင်းသားကား အားရမဆုံး ရှိလေသည်။

ထို့ကြောင့် နိမိလကို တစ်ထောင်တန် ဝတ်လဲရတနာဖြင့် ချီးမြှောက်ဆင်မြန်းစေကာ ရိက္ခာတော်တစ်ထောင်ပေးလိုက်၏။ ဤတွင် ပြဿနာပေါ်တော့သည်။ မင်းသားထံတွင် အလျင်အဦးခစားနှင့်ကြသော မင်းမှုထမ်းများက ငြူစုစောင်းမြောင်းစကားဆိုလာကြသည်။ မထုံတက် တေး နိမိလကို ဤမျှချီးမြှောက်ရပါမည်လောဟု မကျေမနပ် ဖြစ်ကြ သည်။

ဒီဃာဘယမင်းသားက ထိုမင်းမှုထမ်းများအား အပြစ်ပေးလိုက် ၏။ အပြစ်ပေးပုံမှာလည်း ထိရောက် ပြတ်သားလှသည်။ ငြူစူစောင်း မြောင်းကြသူများအားလုံးကို နိမိလအား ရေချိုးချေးတွန်းခိုင်းကာ နိမိလ ၏ အဝတ်အစားများကို လျှော်ဖွတ်စေဟု အမိန့်ပေးလိုက်၏။ နိမိလ ကိုလည်း နောက်ထပ်ပစ္စည်းဥစ္စာများနှင့်တကွ အသပြာတစ်သောင်း ထပ်မံဆုလာဘ်ပေးသနားပြန်သည်။

နိမိလသည် ရသမျှဥစ္စာ အသပြာတို့ကိုယူ၍ ထိုညဥ့်၌ပင် ရွာပြန်ပြီး မိဘတို့အား အကုန်အစင်ပူဇော်လျက် ညတွင်းချင်း ကစ္ဆက ဆိပ်သို့ ပြန်ခဲ့ရာ နံနက်အရုဏ်မတက်မီ ပြန်ရောက်လာသည်။ ဒီဃာဘယ မင်းသားကား ဝမ်းမြောက်မဆုံးတော့ပြီ။

အများသူငါတွေ မြင်းတစ်တန်၊ ဆင်တစ်တန်လှေတစ်တန် သွားရတဲ့ ညဥ့်အိပ်ညဥ့်နေ ခရီးရှည်ကြီးကို နိမိလဟာ အိမ်ရှေ့နဲ့အိမ် နောက် ကူးလိုက်သလို အံ့မခန်း အလျင်အဟုန်နဲ့ သွားလိုက်လာလိုက် လုပ်နိုင်၏။ ဒီ့အပြင် ငါပေးသနားတဲ့ ဆုလာဘ်တွေကိုလည်း အကုန် အစင် မိဘထံသို့ပို့ပြီး ကျေးဇူးဆပ်ပူဇော်တယ်။ ဒီလို လူစွမ်းကောင်း မျိုးဟာ ဆိပ်ကမ်းစောင့်နဲ့မသင့်ဘူး ခမည်းတော်မင်းကြီးထံမှာသာ ရှိ နေသင့်တယ်။

ဒီဃာဘယမင်းသားက ခမည်းတော် ကာကဝဏ္ဏတိဿမင်းကြီး

ထံ နိမိလကို ပို့ဆက်လိုက်၏။ မင်းကြီးက သူရနိမိလဘွဲ့ အမည်ပေး ကာ သားတော်ဂါမဏိမင်းသားထံ တစ်ဆင့်အပ်နှင်းလိုက်လေသည်။ ဤသို့ဖြင့် သူရနိမိလသည် ဂါမဏိမင်းသား၏ လူစွမ်းကောင်းအဖွဲ့ဝင် ဖြစ်လာခဲ့လေသည်။

တတိယသူရဲကောင်းကား 'သူရဲကောင်းမဟာသောဏ'အမည် ရှိ၏။ မဟာ သောဏသည် တိဿသူကြွယ်၏ သားရှစ်ယောက်တို့အနက် အငယ် ဆုံးသားဖြစ်၏။ သောဏ၏ခွန်အားကြီးမားပုံမှာလည်း ဩချလောက်စရာပေပင်။ သူသည် ငါးနှစ်အရွယ်ကပင် ထန်းပင် အုန်းပင် ငယ်တို့ကို နှုတ်နိုင်၏။ ဆယ်နှစ်အရွယ်ရှိလာသောအခါ ထန်းပင်ကြီး အုန်းပင်ကြီးများကို အမြစ်ဖွားဖွားပါအောင် နှုတ်နိုင်၏။ တစ်ဆယ့် ခြောက်နှစ် အရွယ်တွင်ကား ဆင်ပြောင်ဆယ်စီးအား ဆောင်နိုင်လာသည်။ ကာက ဝဏ္ဏတိဿမင်းကြီး ကြားသောအခါ သောဏကို မဟာသောဏ ဘွဲ့ပေး၍ ရိက္ခာတော်တစ်ထောင်ဖြင့် မြို့ရွာထံ ကျွေးပေးကာ သားတော် ဂါမဏိထံ ပို့လိုက်လေသည်။

* * *

စတုတ္ထသူရဲကောင်း "ကောဌတိမ္ဗရ"အကြောင်းမှာလည်း ထူး ခြားလှပေသည်။ သူ့အမည်ရင်းမှာ ကောဌကဖြစ်၏။ ဇနပုဒ်တစ်ခုမှ သူကြီးမဟာနတ၏ သားခုနစ်ယောက်အနက် အငယ်ဆုံးသားဖြစ်၏။ ပုကွသောခန္ဓာကိုယ်ရှိသည့်အပြင် အပျင်းလည်းထူလှသဖြင့် ကောဌက ဟု မှည့်ခေါ်ကြသည်။ တစ်နေ့သောအခါ အစ်ကိုခြောက်ယောက်တို့သည် ပဲကြီးခင်းစိုက်ရန်အတွက် ယာထွန်ထွက်ကြရာ၊ အခြားအလုပ်သမား အဖော်လည်း ရှာမရသဖြင့် ညီငယ်ကောဌကအား ချိုးနှိမ်လှောင်ပြောင် ကြသည်။ ကောဌက၏ အပျင်းထူပုံ၊ ပုကွသောခန္ဓာကိုယ်ကြောင့် သုံး မရပုံများကို ကဲ့ရဲ့စကားဆိုဖန်များလတ်သော် ကောဌက က "ကျုပ် ရှင်းရမယ့်နေရာကို ချန်ထားလိုက်ကြဗျာ" ဟု ပြောလိုက်လေသည်။

အစ်ကိုခြောက်ယောက်တို့သည် ယာကို ထွန်ကြသောအခါ

တမင်ပင် တည်ပင်၊ ယင်းတိုက်ပင် စသော သစ်ပင်ကြမ်းများ ပေါများ၍ ယာမြေရိုင်းကွက် အကျယ်ပြန့်ဆုံးနေရာကို ချန်ထားလိုက်ကြ၏။ ပြန်လာသောအခါ ကောဋ္ဌကကို ပြောကြ၏။

"ငကွ ငါတို့ဟာ အားလုံးရှင်းပြီးပြီ၊ မင့်စကားအတိုင်း မင်းအတွက် ချန်ထားတယ်။ သွားခုတ်ထွင်ချေ" ကောဋ္ဌကသည် ဝုန်းခနဲထ၍ ယာမြေရိုင်းဆီ ထွက်သွား၏။ မကြာမီပြန်လာပြီး "ကျုပ်ဟာကျုပ် ရှင်းပြီးပြီ"ဟု ဆိုလေသည်။ အစ်ကိုခြောက်ယောက် သွားကြည့်ကြသည်။ အံ့ဖွယ်သရဲတွေ့ကြရ၏။ တည်ပင်၊ ယင်းတိုက်ပင်များ အမြစ်ဖွားဖွားနှင့် ဆွဲအနှုတ်ခံထားရသည့် ယာမြေကွက် ဘေးနှုတ်ခမ်းတစ်ဝိုက်တွင် ကောဋ္ဌက ဆွဲနှုတ်ထားသောအပင်များ အပုံလိုက်ရှိနေကြသည်။ ထို့အပြင် ယာမြေမှာလည်း တပြန့်တပြေး ညီညွတ်နေသည်။ ထိုအချိန်မှစ၍ 'ကောဋ္ဌတိမ္ဗရ' အမည်ကို ရခဲ့လေသည်။သို့ဖြင့် ကောဋ္ဌတိမ္ဗရလည်း မင်းကြီးထံမှတစ်ဆင့် ဂါမဏိမင်းသားထံ ရောက်လာခဲ့ခြင်းဖြစ်လေသည်။

ပဥ္စမ သူရဲကောင်းကား 'အဘယ'ဟု အမည်ရ၏။ အဘယ၏အကြောင်းမှာ လူစွမ်းကောင်း ကောဋ္ဌတိမ္ဗရနှင့် ဆက်စပ် နေသည်ဟု ဆိုရမည်ဖြစ်သည်။ ကောဋ္ဌတိမ္ဗရနှင့်ပတ်သက်ပြီး ဂါမဏိ မင်းသားထံသို့ အဘယရောက်လာခြင်း ဖြစ်သည်။ အဘယကား စင်စစ် ဆွေကြီးမျိုးကြီးမှ ဆင်းသက်လာသူဖြစ်၏။ သူ့ဘခင် တာတ္တိရွာသူကြီး ရောဟဏသူကြွယ်မှာ ချမ်းသာကြွယ်ဝသူဖြစ်သည်။ အဘယသည် ဆယ့်နှစ်နှစ်အရွယ်ကပင် လူငါးယောက်လောက်ချီမှ ကြွလောက်သော ကျောက်ဖျာကြီးများကို ဂုံညင်းထိုးကာ ထွေခင်းပစ်ခတ်ကစားနိုင်သူ ဖြစ်၏။ အသက်ဆယ့်ခြောက်နှစ်ရှိသောအခါ ဘခင်သူကြွယ်ကြီးက အလျားဆယ့်ခြောက်တောင်၊ လုံးပတ်သုံးဆယ့်ရှစ်လက်မရှိသော ရှားနှစ်ဆောက်တုတ်ကြီး ပြုလုပ်ပေးထားသည်။ အဘယသည် ထိုဆောက် တုတ်ကြီးဖြင့် အုန်းပင် ထန်းပင်တို့ကို ရိုက်ဖြတ်ချိုးလှဲပစ်တတ်လေသည်။

ဘခင်သူကြွယ်ကြီးမှာသားဖြစ်သူ ဤမျှစွမ်းအားကြီးမားနေပါက မင်းစိုးရာဇာအန္တရာယ် သင့်လိမ့်မည်ဟု စိုးရိမ်ရှာသဖြင့် အစဉ်အဆက်ကိုးကွယ်သော မဟာသုမဏာထေရ်ထံ အပ်နှံကာ သာမဏေပြုစေခဲ့၏။

အဘယသာမဏေသည် ကျောင်းအရံရှိ ထန်းပင် အုန်းပင်များနှင့် ဗောဓိပင်များကို ရေလောင်းစောင့်ရှောက်၍ ကျောင်းပရိက်ံအမှုများကို တာဝန်ယူသီတင်းသုံးခဲ့လေသည်။ ဤအချိန်မှာပင် အဘယသာမဏေနှင့် ကောဋ္ဌတိမ္ဗရတို့ တွေ့ဆုံကြခြင်း ဖြစ်၏။ ဤအချိန်ဝယ် ကောဋ္ဌတိမ္ဗရသည် ဂါမဏိမင်းသားငယ် သူရဲကောင်း ဖြစ်နေပေပြီ။

ကောဋ္ဌတိမ္ဗရသည် အခြံအရံများနှင့်အတူ မိဘရပ်ထံပြန်လာရင်း၊ အဘယသာမဏေရှိရာ ကောဋ္ဌတောင်ကျောင်းသို့ ရောက်လာ၏။ ကျောင်းအရံအတွင်း ထမင်းစားကြပြီးနောက် ပရိဝုဏ်တံတိုင်းပတ်လည်ရှိ အုန်းပင်များကို ကောဋ္ဌတိမ္ဗရ မြင်သွား၏။ ဤတွင် သူ့လူများကို အုန်းသီးကြွေးမည်ဆိုကာ ကာဋ္ဌတိမ္ဗရသည် အုန်းပင်များကို အောက်ခြေမှ ကိုင်၍ လှုပ်လေရာ အုန်းသီးအခိုင်များ ကြွေကျ၍ အုန်းပင်အချို့လည်း ခါးလည်မှ ကျိုးကျကုန်သည်။

အုန်းသီးများ စားသောက်ပြီးလျှင် ကောဋ္ဌတိမ္ဗရလည်း သစ်ပင်ရိပ်တစ်ခုအောက်တွင် အိပ်ပျော်သွားခဲ့၏။ ထိုအချိန်တွင် အဘယသာမဏေလည်း ဆွမ်းခံမှ ပြန်ကြွလာ၏။ အကျိုးကျိုးအပဲ့ပဲ့ ဖြစ်နေသော အုန်းပင်များကို တွေ့ရပြီး အကျိုးအကြောင်း မေးမြန်း၍ သိရသောအခါ အဘယသာမဏေ စိတ်ဆိုးသွား၏။ "သူရဲကောင်း ကောဋ္ဌတိမ္ဗရတဲ့လား ဩ–ဩ သူ့ကိုယ်သူ ဘုရင့်သူရဲကောင်း ဂါမဏိမင်းသားရဲ့ လက်ရုံးဆိုပြီး ဒီအတိုင်းထင်ရာ လုပ်လို့ရမတဲ့လား၊ ဒီငကွဟာ သူ့အစွမ်းပဲ အစွမ်း မှတ်နေသလား၊ သိကြစေမယ်"

အဘယသာမဏေသည် အိပ်ပျော်နေသော ကောဋ္ဌတိမ္ဗရ၏ ခြေမကို မိမိ၏ခြေနှင့် ညှပ်ယူကာ ပတ်ပတ်လည်အောင် ဝင့်လေသည်။

ကောဋ္ဌတိမ္ဗရ ရုန်းထွက်မရနိုင်၊ အားရအောင် လွဲယမ်းဝင့်ပြီးမှ အရှိန် လျှော့ချလိုက်သောအခါ ကောဋ္ဌတိမ္ဗရလည်း အမျက်မထွက်နိုင်အားပဲ အားရဝမ်းသာ လျှောက်တင်လေသည်။ "အရှင်ဘုရား၊ တပည့်တော်မှာ အင်အားပြိုင်ဘက်မရှိဟု ထင်ခဲ့ပါတယ်၊ အခု-အရှင်နဲ့တွေ့မှာ ငါ့မှာ အဖော်ပါရပကော အောင့်မေ့ရပါတယ်" လူစွမ်းကောင်းချင်း အကြည့် အသာ ဖြစ်သွားကြ၏။ ကောဋ္ဌတိမ္ဗရက "အရှင်ဘုရား-ဒီလောက်အ စွမ်းရှိပါရက်နဲ့ ဘာကြောင့် သာမဏေ ပြုနေရ ပါသလဲ၊ မင်းကြီးထံ၊ မင်းသားထံ ဝင်အမှုထမ်းရင် တပည့်တော်တို့လို သူရဲကောင်းဖြစ်မှာ မုချပါ"ဟု တင်လေသည်။

အဘယသာမဏေ တင်းမာစွာ ပြန်ဆို၏။ "မင်းပေးတဲ့ ချမ်း သာကို ငါမလိုချင်ဘူး၊ ငါ့မှာ မိဘရဲ့ ရွှေငွေရတနာတွေ အများကြီး"

"အရှင်ဘုရားတို့ကမှ သာသနာကို မချီးမြှောက်ရင် ဘယ်သူ ရှိလာနိုင်ဦးမှာလဲဘုရား၊ အခုအခါမှာ မိစ္ဆာဒိဋ္ဌိ ကျေးမင်းတို့ဟာ သာ သနာ့အန္တရာယ်ဖြစ်နေကြတာကို အရှင်ဘုရားတို့ မမြင်ယောင်မသိယောင် ပြုနေကြပါသလား" အဘယသာမဏေငေးငိုင်သွား၏။ ခဏကြာမှ အေး စက်သော လေသံဖြင့် "ဒါဆိုရင်တော့ ငါမင်းမှုထမ်း သင့်သပေါ့"ဟု ဆိုလေသည်။

ဤသို့ဖြင့် အဘယသာမဏေသည် လူထွက်ကာ မင်းကြီးထံ မှတစ်ဆင့် ဂါမဏိမင်းသား၏ သူရဲကောင်းအဖွဲ့ဝင် ဖြစ်လာခဲ့လေသည်။

* * *

'ဘရဏ'မှာမူ ကပ္ပကန္ဒရရွာသားဖြစ်၏။ သူသည် ဆယ့်နှစ် နှစ်အရွယ်ကပင် တောလိုက်မုဆိုးအဖွဲ့၏ လူစွမ်းကောင်းအဖြစ် နာမည် ကျော်ခဲ့သူ ဖြစ်၏။ ယုန်လိုက်ရာတွင် အခြားသောလူငယ်များက ချုံ ပုတ်များ တောစပ်များတစ်ဝိုက်၊ တဟေးဟေး အော်ဟစ်ညာသံပေး ချောက်လှန့်နေကြစဉ် ဘရဏသည် ပြေးနေသောယုန်နောက်သို့ အမီ လိုက်ကာ ယုန်နှင့်အတူ တလှစ်လှစ်ပါအောင် ယှဉ်ပြေးနိုင်သူ ဖြစ်၏။

တစ်စတစ်စ လူလားမြောက်လာသည်နှင့်အမျှ ဘရဏ၏ လျှင်မြန်မှု စွမ်းအားမှာ ပို၍ တိုးတက်လာခဲ့သည်။ လိုက်လိုက်သမျှသော တော ကောင်များမှာ လွတ်သည်ဟူ၍မရှိ။ သားကောင်နှင့်အတူ ဘေးချင်း ယှဉ်၍ ပြေးရာမှ သားကောင်ရှေ့သို့ ကျော်အောင်ကြိုပြေးကာ အမိဖမ်း ပြနိုင်ခဲ့သည်။

တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါတွင်ကား ဘရဏသည် စိုင်၊ ပြောင်၊ တောဝက် စသော သားကောင်ကြီးကိုတွေ့ လျှင် ဖွတ်အတင်း ဝင်၍ ဦးချို၊ နားရွက်များကို ဆွဲကိုင်တော့၏။ ထို့နောက် သားကောင်ကြီးများ မလှုပ်သာအောင် မြဲမြံစွာကိုင်ပြီး မွေ့ ယမ်းကာ လက်သီးဖြင့် ထိုးလှဲခြင်းဖြင့် ဘိုင်းဘိုင်းလဲကျစေသည်။ မြေမှာ ကိုင်ရိုက်သည်။ သမင်၊ ဒရယ်စသော တောကောင်လောက်ကို မူ ခြေဖြင့်ခတ်ခြင်းဖြင့် အပိုင်းပိုင်းပြတ်စေသည်။ ဆင်ပြောင်ဆယ်စီး အား ကိုင်ဆောင်နိုင်သော ဘရဏဟူ၍ ကျော်ကြားလာသည်။ ကာက ဝဏ္ဏတိဿမင်းကြီးကြားသိသောအခါ တန်ဆာတစ်ထောင်၊ ရိက္ခာတစ် ထောင်နှင့်တကွ စည်းစိမ်အခြံအရံကိုပေးလျက် သားတော်ဂါမဏိမင်းသား ထံ ပို့လိုက်လေသည်။

မြင်းစီးသူရဲကောင်းအဖြစ် နာမည်ကျော်သူ နောက်သူရဲတစ်ဦး ၏ အမည်မှာ ဝေဠုသုမနဖြစ်၏။ သူသည် ဂိရိဇနပုဒ်အတွင်းရှိ ကုဋိုယင်္ဂန ရွာသားဖြစ်ပြီး ဝသဘသူကြွယ်၏သားဖြစ်သည်။ ဂိရိရွာ စား သုမနသူကြီး၏ အားထားရသူ လက်ရုံးလည်း ဖြစ်၏။ ကိုယ်လုံး ကိုယ်ဖန်တောင့်တင်း၍ အဆင်းအင်္ဂါသန့်ပြန့်သော ဝေဠုသုမနကို သူကြီး က သဘောကျ၍ မွေးစားသားအဖြစ် ခေါ်ယူထားလိုက်၏။ သုမနသူ ကြီးအိမ်တွင် သိန္ဓောမြင်းတစ်စီးရှိရာ ထိုမြင်းသည် မည်သူတစ်ဦးတစ် ယောက်ကိုမျှ မိမိ၏ ကျောကုန်းပေါ်သို့ အတက်မခံသောမြင်းဖြစ်လေ သည်။ ဝေဠုသုမနသည် ထိုမြင်းကို မျက်စိကျနေခဲ့၏။ "အဘ ကျုပ် ဒီမြင်းကို စီးကြည့်ချင်တယ်" ဟုဆို၏။ "ငါ့သား အဲဒါသိန္ဓောမြင်း

တော်ရုံလူစီးလို့ မရဘူး။ အခုထိ ဒီမြင်းနားကို ကပ်နိုင်သူမရှိဘူး၊ ကျောကုန်းပေါ် တက်ဖို့ဆိုတာ ဝေလာ ဝေး” “ကျုပ်စီးကြည့်ချင်တယ်”

“မင်း အနားကပ်သွားတာနဲ့ ခွာစုံပေါက်ပြီး သတ်လိုက်လိမ့်မယ်” “ကျုပ်စီးကြည့်ချင်တယ်” သူကြီးသည် ဝေဠုသုမနကို ခွင့်ပြုလိုက်ရတော့သည်။

ဝေဠုသုမနသည် သိန္ဓောမြင်းအနီးသို့ ချဉ်းကပ်သွား၏။ မြင်းကလည်း လူကိုပြန်၍ အကဲခတ်၏။ အတန်ကြာအောင် တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေကြပြီးမှ ဝေဠုသုမနက ကျွတ်ကျွတ်အသံပြုလျက် စုတ်သပ်၏။ မြင်းကခပ်တိုးတိုး တစ်ချက်ဟီလိုက်သည်။

ထို့နောက် ဝေဠုသုမနသည် မြင်းလည်ဆံမွေးများကို ပွတ်သပ်ပေးလိုက်၏။ သိန္ဓောမြင်းက နားရွက်များကို စွင့်မတ်နေအောင် ထောင်ကာ ငြိမ်သက်နေ၏။ ဝေဠုသုမနသည် ဟေးခနဲ တစ်ချက်အော်လိုက်ပြီးနောက် မြင်း၏ ကျောကုန်းပေါ်သို့ လွှားခနဲ ခုန်တက်လိုက်တော့သည်။ သိန္ဓောမြင်းသည် တဟုန်တိုးခုန်ပေါက်၍ ပြေးလေတော့၏။

မြင်းတင်းကုပ်ကို လှည့်ပတ်ပြေးနေရာ ညဥ့်အခါ၌ လျှင်စွာ ဝင့်သော မီးတန်းအစဉ်ကြီးပမာ တရိပ်ရိပ်ဖြစ်နေသည်။ ထို့နောက် ရွာအပြင်သို့ ကဆုန်စိုင်းထွက်သွားကြသည်။ ရွာကိုပတ်လျက် တဟုန်ထိုး ပြေးနေသော မြင်းကြီးနှင့် မြင်းပေါ်မှ ဝေဠုသုမနတို့ကို ရွာသားများ သဲသဲကွဲကွဲ မမြင်ရ။ ပုဝါရှည် ကြီးဆွဲမွှေ့ယမ်းနေသလို တစ်ဆက်တည်းဖြစ်နေသော အရိပ်ကိုသာ တွေ့ကြရသည်။

ဝေဠုသုမနသည် ဂုစ်ခနဲဂုစ်ခနဲ ပြေးနေသော မြင်းကျောန်းပေါ်တွင် မတ်တပ်ရပ်လျက်၊ စောင့်ကြောင့်ထိုင်လျက်စီးပြ၏။ ဦးခေါင်းပေါင်းပြ၏။ ပုဆိုးကိုဝတ်ပြ၏။ တစ်ခါတစ်ရံ မြင်း၏ ဝမ်းဗိုက်အောက်မှာ ခိုလျက်လိုက်သွားပြီး တစ်ခါတစ်ရံ ဘေးတွင်ကပ်လျက် လိုက်ပါသွား၏။

ရွာသူရွာသားတို့၏ တစ်ခဲနက်ကြွေးကြော်သံမှာ မိုးယံအပြည့် ပဲ့တင်ထပ်ရုံသာမက ကောင်းကင်ကြီး ပွင့်ထွက်တော့မတတ်။ ဂီရိရွာ

စား သူကြီးသည် ဝေဠုသုမနအား ကာကဝဏ္ဏတိဿမင်းကြီးထံသို့ ပို့ဆက်လိုက်ရာ ရှေးနည်းအတိုင်းပင် သားတော်ဂါမဏိမင်းသားထံ ရောက်ရှိခဲ့လေသည်။

နောက်သူရဲကောင်း၏ အမည်မှာ ဒေဝဖြစ်၏။ ဒေဝသည် နကုလနာဂရက္ခာ ဇနပုဒ်၊ မဟိဒ္ဒဒေါဏိကရွာနေ၊ အဘယသူကြွယ်၏ သားသုံးယောက်အနက်မှ အထွေးဆုံးသားဖြစ်သည်။ ဒေဝမှာ ဘဝကံ အကြောင်းမလှသဖြင့် သူတကာလိုမဟုတ်ဘဲ ခြေခွင်နေ၏။ထို့ကြောင့် သူ့ကို ခဉ္စဒေဝဟု ခေါ်ကြသည်။

ခြေခွင်နေသော်လည်း ခဉ္စဒေဝသည် ဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ အစွမ်းပြလေတော့သည်။ ရွာသူရွာသားများ၊ မုဆိုး များနှင့်အတူ သမင်တောသို့ တောလိုက်ထွက်ခဲ့ရာမှ သူငယ်၏ အစွမ်း ကို စတင်တွေ့ရခြင်းဖြစ်၏။

ခြေခွင်နေသော ခဉ္စဒေဝသည် စိုင်ကြီး၊ ကျွဲကြီးများနှင့်အတူ ယှဉ်လျက်ပြေးလိုက်ကာ တောကောင်၏ ခြေနှစ်ဖက်ကို ဆွဲကိုင်မြှောက် ၍ ဂုံညင်းဒိုးသဖွယ် အထက်သို့ မြှောက်ပစ်လိုက်၏။ အချို့တောကောင် ကြီးများကိုမူ ဦးချိုမှကိုင်၍ မြေ၌ ပစ်ရိုက်လိုက်ရာ အပိုင်းပိုင်းအစစ ဖြစ်သွား၏။ ခဉ္စဒေဝသည်လည်း ဂါမဏိမင်းသား၏ သူရဲကောင်းအဖွဲ့ ဝင် ဖြစ်လာလေသည်။

'ဖုဿဒေဝ'အမည်ရှိ သူရဲကောင်းကားလေးသည်ကျော် ဖြစ် ၏။ သူသည် သဃ်ပိဋ္ဌရွာမှ ဥပ္ပလ၏သားဖြစ်ပြီး အသက်ဆယ့်နှစ် နှစ်အရွယ်ကပင် အစွမ်းပြခဲ့သူလည်း ဖြစ်၏။ သူ၏ကစားဖော်များနှင့် ကျောင်းသို့သွားရာတွင် ဗောဓိပင်၌ ပူဇော်ထားသော ခရုသင်းကို ဖုဿ ဒေဝယူ၍ မှုတ်လေသည်။ ခရုသင်းအသံမှာ ကျယ်လောင်စူးနစ်ရုံသာမက မိုးကြိုးထစ်သကဲ့သို့ ဖြစ်သောကြောင့် ကစားဖော်သူငယ်တို့မှာ အလန့် တကြား ထွက်ပြေးသူကပြေး၊ မိန်းမော်သူကမိန်းမော ဖြစ်ကုန်ကြ၏။ ဤအချိန်မှစ၍ သူ့ကို 'ဥမ္မာဒဖုဿ ဒေဝ'ဟု ခေါ်ကြတော့သည်။

သူ့ဘခင် ဥပ္ပလသူကြီးမှာ လေးသည်ကျော်မျိုးရိုးမှ ဆင်းသက်လာသူဖြစ်လေရာ သားကိုလည်း လေးအတတ်သင်ကြားပေးလေသည်။ ဖုဿဒေဝသည် ဘိုးစဉ်ဘောင်ဆက် လေးသည်ကျော်များ၏ အစဉ်အလာကို ဆက်ခံရုံမျှမက ထိုအစဉ်အလာအားလုံးကို ကျော်လွှားလွန်မြောက်သွားလေသည်။

အသံကြားရုံမျှဖြင့် ထိမှန်ခွဲဝေအောင် ပစ်တတ်သော သဒ္ဒဝေဓိအတတ်၊ လျှပ်စစ်ရောင်တစ်ချက်အလက်တွင် မှန်အောင်ပစ်နိုင်သော ဝိဇ္ဇုဝေဓိအတတ်၊ ရှေ့မှမြားကို နောက်မြားဖြင့် မှန်အောင်ပစ်နိုင်သော သရဝေဓိအတတ် သားမြီးများကိုပင် ထက်ခြမ်းကွဲအောင်ပစ်နိုင်သော ဝါဠဝေဓိအတတ် စသည်များမှာ ယခင့်ယခင်က ကြားဖူးနာဝရှိခဲ့သော အတတ်များသာဖြစ်သော်လည်း ဖုဿဒေဝသည် ထိုအတတ်တို့ကို မျက်ဝါးထင်ထင် ပြနိုင်ခဲ့၏။

ထိုမျှသာမက သဲအပြည့်တင်ထားသော လှည်းကို ထွင်းဖောက်ပစ်နိုင်ခြင်း၊ ထူထဲစွာ အထပ်ထပ်စီမံထားသော သားရေထုကြီးကို ဒိုးယိုပေါက် ဖောက်ထွင်းအောင်ပစ်နိုင်ခြင်း၊ ရှစ်သစ်ထုသော ပိတောက်နှစ်ကို ထွင်းဖောက်ပစ်နိုင်ခြင်း၊တစ်ဆယ့်ခြောက်သစ်ထုသော ရေသဖန်းပျဉ်ကို ထွင်းအောင်ပစ်ခြင်း၊ လက်နှစ်သစ်အထုသံပြား၊ လက်လေးသစ်ထုကြေးနီပြားကို ထွင်းအောင်ပစ်နိုင်ခြင်း စသော အံ့မခန်း အစွမ်းများကိုလည်း ပြခဲ့၏။

ကုန်းတက်၌ မြားကိုလွှတ်သောအခါ တစ်ဥသဘတိုင်သွားစေပြီး ရေအထု၌လည်း တစ်ဥသဘတိုင်သွားစေ၏။ လေးသည်ကျော်ဖုဿဒေဝလည်း ဂါမဏိမင်းသားထံ ရောက်လာလေ၏။

နောက်တစ်ဦးဖြစ်သော ဝသဘအကြောင်းမှာလည်း ပြောစမှတ်ပင် ဖြစ်၏။ ဝိဟာရဝါပိရွာသားဝသဘသည် ရုပ်ဆင်းအင်္ဂါတင့်တယ်သူဖြစ်သည်။ ရုပ်ရည်ချောမောသောဝသဘ၌ ယောကျ်ားကောင်းတို့၏ အစွမ်းရှိနေမည်ဟု မည်သူမျှ မထင်ကြ။ သို့သော် အသက်နှစ်ဆယ်ရောက်သောအခါ ဝသဘ အစွမ်းပြတော့၏။

ဝိဟာရဝါပိရွာ၌ လယ်လုပ်ငန်းအတွက် ရေမလုံမလောက်ဖြစ်ရာမှ ဝသဘ၏အစွမ်းကို သိလာရခြင်းဖြစ်သည်။ ရေသွင်းရန်ရေကန်များ တူးကြရာ ဝသဘသည် မိမိနှင့်သက်တူရွယ်တူ လူနှစ်ကျိပ်တို့နှင့်ပြိုင်၍ ရေကန်တူးပြလိုက်၏။ ကျန်အဖွဲ့က ရေကန်တူး၍မပြီးမီ ဝသဘတစ်ဦးတည်း တာဝန်ယူထားသော လုပ်ကွက်၌ ကန်တူးပြီးသားဖြစ်သွား၏။ ဤသတင်းက ထင်ရှားပျံ့နှံ့သွားပြီး၊ ကာကဝဏ္ဏတိဿမင်းကြီးကြားသောအခါ ခေါ်ယူချီးမြှောက်လျက် သားတော်ဂါမဏိထံ ပို့ဆောင်လိုက်လေသည်။

ဤသို့ဖြင့် ဂါမဏိမင်းသားထံတွင် လက်ရွေးစင် သူရဲကြီးတစ်ကျိပ်အဖွဲ့သည် စုရုံးရောက်ရှိလာကြ၏။ နန္ဒိမိတ္တ၊ သူရနိမိလ၊ မဟာသောဏ၊ ဂောဋ္ဌတိမ္ဗရ၊ ထေရပုတ္တာဘယ၊ ဘရဏ၊ ဝေဠုသုမန၊ ခဉ္ဇဒေဝ၊ ဖုဿဒေဝ၊ ဝသဘ တည်းဟူသော လူစွမ်းကောင်းဆယ်ဦးတို့သည် ဂါမဏိမင်းသားထံတွင် ခစားကာ ပြိုင်ဘက်ကင်းသော လူစွမ်းကောင်းအဖွဲ့ကြီး ဖြစ်လာလေသည်။ ကာကဝဏ္ဏတိဿမင်းကြီးသည် သားတော်၏ အခြံအရံအင်အားကို ပို၍ ကြီးထွားတောင့်တင်းစေရန်အတွက် နောက်ထပ်တစ်ခု ထပ်မံစီမံပြန်၏။ ယင်းကား တစ်ကျိပ်သော သူရဲကောင်းတို့အား တစ်ဦးလျှင် နောက်ထပ်တစ်ကျိပ်စီသော သူရဲကောင်း အမှုထမ်းများကို စုရုံးခန့်ထားရန် အမိန့်ထုတ်လိုက်ခြင်းပင်ဖြစ်၏။

ဤသို့ဖြင့် မူလတစ်ကျိပ်အဖွဲ့ကို အခြေခံလျက် တစ်ရာနှင့်တစ်ကျိပ်သော သူရဲကောင်းအဖွဲ့ကို ဖွဲ့စည်းမိပြန်သည်။ ထပ်မံ၍ ထိုတစ်ရာတို့အားတစ်ယောက်လျှင် တစ်ကျိပ်စီရှာဖွေစုရုံးစေပြန်ရာ နောက်ဆုံးတွင် လက်ရွေးစင်သူရဲအဖွဲ့ တစ်သောင်းတစ်ထောင့်တစ်ရာတစ်ကျိပ်အထိ တိုးပွားလာခဲ့သည်။

ဂါမဏိမင်းသား၏ လူစွမ်းကောင်းအဖွဲ့ကြီးကား အရေအတွက်အားဖြင့် များပြားသည်သာမဟုတ် အရည်အချင်းအားဖြင့်လည်း

သူမတူသော သူရဲကြီးတစ်ကျိပ်အပေါ် အခြေခံလျက် စိတ်ကြိုက်ရွေးချယ် စုရုံးဖွဲ့စည်းထားသည်ဖြစ်သောကြောင့် လင်္ကာဒီပဒေသ၏ တုဘက်ကင်းသော သူရဲကောင်းအဖွဲ့ကြီး ဖြစ်လာလေသည်။

ဂါမဏိမင်းသားသည် မိမိ၏ သူရဲကောင်းအဖွဲ့ကြီးကို ကြည့်လျက်အားရနှစ်ခြိုက်စွာ ဆို၏။ "ဒီလို သူရဲကောင်းတွေကို ရထားပြီးတဲ့ ငါ့အဖို့ နန်းတော်ထဲမှာပဲ နေနေလို့ အကျိုးမထူးဘူး၊ သူရဲကောင်းများကို ရထားတဲ့ မင်းသားဆိုတာ၊ ယောကျ်ားကောင်း စစ်သည်တို့အတတ်နဲ့ အမြဲထုံမွှမ်းနေရမယ်၊ ဒီတော့။ မင်းသားသည် လက်ရုံးကိုဆန့်တန်းလျက် "ညီတော်တိဿမင်းက ခမည်းတော် မင်းကြီးအနားမှာနေပြီး သင့်မြတ်တဲ့ဗိုလ်ပါရဲမက်တွေနဲ့ စီမံအုပ်ချုပ်။ ငါကတော့–ငါ့သူရဲတွေနဲ့အတူ မဟာဂါမမှာပဲနေမယ်၊ မဟာဂါမမှာပဲ ဆင်စီးမြင်းစီး လေးပစ်လှံထိုး အတတ်တွေလေ့ကျင့်နေတော့မယ်။ ခမည်းတော်လည်း ဒါကိုသဘောကျမှာပါ။

မဟာဂါမသည် ဂါမဏိမင်းသား၏ စစ်ရေးလေ့ကျင့်ရာ စခန်းကြီးဖြစ်လာ၏။ အမြဲမပြတ်သော တိုက်ရေးခိုက်ရေးလေ့ကျင့်မှုတို့ဖြင့် အချိန်ပြည့် စည်ကားလှုပ်ရှားနေသော လူစွမ်းကောင်းတို့ဒေသကြီး ဖြစ်လာ၏။ ကာကဝဏ္ဏတိဿ မင်းကြီးကလည်း သားတော်ကြီး၏ ထက်မြက်နိုးကြားမှုကို အတိုင်းမသိသဘောကျ ကျေနပ်နေသည်။

အချိန်ကာလများနှင့်အတူ ဂါမဏိမင်းသား၏ လက်ရုံးအစွမ်းတို့သည်လည်း ဖွံ့ဖြိုးတိုးပွားလာ၏။ လူစွမ်းကောင်းတို့ဖြင့်သာ အချိန်ပြည့်နေထိုင်ပြီး အချိန်ရှိသရွေ့ တိုက်ရည်ခိုက်ရည်တို့ဖြင့်သာ ဖွဲ့စည်းရှင်သန်နေသော ဂါမဏိ၏ နှလုံးသားမှာလည်း စစ်သည်တော် နှလုံးသားဖြစ်လာခဲ့၏။ ခွန်အားအစွမ်းတို့ဖြင့် ပြည့်နှက်လာသော ထိုနှလုံးသားသည် တစ်စုံတစ်ရာကို မျှော်လင့်တောင့်တလာ၏။ ထိုအရာကား 'စစ်'ဖြစ်၏။

"ဂင်္ဂါမြစ်ရဲ့ ဒီဘက်ကမ်းနယ်ပယ်မှာပဲ ငါတို့နေထိုင်ရတယ်၊

ငါ့မှာလင်္ကာဒီပ ဒေသကိုလွှမ်းပြီး ဇမ္ဗူဒိတ် အလုံးနဲ့ပါ ယှဉ်ပြိုင်စစ်ထိုးနိုင်တဲ့ စစ်အင်အားရှိနေပြီ ငါကိုယ်တိုင်လည်း စစ်သည်ကောင်းတို့ရဲ့ အတတ်အလုံးစုံနဲ့ ပြည့်ဝနေပြီ၊ တစ်သောင်းတစ်ထောင့်တစ်ရာနဲ့ တစ်ကျိပ်ရှိတဲ့ လက်ရွေးစင်ပြိုင်ဘက်ကင်း လူစွမ်းကောင်းအဖွဲ့ကြီးရဲ့ အကြီးအမှူးအဖြစ် ငါအခုလိုနေရခြင်းမှာ တစ်ခုခုဟာ အဓိပ္ပာယ်မဲ့နေတယ်။ သူရဲကောင်းဖြစ်နေပြီး အဲဒီသူရဲကောင်းဟာ မိမိရဲ့အစွမ်းကို လေ့ကျင့်ပြုစုခြင်းနဲ့သာ အချိန်ကုန်နေရင် ဒါဟာအချည်းနှီးပဲ ဒါကို အသုံးချမှဖြစ်မယ်၊ အသုံးချစရာ နေရာလဲရှိနေတယ်” ဇဋ္ဌာရကျေးမင်းတို့ကို ဂါမဏိမင်းသား မြင်ယောင်လာ၏။

“ငါဘာကြောင့် ကျေးမင်းတို့ကို စစ်မထိုးဘဲ နေရမှာလဲ” ဂါမဏိမင်းသားသည် ခမည်းတော်မင်းကြီးထံသို့ အခစားဝင်ခဲ့လေသည်။

* * *

# ဂါမဏိမှ ဒုဋ္ဌဂါမဏိသို့

မဟာဂါမ၌ စခန်းချနေထိုင်ကာ လူစွမ်းကောင်းတစ်ကျိပ် စစ်သည်တော်တစ်သောင်း တစ်ထောင်တစ်ရာတို့နှင့်အတူ အချိန်နှင့်အမျှ စစ်ရေးလေ့ကျင့်နေသော သားတော်ဂါမဏိမင်းသား ရွှေနန်းတော်သို့ အခစားဝင်လာပြီဟု ကာကဝဏ္ဏတိဿမင်းကြီး သတင်းရ၏။ သားတော်ကြီးသည် စစ်ရေးအတွက် တစ်ခုခုကို ခွင့်ပန်တော့မည်ဟု မင်းကြီးကြို တွက်လိုက်သည်။ ဤတစ်နေ့သို့ ရောက်လာမည်ကို မင်းကြီးကြိုသိထားပြီးပင် ဖြစ်သည်။ ထို့ကြောင့် ရှေ့တော်မှောက်ရောက်လာသော သားတော်ကြီးအား မျက်နှာထားတင်းတင်းနှင့်ပင် ရင်ဆိုင်လိုက်၏။

"မင်းကြီးထင်သည့်အတိုင်းပင် ဖြစ်လေသည်။ ဧဠာရကျေးမင်းတို့နဲ့ စစ်ထိုးပါရစေ ခမည်းတော်မင်းမြတ်၊ ဂင်္ဂါမြစ်ရဲ့ ဟိုမှာဘက်နယ်ပယ်ဒေသများကို သိမ်းပိုက်ပါရစေ" ဂါမဏိမင်းသားက သွယ်ဝိုက်မနေတော့ဘဲ လိုရင်းကိုကြားလျှောက်ခွင့်တောင်းသည်။ မင်းကြီးသည် မျက်နှာထားတင်းမာစေကာမူ အကျိုးသင့်အကြောင်းသင့်ကို ပြန်လည်ရှင်းလင်းပြ၏။ "ဂါမဏိရေးကောင်းမှု အစွမ်းနဲ့ ငါတို့ဟာ ဂင်္ဂါရဲ့ ဤမှာဘက်နယ်ပယ်ကို အုပ်စိုးလွှမ်းမိုးနေကြပြီ၊ သည်မှာနဲ့ပဲ တင်းတိမ်ရောင့်ရဲပါ။

ဟိုမှာဘက်သွားပြီး စစ်မထိုးပါနဲ့ ဂါမဏိ” ဂါမဏိ၏အသွင်မှာ ကျိုက်ကျိုက်ဆူကာနီး ရေနွေးအိုးကဲ့သို့ ဖြစ်နေသည်။ ခမည်းတော်အားကြား လျှောက်ခွင့်ပန်ခြင်းမှာ ခမည်းတော်ထံမှ ခွင့်ပြုချက်ကို တောင်းဆိုခြင်း အဓိကမဟုတ်မူဘဲ၊ ကြားသိစေခြင်းသာ ဖြစ်သည်ဟူသော လေသံမျိုး။

“သားတော်ကိုယ်တိုင်ကလည်း၊ ဆင်စီး၊ မြင်းစီး၊ လေးပစ်၊ လှံထိုး အတတ်မှာ ကုံလုံပြည့်စုံနေပါပြီ ခမည်းတော်လက်ရွေးစင် သူရဲကြီးတစ်ကျိပ်နဲ့၊ တစ်သောင်းတစ်ထောင်တစ်ရာရှိတဲ့ စစ်သည်တော်တို့ရဲ့ လက်ရုံးတော်တွေထဲမှာလည်း တိုက်ရည်ခိုက်ရည်သွေးတွေနဲ့ ဆူဝေပြည့်ဝနေပါပြီ သားတော် စစ်ထိုးပါရစေ” “စစ်မထိုးပါနဲ့ သားတော်”

ဒုတိယအကြိမ် ခွင့်တောင်းခြင်းနှင့် ဒုတိယအကြိမ်ငြင်းပယ်ခြင်း ဂါမဏိ၏ထူထဲသော မျက်ခုံးများ တွန့်သွားကြ၏။ မျက်နှာပြင်မှာလည်း သွေးရောင်လွှမ်းသဖြင့် နီးမြန်းနေသည်။

ဂင်္ဂါရဲ့ ဟိုမှာဘက်ကို စစ်ထိုးချင်တယ် ဆိုတဲ့နေရာမှာ ဆူဝေတဲ့စစ်သွေးတွေကို ဖောက်ထုတ်ဖွင့်ဟဖို့ သက်သက်မဟုတ်ပါဘူး ခမည်းတော် ဋ္ဌောရကျေးမင်းတွေရဲ့ သာသနာ့ရန်စွယ် ဆူးငြောင့်ကို ဖယ်ရှားခုတ်ထွင်ပစ်ချင်တဲ့ ဆန္ဒလည်းရှိနေပါတယ်။ သားတော်စစ်ထိုးပါရစေ”

“သားတော် စစ်မထိုးပါနဲ့”

တတိယအကြိမ် ငြင်းပယ်လိုက်ခြင်းဖြစ်၏။ သုံးကြိမ်တိုင်ငြင်းပယ်ခဲ့လေပြီ။ ဂါမဏိမင်းသား၏ မျက်လုံးများမှာ အရောင်ထွက်မတတ်ရှိနေ၏။ မယ်တော်ကြီးမှာ သားအဖနှစ်ယောက်ကြားမှ တင်းမာသောအခြေအနေကြောင့် စိုးရိမ်ထိတ်လန့်နေလေသည်။

မယ်တော်ကြီး၏ မျက်စိထဲမှာမူ ထွားကြိုင်းသန်မာလှသောသားတော်ကြီး ဂါမဏိကိုမမြင်၊ တစ်ဆယ့်နှစ်နှစ်အရွယ်ကလေးငယ်လေးတစ်ယောက်သာ မြင်နေ၏။ အိပ်ယာထက်၌ ကွေးကွေးလေး အိပ်နေသောသားငယ် ဘာကြောင့် ကွေးကွေးလေးအိပ်နေရတာလဲ သားဟုမေးသောအခါ ဖြေခဲ့သော---။ “ဂင်္ဂါမြစ်ရဲ့ ဟိုမှာဘက်မှာ၊ ကျေးလူမျိုးတို့

နေကြတယ်။ ဂေါင္ဇအသုဒ္ဓရာဟာလည်း အိမ်ရဲ့အနီးမှာပဲနေတယ်။ သား အတွက် အိပ်ယာကျဉ်းကျပ်လှလို့ လက်မဆန့်သာကွေးလို့ အိပ်ရပါ တယ်”သားတော်ဂါမဏိသည် ဘယ်တော့မှ နောက်ဆုတ်မည့် ယောက်ျား မဟုတ်ကြောင်း။ ဝိဟာရဒေဝီမိဖုရားကြီး သိထားသည်။ မောင်တော် ကာကဝဏ္ဏတိဿမင်းကြီးကလည်းဆိုခဲစေ မြဲစေယောကျ်ားမျိုး၊ ခေါင်း မာသောသားအဖတို့ ထိပ်တိုက်ရင်ဆိုင်တွေ့နေပေပြီ။

သားနှင့်အဖတို့သည် အတန်ကြာမျှ တစ်ယောက်ကိုတစ် ယောက် မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေကြ၏။ အကြည့်နှစ်ခု က အပြန်အလှန်ထွင်းဖောက်သွားကြတော့မတတ်။ မယ်တော်ကြီးသည် တင်းမာနေသော အခြေအနေကြားတွင် ပြေရာပြေကြောင်း တစ်ခုခုဝင် ပြောရန် စိတ်ကူးလိုက်၏။ သို့သော် မည်သည့်စကားတစ်ခွန်းမျှ ပြောခွင့် မရတော့ချေ။ အကြောင်းမှာ ဂါမဏိမင်းသားသည် နန်းရင်ပြင်မှ ရုတ်ခနဲ ထကာ လှည့်ထွက်သွားသောကြောင့်ဖြစ်၏။ ကာကဝဏ္ဏတိဿမင်းကြီး သည် သားတော်၏နောက်ကျောပြင်ကို မျက်စိ ဆုံးလိုက်ကြည့်ရင်း၊ မလှုပ်မရှားကျန်ရစ်ခဲ့သည်။

အနိဋ္ဌာရုံအနံ့အသက်ကိုမယ်တော်ကြီးရှူရှိုက်မိလေသည်။ ဘုရား–ဘုရား–ဒီသားအဖကြား၊ ဒီညီအစ်ကိုတို့အကြားတင်းမာပြင်း ထန်မှု ထပ်မပေါ်ပါစေနဲ့။ သမာဒေဝနတ်မြတ်တို့ စောင့်ရှောက်တော်မူ ကြပါ။ ဝိဟာရဒေဝီမိဖုရားကြီး၏ ရင်ထဲမှ ဆုတောင်းသံပင် ဖြစ်ပေ သည်။

ရွှေပန်းကနုတ်ဖော်ထားသော သေတ္တာအဖုံးကို ဖွင့်လိုက်၏။ အထဲမှ ထွက်လာသော ပစ္စည်းများကား ရွှေခြည်ဖောက်ပဝါ၊ ကတ္တီပါ ခြုံထည်၊ ရွှေနန်းခတ်ထားသော ပုလဲလုံးများစီသည့် အပေါ်ရုံသိုင်းတဘက်၊ ပုလဲခါးစည်းကြိုး၊ ထို့နောက် ရွှေရောင်ပန်းပွင့်များ အကွက်ဖော် ယက်လုပ် ထားသည့် ထဘီ။

“ဒါတွေက ဘာလဲ”

မင်းကြီးက ခပ်ငေါက်ငေါက်မေးသည်။ အမတ်ငယ်သည် ခေါင်းမဖော်စတမ်းငုံ့ထားရင်း တုန်ရီသောအသံဖြင့် "သေတ္တာရဲ့ အဖုံး အတွင်းဘက်ကို ရှုစားတော်မူပါလို့၊ ဂါမဏိသခင်ကိုယ်တော်ကြီးက အမှာတော်ပါးလိုက်ပါတယ် အရှင်မင်းမြတ်" ဟု လျှောက်၏။ ကာက ဝဏ္ဏတိဿမင်းကြီးသည် ရွှေသေတ္တာ၏ အဖုံးအတွင်းဘက်ကို ငုံ့ကြည့် လိုက်လေသည်။

ခမည်းတော်အတွက် သားတော်ဂါမဏိဆက်သသော ပဏ္ဏာ တော်။ မင်းကြီး၏ မျက်နှာသည် သွေးဆုတ်သလိုဖြူသွား၏။ ထို့နောက် ချက်ချင်းပင် နီမြန်းလာလေသည်။ ဒေါသ၏အရှိန်ဖြင့် ပါးပြင်နှင့် မျက်ရစ်မှ အသားစိုင်အရေပြားတို့ ဆတ်ဆတ်လှုပ်ခါလာကြ၏။

"အဆုံးစွန်သော စော်ကားမှု သင်းက ငါ့ကို" အားကြီးသော အချက်ကြောင့် မင်းကြီးစကားကို ဆုံးအောင်မပြောနိုင် စစ်ထိုးခွင့်ပြု ရန် ခွင့်ပန်ခဲ့ခြင်းကို ငြင်းပယ်ပစ်ခဲ့သောကြောင့် ဂါမဏိမင်းသားက ခမည်းတော်အပေါ် ထိုးနှက်စော်ကားလိုက်ခြင်းပင်၊ မိန်းမသူတို့၏ အသုံး အဆောင်ဖြစ်သော ပုဝါ၊ ခြုံထည်တဘက်၊ ခါးစည်းကြိုးနှင့်ထဘီတို့က သေတ္တာထဲမှ အပြင်တစ်ဝက် အထဲတစ်ဝက်ဖြင့် လှောင်ပြောင်နေကြ ၏။ ငါ့ခမည်းတော်ယောကျ်ားစကားကိုမဆို။ ထို့ကြောင့် မိန်းမတို့၏ အသုံးတန်ဆာများဖြင့်သာ ထိုက်တန်သည်ဟူသော ရိုင်းပြစော်ကားသည့် အပြုအမူ။

"အဖကို ပြစ်မှားတဲ့သားအတွက် ငါကလဲ တုန့်ပြန်ဆုလာဘ် ပေးရမှာပေါ့ ကောင်းပြီ"

မင်းကြီးသည် အမျက်ဒေါသကို ငြိမ်သက်အောင် ဆောက် တည်သောအားဖြင့် ခေတ္တမျှမျက်လုံးမှိတ်ထားလိုက်ရ၏။ ရှေ့တွင် ပြားပြားဝပ်ခစားနေသည့် အမတ်ငယ်အဖို့ကား ထိုတဒင်္ဂသည်ပင် ငရဲ ခန်းဖြစ်တော့၏။

"ဖြတိုက်ဝန် လာစမ်း" ဖြတိုက်ဝန် ရောက်လာသည်။ "ဘုရင့်

သားတော်ဆိုတော့ ကြေးတို့၊ သံတို့နဲ့ မထိုက်တန်ဘူး၊ ရွှေပဲဖြစ်ရမယ်၊ ရွှေနဲ့လုပ်စမ်း၊ ခြေမျက်စေ့တွေကို ဆုပ်ကိုင်ချည်နှောင်မယ့်ရွှေခြေကျင်း တစ်စုံလုပ်စမ်း”

ဖြဲတိုက်ဝန်လည်း တုတ်တုတ်မျှ မလှုပ်ရဲ။ “အဖကို စော်ကား တဲ့ လူယုတ်မာ ပြစ်မှားတဲ့ လူမိုက် သင်းကိုယ်သင်း လက်ရွေးစင်သူရဲ ကြီးတွေအပေါ် အုပ်ချုပ်ရတယ်ဆိုပြီးတော့ ဂုဏ်မောက်နေတဲ့ စစ်ဘီလူး၊ စစ်သူရဲကြီး တစ်ကျိပ်ကို ဘယ်သူပေးလို့ သင်းရသလဲ၊ စစ်အင်အား အပြည့်နဲ့ စစ်အတတ်လေ့ကျင့်ဖို့ မဟာဂါမမှာ ဘယ်သူနေရာပေးထား သလဲ မွေးကျေးဇူး ကျွေးကျေးဇူးတွေမှမထောက် အဖထံကို မိန်းမအသုံး အဆောင်တွေ ပို့လွှတ်ရဲတဲ့ တိရစ္ဆာန်အတွက် ဆင်ရိုင်းကိုထူးခတ်သလို ခြေကျင်းနဲ့ ထူးခတ်ထားရုံကလွဲပြီး ဘာမှမရှိဘူး”

ကာကဝဏ္ဏတိဿမင်းကြီးအတွက် ဘယ်တုန်းကမျှ ဤမျှ လောက် ဒေါသအမျက်ချောင်းချောင်း မဖြစ်ပေါ်ဖူးခဲ့ပေ။ “ရွှေခြေကျင်း အမြန်လုပ် ငါ့အကြောင်း သင်း သိစေရမယ်”

* * *

ဂါမဏိမင်းသား၏ အမည်သည် ထိုအချိန်မှ စ၍ ဒုဋ္ဌဂါမဏိ ဟူသော အမည်သစ်သို့ ပြောင်းလဲသွားလေသည်။

“စစ်ထိုးဖို့ ခွင့်ပန်တာကို ငြင်းပယ်တဲ့အတွက် ဂါမဏိမင်း သားဟာ ခမည်းတော်မင်းကြီးထံကို ရွှေသေတ္တာနဲ့ မိန်းမအသုံးအ ဆောင်တွေ ပို့လွှတ်လိုက်သတဲ့ အဖအပေါ်မှာ ပြစ်မှားစော်ကားဆိုးသွမ်း တဲ့သားမို့ သူ့နာမည်ဟာ ဒုဋ္ဌဂါမဏိဖြစ်သွားပြီ” ဟုတ်ပါသော်ကော သူ့ဘာသာသူ လက်ရုံးစွမ်းအား ဘုန်းအာဏာကြီးပစေ အဖကိုဒီလို စော်ကားတာကတော့ အင်မတန်ကို ရိုင်းပြတာပဲ။ ဒုဋ္ဌဂါမဏိဆိုတဲ့ အမည်နာမဟာ သူနဲ့အလိုက်ဖက်ဆုံးပဲ။

ဂါမဏိ မင်းသားလည်း စိတ်လိုက်မာန်ပါ ပြုခဲ့ပြီးမှ မိမိ၏ အပြုအမူသည် တရားလက်လွတ်ဖြစ်သွားပြီဟု နောင်တရလိုက်၏။

သို့သော် လွန်ပြီးခဲ့လေပြီ။ ဒုဋ္ဌဂါမဏိဟူသော အမည်နာမကို အားလုံးက တညီတညွတ်တည်း အပ်နှင်းခေါ်ဝေါ်ကြပြီး ဤအမည်နာမသစ်နှင့်အတူ ခမည်းတော်မင်းကြီးသည် မိမိအားဖမ်းဆီးချုပ်နှောင်ရန် ရွှေခြေကျင်း လုပ်ထားပြီးပြီဟုလည်း ကြားသိလာသည်။

နှောင်တ၏နှိပ်စက်ခြင်းဖြင့် ထိတ်လန့်လာသည်။ မိမိကိုယ် မိမိစွပ်စွဲကဲ့ရဲ့ခြင်း အတ္တာနုဝါဒဘေး၊ သူတစ်ပါးတို့၏ စွပ်စွဲကဲ့ရဲ့မှုကို ခံရခြင်း၊ ပရာနုဝါဒဘေး၊ ခမည်းတော်မင်းကြီး၏ ဒဏ်ခတ်မှုကို မကြာ မီခံရတော့မည့် ဒဏ္ဍဘေး၊ ဤဘေးသုံးပါးတို့သည် ဂါမဏိအား ထိုးစိုက် နှိပ်စက်ကြကုန်ပြီ ဖြစ်၏။

ခမည်းတော်အား ကြောက်ရွံ့ခြင်းသည် အပြင်းထန်ဆုံးဖြစ် လေမည်။ မင်းပြစ်မင်းဒဏ်၏ ဆိုးဝါးခါးသီးမှုကို ကိုယ်တိုင်မင်းရာဇာ တစ်ဦးဖြစ်သော ဂါမဏိသည် အသိဆုံးဖြစ်လေသည်။ ထို့ကြောင့် ခမည်းတော်၏ ရွှေခြေကျင်းတို့မှ လွတ်ကင်းနိုင်ရန် ဂါမဏိသည် ကျေး ကျွန်အနည်းငယ်ကို စုစည်းပြီး မလယဇနပုဒ်ဆီသို့ ထွက်ပြေးသွား၏။ ဒုဋ္ဌဂါမဏိပြေးပြီဟူသော သတင်းသည်လည်း တိုင်းပြည့်အနှံ့ ရိုက်ခတ် သွားလေသည်။ ကာကဝဏ္ဏတိဿမင်းကြီးကား သားတော်၏ ရိုင်းပြ စော်ကားသော အပြုအမူကြောင့် အမျက်ဒေါသထွက်ခဲ့ရစေကာမူ အ မြော်အမြင်ကြီးလှစွာ၏။ ရွှေသေတ္တာနှင့် မိန်းမအသုံးအဆောင်များကို ပို့လွှတ်လိုက်သော အပြုအမူသည် ရိုင်းမိုက်စော်ကားသောအရာ ဖြစ် သော်လည်း သားတော်ဂါမဏိ၏ အခြေခံစိတ်ရင်းကိုမူ မင်းကြီးနား လည်ထားသည်။ ဂါမဏိသည် ရဲဝံ့ပြတ်သားသူ ဆူဝေလောင်မြိုက်သူ ဖြစ်၏။ ရန်းကြွသော စစ်သွေးများကို ဂင်္ဂါတစ်ဖက်ကမ်း ဋ္ဌောရကျေး မင်းတို့ထံ ဖောက်ခွဲရန်ကြံရွယ်ထားသူ ဖြစ်သည်။ ရည်ရွယ်ရင်း အခြေခံ ကိုမူ မှားသည်ဟု မင်းကြီးမဆုံးဖြတ်ရက်။ မိမိသည်လည်း အသက်အ ရွယ်အိုမင်းချေပြီ။ ငယ်သူတို့က တက်ကြွရှင်သန်လာနေတွင် မိမိကမူ ဤဘဝသက်တမ်း၏ နောက်ဆုံးအချိန်များဆီသို့ တရွေ့ရွေ့တိုးချဉ်း နေရပြီဖြစ်လေသည်။ ထို့ကြောင့် ထွက်ပြေးတိမ်းရှောင်သွားသော ဂါမဏိ၏

အရေးကို ကြောင့်ကြမစိုက်တော့ဘဲ အခြားအမှုတစ်ခုကိုသာ လုံးပမ်းလေတော့သည်။ ထိုအမှုကား မဟာနုဂ္ဂလ' စေတီတော်ကြီးကို အပြီးသတ်အောင်တည်ရေးပင်ဖြစ်၏။ စေတီတော်ကြီး ပြီးစီးအောင် ကြိုးပမ်းပြီးနောက် မင်းကြီးသည် စိတ္တလတောင်၌ သီတင်းသုံးတော်မူကြသော ရဟန်းတစ်သောင်း တစ်ထောင်၊ အခြားသောအရပ်ဒေသတို့၌ သီတင်းသုံးတော်မူသော ရဟန်းတစ်သောင်း နှစ်ထောင်စုစုပေါင်းနှစ် သောင်းလေးထောင်သော ရဟန်းတို့ကို ပင့်ဖိတ်စုရုံးစေ၏။ ရဟန်းတော်များအား ပရိက္ခရာရှစ်ပါးတို့ဖြင့် လှူဒါန်းကာ ထိုလှူဒါန်းပူဇော်ပွဲ၌ ထူးခြားသော အစီအမံတစ်ခုကို ပြုလုပ်လေသည်။ ထိုအရာကား သစ္စာပြုပွဲပင် ဖြစ်လေသည်။

ဂါမဏိမင်းသား၏ လက်ရွေးစင်သူရဲကြီးတစ်ကျိပ်တို့သည် မဟာနုဂ္ဂတစေတီတော်ကြီး ထီးတော်တင်ပွဲသို့ မင်းကြီးအမိန့်ဖြင့် တစ်စုတစ်ရုံးတည်း ရောက်ရှိနေကြရသည်။ မိမိတို့၏ သခင်ဂါမဏိမင်းသားသည် ဒုဋ္ဌဂါမဏိဟူသော အမည်သစ်ကို ပွေ့ပိုက်ကာ မလယဇနပုဒ်သို့ ထွက်ပြေးသွားခဲ့ပြီးနောက် သူရဲကြီးတစ်ကျိပ်တို့လည်း မင်းကြီးအမိန့်ဖြင့် နန်းတော်၌ စုရုံးခစားနေခဲ့ကြသည်။

ယခု စေတီတော်ကြီး ထီးတော်တင်ပွဲကြီးအပြီးတွင် မင်းကြီးသည် ရဟန်းတော် နှစ်သောင်းလေးထောင်အား ပရိက္ခရာရှစ်ပါးဖြင့် လှူဒါန်းပွဲ၌ မိမိတို့အား တစ်စုတစ်ဝေးတည်း ဆင့်ခေါ်ထားပြန်သည်။

နန္ဒိမိတ္တ၊ သူရနိမိလ၊ မဟာသောဏ၊ ကောတိမ္ဗရ၊ ထေရပုတ္တာဘယ၊ ဘရဏ၊ ဝေနုသုမန၊ ခဉ္စဒေဝ၊ ဖုဿဒေဝ၊ လဘိယျ၊ ဝသဘ သူရဲကြီးတို့သည် မိမိတို့အား မင်းကြီးဘာကြောင့် အမိန့်တော်ရ ပင့်ခေါ်ယူထားသည်ကို အစကနဦးက မသိကြ။

သံဃာတော်တို့ ရှေ့မှောက်၌ ဒူးတုပ်နေရာယူကြပြီးသည်တွင် မင်းကြီးသည် သူရဲတို့ကို အမိန့်မှတ်လေသည်။

"ငါ့သားတော်နှစ်ပါး တစ်စုံတစ်ခုသော အကြောင်းကြောင့် မသင့်မတင့်ခိုက်ရန် အချင်းများခဲ့ကြရင် သင်တို့သူရဲကြီးတွေဟာ ဘာကြောင့်နဲ့မှ တစ်ဦးဦးဘက်ကနေ ကူညီလိုက်ပါခြင်း မပြုကြနဲ့၊ တကယ်

လို့ ရှိင်းပင်းလိုက်ပါတယ်ဆိုရင်သင်တို့ကိုငါပေးသမျှကျွေးသမျှ ရိက္ခာအားလုံး အဆိပ်ဖြစ်ပြီး လတ်တလောသေစေသော်လို့ သံဃာတော်များရှေ့မှာ သစ္စာပြုကြရမယ်၊ ကျိန်ဆိုကြရမယ်” သူရဲကြီးတစ်ကျိပ်တို့သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ သက်ပြင်းသက်မချလျက်သစ္စာရေခွက်ကို ကိုင်လိုက်ကြလေသည်။

* * *

# ညီနောင်စစ်ထိုးပွဲ

ကာကဝဏ္ဏတိဿမင်းကြီး သက်တော် (၆၄)နှစ်ရခဲ့ပြီ။ တည်ခဲ့သောကောင်းမှုကုသိုလ်တော် စေတီကြီး၊ ကျောင်းကြီးများမှာလည်း ခြောက်ဆယ့်လေးဌာန ရှိ၏။ ခြောက်ဆယ့်လေးဟူသော ကိန်းဂဏန်းအရေအတွက်သည် မင်းကြီး၏ဘဝကို အဆုံးအဖြတ်ပေးသည့်အလား ကိုယ်တွင်းရောဂါဖြင့် ကြမ္မာကုန်ခဲ့လေသည်။

ဝိဟာရဒေဝီ မိဖုရားကြီးသည် မင်းကြီး၏ ရုပ်ကလာပ်ကို တင့်တယ်စွာပြင်ဆင်၍ယာဉ်ရထားဖြင့် ဆောင်ယူကာတိဿကျောင်းကြီး၌ထားတော်မူ၏။ သံဃာတော်တို့၏ အလှည့်ကျတရားပွဲကိုလည်း ကျင်းပ၏။

ခမည်းတော်၏ ဈာပနသို့ အလျင်အမြန်ရောက်လာသူမှာ ဒီဃဝါပိအရပ်၌ အခြေစိုက်နေထိုင်သော သားတော်ငယ်တိဿကုမ္မာ မင်းသားဖြစ်သည်။ ဒုဋ္ဌဂါမဏိကား မင်းပြစ်ဒဏ်ဖြင့် ရှောင်တိမ်းနေဆဲ။

ခမည်းတော်၏ အလောင်းကို ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးနောက် တိဿကုမ္မာသည် ရက်မဆိုင်းတော့ဘဲ မိမိဒေသ ဒီဃဝါပိသို့ ပြန်ခဲ့၏။ သို့သော်အပြန်တွင် မင်းသားငယ်သည် မယ်တော်ဝိဟာရဒေဝီကို ခေါ်

ဆောင်သွားခဲ့သည်သာမက ကဏ္ဍုလဆင်တော်ကိုပါ ဆောင်ကြဉ်းသွားခဲ့လေသည်။ ကဏ္ဍုလဆင်တော်ကား ဒုဋ္ဌဂါမဏီငယ်စဉ်ကတည်းက စီးခဲ့သော ဆင်တော်ဖြစ်၏။

များမကြာမီမှာပင် မလယဇနပုဒ်၌ ပုန်းခိုနေရသော ဒုဋ္ဌဂါမဏီထံသို့ သဝဏ်ရောက်လာသည်။ ထိုသဝဏ်ကို စေလိုက်ကြသူများမှာ မဟာဂါမနေပြည်တော်ရှိ မှူးမတ်များပင်ဖြစ်၏။ ထိုသဝဏ်တွင် ခမည်းတော်မင်းကြီး ကံတော်ကုန်ကြောင်း၊ အလောင်းတော်ကို ညီတော်တိဿကုမ္မာကိုယ်တိုင်လာရောက် ဦးစီး၍ ဖုတ်ကျည်းသင်္ဂြိုဟ်ကာ ဈာပနပွဲကို ကြီးမှူးကျင်းပခဲ့ကြောင်း၊ ဈာပနသဘင်အပြီးတွင် တိဿကုမ္မာသည် မယ်တော်နှင့် ကဏ္ဍုလဆင်ကိုဆောင်ယူကာ ဒီဃဝါပိသို့ ပြန်သွားကြောင်း အပြည့်အစုံရေးထားကြသည်။

ဒုဋ္ဌဂါမဏီသည် သဝဏ်ကိုဖတ်ပြီးနောက် ကြုံးဝါးလေသည်။

"ခမည်းတော်ကံတော်ကုန်ခဲ့ပြီ။ ငါ့အတွက် ခမည်းတော်လုပ်ထားတဲ့ ရွှေခြေကျဉ်း ထူးကြိုးဟာလည်း အချည်းနှီးဖြစ်သွားပြီ။ တိဿကုမ္မာကလည်း ဈာပနပွဲအပြီးမှာ မယ်တော်နဲ့ကဏ္ဍုလဆင်ကိုဆောင်ပြီး သူ့ဒေသသူပြန်သွားခဲ့ပြီ။ ဒါဟာ ငါ့ကိုကြောက်ရွံ့ခံ့ညားလို့ ဖြစ်တယ်။ ဒါပေမဲ့ မယ်တော်နဲ့ ငါ့ရဲ့ဆင်ကို သင်းယူသွားတာကတော့ ငါ့ကို တစ်နည်းတစ်ဖုံ စစ်သံပေးလိုက်တာပဲ။ အခုလောလောဆယ် ငါလုပ်ရမှာက အရှင်သခင်လစ်လပ်နေတဲ့ ထီးနန်းရာဇပလ္လင်ကို သိမ်းပိုက်ဖို့ပဲ။ မဟာဂါမက မှူးမတ်အားလုံးဟာ ငါ့ကို သဝဏ်စေပြီး အခေါ်လွှတ်တာပဲ"

ဗိုလ်ပါ အလုံးအရင်းဖြင့် ချီလာသော ဒုဋ္ဌဂါမဏီသည် ထီးနန်းအရိုက်အရာကို အလွယ်တကူပင် သိမ်းပိုက်နိုင်ခဲ့သည်။

* * *

အမှန်စင်စစ် ညီတော်တိဿသည် နောင်တော် ဒုဋ္ဌဂါမဏီအားကြောက်ရွံ့ခံ့ညားရင်းစွဲရှိသူ ဖြစ်၏။ သို့သော် ထိုကြောက်ရွံ့မှုများအပေါ် ဖုံးလွှမ်းထားသောမာန်မာနများဖြင့်မထေမဲ့မြင်ပြုရဲနေသည်။

နောင်တော်သည် ခမည်းတော်မင်းကြီးရှိစဉ်ကတည်းက ရာဇဝတ်သင့်ခဲ့သူ ဖြစ်သည်။ ထို့ကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူဖြစ်ရာ ခမည်းတော် ကံတော်ကုန်ချိန်တွင် နောင်တော်သည် အနီးမှာမရှိခဲ့။ မိမိသည်သာလျှင် မယ်တော်ကြီးဝိဟာရဒေဝီ၏ ဦးစီးမှုဖြင့် ဈာပနပွဲကို ကြီးမှူးခဲ့ရသည်။ အပြန်ခရီးတွင်မယ်တော်ကြီးကို ပင့်ဆောင်သွားခဲ့ရုံမက၊ ကဏ္ဍုလဆင်တော်ကိုပါ ခေါ်ဆောင်သွားနိုင်ခဲ့သည်။ ထို့ကြောင့် နောင်တော်အား ကြောက်သော်လည်း မိမိသည် အရေးပါအရာရောက်ဆုံး မင်းသားဖြစ်သည်ဟု တိဿကုမ္မာအနေဖြင့် မှတ်ယူလိုက်ခြင်းဖြစ်သည်။

နောင်တော်ဒုဋ္ဌဂါမဏိသည် မဟာဂါမထီးနန်းကို သိမ်း၍ အဘိသိက်ခံယူလိုက်ပြီဟု ကြားသိရသောအခါတွင်ကား၊ တိဿသည် ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ သို့သော် မိမိထံတွင် မယ်တော်ကြီးနေသည်။ ကဏ္ဍုလဆင်တော်ရှိနေသည်။ ကဏ္ဍုလဆင်တော်ကား ဒုဋ္ဌဂါမဏိ၏ စီးတော်ဆင်ဖြစ်၏။ သို့ဖြစ်၍ တစ်ဖက်က ကြောက်ရွံ့ရင်းစွဲရှိသော်လည်း အခြားတစ်ဖက်ကမူ နောင်တော်ကို အာခံလိုသည့် စိတ်ရှိနေပြန်လေသည်။

ဒုဋ္ဌဂါမဏိထံမှ စာတမန်ဖြင့်စေသော သဝဏ်သုံးစောင်တိတိရောက်ရှိလာသည်။ သဝဏ်များတွင် မယ်တော်နှင့်ဆင်တော်ကို ပို့လာရန် အမိန့်မှတ်ထား၏။ သို့သော် တိဿကုမ္မာသည် မည်သို့မျှလည်း မပြန်ကြား၊ မည်သို့မျှလည်း အရေးယူဆောင်ရွက်ခြင်းမပြုဘဲ နေလိုက်၏။

နောက်ဆုံးတွင်ကား စစ်သတင်းရောက်ရှိလာလေသည်။

"ဒုဋ္ဌဂါမဏိမင်း စစ်အင်္ဂါစုံညီဖြင့် စစ်ထိုးရန်ချီလာပြီ။ စုဠင်္ဂဏိယအပြင်၌ တပ်တော်စွဲချထားပြီ"

မလွဲမရှောင်သာတော့။ တိဿမင်းသားသည် ဒီဃဝါပိမှထွက်၍ စစ်မျက်နှာရင်ဆိုင်ရုံသာ ရှိတော့၏။ ဤကမ္ဘာလောကရှိ ရာဇဝံသဖြစ်ရပ်ဇာတ်လမ်းများတွင် မည်သို့မျှ မဆန်းကြယ်သော ဖြစ်ရိုးဖြစ်စဉ်

ကိစ္စဖြစ်၏။ ထီးနန်းအရိုက်အရာအတွက် မင်းညီနောင်တို့ စစ်ခင်းကြခြင်း။

သို့သော် ဒုဋ္ဌဂါမဏိနှင့်တိဿကုမ္မာညီနောင်တို့အကြား ဖြစ်ပွားသော ဤရာဇအောဏာရရှိရေး စစ်ပွဲ၌မူ တစ်မျိုးတစ်ဖုံဆန်းကြယ်မှုများ ပေါ်ပေါက်လာကြ၏။ ထိုဆန်းကြယ်မှုကား အခြားမဟုတ်။ မင်းညီနောင်တို့၏ သွေးဆာနေသော ဓားသွားလှံသွားများအကြားတွင် ကပ်သုံးပါးဘေးကို မရှုရက်နိုင်သော အဘိညာဉ်ရ ရဟန်းတော်များ ပါဝင်ပတ်သက်လာကာ စစ်ကို တားဆီးပယ်ဖျောက်ရန် ကြိုးစားတော်မူကြခြင်း ဖြစ်လေသည်။

စစ်မျက်နှာနှစ်ခု စတင်ရင်ဆိုင်တွေ့မိလျှင် တွေ့မိချင်း အသာစီးရလိုက်သူမှာ ညီတော်တိဿကုမ္မာဖြစ်၏။ ဒုဋ္ဌဂါမဏိ၏စစ်သည်တော်တစ်ထောင်တပ်မှာ တပ်ပျက်သွားခဲ့ပြီ။ ဒုဋ္ဌဂါမဏိကိုယ်တိုင်ပင် မြင်းတစ်စီးဖြင့် ပြေးခဲ့ရ၏။ တိဿကုမ္မာက ကဏ္ဍုလဆင်တော်ကို စီး၍ အပြင်းလိုက်သည်။ ဒုဋ္ဌဂါမဏိသည် တပ်ဖရိုဖရဲဖြစ်၍ ပြေးခဲ့ရသော်လည်း ညီတော်လိုက်လာသည်ကိုသိလျှင် ရင်ဆိုင်စီးချင်းထိုးရန် မြင်းကို ပြန်လှည့်လိုက်၏။

ကွင်းပြင်စစ်တလင်း ညီနောင်တို့ ရင်ဆိုင်ကြတော့မည်။ သို့သော် မယုံနိုင်စရာ အဖြစ်တစ်ခုပေါ်လာ၏။

ဟင်းလင်းပြင်ကွင်းကြီးအလယ်၌ ရုတ်ခြည်းမှုန်မှိုင်းသော အငွေ့များထောင်းထောင်းထလာပြီးနောက် ညချင်းပင် တောင်ကြီးတစ်လုံး ပေါ်ပေါက်လာသည်။ မြေအပြင်စုစုပုံ့ပုံ့မို့မောက်ကာ တောင်ပေါက်လာခြင်းမဟုတ်။ မည်သို့မည်ပုံ ရောက်လာမှန်းမသိသော တောင်ကြီးတစ်လုံးက ဘွားခနဲခြားလိုက်ခြင်း ဖြစ်၏။

ထူးခြားသော ဤအဖြစ်ကို တိဿမင်းသား ချက်ချင်းနားလည်သွား၏။ အဘိညာဉ်ရဟန်းတော်များက ညီနောင်တို့ မထိမပါးစေရအောင် တန်ခိုးဖြင့် ဖန်ဆင်းလိုက်ခြင်းပင် ဖြစ်လေသည်။ တိဿမင်းသားသည် တောင်ကိုဖြတ်ကျော်ရန် မကြိုးစားဘဲ ပြန်ဆုတ်သွား၏။

ဒုဋ္ဌဂါမဏိလည်း တောင်ခြားသည်မြင်သောအခါ အရှင်မြတ်တို့အစွမ်းဟု တပ်အပ်သိသောကြောင့် ကပ္ပကန္ဒရမြစ်ဆီသို့ ဆက်လက်မြင်းနှင်ခဲ့လေသည်။

ဇီဝမာလိဆိပ်သို့ ရောက်ချိန်တွင် ဒုဋ္ဌဂါမဏိသည် မောဟိုက်ပင်ပန်းနေပေပြီ။ စစ်ဦးစစ်မျက်နှာတွင် ရှုံးနိမ့်ခဲ့သောကြောင့် ညှိုးနွမ်းလျက်လည်း ရှိ၏။ ယမန်နေ့က စစ်ရေးကြောင့်ထမင်းတစ်နပ်မှ မစားခဲ့ရသဖြင့် အစာငတ်ရေငတ်ဖြစ်နေသည်။

ထို့ကြောင့် ဇီဝမာလိမြစ်ဆိပ်တွင် မြင်းကိုဖြုတ်ပြီးနောက် ခြေကုန်လက်ပန်းကျစွာ နားနေရင်း တိဿအမည်ရှိ အမတ်စစ်သည်ကို မေးလိုက်၏။

"တိဿ ငါမနေ့ကတည်းက ပွဲတော်မတည်ခဲ့ရဘူး။ စားစရာတစ်ခုခု မင်းရှာနိုင်မလား"

အမတ်စစ်သည်က စားနပ်ရိက္ခာကို ဖွင့်၍ "တစ်နပ်စာထမင်းတော့ ရှိနေပါသေးတယ် အရှင်"ဟု ဆိုကာ ရွှေခွက်တွင်ထည့်၍ ဆက်လေ၏။

ရွှေခွက်ထဲသို့ လက်နှိုက်တော့မည်ပြုပြီးမှ ဒုဋ္ဌဂါမဏိသည် ဆတ်ခနဲလက်ရုတ်လိုက်၏။ ရှုံးစစ်၏ချောက်ချားခြင်း၊ စစ်ပွဲမှ အသက်လုပြေးခဲ့ရခြင်း၊ မောပန်းနွမ်းနယ်ခြင်းတို့ကြောင့် သတိလက်လွတ်နီးနီးရှိသွားကြောင်း အချိန်မီ မိမိကိုယ်မိမိ ဆင်ခြင်လိုက်မိခြင်းကြောင့်ဖြစ်လေသည်။

တစ်ယောက်စာ တစ်နပ်စာမျှသာရှိသော ထမင်းကိုကြည့်ကာ ဒုဋ္ဌဂါမဏိသည် ပြတ်သားစွာ ပြောလိုက်၏။

"ငါဟာစားဦးစားဖျားကို မလှူဘဲစားလေ့ မရှိဘူး၊ ဘယ်လိုအခြေအနေမျိုးနဲ့ပဲ တွေ့ကြုံရစေ အလှူဦးကို ငါလှူခဲ့တာချည်း ဖြစ်တယ်။ ဒါကြောင့် တိဿ ဒီထမင်းကို လှူဖို့အတွက် တစ်စု၊ ကျန်တာကို ငါတို့အညီအမျှ ခွဲစားဖို့ အစုအဖို့ခွဲပါ"

တိဿအမတ်စစ်သည်သည် မိမိ၏အရှင်ကို လေးစားမြတ်နိုး

စွာကြည့်လျက် ထမင်းကိုအစုအဖို့ ခွဲခြားလိုက်၏။

"အလှူခံအရှင်တို့အတွက် ကြွေးကြော်ပင့်ဖိတ်ပါ တိဿ" ဒုဋ္ဌဂါမဏိမင်းအမိန့်အတိုင်း အမတ်စစ်သည် ဆောင်ရွက်ရ၏။ "မဟာဂါမပြည့်ရှင် ဒုဋ္ဌဂါမဏိမင်းကြီး၏စားဦးစားဖျား ထမင်းအလှူကို လှူဒါန်းပါ၏။ အကြင်သူတော်ကောင်းသူမြတ်အား ရည်စူး၍ လှူနေပါ၏။ ကြွရောက်အလှူခံတော်မူပါ"

ဤအသံကို ပိယင်္ဂုကျွန်း၌ သီတင်းသုံးသော ဂေါတမထေရ် ကြားတော်မူ၏။ မထေရ်မြတ်ကား ဒိဗ္ဗသောတနားအစွမ်းဖြင့် ကြားခြင်းပင်ဖြစ်၏။

သို့ဖြင့် ဂေါတမထေရ်သည် တပည့်ဖြစ်သော ကုဋ္ဌုမ္ဗိကတိဿထေရ်အား ဆွမ်းခံရန် စေလွှတ်လိုက်လေသည်။ ထိုမထေရ်မြတ်လည်း ကောင်းကင်ခရီးဖြင့်ကြွကာ ဒုဋ္ဌဂါမဏိမင်းအနီး၌ ဆွမ်းရပ်လေ၏။

မင်းကြီးမှာ အလွန်အကြူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ မထေရ်မြတ်ထံ အမတ်စစ်သည်ယူ၍ ကမ်းသော သပိတ်ထဲသို့ လှူရန် အဖို့ကိုသာမက မိမိစားရန် အစုကိုပါ လောင်းလှူလိုက်သည်။ အရှင်၏ အပြုအမူကိုမြင်သော အမတ်စစ်သည်ကလည်း မိမိ၏ဝေစုကို လောင်းထည့်ပြန်သည်။ ထိုမျှမက စီးတော်မြင်း၏ အမူအရာမှာလည်း စားရန်ငြင်းပယ်၍ လူများနည်းတူ လှူလိုသော အခြင်းအရာဖြင့် ပြပြန်သည်။

ဤသို့ဖြင့် မထေရ်မြတ်၏ သပိတ်သည် ဆွမ်းဖြင့်ပြည့်သွားခဲ့၏။ မင်းကြီး၊ အမတ်စစ်သည်မြင်း၊ မည်သူမျှ မိမိ၏ဝေစုအဖို့ကို မစားကြတော့။ ဒုဋ္ဌဂါမဏိသည် သပိတ်ကိုကိုယ်တိုင် မထေရ်မြတ်အား ဆက်ကပ်လိုက်လေသည်။ ကုဋ္ဌုမ္ဗိကတိဿထေရ်လည်း သပိတ်ကိုယူ၍ ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားလေသည်။

ဆန်းကြယ်သောအခြင်းအရာများ ဆက်လက်ပေါ်ပေါက်လာ၏။ တပည့်ကုဋ္ဌုမ္ဗိကတိဿထေရ်ကပ်သော သပိတ်ကိုယူ၍ ဂေါတမထေရ်သည် ဆွမ်းဘုဉ်းပေးဆဲဖြစ်သော ရဟန်းငါးရာတို့အား ဝေမျှပေးတော်မူလိုက်သည်။ ဒုဋ္ဌဂါမဏိမင်းကပ်လှူလိုက်သောဆွမ်းသည် ဂေါတမထေရ်နှင့်

တကွ ရဟန်းငါးရာတို့ ဘုဉ်းပေးသည့်တိုင် ဆွမ်းကြွင်းသည်သပိတ်၌ အပြည့်အမောက်။

ဂေါတမထေရ်သည် ထိုဆွမ်းအပြည့်သပိတ်ကို ကောင်းကင်သို့ ပစ်၍ ဒုဋ္ဌဂါမဏိမင်းထံ ပြန်လည်ရောက်ရှိစေ၏။ မင်းကြီး၊ တိဿ အမတ်စစ်သည်နှင့် မြင်းသုံးဦးသားတို့ ထမင်းစားကြ၏။ ထို့နောက် မင်းကြီးသည် သပိတ်တော်ကို ကပ္ပကန္ဒရမြစ်ရေ၌ စင်ကြယ်စွာဆေးကြော၍ မိမိခါးစည်းပိုးအဝတ်ဖြင့် သပိတ်ကို ပွတ်တိုက်သန့်စင်၏။ ထို့နောက် ထိုအဝတ်ကိုပင် သပိတ်တော်၌ ရစ်ပတ်ကာ ကောင်းကင်ထက်သို့ ပစ်လွှတ်လိုက်ရာ သပိတ်တော်သည် မထေရ်မြတ်များ သီတင်းသုံးရာ ပိယင်္ဂုကျွန်းဆီသို့ ပျံသန်းသွားလေသည်။

ဒုဋ္ဌဂါမဏိမင်းသည် အတိုင်းမသိသော ကြည်နူးအားရခြင်းများဖြင့် သပိတ်တော်ကို မျက်စိတဆုံး ကြည့်လေသည်။ ထို့နောက် တိဿ အမတ်စစ်သည်အား လှည့်ပြောလိုက်၏။

"အလှူဒါနအတွက် ကြက်သီးဖြန်းဖြန်းထကြည်နူးရတယ်။ ဒါပေမဲ့ ငါ့မှာစစ်တိုက်ဖို့ရှိနေသေးတယ်။ အင်း ကောင်းမှုကုသိုလ်နဲ့ စစ်ပွဲနှစ်ခုဟာဖြင့် ငါ့ဆီမှာလာပြီး ဒွန်တွဲနေပြီ ထင်ပါရဲ့ကွယ်"

* * *

ဒုတိယစစ်ပွဲအတွက် စစ်စည်သံတို့ ခြိမ့်ခြိမ့်ညံသွား၏။ မဟာဂါမသို့ပြန်ကာ ဗိုလ်ပါခြောက်သောင်းဖြင့် စစ်အင်အားစီမံ၍ စစ်ပြန်ချီလာသော ဒုဋ္ဌဂါမဏိမင်းသည် အထူးတလည် တက်ကြွလန်းဆန်းနေလေသည်။

ညီတော်တိဿလည်း ကဏ္ဍုလဆင်တော်စီး၍ စစ်ခံလေသည်။ ဒုဋ္ဌဂါမဏိမင်းသည် ပထမစစ်ပွဲတွင် စစ်ဆုတ်ပြေးခဲ့ရစဉ်က စီးခဲ့သော ဒီဃထူနိကာ မြင်းမကိုပင် စီးလျက် တပ်ဦးမှချီခဲ့၏။ ကဏ္ဍုလဆင်တော်ထက်မှ ညီတော်တိဿကိုမြင်သောအခါ သွေးများပို၍ ဆူဝေလာ၏။ မိမိ၏စီးတော်ဆင်ကို အသုံးပြုနေသည့်ညီတော်။

ဆင်ထက်မှ ညီတော်ထံ ဓားလှံထွက်ရန်အတွက် ဒုဋ္ဌဂါမဏိ

သည် မြင်းမကိုစီးလျက် လှည့်ပတ်ကာအခွင့်ကောင်းကို ရှာသည်။ သို့သော် အခွင့်လမ်းကြောင်းမသင့်သဖြင့် အဝေးမှလက်နက်လွှတ်ခွင့် မရဖြစ်နေ၏။ နောက်ဆုံးတွင် ဒုဋ္ဌဂါမဏီမင်းသည် မြင်းမကို ဆင်ထက်သို့ လွှားခနဲခုန်စေကာ ညီတော်၏ ကျောကုန်းနားကျသည်အထိ လှံမကို လွှတ်ပစ်ခဲ့၏။

ဤဖြစ်ရပ်သည် ကဏ္ဍုလဆင်တော်အား များစွာထိခိုက်စေသောဖြစ်ရပ်ပင်။ ကဏ္ဍုလဆင်တော်သည် မူလကတည်းကပင် မိမိ၏ သခင်ရင်း မဟုတ်သူတိဿအား မိမိ၏ကျောပေါ်၌တင်ဆောင်ကာ မိမိ၏ သခင်ရင်း ဒုဋ္ဌဂါမဏီမင်းကို ရင်ဆိုင်နေရခြင်းကြောင့် စိတ်မသက်မသာဖြစ်နေခဲ့ချေသည်။ ယခုမိမိ၏ အပေါ်တွင် မြင်းမက လွှားခနဲ ခုန်ကျော်ခြင်းခံလိုက်ရသောအခါ အမျက်ခြောင်းခြောင်း ထွက်သွား၏။ ဤသို့ အခုန်ကျော်ခံရခြင်းမှာ ဆင်းစီးခြင်း၌ မလိမ္မာသောတိဿမင်းကြောင့်ဟု တွက်ကာ တစ်ကိုယ်လုံး ဆတ်ဆတ်ခါလှုပ်၍ သစ်ပင်ဆီသို့ ပြေးကပ်လေသည်။

ကဏ္ဍုလဆင်သည် မိမိကို သူ့ကျော်ပေါ်မှခါချပြီဟု သိလိုက်သော တိဿမင်းသားမှာ သစ်ပင်ကိုင်းကို ဆွဲခိုလိုက်ရလေသည်။ တိဿမင်းသားသစ်ပင်ထက်၌ တွဲလွဲရှိနေပြီဖြစ်၍ ကဏ္ဍုလဆင်တော်သည် သခင်ရင်းဒုဋ္ဌဂါမဏီမင်းထံ အပြေးထွက်ခဲ့၏။ ဤအချင်းအရာသည် စစ်ပွဲတစ်ခုလုံးကို အဆုံးအဖြတ်ပေးသည့် အရှုံးအနိုင်ပင် ဖြစ်လေသည်။ တိဿမင်းသား၏ တပ်ပျက်ခဲ့လေပြီ။

တိဿမင်းသားသည် နောင်တော် ဒုဋ္ဌဂါမဏီကို ငယ်ကြောက်ဖြစ်လေရာ ယခုလို စစ်ပျက်၍တပ်များ ဖရိုဖရဲဖြစ်သည်နှင့် ထွက်ပြေးတော့၏။ ဒုဋ္ဌဂါမဏီလည်း ညီတော်နောက်သို့အပြင်းလိုက်၏။

အသက်ဘေးမှ အန္တရာယ်ကြုံရချိန်တွင် အချို့လူများသည် သွေးရူးသွေးတန်းဖြင့် အဆင်ခြင်ကင်းမဲ့ သွားတတ်ကြသည်။ အချို့မှာမူ မိမိအသက်လုံခြုံရေးအတွက် ထက်မြက်သောစိတ်ကူးများ ပေါ်လာတတ်ကြသည်။ တိဿမင်းသားသည် ဒုတိယအမျိုးအစားတွင်ပါဝင်သူဖြစ်၏။

မင်းသားသည် နောင်တော်၏ လုံသွားနှင့် ဓားသွားမှ လွတ်ကင်းမည့်နေရာတစ်နေရာသို့ မှန်ကန်စွာ ရွေးချယ်နိုင်လေသည်။ ထိုနေရာကား မဟာထေရ်ကြီး၏ ဝိဟာရပင်ဖြစ်သည်။ မင်းသားသည် ကျောင်းတိုက်ထဲသို့ ဝင်ပြေးခဲ့ပြီးနောက် မဟာထေရ်ကြီး၏ ညောင်စောင်းအောက်၌ ဝင်ပုန်းနေတော့၏။ မဟာထေရ်ကြီးကလည်း သင်္ကန်းဝါတစ်ခု၏အသက်ဇီဝကို ကယ်တင်စောင့်ရှောက်သောအားဖြင့် ညောင်စောင်းကို သင်္ကန်းဖြင့် ဖြန့်၍အုပ်ထားလိုက် လေသည်။

ဒုဋ္ဌဂါမဏိကလည်း ကျောင်းတိုက်ထဲအထိ ဝင်လိုက်ခဲ့၏။ တိဿသည်ညောင်စောင်းအနီးတွင် ခြေရာပျောက်သွားသည်ကိုလည်း သိလိုက်၏။ သင်္ကန်းကြီးလွှမ်းအုပ်ထားသော ညောင်စောင်းကိုကြည့်၍ ဒုဋ္ဌဂါမဏိမေးလိုက်၏။

"အရှင်ဘုရား တိဿဘယ်မှာရှိပါသလဲ ဘုရား"

မဟာထေရ်၏ အဖြေမှာ

"မင်းမြတ် တိဿဟာ ညောင်စောင်းထက်မှာ မရှိဘူး"

မဟာထေရ်ကြီး၏အဖြေကို ထောက်ချင့်လျက် တိဿသည် ညောင်စောင်းအောက်၌ ကေန်ရှိနေသည်ကို ဒုဋ္ဌဂါမဏိသိလိုက်၏။ သို့သော် မဟာထေရ်ကြီးကိုယ်တိုင်ပင် အကာအကွယ်ပေးထားချေပြီ။ အသက်ကို ကယ်ရင်းဖြင့် မဟာထေရ်ကြီးသည် မုသားမဟုတ်သောစကားကို မိန့်ခဲ့ပေပြီ။

"ကောင်းပါပြီအရှင်ဘုရား"

ဒုဋ္ဌဂါမဏိသည် မသိချင်ဟန်ပြုကာ ထွက်လာခဲ့ပြီး ကျောင်းတိုက်ဝိဟာရထက်ဝန်းကျင်၌ စစ်သည်အစောင့်ရှောက်များချထားလိုက်၏။

တိဿမင်းသားကား မိမိ၏လွတ်မြောက်မှုကို ဆက်လက်အားထုတ်ခဲ့သည်။ ညအချိန်နေဝင်ရီတရောတွင် ညောင်စောင်း၏ခြေလေးခုကို ကိုင်ဆောင်ပင့်မြှောက်လျက် မိမိကားညောင်စောင်းထက်တွင် သင်္ကန်းဖြင့်ဖုံးအုပ်ကွယ်ကာလျက် ဝိဟာရအပြင်သို့ ထွက်လေသည်။ ပျံလွန်သွားသောရဟန်းတစ်ပါး၏ ရုပ်ကလာပ်ကို ထုတ်ယူသည့်အနေမျိုးဖြစ်၏။

ဒုဋ္ဌဂါမဏိမင်းသည် ဤမျှသောပရိယာယ်မျိုးဖြင့် အလှည့်စားခံရမည့်သူမဟုတ်ချေ။

ဝိဟာရမုခ်တံတိုင်းမှ ထွက်လာသောညောင်စောင်းခုတင်အနီးကပ်၍ ကြိမ်းမောင်းလေသည်။

"တိဿ၊ နင်ဟာ အမျိုးတို့ရဲ့နတ်ဖြစ်တဲ့ အရှင်သံဃာတော်တို့ခေါင်းထက်မှာ စီးနင်းလိုက်ပါပြီးထွက်သတဲ့လား၊ --အေးနင်က စီးနင်းလိုက်ပါရဲပေမယ့် ငါကတော့ ဘိုးဘေးအစဉ်အဆက် အရှင်သခင်ပြုခဲ့တဲ့ ရဟန်းသံဃာတော်တို့လက်ထဲကနေ ရာဇဝတ်သားကို ဘလက္ကာယလုပ်ပြီး ဖမ်းယူမိတဲ့အထိ မမိုက်မဲနိုင်ဘူး။ အေးမင်းအသက်ဘေး လွတ်ခဲ့ရတဲ့ ကျေးဇူးတရားကိုသာ မင်းအောက်မေ့ပါ၊ သံဃာတော်တို့ရဲ့ဂုဏ်ကို ဆင်ခြင်နှလုံးသွင်းပါ။"

ဒုဋ္ဌဂါမဏိ ဝိဟာရမှခွာခဲ့လေသည်။ မယ်တော်ကြီးကိုလည်း ကောင်းစွာဆောင်ယူနိုင်ခဲ့ပြီဖြစ်ပေသည်။

တိဿမင်းသားသည် ဝိဟာရအပြင်သို့ရောက်ပြီးနောက် မိမိ၏အပိုင်စားနယ်ဖြစ်သော ဒီဃဝါပိသို့ဆက်ပြေးခဲ့၏။ သို့သော်တိဿမင်းသားအတွက်လုံခြုံမှုကားမရနိုင်တော့ပြီ။ မထေရ်ကြီး အမှူးပြုသော ရဟန်းသံဃာတို့ကြောင့် မိမိတစ်ကြိမ်တစ်ခါ လွတ်မြောက်ခဲ့ပြီမှန်သော်လည်း နောင်တော်သည် မိမိအား တရံမလပ် စောင့်ကြည့်နေမည်သာဖြစ်၏။ ရဟန်းသံဃာတို့ကိုလည်း မိမိကအစဉ်အမြဲ အကူအညီတောင်း၍ အကာအကွယ်ယူနေဖို့မဖြစ်နိုင်။

တိဿအနေဖြင့် ရွေးချယ်စရာတစ်လမ်းသာရှိတော့၏။ ယင်းကားနောင်တော်ထံမှ ခွင့်လွှတ်မှုကိုရယူရန်သာဖြစ်လေသည်။ နောင်တော်၏ လွတ်ငြိမ်းချမ်းသာခွင့်ကို မည်သို့ရယူရမည်နည်း။ မိမိသည် နောင်တော်၏ ဘုန်းသမ္ဘာအာဏာကို ပုန်ကန်ဆန့်ကျင်ခဲ့သူ ဖြစ်ချေသည်။ ခမည်းတော်ကြီး ဗျာပနကိစ္စအပြီးတွင် မယ်တော်နှင့် ကဏ္ဍုလဆင်ကို ယူကာ ရာဇအာဏာကိုထူထောင်ရန် ကြိုးစားခဲ့သူ နောင်တော်၏ စစ်သဝဏ်ကို စစ်ဖြင့်တုန့်ပြန်ခဲ့သူ။

နောက်ဆုံး၌ တိဿမင်းသားသည် ထွက်ပေါက်ကို ရှာဖွေတွေ့ရှိသွား၏။ နောင်တော် ဒုဋ္ဌဂါမဏိသည် ရဟန်းသံဃာကိုကျူး၍ မည်သည့်အခါကမျှ ပြုလုပ်ရိုးမရှိခဲ့။ နောင်တော်ထံ၌ သံဃာဂုဏ်ကျေးဇူးကို ဦးထိပ်ရွက်သောနှလုံးသားရှိနေသည်။ မဟောထေရ်ကြီး၏ ညောင်စောင်းအောက်၌ မိမိပုန်းခဲ့စဉ်ကတစ်ကြိမ်၊ ရန်ဟန်းသေယောင်ဆောင်ပြီး ညောင်စောင်းထက်သက်န်းအုပ်လျက်လိုက်ပါကာ ဝိဟာရမှထွက်ခဲ့စဉ်ကတစ်ကြိမ်–။ နှစ်ကြိမ်တိုင်တိုင် သာဓကထင်ရှားခဲ့ပြီ။

နောင်တော်သည် သံဃာကိုအမြဲတစေ ဦးထိပ်ရွက်သူ၊ ဤနှလုံးသားအညွှာကို အားကိုးအားထားပြုလျက်မိမိ၏ အသက်ဘေး၊ ရာဇဝတ်ဘေးမှ လွတ်မြောက်အောင် စစ်ဖက်ရန်မီးငြိမ်းသေအောင် နည်းလမ်းရှာရတော့မည် ဖြစ်လေသည်။

ဂေါဓဂတ္တတိဿမထေရ်သည် နောက်ပါရဟန်းငါးရာတို့ခြံရံလျက် ဒုဋ္ဌဂါမဏိမင်း၏ နန်းတော်သို့ကြွချီလာခဲ့၏။

သံဃာကိုဆည်းကပ်လုပ်ကျွေးခြင်း၌ အမြဲတမ်း အဆင်သင့်ဖြစ်နေသော ဒုဋ္ဌဂါမဏိမင်းသည် ဝမ်းသာအားရပင် ဂေါဓဂတ္တတိဿမထေရ်နှင့် သံဃာတို့အားခရီးဦးကြိုနေရာပေးကာ ဆွမ်းခဲဘောဇဉ်တို့ကို ချက်ခြင်းပြင်ဆင်လေသည်။

ဆွမ်းလောင်းလှူရန် ရတနာအုပ်ကို မင်းကြီးကိုယ်တိုင်ချီမ၍ မထေရ်မြတ်အနီးသို့ တိုးကပ်လာ၏။ ထို့နောက်အုပ်ထဲမှဆွမ်းကို ဇွန်းဖြင့်ခပ်ယူကာ သပိတ်ထဲလောင်းလှူရန် မင်းကြီးအသင့်ပြင်လိုက်၏။

ဂေါဓဂတ္တတိဿမထေရ်သည် သပိတ်ဖုံးကို မဖွင့်ချေ။ မလှုပ်မရှားထိုင်နေသော မထေရ်ကိုကြည့်၍ မင်းကြီးမေးလေသည်။

"အရှင်ဘုရား–– ဘာကြောင့် သပိတ်ကို မဖွင့်ပါသလဲဘုရား"

"မင်းမြတ်၊ သင့်ညီတော်တိဿဟာ သင့်ကိုတောင်းပန်ပြီးကန်တော့လိုတဲ့အတွက် ကျွန်ုပ်တို့ သူ့ကိုခေါ်ဆောင်လာခဲ့ရပါတယ်"

ဒုဋ္ဌဂါမဏိမင်း တစ်ချက်တွေဝေသွား၏။

တိဿ–ဟူသောအမည်ကို ကြားလိုက်သည့်ခဏ၌ ဒေါသ

အမျက်တို့ ဇလောင်ဆူ၍ တက်လာ၏။ သို့သော်ရှေ့မှောက်တွင် မထေရ် မြတ်များရှိနေချေသည်။

ဂေါဓဂတ္တတိဿမထေရ်က ဆက်မိန့်၏။

"မင်းမြတ်တိဿရဲ့ အပြစ်ကို သည်းခံလိုက်ပါ။"

"အခု-အဲဒီသူယုတ် ဘယ်မှာပါလဲဘုရား"

"နန်းတော်စောင်းတန်းဦးမှာနေခဲ့တယ်၊ သင့်မျက်မှောက်ကို တိဿမလာရဲဘူးမင်းမြတ်"

တိဿမင်းသား၏ တောင်းပန်ချက်အရ ရဟန်းတို့နောက်လိုက် ဝေယျာဝစ္စကာရက အဖွဲ့သားတပည့်အသွင်ဖြင့် တိဿကို ဆောင်ကျဉ်း လာခဲ့ခြင်းဖြစ်၏။

ဒုဋ္ဌဂါမဏိသည် မထေရ်မြတ်ရှေ့မှောက်၌ မိမိ၏အမျက်ဒေါသ ကို ကြိုးစားမြိုသိပ်နေရလေသည်။ တိဿအားချိန်ရွယ်ထားသော ဓါးသွား ရှေ့၌ မိမိမြတ်နိုးလှသော ရဟန်းသံဃာတော်တို့သည် အထင်အရှား တည်ရပ်လျက်ပါတကား။

ထိုစဉ် မင်းကြီးအနီးတွင်ရှိသော သဏ္ဌာန်တစ်ခုသည် ရုပ်ချည်း လျင်မြန်စွာထ၍ နန်းတော်စောင်းတန်းဦးဆီသို့ ပြေးထွက်သွားလေသည်။ ထိုသဏ္ဌာန်ကား မယ်တော်ကြီးပင်ဖြစ်၏။

မယ်တော်ဝိဟာရဒေဝီမိဖုရားကြီးသည် သားတော်ငယ် တိဿ အား ခြုံလွှာဝတ်ရုံဖြင့် ဖုံးလွှမ်းလျက် အပေါ်မှအုပ်မိုးထားရင်း တတွတ် တွတ် ပြောနေလေသည်။

"ဓါးတွေလှံတွေသိမ်းလိုက် တစ်အူတုံဆင်း ညီရင်းအစ်ကို ချင်း တစ်ယောက်သွေးကို တစ်ယောက်မသောက်ကြပါနဲ့"

"နတ်ရွာစံခမည်းတော်ကြီးရဲ့ အမှာစကားကို သတိရကြပါ"

ဒုဋ္ဌဂါမဏိသည် ခေါင်းငိုက်စိုက်ကျသွား၏။ ထို့နောက် ဂေါဓဂတ္တ တိဿမထေရ်ကို မော့ကြည့်လျက် တုန်ယင်သောအသံဖြင့် လျှောက်လေသည်။

"အရှင်ဘုရား၊ တပည့်တော်ဟာ ရဟန်းသံဃာတို့ရဲ့ ကျွန်အဖြစ်ကို ငယ်စဉ်ကတည်းက ခံယူခဲ့သူဖြစ်ပါတယ်ဘုရား။ အဲဒီအဖြစ်ဟာ ယခုပို၍ ထင်ရှားပါပြီ။ အရှင်ဘုရားတို့ထံက ခုနှစ်နှစ်အရွယ် သာမဏေငယ်တစ်ပါးကိုစေလွှတ်ပြီး ပြောဆိုတဲ့စကားဖြစ်စေဦး။ တပည့်တော် မဆန်ဆန်သာ လိုက်နာရမှာဖြစ်ပါတယ်ဘုရား။ အခုညီတော် တိဿကြောင့် နှစ်ဖက်စစ်သည်ဗိုလ်ပါတို့ သေကြေပျက်စီးခဲ့ရပေမယ့် ညီတော်ကို တပည့်တော်ခိုက်ရန်မပွားတော့ပါ။ တပည့်တော်ရဲ့ နှလုံးမှာ စူးဝင်နေတဲ့ အမျက်အဆိပ်မြားကို တပည့်တော်နှလုံးသွေးစက်စက်အကျခံပြီး ပြန်လည်ဆွဲနှုတ်ပါတော့မယ်။ အရှင်မြတ်တို့ ဆုံးမရာကိုနာခံပြီး သင့်မြတ်ပေါင်းစည်းမှုကို ရှေးရှုပါတော့မယ်ဘုရား"

ဂေါဓဂတ္တတိဿမထေရ်လည်း သာခုခေါ်၍ သပိတ်ဖုံးကို ဖွင့်ပေးလိုက်လေသည်။

ရဟန်းသံဃာတော်တို့အား ဆွမ်းပွဲဖြင့် ကပ်လှူပြီးနောက် သံဃာအလယ်မှာပင် အတူတကွ ထမင်းစားကြသော ဒုဋ္ဌဂါမဏိမင်းနှင့် တိဿမင်းသားညီနောင်တို့ကို ကြည့်ရင်း မယ်တော်ကြီး ဝိဟာရဒေဝီသည် မျက်ရည်ကျနေလေသည်။

ထမင်းလုပ်ကို ဆုပ်၍ ခံတွင်းဆီသို့ဆောင်သော ဒုဋ္ဌဂါမဏိမင်း၏ လက်တို့တုန်ယင်နေကြသည်ကိုကား မယ်တော်ကြီးမမြင်ချေ။

တိဿမင်းသားသည် နောင်တော်ကို မကြည့်ရဲဘဲ ထမင်းကို ငုံ့စားရင်းမှ ပြောလိုက်၏။

"နောင်တော်ထားရာမှာ ညီတော်နေပါမယ်ဘုရား" ရီဝေသော မျက်လုံးများဖြင့် ဒုဋ္ဌဂါမဏိသည် ညီဖြစ်သူကို စူးစူးကြည့်လျက် ပြန်ပြောလိုက်လေသည်။

"မင်းရဲ့ ဒီဃဝါပိဒေသကိုပဲ မင်းပြန်အပိုင်စားယူပါ။ စပါးလယ်ယာလုပ်ငန်းကို တိုးတက်အောင်လုပ်ပါ–တိဿ"

* * *

# မီးလျှံနှင့် ရေစင်

လက်ာဒီပသည် ငြိမ်းချမ်းသာယာခဲ့ပေပြီ။

ညီနောင်တို့၏ နန်းလုစစ်ပွဲအဆုံးသပ်သွားခြင်းနှင့် အတူ သတ္တန္တရ ကပ်ဘေးသည် ချုပ်ငြိမ်းသွား၏။ ထိုသည်နှင့်အမျှပင် ဆန်ရေစပါးတိုး ပွားကာ ကုန်သွယ်လယ်လုပ်ဖောက်ကားခြင်းတို့လည်း တိုးတက်လာခဲ့၏။ ဒုဋ္ဌဂါမဏိမင်း၏ ဘုန်းရိပ်အောက်ဝယ် နန်းတော်သူ နန်းတော်သားတို့ လည်း ကျေနပ်ပျော်ရွှင်ခဲ့ကြလေသည်။

မင်းကြီးသည် မိမိစွဲသော ရာဇလုံတံ၌ ဓါတ်တော်များကို ဌာပနာလိုက်လေ၏။

"စစ်ပွဲဝင်လက်နက်မှာ ဘုရားရှင်ရဲ့ ဓာတ်တော်များကို ဌာပနာ တယ်ဆိုတာ အကြောင်းအရင်းအမှန်မသိရင်တော့ မဖွယ်ရာတဲ့ကိစ္စလို့ ဆိုကြမှာပဲ။ ဒါပေမယ့် --- ငါရဲ့ ကံကြမ္မာနဲ့ ဘဝဖြစ်တည်မှုကိုက စစ်နဲ့ဖယ်ရှားဖို့အကြောင်းပါလာခဲ့သလား မသိပါဘူးကွယ်ရို့။ ဒီရာဇ လုံတံရဲ့ အသွားဟာ ရန်သူမိစ္ဆာရဲ့သွေးကို သောက်ကမြိုဖို့တော့ မဟုတ်ပေ ဘူး။ သို့သော် ဒီရာဇလုံတံသွားရဲ့ ညွှန်ပြရာ အရပ်ဒေသမှာတော့ စစ်ပွဲဆိုတာပေါ်ပေါက်လေဦးမှာပဲ။ အင်း---ဒုဋ္ဌဂါမဏိဆိုတဲ့ ငါ့ကိုယ်

ခန္ဓာဟာ ရေစင်နဲ့ မီးလျှံနှစ်ခု ပေါင်းစပ်ဖွဲ့စည်းထားတာထင်ပါရဲ့"

ထိုရာဇလုံတံကိုပင် ကိုင်စွဲလျက်မင်းကြီးသည် ဆင်မြင်းဗိုလ်ပါနှင့် တကွ ကျောင်းတော်ဝိဟာရသို့ သွားရောက်ခဲ့လေသည်။

မထေရ်ကြီးများစုံညီရှေ့တွင် မင်းကြီးသည် လက်အုပ်ချီလျက် "အရှင်ဘုရားတို့---တပည့်တော်ဟာ ဗုဒ္ဓမြတ်စွာသာသနာတော်ရဲ့ ရန်စွယ်များကို ဖယ်ရှားဖို့နဲ့ သာသနာတော်ထွန်းပစေရေးအတွက် ဂင်္ဂါမြစ်ရဲ့ တစ်ဖက်ကမ်းကို သွားရပါမယ်ဘုရား"

သံဃာတော်တို့ ဆိတ်ဆိတ်ရှိကြသည်။

"အရှင်မြတ်တို့ဘုရား---တပည့်တော်အတွက် ရဟန်းသံဃာတို့အား မပြတ်ဖူးမြင်ရခြင်းဆိုတာ မြတ်သောမင်္ဂလာဖြစ်ပါတယ်ဘုရား။

ဘေးရန်အကာအကွယ်အစောင့်အရှောက်လဲ ဖြစ်ပါတယ်ဘုရား။ ဒါကြောင့် တပည့်တော်အတွက် မပြတ်ဖူးမြင်ရအောင် ဒါနကောင်းမှုကိုလည်းပြုရအောင် တပည့်တော်ဂင်္ဂါတစ်ဖက်ကမ်းသွားတဲ့အခါ ရဟန်းများကိုအတူတကွ ပင့်ဆောင်သွားခွင့်ပြုတော်မူကြပါ ဘုရား"

ဂင်္ဂါတစ်ဖက်ကမ်းသို့သွားမည်ဆိုခြင်းကာ မိစ္ဆာအယူရှိသော သာသနာတော်ကို အန္တရာယ်ပေးနေသော ဌေဂ္ဂရကျေးမင်းတို့အား နှိမ်နင်းတိုက်ခိုက်မည့်အရေးပင်ဖြစ်၏။ တစ်နည်းဆိုသော် စစ်မြေပြင်။

ကဏ္ဍုလဆင်တော်ကိုစီး၍ ဒုဋ္ဌဂါမဏိမင်းစစ်ချီထွက်ခဲ့ပေပြီ။ ပျိုမျစ်သော ရဟန်းငါးရာတို့ကိုလည်း သက်တောင့်သက်သာစွာ ယာဉ်ရထားများနှင့် ပင့်ဆောင်ခဲ့၏။ မဟာဂါမမှထွက်၍ ဂုတ္တဟာလကရွာသို့ မင်းကြီး၏ ဆင်တော်နှင့် တပ်ဦးစခန်းချမိချိန်၌ တပ်များမှလိုက်ပါသော နောက်ဆုံးတပ်များသည် မဟာဂါမနှင့် ဆက်စပ်လျက်ရှိနေဆဲပင်။

ဂင်္ဂါတစ်ဖက်ကမ်းမှာ ဌေဂ္ဂရကျေးမင်းတို့သည် ဒုဋ္ဌဂါမဏိ၏ ဘုန်းစွမ်းလက်ရုံးစွမ်းနှင့် လက်ာဒီပတပ်၏ ကြောက်ခမန်းလိလိ တိုက်ရည်သေနင်္ဂကို ကြားဖူးထားကြသည်။ လက်ရွေးစင်သူရဲကြီးတစ်ကျိပ်

တို့အကြောင်းကိုလည်း သိထားကြသည်။ ဒုဋ္ဌဂါမဏိစစ်ချီလာပြီဟု ကြားသိရကတည်းက ဧဠရမင်းတို့သည် သူတို့၏ မြို့ကြီးရှစ်မြို့ကို အမြင့်ဆယ့်ရှစ်တောင် အထုကိုးတောင်ရှိသော မြို့ရိုးဖြင့် ထပ်မံပတ် လိုက်ကြ၏။ ကျုံးသုံးတန်သံတံခါးတို့ဖြင့် အခိုင်အမာ ဆို့ဆည်းကြရုံသာမက မြို့ငယ်နှစ်ဆယ်လေးမြို့တို့ကိုလည်း သစ်တပ်များအဖြစ် ဖွဲ့စည်းလိုက်ကြ၏။

မဟီယင်္ဂဏအမည်ရှိသောမြို့တွင် ဒုဋ္ဌဂါမဏိမင်း ဦးစွာအောင်ပွဲ ယူလိုက်သည်။ ထိုမြို့မှ ဆတ္တအမည်ရှိ ကျေးမင်းကိုလည်း လက်ရဖမ်း ဆီးမိလိုက်၏။ သွေးရူးသေးတန်းခုခံကြသော ကျေးများလည်း အသက်ဆုံး သွားကြလေသည်။ ထို့နောက် အမ္ဗတိတ္ထမြို့မှူးဘုရင် ကျေးမင်းနှင့်တကွ အခြားကျေးမင်းခုနှစ်ယောက်တို့ကိုလည်း တစ်နေ့ချင်းအတွင်းမှာပင် လက်ရ ဖမ်းဆီးလိုက်သည်။ ဤပွဲဦးအောင်မြင်မှုကြောင့် လင်္ကာဒီပတပ် များက စစ်သွေးတက်ကြွလာသည်။ ဧဠာကျေးတို့အတွက်ကား များစွာမှ ပင် တုန်လှုပ်ခြောက်ခြားသွားကြလေသည်။

ဧဠာရတို့၏ မူလမြို့ဒေအမည်နာမများသည်လည်း ပျောက် ကွယ်သွားပြီး အောင်ပွဲအထိမ်းအမှတ်ဖြစ်သော ခေမာရာမအမည်သစ် ဖြစ်ပေါ်လာသည်။

အောင်ပွဲတို့သည် ဆက်ခါဆက်ခါ ဖြစ်ပေါ်လာ၏။ ဒေါဏာ မြို့။ ဟာလကောလမြို့၊ နာဠိမြို့၊ ဒီဃာဘယမြို့၊ ကစ္ဆတိတ္ထမြို့၊ ကောဋ္ဌမြို့၊ ဟာလဝဘာဏကမြို့၊ ဝဟိဋ္ဌမြို့၊ ဂါမဏိမြို့၊ ကုမ္ဗရွာ၊ နန္ဒိရွာ၊ ခါဏုရွာ၊ တမ္ဗရွာ၊ ဥဏ္ဏမရွာ၊ တမ္ဗကုန္နမရွာစသော မြို့ရွာများ အားလုံး ဒုဋ္ဌဂါမဏိမင်းကြီး လက်တွင်းကျရောက်သွားကြသည်။ စစ်ပွဲများ တစ်ပွဲပြီးတစ်ပွဲ ဆက်နေသည်နှင့်အမျှ စစ်တလင်းမြေပြင်ကလည်း ပို၍ ပို၍ ကျယ်ပြန့်လာသည်။ လင်္ကာဒီပစစ်သည်တို့မှာ များပြားလွန်းလှ၍ နှစ်ဖက်ညှပ် သုံးဖက်ညှပ်တိုက်သော စစ်မြေပြင်များ၌ မိမိတို့တပ်အချင်း ချင်း မမှတ်မိကြတော့သည့်အဖြစ်သို့ ရောက်သွား၏။ အချင်းချင်းထိုး ခုတ်သတ်ဖြတ်မိကြသည်အထိ ရှုပ်ထွေးသွားခဲ့၏။

ဤသတင်းကိုကြားရလျှင် ဒုဋ္ဌဂါမဏိမင်းသည် လုံကိုဆွဲကိုင်၍ သစ္စာပြုလိုက်လေသည်။

'ငါယခုလို ဂင်္ဂါတစ်ဖက်ကမ်းကိုလာပြီး ဧဠရတို့ကို စစ်ထိုးခြင်းသည် ဘုန်းအာဏာချဲ့ထွင်လိုသောကြောင့် မင်းချမ်းသာကို ခံစားလိုသောကြောင့် မဟုတ်ရိုးအမှန်။ သတ္တဝါသုံးပါးတို့မှီခိုရာ ဘုရားရှင်သာသနာ၏ ရန်စူးရန်ငြောင့်တို့ကို ခုတ်ထွင်ကာ သာသနာတော်ကို ကောင်းစွာစည်ပင်ဖြစ်ပွားစေအံ့သောငှါသာ စစ်ထိုးခြင်းဖြစ်ပါ၏။ ဤမှန်သော သစ္စာစကားကြောင့် ငါ၏စစ်သည်တော်တို့ကိုယ်၌ ဆင်မြန်ထားသော တန်ဆာစစ်ဝတ်တို့သည် မီးအလျှံအဝါကဲ့သို့ ထွန်းလင်းတောက်ပစွာ ကွဲပြားခြားနားစေသတည်း'

မင်းကြီး၏ သစ္စာစကားသည် ထိရောက်ခဲ့၏။ လင်္ကာဒီပစစ်သည်တို့ စစ်ဝတ်များသည် အရောင်အဝါငြီးငြီးထွန်းလင်းလာကြသည်။ ဤအချင်းအရာကာ ရန်သူဧဠာရကျေးတို့အတွက် ပို၍သွေးပျက်စရာဖြစ်ခဲ့ပေသည်။

ဤသို့ဖြင့် ဂင်္ဂါအနီးတဝိုက်မြို့ရွာများ ထောင်းထောင်းထပျက်စီးသွားကြလေရာ ကြွင်းကျန်သမျှသောကျေးတို့သည် ဝိဇိတမြို့ကြီးဆီသို့ ထွက်ပြေးခိုဝင်သွားကြလေသည်။

ဝိဇိတမြို့ကြီးကာ ဧဠာရကျေးတို့၏ အချက်အချာခံတပ်မြို့ကြီးဖြစ်၏။ ခံတပ်မြို့တွင်း၌ ဧဠာရတပ်များ အင်အားကြီးမားစွာ စွဲထားရုံမျှမက ပြေးဝင်ခိုလှုံလာကြသော စစ်သည်များပါ အားဖြည့်လိုက်သောအခါ ဝိဇိတမြို့ကြီးသည် ခိုင်မာတောင့်တင်းလှသော ခံတပ်ကြီးဖြစ်သွား၏။

ဒုဋ္ဌဂါမဏိအဖို့ ယခင်သိမ်းပိုက်ခဲ့ပြီး ဂင်္ဂါအနီးတစ်ဝိုက်မှ မြို့ရွာများကဲ့သို့ စစ်ထိုး၍မရနိုင်တော့ပေ။ သေနင်္ဗျူဟာပြောင်းလဲစစ်ဆင်ရတော့မည်ဖြစ်လေသည်။

ဝိဇိတမြို့အနီးတွင် သစ်တပ်ကြီးဖွဲ့၍ စခန်းချလိုက်ကြ၏။ လက်ရွေးစင်သူရဲကြီးတစ်ကျိပ်တို့နှင့်အတူ ဒုဋ္ဌဂါမဏိမင်းသည် ဗဟိုတဲနန်းကြီးအတွင်း၌ စစ်ရေးဆွေးနွေးပွဲကျင်းပသည်။ ဝိဇိတခံတပ်မြို့၏

ခိုင်မာတောင့်တင်းပုံနှင့် ဗျူဟာရတပ်တို့ အစွဲအမြဲစစ်ခံစစ်ပြင်ထားကြပုံများကို ထောက်လှမ်းရသမျှသတင်းများဖြင့် ဆွေးနွေးကြသည်။ စစ်ချီစစ်တက်သေနင်္ဂများကို တင်ပြကြသည်။

နောက်ဆုံးတွင် ထောင့်တစ်နေရာမှထိုင်နေသူ တစ်ယောက်က ဝုန်းခနဲမတ်တပ်ရပ်၏။ ထိုသူမှာ နန္ဒိမိတ္တစစ်သူကြီးပင်ဖြစ်သည်။

နန္ဒိမိတ္တ၏ ကြေးနီရောင်ထနေသော မျက်နှာပြင်မှာ တဲအလယ်မီးလင်းဖိုမှ မီးတောက်အရောင်များအောက်တွင် တရိပ်ရိပ်ဖြစ်နေ၏။

"ဘုရင်မင်းမြတ် အခွင့်ပြုတော်မူမယ်ဆိုရင် ဝိဇိတမြို့ကို ကျွန်ုပ်တစ်ဦးတည်းတာဝန်ယူပါရစေ။ ရောင်းရင်းစစ်သူကြီးများလည်း စစ်အပန်းမခံကြပါနဲ့၊ ဒီခဲတပ်မြို့ဟာ ကျွန်ုပ်တို့အားလုံး ဝိုင်းဝန်းလုပ်ကြံလောက်စရာ ခက်ခဲလှတာမဟုတ်ပါဘူး"

နန္ဒိမိတ္တသည် ဒုဋ္ဌဂါမဏိမင်းကြီး၏ လက်ရွေးစင်သူရဲကြီးတစ်ကျိပ်အနက်တွင် အဦးဆုံးဝင်ရောက်ခစားခဲ့သူဖြစ်လေသည်။ ထို့ကြောင့် အခြားသူရဲကြီးများထက် စစ်သည် သမ္ဘာကြီးရင့်သူလည်းဖြစ်၏။

ဒုဋ္ဌဂါမဏိမင်းသည် နန္ဒိမိတ္တ၏ ပန်ကြားချက်ကို ခေတ္တမျှစဉ်းစားပြီးနောက်

"နန္ဒိမတ္တ စစ်သည်အင်အား ဘယ်လောက်ယူမလဲ"

"ကျွန်ုပ်မှာရှိတဲ့ အရံသူရဲစစ်သည်များနဲ့ပဲ လုံလောက်ပါတယ်အရှင်"

"ကောင်းပြီ၊ ဝိဇိတမြို့စစ်ပွဲကို ဖွင့်ဖို့ မင်းတာဝန်ယူ။ ဒါပေမဲ့ မင်းတစ်ယောက်ထဲကို ဝကွက်မပေးနိုင်ဘူး။ မြို့တံခါးတွေကို တချိန်တည်းတိုက်ရမယ်။ သို့သော် မင်းက အဦးတောင်းဆိုသူ ဖြစ်တဲ့အတွက် စစ်အဖွင့်တိုက်ပွဲဟာ မင်းနဲ့ပဲ စရပေမယ်၊ ဘယ်တော့စမလဲ"

"နံနက် အရုဏ်မတက်ခင်မှာပဲ၊ ကျွန်ုပ် ခင်းမယ် အရှင်"

သေနင်္ဂဆွေးနွေးပွဲပြီးသွား၏။ ဒုဋ္ဌဂါမဏိမင်းသည် တဲနန်းတွင်းတစ်ကိုယ်တည်းကျန်ခဲ့ပြီးနောက် ကဏ္ဍုလဆင်တော်ထိန်းကို ခေါ်ယူလိုက်၏။

"နန္ဒိမိတ္တရဲ့ အစွမ်းကို ငါစစ်ဆေးကြည့်ချင်သေးတယ်။ မနက် အရဏ်တက်ရင် ကဏ္ဍုလဆင်တော်ကို သူ့ဆီလွှတ်ပေးလိုက်၊ နန္ဒိမိတ္တကို နှာမောင်းနဲ့ ပွေ့ပြီးဖမ်းဖို့ကြိုးစားခိုင်း"

အရဏ်ပျိုးကာစအချိန်တွင် နန္ဒိမိတ္တသည် သူ၏အရံသူများနှင့် စစ်ထွက်ရန် အဆင်သင့်ဖြစ်နေ၏။ ထိုအချိန်တွင် ကျီကျီအော်သံကြီး နှင့်အတူ ကဏ္ဍုလဆင်တော်သည် နန္ဒိမိတ္တဆီသို့ ဦးတည်၍ ပြေးလာ လေသည်။ နှာမောင်းကို မြှောက်လျက် အစွယ်ကို ဖွင့်လျက် ပြေးလာ သောဆင်ကြီးကို ကြည့်၍ နန္ဒိမိတ္တသည် ရုတ်တရက်မူ ကြက်သေသေ သွား၏။ သို့သော် အနီးသို့ရောက်သည်နှင့် တွန့်လိမ်လှုပ်ရှားနေသော နှာမောင်းကို ခုန်၍ရှောင်ကာ အစွယ်နှစ်ချောင်းကို ကိုင်၍ နောက်သို့ တွန်းလိုက်လေသည်။

ကဏ္ဍုလဆင်ကြီးမှာ အားကြီးလှသော နန္ဒိမိတ္တ၏တွန်းအားကို မခံနိုင်ဘဲဆောင့်ကြောင့် ထိုင်ကျသွား၏။

နန္ဒိမိတ္တသည် အစွယ်နှစ်ချောင်းကို မလွှတ်သေးဘဲ ကြုံးဝါး၏။

'ကဏ္ဍုလ...သင်ဟာ ဘုရင်မင်းမြတ်ရဲ့ကျွန်ရင်းရဲဘက်ဖြစ်နေ လို့ ငါညှာလိုက်တာ နားလည်လိုက်စမ်း၊ ငါခြေနဲ့ခတ်ရင် သင် ခါးပြတ် သွားမယ်'

တဲနန်းတစ်နေရာမှ ကြည့်နေသော ဒုဋ္ဌဂါမဏိမင်းသည် နန္ဒိ မိတ္တ၏အစွမ်းကို ယုံကြည်စိတ်ချသွားလေသည်။ သို့သော် ကဏ္ဍုလဆင် တော်၏ မျက်လုံးများကို လှမ်းကြည့်လိုက်ရာဆင်ကြီး၏ မျက်ဝန်းမျက် ဆန်များ ဝေရီကျဉ်းမြောင်းသွားသည်ကို မင်းကြီးသတိထားလိုက်မိ၏။ နန္ဒိမိတ္တ၏ ကြုံးဝါးချက်ကြောင့် ဆင်တော် သုန်သုန်မှုန်မှုန်ဖြစ်သွား လေသည်။

ထို့ကြောင့် ဝိဇိတမြို့၏ တောင်မျက်နှာတံခါးကို စီးနင်းမည့် တိုက်ပွဲအဖွင့်၌ နန္ဒမိတ္တနှင့် ကဏ္ဍုလဆင်တော်နှစ်ဦးတည်းမလွှတ်ဘဲ လက်ရွေးစင်သူရဲကြီးထဲမှ နိမိလကိုပါအတူ ထည့်ပေးလိုက်၏။

တောင်မျက်နှာတံခါးသည် တစ်ခဏအတွင်းမှာပင် ကျိုးပေါက်သွား၏။

ကဏ္ဍုလဆင်တော်သည် နန္ဒိမိတ္တ၏ အရှက်ခွဲခံရမှုကြောင့် ဒေါသအမျက် အခံရှိနေလေရာ သူ၏ အိမ်တစ်လုံးစာမျှ ကြီးမားသော ဦးခေါင်းဦးကင်းဖြင့် ကြောက်ခမန်းလိလိ ထိုးဖောက်တွန်းဖြိုပစ်လိုက်လေသည်။ တစ်ချိန်တည်းမှာပင် နန္ဒိမိတ္တနှင့် နိမိလတို့လည်း လက်နက်စုံတို့ဖြင့် တပ်ဦးမှ ပစ်လွှတ်တိုက်ခိုက်ကြလေရာ ဝိဇိတခံတပ်မြို့၏ အခိုင်ခန့်ဆုံးဖြစ်သော တောင်တံခါးသည် ကျိုးပေါက်သွားတော့၏။

တစ်ချိန်တည်းမှာပင် ဝေဠုသုမနသူရဲသည် မြင်းတပ်ဖြင့် အရှေ့တံခါးကို လည်းကောင်း၊ မဟာသောဏသူရဲသည် လေးမြားတပ်ဖြင့် မြောက်တံခါးကိုလည်းကောင်း၊ ကောဋ္ဌတိမ္ဗရနှင့် ထေရပုတ္တာဘယတို့က ရထားတပ်ဖြင့် အနောက်တံခါးကိုလည်းကောင်း အလုံးအရင်းဖြင့် ဖိ၍တိုက်ကြလေသည်။

ကျေးစစ်သည်တို့သည် တောင်တံခါးကျိုးပေါက်ရာမှနေ၍ ရှုပ်ရှုပ်ချုံချုံ ခံတိုက်ကြ၏။ ကြောက်စရာကောင်းလှသော တိုက်ပွဲကြီးပေါ်ပေါက်လာသည်။ သစ်သားတံခါး ကျိုးပေါက်ပြီးနောက် သံတံခါးတစ်ထပ်ရှိသေးရာ ကဏ္ဍုလဆင်တော်အစွမ်းပြတော့သည်။ ဆင်ကြီးသည် သံတံခါးကိုဖွဲ့ချည်တုပ်နှောင်ရာဖြစ်သော အုတ်ကျောက်တိုင်များ၊ ပေါင်များကို ဦးကင်းဖြင့်တိုက်၊ အစွယ်ဖြင့်ထိုးကော်၍ ဖြိုဖျက်လေသည်။ ဤတွင် သံတံခါးထိပ်သူရဲခိုများမှ ကျေးစစ်သည်တို့သည် ကဏ္ဍုလဆင်တော်အပေါ်သို့ ပုဆိတ်များ၊ ဓားလှံများဖြင့် ပစ်ခတ်ကြသည်။ ထိုလက်နက်များကိုအစွယ်ဖြင့် ပုတ်လျက် ကိုယ်လုံးကို ခါထုတ်လျက် ဆင်ကြီးသည် ထိမထင်ဖယ်ရှားပစ်နိုင်သော်လည်း ကျေးစစ်သည်တို့ ထပ်မံလောင်းချသော သံတွေခဲများ ကျိုက်ကျိုက်ဆူသော ပွဲရက်လုံးများကိုမူကား မခံနိုင်တော့ပေ။

ထို့ကြောင့် ကဏ္ဍုလဆင်ကြီးသည် အခိုးခြောင်းခြောင်းထလျက်

ပူလောင်လွန်းလှသော ကိုယ်ကိုသက်သာစေရန် ရေကန်တစ်ကန်ရှိရာသို့ ဆုတ်ခွာ၍ ရေကန်တွင်းသို့ ဆင်းစိမ်လိုက်ရလေသည်။

ဤအခြင်းအရာကို အနောက်တံခါး၌ တာဝန်ယူတိုက်နေသော သူရဲကောင်းဗြာတိမ္ဗရ မြင်လိုက်သဖြင့် ဆင်ကြီးမခံမရပ်ဖြစ်သွားအောင် ဒေါသကို ဆွပေးလိုက်၏။ ကောင်ဗြာတိမ္ဗရသည် ဆင်ကြီးကြားနိုင်အောင် အော်ပြောလိုက်သည်။

'ကဏ္ဍုလ…ဒီရေကန်ကို သေရည်အဖျော်ယမကာကန်လို့ ထင်နေသလား၊ ဒီကန်မှာစိမ်မှ သံတံခါးကို ဖျက်နိုင်မှာလား၊ ဘုရင့်အချီးအမြှောက်ခံသူရဲကောင်းစာရင်းဝင် လုပ်နေပြီး သံတံခါးတစ်ခုတောင်မှ မဖျက်နိုင်ဘူးတဲ့လား'

ကဏ္ဍုလဆင်တော်သည် အဟိတ်တိရစ္ဆာန်ပင် ဖြစ်သော်လည်း ဒုဋ္ဌဂါမဏိမင်း၏ သူရဲကောင်းအဖွဲ့ဝင်တစ်ဦး ဖြစ်လေသည်။ ကောဋ္ဌိတိမ္ဗရ၏။ ဟစ်သံကိုကြားသောအခါ ကဏ္ဍုလဆင်သည် ကျောကုန်းထက်မှ သံတွေခဲ၊ ပွဲရက်လုံးအပူများကို မေ့ပျောက်သွားပြီး ကျီလျှာဟစ်ကျွေးလျက် ရေကန်မှ တက်ခဲ့လေသည်။

ဒုဋ္ဌဂါမဏိမင်းသည် မိမိ၏ ဆင်တော်အကြောင်းကို ကောင်းစွာသိသူ ဖြစ်လေရာ ရေကန်မှတက်လာသော ဆင်ကြီးအား တောင်တံခါးစစ်မြေပြင်သို့ မသွားစေသေးဘဲ မိမိထံခေါ်ယူစေခဲ့၏။

ထို့နောက် အပူလောင်ထားသော အနာများကို ဆေးထည့်ကာ နူးညံ့သောအဝတ်များဖြင့် ကိုယ်လုံးကို ရစ်ပတ်ပေးလိုက်၏။ ထိုအဝတ်ပေါ်၌ ထပ်မံ၍ ချပ်ဝတ်တန်ဆာကို တင်၍ ကျွဲရေခုနစ်ထပ်ဖွဲ့ကာ ဆီဆွတ်ထားသော သားရေကို လွှမ်းပေးလိုက်၏။

ထို့နောက် မင်းကြီးသည် ဆင်တော်၏ ဦးကင်းကိုပွတ်သပ်လျက်–

'ကဏ္ဍုလ သားကြီး အစွမ်းပြလိုက်စမ်း….လင်္ကာဒီပမှာ သင်ဟာ ဆင်တကာတို့ရဲ့ မင်းဘုရင်ပဲ' ဟု အားပေးလိုက်သည်။

ကဏ္ဍုလဆင်ကြီးထံမှ မိုးကြိုးသံနှယ် စူးစူးနစ်နစ်အော်မြည်သံကြီးပေါ်လာကာ တောင်တံခါးဆီသို့ တောင်ငယ်တစ်လုံးပြေးလိုမ့်

သွားသကဲ့သို့ တစ်ဟုန်ထိုး ထွက်လေသည်။ ကဏ္ဍုလဆင်တော်အစွမ်း ပြလေပြီ။

သံတံခါး၏ အတွင်းပျဉ်ချပ်ကို အစွယ်ဖြင့် ထိုးခွဲလိုက်၏။

ထို့နောက် တံခါးခုံကို ခြေဖြင့် ဖြောင်းဖြောင်းကျိုးအောင် နင်းခြေပစ်လိုက်၏။ အုတ်ကျောက်ဘောင်များထဲတွင် မြှုပ်ထားသော သံယက်မများ၊ သံစို့များ ဖျစ်ဖျစ်မြည်ကာ ကျိုးပဲ့ ပွင့်ထွက်ကုန်သည်။

* * *

နန္ဒိမိတ္တသည် တဝုန်းဝုန်း ပြိုကျနေသော အုတ်ခဲ၊ ကျောက်တုံး အပြိုအပျက်များ ကြားမှပင် ဆင်ကျောကုန်းပေါ်သို့ ခုန်တက်ကာ ဖြောဖြောကျလာသော အုတ်ခဲကျောက်တုံးများကို လက်ဝါးဖြင့် ပုတ်ခတ် လွင့်စင်အောင် ပြုလိုက်၏။

ဤတွင် ကဏ္ဍုလဆင်ကြီးသည် နှာမောင်းကို မြှောက်၍ ကျောပေါ်မှနန္ဒမိတ္တ၏ လက်ရုံးကိုထိတို့ကာ ကျီစနဲ့တစ်ချက် အော်လိုက် ၏။ ဤအဓိပ္ပာယ်ကား စောစောက မိမိအား အစွယ်တွင်ကိုင်လျက် တွန်းဖယ်ခဲ့သော နန္ဒိမိတ္တအပေါ် မကျေမနပ်ဖြစ်ခဲ့သည်များအားလုံး ပြီးပြေကျေနပ်သွားပြီဟူသော အဓိပ္ပာယ်ပင် ဖြစ်၏။

ကဏ္ဍုလနှင့်နန္ဒမိတ္တတို့ နားလည်စွာပေါင်းဆုံမိကြလေပြီ။

သံတံခါးကြီးလည်း တံခါးခုံ၊ အုတ်ပေါင်တံတိုင်းနှင့်တကွ အပိုင်းပိုင်း ပြိုပျက်သွားချေပြီ။

နန္ဒိမိတ္တသည် မြို့တံခါးတိုင်ကို လက်မောင်းဖြင့်ခတ်၍ ဖျက်ဆီး လိုက်၏။ ကဏ္ဍုလသည် အခြားဘက်မှ တိုင်ကို နှာမောင်းဖြင့် ရိုက်ချိုး ပစ်လိုက်၏။ တံခါးတိုင်နှင့် ဆက်စပ်နေသော မြို့ရိုးအစိပ်အပိုင်းများ ဖြုန်းဖြုန်းဖြင်းဖြင်း ပြိုကျပျက်စီးသွားလေသည်။

ဤအချိန်၌ သူရနိမိလ၊ ကောဋ္ဌတိမ္ဗရနှင့် မဟာသောဏတို့ သည် တံခါးကိုဖျက်၍ မြို့ရိုးကို ခုန်ကျော်ဝင်သွားကြပေပြီ။

မြို့ရိုးတွင်းသို့ ရောက်သည်နှင့် တိုက်ပွဲမှာ အရှုပ်ထွေးဆုံး အကြမ်းတမ်းဆုံးဖြစ်သွားလေသည်။ ကဏ္ဍုလဆင်သည် ဧဠာရရထားတပ်

မှ ရထားဘီးများကို နှာမောင်းဖြင့် ရစ်ပတ်မြှောက်ယူ၍ အောက်သို့ပစ်ချ ရိုက်ခွဲပစ်လိုက် နန္ဒိမိတ္တက ကျေးစစ်သည်လက်နက်ရုံ အိမ်များကို ဖျက်ဆီးလိုက်၏။ ကောဋ္ဌတိမ္ဗရက အုန်းပင်များကိုဖြုတ်ချိုး၍ ဇှေ့ယမ်း တိုက်ခိုက်၏။ နိမိလက သန်လျက်ဖြင့် ထိုးခုတ်၏။ မဟာသောဏ ကထန်းပင်ကို ဧရာမ လုံ့ရှည်ကြီးအဖြစ် အသုံးပြု၏။ ထေရာပုတ္တက ယက ဆောက်မှတ်ကြီးကို ဇှေ့ယမ်း၍ ဝန်းကျင်အနီးနား ဝိုင်းလာသမျှ ကျေးစစ်သည်တို့ကို အတုံးအရုံးကျစေ၏။

ဝိဇိတခံတပ်မြို့ကြီးကား စိစိညက်ညက်ကြေသွားပေပြီ။

လေးလတိုင် ကြာမြင့်သော ဝိဇိတမြို့သိမ်းစစ်ပွဲကြီးသည် ဒုဋ္ဌ ဂါမဏိမင်း၏ ဘုန်းအာဏာနှင့် လက်ာဒီပတပ်များ၏ ဂုဏ်သတင်းကို အဆပေါင်းများစွာ ကြီးမားကျယ်ပြန့်စေခဲ့လေသည်။ ဝိဇိတမြို့ကျပြီ ဟူသော သတင်းက ဒမိဠနွယ်ဝင် ကျေးမင်းများအား ပြင်းစွာ တုန် လှုပ်ချောက်ချားစေခဲ့၏။ ဤအောင်ပွဲအရှိန်ဖြင့်ပင် ဂိရိလကမြို့နှင့် မဟေ လမြို့များကို ဆက်လက်တိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့ကြပြန်သည်။

အထူးသဖြင့် မဟေလမြို့ကို အောင်မြင်စွာ သိမ်းပိုက်နိုင်ခြင်း ကား အောင်ပွဲတံခွန်ကို ပို၍ မြင့်မားစွာ လွှင့်ထူလိုက်ခြင်းဟု ဆိုရပေ မည်။ မဟေလမြို့သည် ကျုံးသုံးထပ်ဝန်းရံထားသည့်အပြင် ချုံနွယ်တို့ ထူထပ်စွာပေါက်ရောက်နေပြီး မြို့တံခါးမှာလည်း တစ်ပေါက်တည်းသာ ရှိသောမြို့ဖြစ်၏။ ဒုဋ္ဌဂါမဏိမင်း၏တပ်များသည် မဟေလမြို့ကို ကြပ် ကြပ်တည်းတည်း ပိတ်ဆို့ဝန်းရံလုပ်ကိုင်ကာ အစာရိက္ခာ ပြတ်လပ်သော အဖြစ်ကို ရောက်စေပြီးမှ မဟေလမြို့ကျခြင်း ဖြစ်သည်။

မဟေလမြို့ကို ရရှိပြီးနောက်တွင်ကား အဆုံးအဖြတ်ပေးမည့် စစ်ပွဲကြီးတစ်ပွဲသာ ကျန်ပေတော့သည်။ ယင်းကား ဧဠာရကျေးမင်း နန်းစိုက်သည့် အနုရာဓမြို့တော် ဖြစ်လေသည်။

* * *

# ဒုဋ္ဌဂါမဏိနှင့် ဌေဒ္ဓာရကျေးမင်း

အချိန်ကာလမှာ နယုန်၊ ဝါဆိုလသို့ ရောက်နေပေပြီ။

အနုရာဓမြို့ဆီသို့ ချီတက်လာခဲ့သော လက်ာဒီပတပ်မကြီးများ သည် ယခင်စစ်ပွဲများကဲ့သို့ တစ်ခါတည်း မြို့ရိုးအနီးဝန်းရံ ပိတ်ဆို့ ခြင်းမပြုဘဲ မင်းကြီးအမိန့်အရ မြို့နှင့် မနီးမဝေးကာသတောင်၏ တစ်ဖက်တောင်ကြောခြေရင်းတွင် သစ်တပ်ကြီးဖွဲ့၍ တပ်စွဲလိုက်ကြ၏။ ထို့နောက်တပ်စွဲရာနေရာမှာပင်တစ်ဖက် ဆည်ကန်ကြီးပြုလုပ်ကာ တပ်တော်များ ရေပွဲသဘင်ဆင်ယင် ကျင်းပလိုက်ကြလေသည်။

အနုရာဓမြို့တွင်းရှိ ဌေဒ္ဓာရကျေးမင်းကား တုန်လှုပ်သွားလေ သည်။

'ဂင်္ဂါရဲ့ဒီဘက်ကမ်းက ဒမိဠမြို့တွေအားလုံးကုန်သလောက် ဖြစ်သွားပြီ၊ ဒုဋ္ဌဂါမဏိဟာ တစ်မြို့ပြီးတစ်မြို့သိမ်းလိုက်ပြီး စစ်ပွဲ တိုင်းမှာ သူဟာ တပ်ဦးကနေပြီး ကိုယ်တိုင် စစ်ထိုးတယ်လို့ ဆိုတယ်၊ အစွမ်းထက်တဲ့ သူရဲကောင်းတွေလည်း သူ့မှာ အများကြီးရှိတယ်တဲ့၊ ကျွန်ုပ်တို့ ဘယ်လိုလုပ်ကြမလဲ၊ ဒုဋ္ဌဂါမဏိနဲ့ သူ့စစ်တပ်တွေဟာ အနုရာဓရဲ့အနီးကို ချဉ်းကပ်ရောက်ရှိနေကြပြီ'

ဇွော်ရကျေးမင်း၏ စစ်ရေးညီလာခံသည် တိတ်ဆိတ်နေ၏။

'စစ်ပြိုင်ထိုးမလား၊ ဒုဋ္ဌဂါမဏိဆီပဲ အညံ့ခံဝင်မလား'

ဇွော်ရဘုရင်၏မေးခွန်းကပင်လျှင် အရှုံး၏အငွေ့အသက်များကို ပြနေ၏။ အညံ့ခံဝင်မလားဟူသော စကားအဆုံးတွင်မှ ညီလာခံသည် တဝေါဝေါအသံများဖြင့် ပြုဆင်းသွားလေသည်။

စစ်သေနာပတိများနှင့် အမတ်များလှုပ်လှုပ်ရွရွ ဖြစ်သွားကြပြီးနောက် အချင်းချင်းတိုင်ပင်ကြကာ အားလုံးကို ကိုယ်စားပြုလျက် နန်းရင်းဝန်ဖြစ်သူက လျှောက်ကြားလိုက်၏။

'အရှင်မင်းမြတ် သူ့ထံအညံ့ခံဝင်ရင်လဲ သူကသတ်မှာပါပဲ၊ အဆက်ဆက် သူ့လက်ထဲ ကျသွားခဲ့တဲ့မြို့တွေက ဘုရင်တွေရဲ့ သာဓကကိုကြည့်ပါ၊ သူတို့အားလုံး အသတ်ခံကြရတာချည်းဖြစ်ပါတယ်၊ ဒါကြောင့် စစ်ထိုးခြင်းကိုပဲ ရွေးချယ်သင့်ပါတယ်။'

စစ်ပြိုင်ထိုးခြင်းမှအပ အခြားရွေးစရာ နည်းလမ်းမရှိတော့၊ ဇွော်ရကျေးမင်းသည် မသက်မသာဖြင့် ခေါင်းညိတ်နေ၏။

ဤအချိန်တွင် ဒီဃဇန္တုအမည်ရှိ စစ်သူရဲကြီး၏ အသံထွက်ပေါ်လာ၏။

'စစ်ထိုးဖို့ကလွဲပြီး အခြားပြုစရာမရှိပါ၊ ကျွန်ုပ်နှင့်တကွ သူရဲကောင်းများ စစ်ပြင်ပြီး နက်ဖန်သန်ဘက်ပဲ စစ်ထွက်ထိုးပါရစေ ဘုရင်မင်းမြတ်'

ဒီဃဇန္တု၏ တတ်ကြွမှုကြောင့် ညီလာခံသည် အသက်ပြန်ဝင်လာလေသည်။ ကျေးစစ်သည်တို့၏အသွင်သည် စစ်စိတ်စစ်သွေးများဖြင့် လှုပ်လှုပ်ရှားရှားဖြစ်လာကြ၏။

ဇွော်ရကျေးမင်းသည် စစ်မိန့်ကို ထုတ်ပြန်လိုက်ရလေသည်။

မယ်တော်ဝိဟာရဒေဝီသည် အသက်အရွယ် အိုမင်းရင့်ရော်နေပေပြီ။ သို့သော် မယ်တော်ကြီး၏ စိတ်သန္တန်ကား အိုမင်းမစွမ်း မဟုတ်ပေ။ သားတော်ကြီးဒုဋ္ဌဂါမဏိ၏ သာသနာ့ရန်စွယ် တွန်းလှန်ကာကွယ်

ရေး စစ်ပွဲများကို မယ်တော်ကြီးသည် အမြဲမပြတ် လေ့လာလျက်ရှိ၏။ သားတော်ကြီး၏ဘုန်းစွမ်းကို ယုံကြည်စိတ်ချရုံသာမက ကိုယ်တိုင်လည်း ဤစစ်ပွဲများကို စိတ်ဝင်တစားရှိသူဖြစ်၏။

သာသနာတော်ကြီး ဘေးအန္တရာယ်မှ ကင်းရှင်းရေးလုပ်ငန်းတွင် မယ်တော်ကြီးသည် အစမှအဆုံးအားတတ်သရော ပါဝင်ခဲ့လေသည်။

ယခု အနုရာဓမြို့တိုက်ပွဲသည် ပွဲသိမ်း ဖြစ်မည်ကို မယ်တော်ကြီး သိထားသည်။ ဧဠာရကျေးမင်းနန်းစိုက်ရာ မြို့တော်ဖြစ်၍ သေနင်္ဂအရ အတိမ်းအစောင်းမခံကြောင်းလည်း သဘောပေါက်ထားသည်။

ဒုဋ္ဌဂါမဏိမင်းသည် အစဉ်အမြဲပင် မယ်တော်ကြီးအား တိုင်ပင်ခဲ့သည်ဖြစ်ရာ အရေးအကြီးအဆုံးဖြစ်သော ဤတိုက်ပွဲကြီးအတွက်လည်း မယ်တော်ကြီးထံမှ အကြံဉာဏ်ရယူရန် အခစားဝင်ခဲ့လေသည်။

'သားတော်၊ အနုရာဓမြို့တော်ကြီးဟာ အရင့်အရင်သားတော်တို့ တိုက်ခိုက် သိမ်းပိုက်ခဲ့ကြတဲ့ ကျေးမြို့တွေလို မဟုတ်ဘူး၊ ဧဠာရမင်းဟာ မြို့ကိုပိတ်ဆို့ပြီး အထဲကနေ စစ်ခံမယ့်သူမဟုတ်ဘူး သူ့မှာ အသက်စွန့်ပြီး အမှုထမ်းမယ့် သူရဲကောင်းတွေ အများအပြားရှိတယ်၊ ပြီးတော့ အနုရာဓမြို့တော်ဟာ ဒမိဠကျေးတွေရဲ့ နောက်ဆုံးအင်အားမဟုတ်လား'

'ဟုတ်ပါတယ်မယ်တော် ဒီပွဲမှာ သေနင်္ဂကို တစ်မျိုးပြောင်းရမယ်လို့ သားတော်လည်း စိတ်ကူးမိပါတယ်'

'ဥပါယ်တမျဉ်ကို သုံးရမယ်သားတော်ကျေးသူရဲကောင်းတွေဟာ မုချထွက်တိုက်ကြမှာပဲ၊ ဒီနေရာဒေသဟာ သူတို့နေရာဒေသဖြစ်တယ်၊ အခုသားတော်တို့ တစ်ထပ်တည်း စခန်းချနေတဲ့ ကာသတောင်ရဲ့ တစ်ကြောလုံးကို သူတို့ဟာ နယ်မြေကျွမ်းကျင်သူများ ဖြစ်ကြတယ်။ သစ်တစ်ပင် ချုံတစ်နွယ်ကအစ သူတို့အလွတ်ရနေလိမ့်မယ်၊ သူတို့ရဲ့ နယ်မြေကျွမ်းကျင်မှုကို အားကိုးပြီး သူတို့ထွက်တိုက်လိမ့်မယ်'

'အဲဒါဟာ ရန်သူရဲ့စစ်ဦးဆိုရင် ဒီစစ်ဦးကို ကျိုးသွားအောင် သားတော်တို့ လုပ်ကြရမှာပေါ့ မယ်တော်'

'မုန်တယ် ဒါကြောင့် ဥပါယ်တမျဉ်သုံးရမယ်လို့ မယ်တော်ပြောတာပဲ'

* * *

ကာသတောင်ကြီးတစ်ခုလုံးသိမ့်ခနဲဖြစ်သွားသည်ဟု ထင်ရ၏။

လက်ာဒီပတပ်များဆီမှ တိုက်စည်တီးလိုက်သောအချိန်နှင့် ဌေဘာရကျေးမင်း စီးလာသော မဟာပဗ္ဗတဆင်ကြီး၏ အော်သံတို့မှာ မရေးမနှောင်းပင် ဖြစ်သည်။

ကြီးမား ထွားကြိုင်းလှသော ခန္ဓာကိုယ်ရှိသည့် ဌေဘာရကျေးမင်းသည် ကိုယ်ချပ်တန်းဆာကို ဆင်မြန်းထားသည့်အတွက် ဧရာမ လူ့ဘီလူးကြီးနှယ် ဖြစ်နေ၏။ မဟာပဗ္ဗတဆင်မှာလည်း အမည်နှင့်လိုက်ဖက်စွာပင် တောင်ငယ်တစ်လုံးစာမျှ ရှိနေလေသည်။

မဟာပဗ္ဗတဆင်ကြီး၏ရှေ့မှ သံချပ်ဝတ်စစ်မြင်းကြီးကို စီးနင်းလာသူမှာ ခွန်အားအစွမ်းကြီးလှစွာသော ဌေဘာရသူရဲကောင်းဒီဃဇန္တုပင် ဖြစ်၏။ ဒီဃဇန္တု၏ လက်ထဲမှ အဲမောင်းလှံကြီးသည် မြွေဟောက်တစ်ကောင်နှယ် ရှူးရှူးရှားရှားဖြင့် ထိုးတိုက်ရမည့်သူကို ရှာဖွေနေ၏။

တပ်မကြီးနှစ်ခုတို့ ရင်ဆိုင်တွေ့ကြတော့မည်။

ဌေဘာရကျေးသူရဲကောင်း ဒီဃဇန္တုသည် တက်ကြွဆူဝေသော စစ်သွေးများဖြင့် မြင်းကုန်းနှီးပေါ်တွင် ထိုင်လိုက်ရခြင်းကို အားမရနိုင်တော့ဘဲ ခြေကွင်းပေါ်အားပြုလျက် မတ်တပ်ရပ်လိုက်၏။ ဤတွင် ဒီဃဇန္တုသည် အဝေးသို့ပို၍ မြင်နိုင်စွမ်းရှိလာသည်။

ကေလာသတောင်ကြော တောင်ခြေရင်းမှ သည်တရွေ့ရွေ့ ချီတက်လာကြသော လက်ာဒီပစစ်တပ်ကြီးကို တွေ့လိုက်ရ၏။ ဒီဃဇန္တု၏ စစ်သွေးများပို၍ ဆူပွက်လာသည်။ မြင်းဇက်ကို အသော့နှင်ရင်း တပ်ဦးဆီမှ ထွက်လာခဲ့၏။

ဒီဃဇန္တု ပေါက်ကွဲလုဖြစ်သွားသည်။ လက်ာဒီပတပ်များစခန်းချထားသော သစ်တပ်ရှေ့တွင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် ဖြစ်၏။ ထိုမြင်ကွင်းကား ဗိုလ်တဲသုံးဆယ့်နှစ်ခုပင် ဖြစ်သည်။ ဗိုလ်တဲ

တစ်ခုစီတွင် လက်ာဒီပ၏ ရွှေဝါရောင်နှင့်ကြက်သွေးရောင် တံခွန်အလံများကို မြင့်မြင့်မားမား လွှင့်ထူထား၏။ ထိုမျှသာမက ဗိုလ်တဲများရှေ့တွင် ထီးဖြူများလည်း စိုက်ထား၏။ ဒီဃဇန္တု၏ စစ်စိတ်စစ်သွေးကို ပေါက်ကွဲအောင် ပြုလုပ်ပေးလိုက်သော အရာကား ထိုထီးဖြူသုံးဆယ့်နှစ်စင်းနှင့် ထီးဖြူများအောက်တွင် စွင့်စွင့်မတ်မတ်ထိုင်နေကြသည့် သုံးဆယ့်နှစ်ဦးသော ဘုရင်များပင် ဖြစ်လေသည်။

'သင်းတို့က အနုရာဓကိုသိမ်း၊ ငါတို့ဌာရကျေးတွေကို သတ်ပြီး ထီးဖြူစိုက် မင်းပြုကြဖို့ တစ်ခါတည်းဆုံးဖြတ်လာကြပေသကိုး၊ ဒါဟာ ဒုဋ္ဌဂါမဏိစစ်ဘုရင်ရဲ့ လက်အောက်ခံဘုရင်သုံးဆယ့်နှစ်ယောက်ဖြစ်မှာပဲ၊ အေး တွေ့ကြသေးတာပ၊ ထီးဖြူဆောင်းစရာ ဥသျှောင်မရှိတဲ့ ဘဝကိုရောက်ကြရစေ့မယ်ဟေ့'

ဒီဃဇန္တုသည် ပေါက်ကွဲသောဒေါသဖြင့် သူ၏တပ်ဦးမှ ခွဲထွက်လာပြီး စစ်မြင်းကြီးကို ကဆုန်စိုင်းတော့၏။ ထို့နောက် သူကျွမ်းကျင်သော ကေလာသတောင်ကြောရှိ ကျောက်တုံးများ၊ သစ်ပင်များ၊ နွယ်ဒန်းများကို ကျားသစ်နက် တစ်ကောင်နှယ်လျှင်မြန်လွန်းသော အဟုန်ဖြင့် အဆင့်ဆင့် ခုန်ကူးလိုက်၏။

ဒီဃဇန္တု၏ လှုပ်ရှားမှုမှာ လျှပ်စီးမိုးကြိုးတမျှပင်။

တစ်ခဲနက်သော ကြံ့ဝါးသံကြီးဖြင့် ဟစ်ကြွေးကာ သူသည် ဆယ့်ရှစ်တောင် အမြင့်ဆီမှ ခုန်ပျံဝဲလာကာ ထီးဖြူစိုက် ဗိုလ်တဲများဆီသို့ ရောက်လာ၏။ ထို့နောက် ဓားသွားလည်းပါသော သူ၏အဲမောင်းလှံကို ဓားသွားဘက်မှ အသုံးပြုကာ ထီးဖြူဆောင်းထားသော ဘုရင်များကို တစ်ပါးပြီးတစ်ပါး လွှဲယမ်းခုတ်ပိုင်းလိုက်တော့သည်။

ဘုရင်များသည် ဒဃဇန္တု၏ ဒီမောင်းဓားသွားအောက်တွင် ခေါင်းတစ်ခြား ကိုယ်တစ်ခြားဖြစ်သွားကြ၏။ ဒီဃဇန္တုသည် ခုတ်ပိုင်းပြီးသော ဘုရင်များကို ပြန်စောင်းငဲ့မကြည့်ဘဲ အစဉ်အတိုင်း ဓားသွားစက်ယန္တရားပမာ ခုတ်ချပစ်ခဲ့ရင်း အကြီးဆုံးတဲနန်းရှေ့သို့ ရောက်လာခဲ့လေသည်။

'ဟေး ဒီတဲမှာ ဒုဋ္ဌဂါမဏိဆိုတဲ့ စစ်ဘုရင်ရှိတယ်မဟုတ်လား၊ တိုက်စည်းတီးပြီး တပ်တွေကို ရှေ့လွှတ်၊ စစ်ဘုရင်ကြီးကတော့ ဗဟိုတဲနန်းထဲမှာ ပုန်းနေတယ်လား…ဧဠာရသူရဲကောင်း ဒီဃဇ္ဈေတဲ့ဟေ့ ထွက်ခဲ့စမ်း ဒုဋ္ဌဂါမဏိစစ်ဘုရင်၊ သင့်ရဲ့ လက်အောက်ခံဘုရင်တွေ ထီးဖြူအောက်မှာ ဘာဖြစ်သွားကြပြီလဲ ဆိုတာ'

ဒီဃဇ္ဈေ၏ ဟစ်ကြွေးသံမှာ မိုးကြိုးထစ်ချုန်းသံနှယ် ဖြစ်သည်ဆိုလျှင် သူ့အသံ အဆုံးနောက်မှ ထက်ကြပ်ပေါ်လာသော နောက်ထပ်ဟစ်ကြွေးသံကား တော်လဲမြည်ဟီးသံဟု ဆိုရတော့မည်။

'ဒီဃဇ္ဈေ ကျေးသူရဲကောင်း၊ ငမိုက်သားနင်ခုတ်ပစ်ခဲ့တဲ့ ဘုရင်တွေကို ပြန်ကြည့်လိုက်ဦးဟေ့'

ထိုဟစ်သံကြောင့် ဒီဃဇ္ဈေသည် သူ့ အဲမောင်းစားသွားဖြင့် ဥဿျောင် ဖြတ်ခဲ့သည့် ဘုရင်သုံးဆယ့်နှစ်ဦးတို့ရှိရာသို့ ငဲ့စောင်းကြည့်လိုက်၏။

'ဟင် ဒါ ဒါ ဟာ'

ဒီဃဇ္ဈေသည် အကြီးအကျယ် အံ့သြထိတ်လန့်သွားလေသည်။ ထီးဖြူဆောင်း ဗိုလ်တဲရှေ့မှ ဘုရင်သုံးဆယ့်နှစ်ပါးကား လူစင်စစ်မဟုတ်ဘဲ လူအသွင်နှင့်ခွဲမရအောင် အတုလုပ်ထားသည့် အရုပ်များပါတကား။

'တွေ့လား ဒီဃဇ္ဈေငမိုက်သား၊ အရုပ်တွေကိုခုတ်ပြီး ငါတို့မင်းကြီးကို နင်က ပွဲတောင်းနေသတဲ့လား'

'သင် သင် ဘယ်သူလဲ'

'ငါ သူရနိမိလ'

သူရနိမိလ၊ ဒုဋ္ဌဂါမဏိမင်းကြီး၏ လက်ရွေးစင်သူရဲကြီးတစ်ကျိပ်အဖွဲ့ဝင် သူရနိမိလ၏ အမည်ကို ဒီဃဇ္ဈေကြားဖူးထား၏။ ဒီဃဇ္ဈေသည် မီးတောင်တစ်ခု ဖြစ်သွား၏။

'ငါ ငါဥပါယ်တမျဉ်မှာ အငိုက်မိခံရပြီ'

အံ့သြတုန်လှုပ်ခြင်း၊ အရှက်ရခြင်းများဖြင့် ဒီဃဇ္ဈေ၏အမျက်ဒေါသသည် အမြင့်ဆုံးသို့ ရောက်ရှိလွင့်စင်သွားကာ

'သူရနိမိလကို ငါသတ်မယ်ဟေ့' ဟု အော်ဟစ်လျက် ကောင်းကင်သို့ ခုန်တက်လေသည်။ ဒီဃဇန္တုသည် အဲမောင်းကို လွှတ်ချလိုက်ပြီး ကောင်းကင်မှ ပြန်အကျတွင် သန်လျက်ကို ထုတ်ယူဆုပ်ကိုင်လိုက်၏။

သန်လျက်သည် လျှပ်စီးကြောင်းတစ်ခုနှယ် သူရနိမိလ၏ ခေါင်းထက်သို့ ကျသွား၏။ သို့သော် သူရနိမိလက ကာဖြင့် ဆီးခံတားလိုက်သည်။ ပြင်းထန်သော ထစ်ချုန်းသံကြီးပေါ်လာကာ သန်လျက်သွားနှင့် ကာတို့ထိခတ်ရာမှာ မီးပွင့်များ ဖွားခနဲလွင့်လာ၏။

သူရနိမိလသည် ဒီဃဇန္တု၏သန်လျက်သွားကာပေါ်သို့ ကျရောက်သည်နှင့် အရှိန်အဟုန်ကို ဆန့်ကျင် တွန်းကန်မှုအားဖြင့် အသုံးချကာ ကာကို လွှတ်ချလိုက်၏။ ထိုအား အရှိန်ဖြင့်ပင် ဒီဃဇန္တုသည် သန်လျက်ကို ကိုင်ဆွဲလျက်သားပင် အားလွန်၍ လဲကျသွားလေသည်။ ချက်ချင်းပင် ဒီဃဇန္တုပြန်ထရန် ကြိုးစားသည်။ သို့သော် မျက်တောင်တစ်ခတ်စာမျှ နောက်ကျသွားလေပြီ။

သူရနိမိလ၏သန်လျက်သွားသည် ချပ်ဝတ်ကိုဖောက်လျက် ဒီဃဇန္တု၏ကိုယ်ထဲသို့ နစ်မြုပ်သွားလေသည်။

ထိုအချိန်မှာပင် ဖုဿဒေဝ၏ ခရုသင်းမှုတ်သံသည် စူးနစ်ကျယ်လောင်စွာပေါ်လာ၏။ စိတ္တလတောင်ခြေရွာသားဖြစ်သော သူရဲကောင်းအဖွဲ့ဝင် ဖုဿဒေဝသည် ငယ်စဉ် တစ်ဆယ့်နှစ်နှစ်အရွယ်ကပင် ဗောဓိပင်၌ ပူဇော်ထားသော ခရုသင်းကိုယူ၍ အားကုန်မှုတ်ခဲ့သည်တွင် သူ့ခရုသင်းမှုတ်သံသည် မိုးကြိုးထစ်ချုန်းသံနှင့် မခြားရှိလေသည်။ ထို့ကြောင့် ငယ်စဉ်ကပင် ဥမ္မာဒဖုဿဒေဝဟု အမည်တစ်ခုံးရခဲ့သူဖြစ်၏။

ယခု သူရဲကောင်းအဖွဲ့ဝင်ဖြစ်လာသောအခါ ဖုဿဒေဝ၏ ခွန်အားမှာ အပြည့်ဝဆုံးအချိန်ဖြစ်လေရာ စစ်မြေပြင်တွင် ထွက်ပေါ်လာသော သူ၏ခရုသင်းမှုတ်သံသည် ကောင်းကင်ကြီး ပြိုအက်တော့မည့်အလား ထင်ရသည်။ ဤအသံသည် ရန်သူတို့၏နားမှတစ်ဆင့်

အုအသည်းကလီစာတို့ကို မွှေနှောက်ချောက်ချားစေကာ မခံမရပ်နိုင်သော စူးနစ်မြည်ဟီးသည့် အသံကိုဖြစ်စေရာ ဇွဲဥာရစစ်သည်များမှာ အသံ၏ ခြောက်လှန့်ခြင်းဖြင့် သွေးရူးသွေးတန်းဖြစ်ကုန်ကြပြန်သည်။

မိမိ၏စစ်တပ်ကြီး ဖရိုဖရဲဖြင့် ထိန်းမနိုင်သိမ်းမရဖြစ်သွားသဖြင့် ဇွဲဥာရမင်းလည်း တပ်ကိုရသမျှ စုစည်းလျက်အနုရာဓမြို့သို့ ပြန်ဆုတ်သွားလေသည်။ ဇွဲဥာရစစ်သည်တို့၏ သွေးများ စွန်းပေနေသော ဓားလှံများကို ရေကန်၌ ဆေးကြောကြရာမှာလည်း ရေကန်တစ်ခုလုံး ခြင်းခြင်းနီသွားခဲ့လေသည်။

သို့သော် ယခုအချိန်အထိ ဒုဋ္ဌဂါမဏိမင်းကြီးသည် ဇွဲဥာရမင်းနှင့်ရင်ဆိုင် စီးချင်းတိုက်ရန် အခွင့်မသာသေးပေ။

သူရဲကြီးတစ်ကျိပ်အပါအဝင် ဗိုလ်မှူးဗိုလ်ချုပ်များအားလုံးကို ဒုဋ္ဌဂါမဏိမင်းသည် စစ်တဲနန်းသို့ ဆင့်ခေါ်လိုက်၏။

ပွဲဦးထွက်အောင်ပွဲ၏အရှိန်ဖြင့် သူရဲကောင်းများအားလုံး စစ်သွေးတက်ကြွနေကြသည်။ ရန်သူတို့စစ်မြေပြင်ကို စွန့်၍ မြို့သို့ ပြန်ဆုတ်နေချိန်တွင် မင်းကြီးမည်သို့ သေနင်္ဗျူဟာ ချမှတ်မည်နည်းဆိုသည်ကို မျှော်လင့်စောင့်စားနေကြသည်။

ဒုဋ္ဌဂါမဏိမင်းသည် သံကိုယ်ကြပ်ကို အမြီးသပ်ဆင်မြန်းပြီး သံနန်းခတ်လက်အိတ်ကိုစွပ်လိုက်ပြီးနောက် အေးဆေးစွာပင် မိန့်လိုက်၏။

'ဇွဲဥာရကျေးမင်းကို ကျွန်ုပ်အတွက်ထား၊ ဘယ်သူမှဇွဲဥာရမင်းနဲ့ စီးချင်းမထိုးရဘူး၊ သူ့ကိုယ်မှာ ခွဲဝင်မယ့်လှံဟာ ကျွန်ုပ်ရဲ့လှံပဲဖြစ်စေရမယ်၊ သင်တို့အနေနဲ့ဆိုင်ရာဆိုင်ရာ မျက်နှာတွေမှာပဲ အမှုတော်ကုံလုံကြစေ'

မင်းကြီးသည် ထိုစကားကိုဆိုစဉ်၌ သံနန်းခပ်လက်အိပ်ကို လက်ချောင်းများတွင် အသေအချာမိမိရစွပ်လိုက်သည့်နည်းတူ ခိုင်မာတိကျစွာဆိုလိုက်ခြင်း ဖြစ်လေသည်။ ဆုံးဖြတ်ချက်စကား ဖြစ်သလို အမိန့်လည်း ဖြစ်လေသည်။

သူရဲကောင်းစစ်သည်များ ငြိမ်သက်စွာနာခံနေကြ၏။

**သီရိဆွေစာအုပ်တိုက်**

"ဒီအမိန့်ကို တပ်တော်အတွင်း ရှိရှိသမျှစစ်သည်တွေ သိရအောင် စည်လည်ပြီးဆင့်၊ ဋ္ဌောရမင်းဟာ ဒုဋ္ဌဂါမဏိအတွက်ပဲ ဖြစ်တယ်ဆိုတာ အားလုံးသဘောပေါက်ကြစေ"

စစ်ရေးဆွေးနွေးပွဲသည် ထိုမျှဖြင့်ပင်ပြီးဆုံးသွား၏။

မင်းကြီးသည် တဲနန်းမှထွက်လာကာ ကဏ္ဍုလဆင်တော်ကို အသင့်ပြင်စေသည်။ ဆင်တော်ကား မင်းကြီးကိုယ်တိုင် မိမိ၏ ကျောက်ကုန်းပုခက်တွင် လိုက်ပါ စီးနင်းတော့မည်ကိုလည်းကောင်း ဤတစ်ကြိမ်စစ်ထိုးခြင်းသည် အပြီးသပ်အောင်ပွဲကို ဆုပ်ကိုင်မည့်ပွဲ ဖြစ်သည်ကိုလည်းကောင်း နားလည်ဟန်ဖြင့် နှာမောင်းတရမ်းရမ်း၊ အစွယ်တဝေ့ဝေ့ ရှေ့ခြေ တရှုပ်လရှုပ်ဖြင့် တက်ကြွနေလေသည်။

ထိုအချိန်တွင် တပ်ဆုတ်သွားသော ဋ္ဌောရမင်းသည် အနုရာမြို့ တောင်တံခါးဝဆီသို့ ရောက်လုနီးနေပြီဖြစ်သည်။

* * *

မယုံနိုင်စရာ အဟုန်ဖြင့် ထက်ကြပ်လိုက်လာသော လင်္ကာဒီပစစ်တပ်ကြီးကို ဒမိဠခေါင်းဆောင် ဋ္ဌောရမင်းသည် နောက်ကြောင်းပြန်လှည့်၍ စစ်ခံရတော့၏။ အနုရာဓမြို့တောင်တံခါးမှ မြို့တွင်းသို့ ဝင်ရန်အချိန်မရတော့ချေ။ ဤသို့ဖြင့် တောင်တံခါးဝ၌ ပြင်းထန်သော တိုက်ပွဲကြီး ပေါ်ပေါက်လာလေသည်။

ဋ္ဌောရမင်းသည် မဟာပဗ္ဗတ ဆင်ကြီးပေါ်တင်စီးလျက် ဆီး၍ခံလင့်၏။ ဒုဋ္ဌဂါမဏိမင်းကြီးသည်လည်း ကဏ္ဍုလဆင်တော်ကို ချွန်းဖွင့်၍ အတင်းဝင်လေသည်။ နှစ်ဖက် စစ်သည်များ၏ ဓားလှံသွားတို့လည်း ဖွေးဖွေးလှုပ်သွားကြသည်။ သို့သော် ကဏ္ဍုလဆင်ကြီးဝင်ရာလမ်းတစ်လျှောက်တွင်မူ ခြေလျင်တိုက်နေကြသော စစ်သည်များရှဲသွားကြသည်။

တောင်တံခါးဝအနီးတွင် မင်းနှစ်ပါးတို့ တိုက်ဆင် ကိုယ်စီဖြင့် ရင်ဆိုင်တွေ့ကြပေပြီ။ ဋ္ဌောရမင်းက ဦးစွာလှံမကို လွှတ်လိုက်၏။ လှံမသည် ဒုဋ္ဌဂါမဏိမင်းဆီသို့ တည့်မတ်စွာ ပျံသန်းသွားသည်။

သို့သော် ထိုလှံမသည် ဒုဋ္ဌဂါမဏိမင်း၏ လက်တစ်ကမ်းအကွာတွင် ချွင်ခနဲမည်သံ၊ ဖွားခနဲမီးဖွားများလွင့်စင်သွားခြင်းနှင့်အတူ ပြိုပျက်သွား၏။ ဒုဋ္ဌဂါမဏိမင်းက ကာဖြင့် ခတ်၍ ပက်ထုတ်လိုက်ခြင်းကြောင့် ဖြစ်၏။

မိမိအားအထားဆုံးသော လှံမ အချည်းနှီးဖြစ်သွားသည်ကို တွေ့သော ဧဠာရမင်းသည် ထိတ်ထိတ်ပျာပျာဖြစ်သွား၏။ ထို့ကြောင့် သူ၏ မဟာပဗ္ဗတဆင်ကြီးကိုရှေ့တက်ရန်၊ ဒုဋ္ဌဂါမဏိမင်း၏ဆင်အား အစွယ်ဖြင့်ထိုးရန် အမိန့်ပေးလိုက်၏။ သို့သော် နောက်ကျသွားပေပြီ။

မဟာပဗ္ဗတဆင်ကြီး နှာမောင်းမြှောက်၍ ရှေ့နှစ်လှမ်းသုံးလှမ်း တက်ရန် ပြင်ဆင်နေချိန်မှာပင် ကဏ္ဍုလဆင်တော်၏ အစွယ်နှစ်ချောင်းက မဟာပဗ္ဗတ၏ ဦးကင်းနားရွက်ဘေးသို့ စိုက်ဝင်သွားပြီဖြစ်၏။ တောင်ကြီးတစ်လုံး ငလျင်ချက်ဖြင့် သိမ့်သိမ့်တုန်သွားသည့်နှယ်ပင် မဟာပဗ္ဗတဆင်ကြီး၏ နာကျင်လှစွာသော ကျီကျီအော်သံသည် စစ်မြေပြင်တစ်ခုလုံးသို့ ဖုံးလွှမ်းသွားလေသည်။

ယိမ်းယိုင် အခြေပျက်သွားသော ဆင်ကြီးပေါ်တွင် ဧဠာရမင်းသည် ပုခက်နံရံကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ကိုယ်ကို ထိန်းသိမ်းတည့်မတ်နေရ၏။ သူ၏မဟာပဗ္ဗတ ဆင်ကြီးမှာလည်း လက်ပြင်မှ ယိုစီးသော သွေးများ၏ အနံ့ကို ပြန်လည်ရှူရှိုက်ရသည့်အတွက် ချွန်းကို သတိမထားနိုင်တော့ဘဲ တုန်လှုပ် အခြေပျက်သွား၏။

ဒုဋ္ဌဂါမဏိမင်းသည် လှံလျင်ကို ထုတ်ယူလိုက်၏။

လှံရိုးကို ဆုပ်ကိုင်လိုက်ကာ စိတ်ထဲမှ ကြုံးဝါး ရေရွတ်လိုက်သည်။ 'သာသနာတော်အတွက်' သာသနာတော်ရဲ့ အန္တရာယ်ကို ဖယ်ရှားသုတ်သင်ရေးအတွက်…"

လှံလျင်သည် မင်းကြီးလက်ထဲမှ လှပစွာ ပျံသန်းသွား၏။

ထိုလှံသွား၏ ထိုးစိုက်စွဲဝင်ရာကားကြီးမားထွားကြိုင်းလှသော ဧဠာရမင်း၏ ဝဲဘက်ရင်အုံတည့်တည့်။

ဒမိဠခေါင်းဆောင် ဧဠာရမင်းနှင့်တကွ သူ၏မဟာပဗ္ဗတဆင်ကြီးတို့ လူရောဆင်ပါ ဘုံးဘုံးလဲကျသွားလေသည်။

ကျေးစစ်တပ်ကြီးလည်း ခြေဦးတည့်ရာဖရိုဖရဲပြိုကွဲ၍ ကစင့်ကလျား ထွက်ပြေးကြတော့သည်။ တိုက်ပွဲရလဒ်ထွက်ပေါ်သွားပေပြီ။

*   *   *

အနုရာဓမြို့တွင်း တစ်ယူဇနာဝန်းကျင်တွင် လူစုလူဝေးကြီးဖြစ်ပေါ်လျက်ရှိသည်။ ထိုအစုအဝေးကြီး အလယ်တွင် ဧဠာရမင်း၏အလောင်းကို ကောင်းစွာပြင်ဆင်ထားသည်။

"မိစ္ဆာအယူရှိတဲ့ ဒမိဠခေါင်းဆောင် ဧဠာရမင်းအား သာသနာရဲ့ ရန်သူဖြစ်တယ်။ သာသနာတော်ကို နည်းအမျိုးမျိုးနဲ့ ဖျက်ဆီးနေသူ၊ အန္တရာယ်ပြုသူ ဖြစ်တယ်၊ ဒါပေမဲ့ သူဟာ ဒမိဠတို့ရဲ့ ဘုရင်တစ်ပါးပဲ၊ ရန်သူကို ချေမှုန်းခြင်းဟာ ကျွန်ုပ်ရဲ့တာဝန်ဖြစ်သလို ရန်သူအလောင်းကို သူ့ အဆင့်အလိုက် သင်္ဂြိုဟ်ပေးဖို့ဟာလည်း ကျွန်ုပ်ရဲ့တာဝန်ဖြစ်တယ်၊ သူရဲ့စစ်သည်များ၊ တိုင်းသားပြည်သူများ၊ သူတို့ခေါင်းဆောင်ဘုရင်ကို နောက်ဆုံးအကြိမ်အဖြစ် ကောင်းစွာပူဇော်ကြပါစေ"

ဒုဋ္ဌဂါမဏိမင်းကြီးသည် ဧဠာရမင်းအား သင်္ဂြိုဟ်သောနေရာ၌ ပြာသာဒ်စုလစ်မွန်းချွန်ဆင်ပေးကာ ကြီးကျယ်ခမ်းနားစွာ ကျင်းပေးလေသည်။

"သူတို့ခလေ့ စရိုက်အရ ကခုန်တီးမှုတ်ခြင်း သဘင်ကိုလည်း ခွင့်ပြုလိုက်ကြ သုံးကျိပ်နှစ်ယောက်သော ကျေးမင်းတို့ကို အောင်မြင်ပြီးတဲ့ အောင်ပွဲဟာ ကျွန်ုပ်တို့ လင်္ကာဒီပအတွက် မဟာအောင်ပွဲကြီးပဲ"

မင်းကြီးသည် မယ်တော် ဝိဟာရဒေဝီ၏ အလိုအတိုင်း အနုရာဓမြို့မှာပင် ဧကရာဇ်မင်းဒ ထီးကိုဆောင်းကာ ရာဇအဘိသိက်ခံတော်မူလေသည်။

* * *

# ဘလ္လာက နှင့် ဖုသာဒေဝ

အနုရာဓမြို့တော် ရာဇဘိသိက်ကိုလည်း ခံယူခဲ့ပြီးပြီ။ ဒုဋ္ဌဂါမဏိမင်းကြီးသည် သုံးဆယ့်နှစ်ယောက်သော ဌော်ရမင်းတို့အပေါ် အောင်ပွဲခံကာဧကရာဇ်မင်း၏မကိုဋ်သရဖူကိုလည်းဆောင်းနိုင်ခဲ့ပြီးပြီ။ အနောက်ဘက်ကမ်းဒေသ၏အခေါင်အချုပ်ဖြစ်သောဌော်ရမင်း၏ အလောင်းကိုလည်း ဖုတ်ကျည်း သင်္ဂြိုဟ်စေခဲ့ပြီးပြီ ဖြစ်၏။ သို့သော်...

ဌော်ရမင်းကို မီးသင်္ဂြိုဟ်ပြီးနောက်၊ ခုနစ်ရက်မြောက်သောနေ့မှာပင် ပြီးဆုံးသွားပြီဟု ယူဆခဲ့သည့် စစ်မီး၏နောက်ဆက်တွဲ မီးအလျှံတစ်ခုထပ်မံ တောက်လောင်လာပြန်လေသည်။

တံပိုးသံများနှင့်စည်သံများခြိမ့်ခြိမ့်သဲသဲ ထွက်ပေါ်လာ သည်။ အနုရာဓမြို့နှင့် မလှမ်းမကမ်း မဟာတိတ္တဆိပ်ကမ်းအရပ်မှာ သစ်တပ်ကြီးတစ်ခု တည်နေကြသည်ဟု သတင်းရရှိလာ၏။ ရန်သူဘက်၌ မီးကြွင်းမီးစ ကျန်နေသေးသည်။ စစ်မီးသည် အငွေ့တလူလူထွက်နေဆဲ။

'ဘယ်မြို့က ဌော်ရမင်းလဲ၊ အနုရာဓမြို့တော်ကျပြီးလို့ သူတို့အကြီးအကဲ ဘုရင်ကိုတောင် မီးသင်္ဂြိုဟ်ပြီးပြီ'

စစ်ကိုငြီးငွေ့စပြုလာသော မင်းကြီးက စိတ်မသက်သာစွာ ညည်းညူသည်။ အောင်ပွဲ အဆင့်ဆင့်ပေါ်၌ မကိုင်မှုသရဖူသည် လေးလံစပြုခဲ့ပေပြီ။

ဖုဿဒေဝသူရဲကြီးက ခရုသင်းကို ပခုံး၌လွယ်လျက် မင်းကြီး၏ အမေးကို လျှောက်တင်လိုက်၏။

'ဘုရင်တစ်ပါး မဟုတ်ပါဘူးအရှင်၊ အခုချီလာတဲ့ စစ်ခေါင်းဆောင်ဟာဘလ္လုကအမည်ရှိတဲ့စစ်သူကြီးတစ်ယောက်ပါ။ သူဟာ ဒီဃဇန္တုမင်းရဲ့ တူတော်သူ ဖြစ်ပါသတဲ့'

'ဒီဃဇန္တုမင်းက ကျခဲ့ပြီ မဟုတ်လား၊ နေပါဦး ဒီမင်းအုပ်ချုပ်တဲ့မြို့က'

မြို့သိမ်းအောင်ပွဲများ များပြားလွန်းနေသဖြင့် မင်းကြီးကောင်းစွာ မမှတ်မိပေ။

'ဝိဇိတမြို့ပါ အရှင်'

'အင်း...ဝိဇိတမြို့လည်း ပျက်သွားခဲ့ပြီ မဟုတ်လား၊ ဒီစစ်သူကြီးက ဘယ့်နဲ့ကြောင့် အလုံးအရင်းနဲ့ ချီလာပြန်တာလဲ'

ဖုဿဒေဝက မင်းကြီး၏စိတ်ပျက်လက်ပျက်အသွင်ကို အကဲခတ်ရင်း အသေးစိတ် ရှင်းပြလိုက်၏။

'ဒီလိုပါအရှင်၊ ဝိဇိတမြို့ ပျက်စဉ်က ဒီဃဇန္တုမင်းဟာ သူ့ရဲ့တူတော်သူဘလ္လုက စစ်သူကြီးကို အနုရာဓ မြို့တော်ဆီပို့ခဲ့ပါတယ်၊ တူတော်မောင်ကို ခေါ်ယူခစားခိုင်းပါလို့၊ ဧဠာရမင်းက အကြောင်းကြားခဲ့ပါတယ်၊ ဧဠာရမင်းကလည်း ရဲမက်အလုံးအရင်းနဲ့ ဘလ္လုကလာခဲ့လို့ အမိန့်ဆင်ခဲ့ပါတယ်၊ ဘလ္လုကဟာ မင်းမိန့်နဲ့ သူ့အင်အားကို စုပြီး ဝိဇိတကနေ အနုရာဓကို ချီတက်သွားခဲ့ပါတယ်၊ ဝိဇိတမြို့ပျက်စဉ်က ဘလ္လုကဟာ ရှိမနေပါဘူး'

'အနုရာဓမြို့တော် ကျစဉ်မှာလည်း သူမရှိဘူး မဟုတ်လား'

'ဟုတ်ပါတယ်အရှင်၊ ဘလ္လုကဟာ ဝိဇိတကနေ အနုရာဓကို ချီတက်လာရာ လမ်းခရီးမှာ ရောက်နေခဲ့တာပါ'

'အခု….သူ့မှာ အင်အားဘယ်လောက်ရှိသလဲ'

'စစ်သည်ခြောက်သောင်းပါ'

'သူ့ရဲ့ တပ်စခန်းချဒေသနဲ့ စစ်မြေပြင်အနေအထားကို အတိအကျရအောင်လုပ်စမ်း'

စိတ်ပျက်လက်ပျက် ဖြစ်နေပုံရသော မင်းကြီး၏အသွင်မှာ ရုတ်တရက် ပြောင်းလဲသွားသည်ကို တွေ့ကြရ၏။ မင်းကြီးကိုယ်တိုင်လည်း ငါ စစ်ကိုငြီးငွေ့စပြုလာပေမယ့် စစ်သံကြားလိုက်ရရင် အလိုလိုတက်ကြွလာတတ်ပါသေးသကောဟု တွေးမိလေသည်။

မကြာမီပင် ဘလ္လုက၏တပ်ကြီးသည် အနုရာဓမြို့တော်နှင့် မဟာတိတ္ထဆိပ်အကြား ကောဠမ္ဗဟာလက အမည်ရှိရွာ၌ သစ်တပ်တည်၍ တပ်စွဲထားကြောင်း သတင်းရောက်လာ၏။

ဒုဋ္ဌဂါမဏိသည် တက်ကြွနေသော အမူအရာဖြင့် အမိန့်ပေးလိုက်လေသည်။

'ငါ့ ချပ်ဝတ်တန်ဆာတွေယူခဲ့၊ ကဏ္ဍုလဆင်တော်ကိုထုတ်ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်တွေ ဝန်းရံလိုက်ပါကြ၊ ဖုဿဒေဝ မင်းက ငါနဲ့အတူ ဆင်ပေါ်ကလိုက်ခဲ့၊ ပွဲစီးမှာ နေရာယူ'

* * *

အငွေ့အူ ကျန်ရစ်သော မီးပုံမှမီးတောက်အသစ်တစ်ခု ထပ်မံတောက်လောင်လာပြန်သည်။ ပြီးဆုံးပြီဟု ထင်ရသော စစ်ပွဲသည် နောက်ဆက်တွဲ စစ်ကို မွေးထုတ်ပေးလိုက်သည်။

ဋ္ဌောရစစ်သူကြီးဘလ္လုကသည် ဒုဋ္ဌဂါမဏိမင်းကြီး ချီလာပြီဟု ကြားကြားချင်း ဆင်စီးမြင်းစီးသူရဲအပေါင်း ခြံရံလျက် တပ်စခန်းမှ ထွက်လာလေသည်။

စစ်တပ်ကြီးနှစ်ခု ရင်ဆိုင်တွေ့ကြတော့မည့် နှစ်ဖက်စလုံး စစ်မာန်များဖြင့် တက်ကြွနေကြ၏။ လင်္ကာဒီပတပ်များက အောင်ပွဲအဟုန်ဖြင့် တက်ကြွနေသလို ဘလ္လုက၏ ဋ္ဌောရတပ်များကလည်း မိမိတို့အရှင် ဋ္ဌောရမင်းမရှိတော့ကြောင်း၊ အနုရာဓမြို့တော် ကျသွားပြီ

ဖြစ်ကြောင်း သိထားပြီး အသက်စွန့်တိုက်ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ ဟူသော သိန္နိဋ္ဌာန်ဖြင့် စစ်သွေးများ ဆူဝေနေကြသည်။

စစ်မြေပြင်ဝယ် တပ်ကြီးနှစ်ခု ရင်ဆိုင်ကာနီး၌မူ မမျှော်လင့်သော အခြေအနေတစ်ရပ် ဖြစ်ပေါ်လာ၏။

ဒုဋ္ဌဂါမဏိမင်းကြီး စီးလာသော ကဏ္ဍုလဆင်တော်သည် တအိအိဖြင့် အစဉ်အတိုင်း ချီတက်လာရာမှ ရန်သူနှင့်ဆိုင်ရင်ရခါနီးတွင် တဖြည်းဖြည်း နောက်ဆုတ်သွားလေသည်။ မင်းကြီး၏ဆင်နောက်ဆုတ်သောအခါ ဝန်းရံလိုက်ပါလာသော တပ်များလည်း အတူတကွ ဆုတ်ကြရတော့သည်။

ဦးကင်းမှ ချွန်းကိုင် ဆင်ဦးစီးသည် အံ့အားသင့်နေ၏။ ဆင်ကြီးကို ဆုတ်ရန်မိမိဘာတစ်ခုမှ အမိန့်မပေး။ ကျောကုန်းလယ်ပုခက်တွင် လိုက်ပါလာသော မင်းကြီးကလည်း ဘာအမိန့်မျှ မပေး။ ကဏ္ဍုလဆင်တော်သည် သူ့သဘောနှင့်သူ နောက်ဆုတ်နေခြင်း ဖြစ်၏။

ဒုဋ္ဌဂါမဏိမင်းကြီးလည်း အံ့သြသွား၏။

ထို့ကြောင့် ပွဲစီးလိုက်ပါလာသော သူရဲကောင်းဖုဿဒေဝကို လှမ်းမေးလိုက်၏။

'ဖုဿဒေဝ၊ ဧဠာရတွေနဲ့ တိုက်ခဲ့တဲ့ စစ်ပွဲနှစ်ဆယ့်ရှစ်ပွဲလုံးလုံး ငါရဲ့ကဏ္ဍုလဟာ ရှေ့ကိုပဲတိုးခဲ့တယ်၊ အခုဘာကြောင့် နောက်ဆုတ်နေတာတဲ့လဲ'

ဖုဿဒေဝသည် ပွဲစီးတွင် ကိုယ်ကိုထိန်းမတ်လိုက်ပါရင်း မင်းကြီး၏အမေးကို ချက်ချင်းပင် ပြန်ဖြေလိုက်၏။

'မစိုးရိမ်ပါနဲ့အရှင်၊ ကဏ္ဍုလဆင်တော်ဟာ အောင်မြေအရပ်ကို သိသူပါ၊ အောင်မြေအရပ်ရှိရာကို သူ ဆုတ်နေတာပါ၊ တစ်နေရာရာမှာ သူရပ်ပါလိမ့်မည်၊ အောင်ပွဲအတွက် သူဆုတ်နေတာပါ၊ သူရပ်တဲ့နေရာကနေပြီး ကျွန်ုပ်တို့ စစ်ထိုးကြရပါမယ်၊ မုချအောင်မြင်ပါလိမ့်မယ်'

ဖုဿဒေဝပြောသည်အတိုင်းပင် ဖြစ်လာ၏။

မဟာဝိဟာရသိမ်တော်အနီး ရောက်သောအခါ ကဏ္ဍုလဆင်ကြီးရပ်သွားသည်။ ထိုနေရာတွင် ရပ်ကာရန်သူရှိရာသို့ ရှေ့ရှုဦးတည်လျက် တောင်ကြီးတစ်လုံးပမာ အစွဲအမြဲ တည်နေလေသည်။

မဟာဝိဟာရ သိမ်အနီးတွင် သူ့အလိုအလျောက် နေရာယူတည့်ရပ်လိုက်သော ကဏ္ဍုလဆင်တော်၏ လက်ဝဲဘက်တွင် စစ်သည်တော်များလည်း စီကာစဉ်ကာ နေရာယူလိုက်ကြလေသည်။

ဒုဋ္ဌဂါမဏိ၏ စီးတော်ဆင်ကြီး မိမိကိုကြောက်ရွံ့၍ နောက်ဆုတ်ပြေးပြီဟု ယူဆကာ ဗိုလ်ရစစ်သူကြီး ဘလ္လုကလည်း အစဉ်တစိုက်လိုက်ပါ ချီတက်လာခဲ့၏။ မဟာဝိဟာရသိမ်အနီး တပ်စွဲထားသော ဒုဋ္ဌဂါမဏိမင်းကြီးကို မြင်သောအခါ ဘလ္လုက ကြုံးဝါးသည်။

'ဗိုလ်ရမင်းအပေါင်းကို အောင်မြင်ပြီဆိုပြီး ထောင်လွှားနေတဲ့ ဒုဋ္ဌဂါမဏိ၊ ဗိုလ်ရစစ်သူကြီးတစ်ယောက်ကို ကြောက်ပြီး နောက်ဆုတ်ပြေးလိုက်တာ အခုတော့ ဆက်ဆုတ်စရာ မရှိတော့ဘူး မဟုတ်လား၊ ခံစစ်နဲ့ရပ်နေရပြီ မဟုတ်လား'

ဘလ္လုကသည် ကြီးမားသော လေးကြီးတစ်စင်းကို ကိုင်ဆောင်လာ၏။

ဆင်ကျောကုန်းလယ်မှ ဒုဋ္ဌဂါမဏိမင်းကြီးကို ကောင်းစွာလှမ်းမြင်နိုင်ပြီး မြားတစ်ပစ်အကွာတွင် ဘလ္လုကသည် သူ၏ဆင်ကို ရပ်ဆိုင်းလိုက်သည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ခံတွင်းရှေ့တွင် သန်လျက်သွားကို အကာအကွယ်ပြု၍ 'ဗိုလ်ရသူရဲကြီးဘလ္လုက တက်ခဲ့စမ်း'ဟု ဟစ်လိုက်လေသည်။ ဘလ္လုကသည်လည်း လေးညို့ကိုပြင်လိုက်၏။

'အဲဒီအော်ဟစ်နေတဲ့ ခံတွင်းထဲကို ငါ့မြားတည့်တည့် ထိုးစိုက်ရစေမယ်'

ဘလ္လုက၏လက်ထဲမှ လေးညို့သည် ပြင်းထန်စွာတုန်ခါသွား၏။ မြားတံသည် အဟုန်ပြင်းစွာ ထွက်ချသွားပြီး မင်းကြီးထံ ရှေ့ရှုပျံသန်းသွား၏။ ထို့နောက် မင်းကြီးခံတွင်းရှေ့တွင် ပိတ်ကာထားသော

သန်လျက်ကို ထိခတ်သွား၏။ ဘလ္လုက၏ မြားချက်ကား ပြင်းထန်သလောက် တည့်မတ်လှပေသည်။ သို့သော် သန်လျက်သွားကိုသာထိပြီး မြားသည် အောက်သို့ ပြုတ်ကျသွား၏။

မိမိ၏မြားတံ အချည်းနှီးဖြစ်သွားသည်ကို ဘလ္လုက မသိလိုက်ချေ။ ဒုဋ္ဌဂါမဏိမင်းကြီး၏ ခံတွင်းသို့ မိမိပစ်လွှတ်လိုက်သော မြားစိုက်ဝင်သွားပြီဟု ဘလ္လုကထင်သွား၏။ ထို့ကြောင့် ဘလ္လုကသည် ဝမ်းသာအားရခံတွင်းကို ဟလျက်အဆက်မပြတ် ကြွေးကြော်လေသည်။ ထိုအချိန်မှာပင် အံ့သြတုန်လှုပ်ဖွယ်အဖြစ်အပျက်များက လျှင်မြန်စွာ ဖြစ်ပေါ်လာ၏။

သူရဲကောင်း ဖုဿဒေဝသည် ကဏ္ဍုလဆင်ကြီး မဟာသိမ်အရပ်သို့ ဆုတ်ခွာကာနေရာယူပြီဟု ကြားသိပြီး နောက်မှ လိုက်လာခဲ့ရာ စစ်တပ်များအလုံးအရင်း စစ်ချီတပ်စွဲနေသဖြင့် မဆိုစလောက်နောက်ကျသွားခဲ့၏။ ဖုဿဒေဝရောက်လာသောအချိန်မှာ ဘလ္လုက၏ မြားတံက သန်လျက်ကိုခတ်မိပြီး ဘလ္လုက တဟေးဟေးကြွေးကြော်အော်ဟစ်နေချိန် ဖြစ်သည်။ ဖုဿဒေဝသည် ပြည့်ကျပ်နေသော တပ်များကြောင့် နေရာမရတော့ဘဲ မင်းကြီး၏ နောက်ဘက်၌သာ ဝင်ရောက်နေရာယူလိုက်ရသည်။

ဤအချိန်မှာပင် ဘလ္လုက၏ တဟေးဟေးကြွေးဟစ်သံများကို ဖုဿဒေဝ ကြားလိုက်ရခြင်းဖြစ်၏။ မင်းကြီး၏ခံတွင်းဆီသို့ မြားက တည့်မတ်စွာ ပြေးဝင်လာသော်လည်း သန်လျက်ကိုထိ၍မြားလွင့်သွားသည်ကို ဖုဿဒေဝမသိ။ ဘလ္လုက အော်ဟစ်နေသလိုပင် မိမိ၏ အရှင်၌ခံတွင်းကို မြားစွဲပြီဟု ဖုဿဒေဝ ထင်သွား၏။

ထို့ကြောင့် ဖုဿဒေဝသည် မိမိရောက်ရှိနေရာဖြစ်သော မင်းကြီး၏နောက်ဘက်ဆီမှပင် မိမိ၏ လေးနှင့်မြားကို ထုတ်၍ ပစ်လွှတ်လိုက်၏။ ဖုဿဒေဝ၏ ချိန်ရွယ်ရာပစ်မှတ်ကား အောင်ပြီအထင်ဖြင့် တဟေးဟေး ဟစ်ကြွေးနေသော ဘလ္လုက၏ ခံတွင်းဆီသို့ပင် ဖြစ်၏။

ဖုသဒေဝ၏မြားသည် ဘလ္လုက၏အသံကို တိတ်သွားစေရုံမျှ မက ခံတွင်းကိုပါ ဖောက်လျက်စိုက်ဝင်သွားလေသည်။ ဘလ္လုကလည်း နောက်သို့ လန်ကျတော့မည် ဖြစ်သွား၏။ ဖုသဒေဝ နောက်ထပ် မြားတစ်စင်းလွှတ်ပြန်သည်။ ထိုမြားသည် ပက်လက်လန်လဲကျတော့ မည့် ဘလ္လုက၏ ပုဆစ်ဒူးကို တည့်တည့်ဝင်စွဲပြန်သည်။ ဤသည်မှာ လည်း ဖုသဒေဝ၏ ချိန်ရွယ်ရင်းပစ်မှတ်ပင် ဖြစ်၏။ ခံတွင်းမြားတန်း လန်းဖြင့် ဘလ္လုကလဲကျသွားလျှင် ဒုဋ္ဌဂါမဏိမင်းကြီးရှိရာဘက်သို့ ခြေဆင်းမိလျက်ဖြစ်မည်။ ထို့ကြောင့် မိမိအရှင်ထက် ခြေမပြုနိုင်စေရန် ဒုတိယမြားကို ပုဆစ်ဒူးသို့ ထပ်မံပစ်စိုက်လိုက်ခြင်းပင်။

ဒုတိယမြားကြောင့် ဘလ္လုကလည်း နောက်လန်မကျတော့ဘဲ ရှေ့သို့ ငိုက်ကျသွားသဖြင့် ဒုဋ္ဌဂါမဏိမင်းကြီးရှိရာဘက်သို့ ဦးခေါင်း ပြု၍ လဲကျသွားလေသည်။

ဘလ္လုက ကျဆုံးသွားပေပြီ 'အောင်ပြီ အောင်ပြီ' ဟူသော ကြွေးကြော်သံများသည် စစ်မြေပြင် မိုးလုံးညံ၍ သွားတော့၏။

ထို အောင်ပွဲသံများ အကြားမှာပင် ဖုသဒေဝသည် မင်းကြီး ရှေ့သို့ ရောက်လာ၏။ ဖုသဒေဝ၏ နားရွက်စွန်း၌ သွေးများရဲရဲနီ လျက် ရှိလေသည်။ မင်းကြီးအံ့အားသင့်သွား၏။

'ဖုသဒေဝ မင့်နားရွက်ဖျားမှာ သွေးတွေနဲ့ပါလား၊ ဒဏ်ရာ ဘယ်လိုလုပ်ရသလဲ'

ဖုသဒေဝသည် ဓားမြှောင်ကို ထုတ်ပြလိုက်ပြီ။

'အရှင်ကျွန်တော်မျိုးကို မင်းဒဏ်ထားတဲ့ အမိပ္ပာယ်ပါ'

'ဘာကြောင့် မင်းဒဏ်ထားရမှာလဲ'

'ကျွန်တော်မျိုးရဲ့ မြားကို ဘလ္လုကဆီ ပစ်လွှတ်လိုက်တုန်းက အရှင့်နောက်ကနေ ပစ်ရတာဖြစ်တဲ့အတွက် မြားဟာ ဘလ္လုကရဲ့ ခံတွင်း ထဲ မရောက်ခင်မှာ အရှင့်နားဒွောင်းကို ထိခတ်သွားခဲ့ပါတယ်'

'ဒီတော့'

'အရှင့်နားမြှောင်းကိုမှ မလွတ်အောင်ပစ်ရသလားဆိုပြီး ကျွန်တော်မျိုး ကိုယ့်ကိုယ်ကိုယ် မင်းဒဏ်ထားတဲ့အနေနဲ့ ဟောဒီဓားမြှောင်နဲ့ နားရွက်စွန်းကို လှီးဖြတ်လိုက်ပါတယ်'

ဒုဋ္ဌဂါမဏိမင်းကြီးသည် ဖုဿဒေဝ၏ နားရွက်ဖျားမှ တစ်ပေါက်ပေါက်ကျနေသော သွေးများဖြင့် စိုရွှဲနေသည့် ပခုံးကို ဆုပ်ကိုင်လျက်–

'မင်းအပြစ်မဟုတ်ဘူး မင်းဒဏ်ထားစရာ မလိုဘူးဖုဿဒေဝ စင်စစ် ဒီအောင်ပွဲဟာ မင့်အောင်ပွဲပဲ၊ မင့်မြားနဲ့ရန်သူ ဘလ္လုကကျဆုံးခဲ့တာပဲ၊ ဒါကြောင့် မင့်မြားနဲ့တမျှ ရွှေငွေအစုအပုံကို ဆုလာဘ်အဖြစ် ယူ'

လင်္ကာဒီပတပ်များ၏ ကြွေးကြော်သံသည် ပို၍ပင် ကျယ်လောင်မြည်ဟီးသွားလေသည်။

စစ်သည်များအားလုံးကို နှုတ်သိမ်းလျက် အနုရာဓမြို့တော်တွင်းဝင်ချိန်တွင် ညနေဆည်းဆာကျရောက်လျက်ရှိပေပြီ၊ အနုရာဓမြို့တော်တစ်ခုလုံး ဆီမီးရောင်များစတင် ထွန်းညှိလိုက်ကြသည်။ ဤဆီမီးရောင်များကား ဒုဋ္ဌဂါမဏိမင်းကြီး ဧဠာရတို့ကို အပြီးတိုင် အောင်ပွဲဆင်လိုက်ခြင်းအတွက် ကြိုဆိုသော စစ်အောင်ပွဲအလင်းရောင်ပင် ဖြစ်လေသည်။

ယူဇနာသုံးရာရှိသော လင်္ကာဒီပကျွန်းအပြင်၌ ဒုဋ္ဌဂါမဏိမင်းကြီး၏ ရာဇအာဏာသည် အလုံးစုံအနှံ့ပျံ့တည်ပေပြီ။ ဆန့်ကျင်ဘက်ရန်သူဟူ၍ စိုးစဉ်မျှ မရှိတော့၊ ယှဉ်ဘက်နန်းပြိုင်မင်းဟူလည်း တစ်ဦးမျှ မပေါ်ပေါက်နိုင်တော့ပေ။

နောက်ဆုံးအောင်ပွဲဖြစ်သော ဧဠာရစစ်သူကြီး ဘလ္လုကကို အောင်မြင်ခဲ့ရာ၌ သူရဲကြီးဖုဿဒေဝ၏ အစွမ်းနှင့် သစ္စာတော်ခံမှုသည် ပြောစမှတ်ဖြစ်၍ ကျန်ရစ်ခဲ့၏။ ထို့ပြင် ဖုဿဒေဝကို မင်းကြီး ချီးမြှောက်ပုံမှာလည်း ပြောစမှတ်တွင်ခဲ့လေသည်။

* * *

ချီးမြှောက်ပုံကား ဘလ္လာကာ၏အာခံတွင်းသို့ စွဲဝင်ခဲ့သော ဖုဿဒေဝ၏ ပထမမြား ပုဆစ်ဒူးကိုထွင်းသော ဒုတိယမြား ထိုမြားနှစ်စင်းကို ဆက်လျက် မတ်မတ်ထောင်စေပြီးမှ ထိုမြားနှစ်စင်းကို ဖုံးလွှမ်းသွားအောင် ငွေအသပြာ၊ ရွှေအသပြာတို့ဖြင့် ပုံပေးကာ ဆုလာဘ်ချီးမြှင့်လိုက်ခြင်းပင် ဖြစ်သည်။

ဒုဋ္ဌဂါမဏိမင်းကြီးကား မဟာဓကေရာဇ် ဖြစ်ခဲ့လေပြီ။

* * *

## သွေးပင်လယ်ထဲမှ အောင်ပွဲသရဖူ

လက်ာဒီပနန်းတော် အထက်ကောင်းကင်သည် လပြည့်ဝန်းဖြင့် တောက်လျက်ရှိ၍။ ကြယ်စုံခနေသော လမင်းမှာ ဋ္ဌောရရန်စွယ်မှန်သမျှကို အောင်မြင်ပြီးသောမင်းကြီး၏။ ကိုယ်စား အမှတ်တံဆိပ်နှယ်ဖြစ်၏။

ဘုံဆင့်ပြာသာဒ်ထက်၌ ညဥ့်လယ်ယံပန်တျာသဘင်ဆင်ယင်ကျင်းပနေသည်။ ခြူသံ၊ စည်သံနှင့် ပတ်သာဗုံတို့မှ အသံများ၏ စည်းချက်နှင့်အတူ ကချေသည်တို့သည် ငြိမ့်ညောင်းစွာ ကပြနေကြသည်။ အက၏အမည်မှာ 'မင်းဧကရာဇ်၏ ဘုန်းတန်ခိုး'ဟူ၍ ဖြစ်၏။

ရေးစပ်ထားသော တေးလင်္ကာသည် ဒုဋ္ဌဂါမဏိမင်း၏ ဘုန်းအာဏာစက်ကို ချီးဖွဲ့ထားသော တေးသွားစာသားများဖြစ်သည်။ စစ်ပွဲပေါင်းများစွာကို အဆင့်ဆင့် အောင်မြင်ခဲ့ပုံနှင့် မင်းကြီး၏သစ္စာရှိလူစွမ်းကောင်း သူရဲကြီးတို့အကြောင်းလည်း ပါသည်။ ကဏ္ဍုလဆင်တော်၏ အစွမ်းလည်းပါသည်။

ကချေသည်များသည် စစ်အစကများကိုလည်း တစ်ကွက်ပြီးတစ်ကွက် ကပြအသုံးတော်ခံသွားကြ၏။ မင်းကြီးကိုင်စွဲသော ရာဇလုံ

တန်အကြောင်းပင် ပါလိုက်သေး၏။ ပန်တျာသဘင်မှာ ဘုန်းတော်ပွဲများဖြင့် အလွန်အကျူး ထူးထူးကဲကဲ ခြယ်မှုန်းထားသော သဘင်ဖြစ်လေသည်။

ဗျတ်စောင်းမှ ထွက်ပေါ်လာသော ကြိုးသံတို့သည် စူးစူးရှရှ ပေါ်ထွက်နေသည်။ ပတ်သာဗုံ၏အဆက်မပြတ်သော မြည်သံအတိုင်း ကချေသည်က အရပ်အနားမရှိ ခြေအစုံကိုနင်းဆောင့်လျက် ခြေဖျား ထောင်လိုက်၊ ဒူးကိုညွတ်ကွေးလျက် ကကွက်ပေါင်းများစွာတို့ဖြင့် လှုပ်ရှားကပြနေသည်။ ခြေကျဉ်းဝတ်တွင် တပ်ဆင်ထားသော ချူလုံးများမှ တချွင်ချွင်မြည်သံမှာ စဲသည်မရှိတော့။

'မင်းဇရာဇ်၏ ဘုန်းတန်ခိုး' သရုပ်ဖော်အကအပြီးတွင် ရာဇအာဏာကို ဖွဲ့ဆိုထားသော တေးချင်းတစ်ပုဒ်အလှည့် ရောက်လာ၏။ တေးပြုပညာရှင် အစွမ်းကုန်ဖွဲ့ဆို သီကုံးထားသော ထိုတေးချင်းကို သီဆိုသူက မတိုးလွန်းမကျယ်လွန်းသောအသံဖြင့် နိမ့်မြင့် သီဆိုဖျော်ဖြေနေသည်။

ဤတေးချင်းထဲတွင် စကြဝဠာ၊ နေမင်းသူရိယ၊ လမင်းစန္ဒာ၊ မဟာသမုဒ္ဒရာစသော ကြီးကျယ်ခမ်းနားသည့် အလင်္ကာစကားလုံးများလည်း ပြွတ်သိပ်နေ၏။ သီဆိုသူ တေးသီချင်းသည်သည် ဆိုရင်းဖြင့် မော်ဝင်လာသကဲ့သို့ ဒယီးဒယိုင် ဖြစ်လာသည်။ လက်ကို ဆန့်တန်း၍ ကောင်းကင်သို့ မြှောက်လိုက် နဖူးနှင့်ကြမ်းပြင်ထိကပ်လိုက်ဖြင့် နတ်ဝင်သည်လို ဖြစ်နေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် နက်ပြာရောင်ကတ္တီပါဖုံပေါ်တွင် သက်သောင့်သက်သာလှဲလျောင်းရင်း ထိုတေးချင်းကို နားဆင်နေ၏။ မဟာဇကရာဇ် ရာဇအာဏာ၊ အတုမဲ့ ဘုန်းတန်ခိုး၊ လင်္ကာဒီပ၏ မိုးကောင်ကင်...တေးစာသားများကို နားဆင်ရင်းဖြင့် မင်းကြီးညည်းငွေ့လာလေသည်။

ရွှေကနုတ်ဖော်က ကလသာအိုးများထဲမှ လွန့်လူးဖွေ့ဝိုက်နေသော ပန်းနံ့သာမျိုးထူး အခိုးတို့ကိုလည်း မွန်းကြပ်ချီအီစွာ ရှူရှိုက်

လာမိ၏။ အထပ်ထပ်ခင်းထားသော ပိုးဖဲကတ္တီပါအခင်းရောင်စုံတို့၏ နူးညံ့ခြင်းကိုလည်း အမှတ်မဲ့ ခံစားလာရ၏။

ထို့နောက် ရှေ့မှောက်တွင် ရွှေခွက်၊ ငွေခွက်တို့ဖြင့် အစီအရီ တစ်မျှော်တစ်ခေါ် ခင်းကျင်းပြင်ဆင်ထားသော စားကောင်းသောက်ဖွယ် သစ်သီးဝလံများ၊ အသား ငါးကင်များ၊ အဖျော်ယမကာများ ဘုရင်မင်း မြတ်၏ မျက်လုံးတစ်ဝေ့၊ ခေါင်းတစ်ဆတ်၊ လက်တစ်လှုပ်အရိပ်အကဲ ကို စောင့်ကြည့်ခစားရင်း ဘာကိုမဆို ဆောင်ကြဉ်းလုပ်ကျွေးရန် အသင့် ဖြစ်နေသည့် မင်းချင်းများ၊ ရံရွေများ၊ မောင်းမမိဿများ၊ ကျေးကျွန်များ...

ပြိုးပြက်တောက်ပသည့် ဘုံဆင့် ပြာသာဒ်ဆောင်၏ မျက်နှာ ကျက်များ၊ နံရံများ၊ တိုင်လုံးများ၊ ပြတင်းတံခါးများ၊ ဖြူလွချောမွတ် သော ကျောက်သလင်း ကြမ်းပြင်ပေါ်မှ ပန်းကွက်များ မုခ်ဆောင်တွင် ချိတ်ဆွဲထားသည့် တွဲရရွဲကျနေသော ဖဲစခန်းကြီးများ...

ဤအရာများ၏ ဟိုမှာဘက် အပြင်ဘက်ကောင်းကင်ထက်မှ ညဥ့်အမှောင်၊ ညဥ့်အမှောင်ထဲမှ ကြယ်စုံလင်းနေသော လမင်းစန္ဒာ။

မင်းကြီးသည် ရတနာမျိုးစုံ စီခြယ်ထားသော လက်ချောင်း များကို ဖြန့်ပြီး လက်ကိုဖော့ယမ်းလိုက်၏။ အရိပ်အခြေကို မလွတ်တမ်း စောင့်ကြည့်နေသော အမတ်တစ်ဦးက မင်းကြီး၏လက်အဖော့အယမ်းနှင့် မင်းကြီး၏ မျက်နှာထားကို သဘောပေါက်သွားလေသည်။

'အမတ်သည် ပန်တျာသဘင်အဖွဲ့၏ အကြီးအကဲကို တစ်စုံ တစ်ရာ လှမ်းပြောလိုက်၏။

'ညဥ့်လယ်ယံ ဖျော်ဖြေပွဲသဘင်ကို သိမ်းလိုက်တော့ မင်းကြီး ညည်းငွေ့တော်မူပြီ'

သဘင်ပွဲသည် ချက်ချင်းပင် ပြီးဆုံးသွားလေသည်။

အမတ်က မင်းကြီး၏မျက်နှာကို မရဲတရဲမော့ကြည့်ကာ အမိန့် ကိုတောင်းခံနေ၏။ မင်းကြီး အသာအယာပြောလိုက်သည်။

'အားလုံး ထွက်သွားကြတော့'

ခဏအကြာတွင် ဘုံဆင့် ပြာသာဒ်စက်ရာဆောင်ထဲ၌ ဒုဋ္ဌဂါမဏိမင်းကြီးတစ်ဦးတည်းသာ ကျန်ရစ်ခဲ့လေသည်။ မင်းကြီးသည် ခြောက်သွေ့တိတ်ဆိတ်သွားသော စက်ရာဆောင်ထဲတွင် တစ်ကိုယ်တည်း ထိုင်ရင်း အပြင်ဘက်ကောင်းကင်သို့ ငေးမျှော်ကြည့်လိုက်သည်။

လမင်းစန္ဒာသည် ထိန်ထိန်သာဆဲ၊ ကြယ်စုံတို့ လင်းလက်တောက်ဆဲ၊ လဝန်းနှင့်ကြယ်တာရာတို့က မင်းကြီးကို စကားတီးတိုးဆိုနေကြသည်ဟု ထင်မိလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီး သင့်ရဲ့နန်းစည်းစိမ်ဟာ ကြီးကျယ်ခမ်းနားလှပါကလား…ဇမ္ဗူဒိပ်အပြင်မှာတော့ သင့်ရဲ့မင်းစည်းစိမ်ကို ယှဉ်ပြိုင်နိုင်သူ အခြားသောဘုရင် မရှိနိုင်တော့ဘူး …

လဝန်း၏စကားကို ကြယ်တာရာတို့က အလုအယက် ထောက်ခံကြ၏။

လဝန်းက တီးတိုးစကား ဆက်ပြန်သည်။

မင်းကြီး သင့်ရဲ့ ဘုန်းအာဏာစက်ကျယ်ပြန့်ရာ နယ်နိမိတ်ဟာလည်း အခုဆိုရင် လက်နက်နိုင်ငံတော်ကြီးအဖြစ် ရောက်ရှိခဲ့ပြီ။ ဋ္ဌေဝရတို့ကို အနိုင်ရရှိလိုက်ခြင်းဟာ သင့်ရဲ့ မဟာအောင်ပွဲများကို အထွက်တပ်ပေးလိုက်တာပဲ၊ သင်ဟာ အတုမဲ့မင်းဧကရာဇ်ဖြစ်ခဲ့ပြီ။

ကြယ်တာရာတို့က မင်းဧရာဇ်သက်တော်ရှည်ပါစေ ဟု ကောင်းချီးပေးလိုက်ကြ၏။

ဒါပေမဲ့…လဝန်း၏စကားသည် ရှေ့ဆက်ရန်အတွက် အားယူရပ်တန့်နေသည်။

ကြယ်တာရာတို့က တိတ်ဆိတ်စွာ စောင့်လင်းနေကြသည်။

ဒုဋ္ဌဂါမဏိဧကရာဇ် သင့်ရဲ့ မင်းစည်းစိမ်အောက်မှာ လူသားတွေရဲ့ သွေးတွေနဲ့ ခြင်းခြင်းနီလို့ ပါလား။ မင်းကြီးသည် တစ်ချက်မျှ သိမ့်ခနဲ တုန်သွား၏။ လရောင်နှင့်အတူ စကားသံများက အဆက်မပြတ် ကျဆင်းလာသည်။ စစ်ပွဲတွေအများကြီး ဆင်နွှဲခဲ့တဲ့ သင့်ရဲ့ ရာဇလှံတံမှာ အသက်သွေးတွေ စွန်းထင်းပေကျံနေတယ်၊ ဘုန်းအာဏာ

ဆက်ရဲ့ အုတ်မြစ်တွေဟာ လူတွေရဲ့တောင်လိုပုံနေတဲ့ အရိုးတွေဖြစ်နေတယ်၊ ဘုန်းတော်ဘွဲ့တေးကဗျာတွေထဲမှ စစ်တလင်းက ဒဏ်ရာရမသေမရှင် ရန်သူတွေရဲ့ အော်ဟစ်ညည်းညူသံတွေရောစွက်နေတယ်...

မင်းကြီးသည် နားအစုံကို ယောင်ယမ်း၍ ပိတ်လိုက်မိလေသည်။

သို့သော် အသံများက စဲမသွားပေ။

အကျွောဘိဏီမကသော ဧဠာရ ရန်သူတွေရဲ့ အသက်သွေးတွေနဲ့ သင့်ရဲ့အောင်မြင်ခြင်းခြေရာတွေဟာ အထပ်ထပ် နင်းဖြတ် စွန်းထင်းနေတယ်။ ရာဇလုံတံအသွားဦး ချွန်မြမြကို ညွှန်ပြလိုက်ရာနေရာတိုင်းမှာ စစ်မီးတွေ ဟုန်းခနဲ ဟုန်းခနဲထတောက်ခဲ့တယ်၊ သွေးစွန်းတဲ့ရထားဘီးရာတွေရဲ့ လမ်းကြောင်းတွေဟာ ကမ္ဘာမြေပြင်ပေါ်မှာ အထပ်ထပ်ထင်ကျန်ရစ်ခဲ့တယ်....မဟာ့မဟာ အောင်မြင်မှုတော့မှန်ပါရဲ့။ သို့သော် အဲဒီအောင်ပွဲသရဖူဟာ သွေးပင်လယ်ကြီးထဲမှာ စိုက်ထူထားတဲ့ အနီရောင်သရဖူ ဖြစ်နေတယ်။

နားအစုံကိုပိတ်ထားရင်းမှပင် အသံတွေက တစီစီကျယ်လောင်မြည်ဟိန်းနေကြသည်။ ထိုအသံများက ဘယ်ကလာသနည်း၊ လဝန်းနှင့်ကြယ်တာရာများဆီမှ မဟုတ်၊ မိမိ၏ရင်တွင်းတစ်နေရာမှ ထွက်ပေါ်လာသော အသံများဖြစ်ကြောင်း မင်းကြီးသိသွား၏။

'အလိုလေး...ငါ့ရဲ့ ဧကရာဇ်မင်းမြတ် စည်းစိမ်ချမ်းသာနဲ့ဘုန်းတန်ခိုးဟာ အပြစ်ကင်းစွာ ရခဲ့တာမဟုတ်ပါလား'

မင်းကြီးသည် နှုတ်မှပင် ထွက်ဆိုညည်းတွားလိုက်မိသည်။

လူတွေရဲ့ အသက်ပေါင်းများစွာကို သေကြေပျက်စီးစေပြီးမှ ရခဲ့တဲ့ အောင်ပွဲ၊ ဒီလိုဆိုတော့ ဘုရားရှင်သာသနာကို ငါချီးမြှောက်ပြုစုကြားပေမယ့် အပါယ်လားခြင်းမှ ငါမလွတ်ရာဘူး၊ အောင်ပွဲသရဖူဟာ ဒုဂ္ဂတိဘေးကို တစ်ပါတည်း ခေါ်ဆောင်လာပါကလား၊ သာသနာအတွက် ငါအားထုတ်ခဲ့တဲ့ လုလ္လဟာ နိရတ္တက ငရဲဘေးသာရှိပါကလား။

နူးညံ့အိစက် ကမ္ဗလာခင်းများသည် အိစက်ခြင်းကို မပေးနိုင်

တော့ပေ။ မျက်စိအစုံကို တင်းကြပ်စွာမှိတ်လိုက်သော်လည်း စစ်ပွဲရုပ်ပုံကားချပ်တွေသာပေါ်လာသည်။ အကျွှာဘိဏီမကသော ရန်သူဗွေ့ာရတို့၏ အလောင်းချင်းထပ်နေသော စစ်တလင်း။

'ဘုရား ဘုရား ငါ့အတွက် ဒုဂ္ဂတိဘေးနဲ့ နိရတ္တကသာရှိတော့တဲ့ လားရာဂတိပါလား'

* * *

ပိယင်္ဂုကျွန်းတွင် ရဟန္တာမထေရ်ကြီးများ သီတင်းသုံးနေထိုင်တော်မူကြသည်။ ထိုရဟန္တာကြီးများ၏ သန္တာန်ဝယ် ပရစိတ္တဝိဇာနာနအဘိညာဉ်ဖြင့် ဒုဋ္ဌဂါမဏိမင်းကြီး စိတ်တွင် ဖြစ်ပေါ်နေသည့် စိုးရိမ်ပူပန်မှုကို သိတော်မူကြ၏။

ဤတွင် ရဟန္တာကြီးများသည် ရှစ်ပါးသော ရဟန္တာများအား မင်းကြီးထံ သွားရောက်ရန် စေလွှတ်တော်မူကြလေသည်။ ကောင်းကင်ခရီးဖြင့်ကြွကာ ရဟန္တာရှစ်ပါးတို့သည် မဈ္ဈိမယံအခါ၌မှာပင် မင်းကြီး၏ နန်းတော်ဝသို့ သက်ကြ၏။ ထို့နောက် တံခါးမှူးတို့ကို မင်းကြီး၏ နန်းတော်ထဲ ဝင်လိုကြောင်း ခွင့်ပန်လျက် နန်းပြာသာဒ်ထက်သို့ ဝင်ခဲ့ကြသည်။

လျှောက်ပတ်သောနေရာ၌ သီတင်းသုံးတော်မူနေကြသော ရဟန္တာမထေရ်များကို ဖူးတွေ့ရသောအခါ မင်းကြီးသည် မိမိ၏ အိပ်စက်မပျော်နိုင်သော အတွေးများကို မေ့ပျောက်သွား၏။ ပူဇော်သက္ကာရများဖြင့် ရှိခိုးဝပ်တွားလျက် မင်းကြီးမေးလျှောက်လေသည်။

'အရှင်မြတ်တို့ ဘယ်အတွက် ကြွလာကြပါသလဲ ဘုရား'

'ဒကာတော်မင်းကြီး...သင်ဟာ သင့်ရဲ့ အိပ်ရာထက်မှာ လျောင်းစက်ရင်းနဲ့ ဆင်ခြင်တွေးတောရာမှာ စိတ်ပင်ပန်းသောအဖြစ်ကို ရောက်ရှိခဲ့တယ်။ ဒီအဖြစ်ကို ပိယင်္ဂုကျွန်းမှာ သီတင်းသုံးတော်မူကြတဲ့ ရဟန္တာအရှင်မြတ်များ သိမြင်တော်မူကြတယ်၊ ဒါကြောင့်သင့်ကို တရားဓမ္မဟောပြောရန် ကျွန်ုပ်တို့ကို စေလွှတ်လိုက်ခြင်း ဖြစ်တယ်'

မင်းကြီးသည် အတိုင်းမသိ အံ့သြကြည်နူးသွား၏။

'ဟုတ်ပါတယ်ဘုရား...တပည့်တော်ဟာ အက္ခောဘိဏီမကသော ဧဠာရတို့ကို သတ်ဖြတ်ပြီးမှမင်းအဖြစ်ကို ရခဲ့ပါတယ်၊ ဒါကြောင့်သာသနာတော်ကို ငါချီးမြှောက်ပေမယ့် အပါယ်မှ မလွတ်နိုင်ရာဘူးလို့ တွေးကြံမိပါတယ်ဘုရား'

သမားကောင်း ဆေးဆရာထံ၌ အားကိုးယုံကြည်သော ဝေဒနာသည် လူနာတစ်ယောက်၏ ဖွင့်ဟမှုမျိုးဖြင့် ဒုဋ္ဌဂါမဏိသည် မိမိ၏ခံစားပူလောင်ခြင်းများကို လျှောက်ထားလေသည်။

'မင်းကြီး၊ သင်ရဲ့ယုံမှားသံသယကို ပယ်ဖျောက်လိုက်ပါ၊ ဧဠာရတို့ကို သတ်ဖြတ်ခြင်းဆိုတဲ့ ကံအားခြင့်၊ နတ်ဌာန်သို့ လားခြင်းကိုမတားမြစ်နိုင်ဘူး၊ မဂ်ဖိုလ်ရခြင်းကို မတားမြစ်နိုင်ဘူး'

'အို အရှင်ဘုရားတို့ တကယ်ပါပဲလားဘုရား'

'မင်းကြီး သင့်အမှုဟာ သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် မဖြစ်နိုင်ဘူး၊ သင်သတ်ခဲ့သော ဧဠာရအပေါင်းတို့မှာ လူတစ်ယောက်နဲ့ တစ်ပိုင်းကိုသာ သင်သတ်မိတယ်၊ သေလေသူတို့ထဲမှာ ပဥ္စသီလ၌ တည်သူတစ်ယောက်နဲ့ သရဏဂုံ တည်သူတစ်ယောက်လည်းပါတယ်၊ ထိုမှ တစ်ပါးသော ကြွင်းသော ရန်သူတို့အားလုံးဟာ မိစ္ဆာအယူရှိသူတို့သာ ဖြစ်တယ်၊ သားနွားနဲ့သာ တူတယ်၊ သားကောင်ကို နွားကိုသတ်သော အပြစ်မျှသာရှိပေတယ် မင်းကြီး'

မင်းကြီးနှလုံးမှ ပူပန်မှု မီးတောက်များ ငြိမ်းသေသွားကာ ဓမ္မ၏အမြိုက်ထဲဝယ် ညွတ်နူးပျောင်းအိသွား၏။

'မင်းကြီး ယုံမှားမရှိလေနဲ့၊ သင်ဟာ ဘုရားရှင် သာသနာကို စင်ကြယ်စွာ ထွန်းပစေမယ့် ပုဂ္ဂိုလ်စင်စစ်ဖြစ်တယ်၊ သာသနာတော်ထွန်းကားဖို့ ချီးမြှောက်တဲ့ကုသိုလ်ကံ၏ အန္တရာယ်မဖြစ်စေနိုင်ဘူး၊ နှလုံးမသာမရှိလေနဲ့၊ ရှေးဦးမဆွ သင်မင်းကြီး ကြံရွယ်ရင်းရှိသည့်အတိုင်း ကျွန်းသူကျွန်းသားများ အများသတ္တဝါတို့ သာသနာတော်မှာ ကောင်းစွာ သက်ဝင်အောင်သာ ကြိုးကုတ်ဆောင်ရွက်ပါ'

ရဟန္တာ အရှင်မြတ်များသည် တရားဓမ္မအမြိုက်ရည်တို့ဖြင့်

မင်းကြီး၏ ပူပန်သောကကို ငြိမ်းသတ်ကာ ပိယင်္ဂုကျွန်းသို့ ပြန်ကြွသွားကြလေသည်။

* * *

ဒုဋ္ဌဂါမဏိမင်းကြီးသည် စက်ရာထက်၌ ပြန်၍လှဲလျောင်းလိုက်၏။ နောင်တပူပန်မီးများ ငြိမ်းသေသွားပြီဖြစ်၍ တည်ငြိမ်စွာ သုံးသပ်ဆင်ခြင်လာနိုင်ခဲ့ပေပြီ၊ ထိုအခါ ငယ်စဉ်ဘဝမှ ဖြစ်ရပ်တစ်ခုသည် သဏ္ဍာန်ဝယ် ထင်ရှားစွာ ပေါ်လာ၏။

'ငါတို့ငယ်စဉ်က ခမည်းတော် မယ်တော်တို့ဟာ ငါတို့ကို ထမင်းခွံ့တဲ့အခါ ငါတို့ရဲ့အမျိုးနတ်ဖြစ်တဲ့ သံဃာတော်များနဲ့ ကင်း၍ တစ်ရံတစ်ဆစ်မျှမစားကြနဲ့'လို့ ဆုံးမဩဝါဒပေးခဲ့တယ်၊ ငါဟာ ဒီဩဝါဒနဲ့ကင်းပြီး ဘယ်တုန်းကများ သံဃာနဲ့ကင်းလျက် စားခဲ့ဖူးသလဲ'

မိမိ၏ထမင်းအာဟာရ စားသောအနပ်များစွာ တို့ကို အောက်မေ့မိ၏။ သံဃာတော်နှင့်ပင်းလျက် (သို့မဟုတ်) ရဟန်းသံဃာကို အယုတ်သဖြင့်ဦးမချ၊ ဦးမတင်ဘဲလျက် စားခဲ့သော အကြိမ်ဆို၍ မရှိသလောက်ပင်။

သို့သော် စူးရှထက်မြက်နေသော မင်းကြီး၏ အာရုံ၌တစ်ကြိမ်သောအဖြစ်က ထင်ထင်ရှားရှားပေါ်လာသည်။

စစ်ပွဲကာလတစ်ခု၊ နံနက်စာစားတော်ခေါ်ချိန်၌ သံဃာ၏အဖို့ကို မထားမိဘဲ ငြုတ်တစ်တောင့် စားခဲ့မိသော တစ်ကြိမ်တည်းသောအဖြစ်။

'တစ်ကြိမ်တစ်ခါ ရှိခဲ့ဖူးတယ်၊ ဒီငြုတ်တစ်တောင့်အတွက် ငါ့ကိုငါဒဏ်ထားရလိမ့်မယ်'

နောင်သောအခါ ငြုတ်တစ်တောင့်ကို သံဃာအဖို့ ဦးမထားမိဘဲ စားမိသော ထိုနေရာ၌ မရိစဝဋ္ဋိဟူသော ကျောင်းတော် ဝိဟာရကြီးတစ်ဆောင် ဆောက်လုပ်လှူဒါန်းခဲ့လေသည်။

## ထေရပုတ္တာဘယ စစ်သူကြီး၏ ရန်သူရှာပုံတော်

လင်္ကာဒီပကျွန်း တစ်ခုလုံး၌ သာသနာ၏ အန္တရာယ်ရန်စွယ်ရန်ငြောင့်များ ကင်းစင်ကွယ်ပခဲ့လေပြီ။ တိမ်တိုက်တို့ဖုံးအုပ်မှုမှ ကင်း

စင်သော ကောင်းကင်အဇာဋ္ဌာတွင် သူရိယနေမင်းသည် လွတ်လပ်လင်းချင်းစွာ ပွင့်ထွန်းတောက်ပဘိသကဲ့သို့ ရတနာသုံးပါး၏ ဂုဏ်အနန္တသည် လင်္ကာဒီပကျွန်းအပြင်၌ ကျက်သရေရှိစွာ ထွန်းလင်းတောက်ပခဲ့ပြီ ဖြစ်၏။

သာသနာထွန်းကားသော လင်္ကာဒီပကျွန်းအလုံး၌ မိစ္ဆာဒိဋ္ဌိဘုရင်အပေါင်းလည်း တစ်ဦးတလေမျှမရှိတော့ပေ။ ဒုဋ္ဌဂါမဏိမင်းတစ်ဦးတည်းသာလျှင် တစ်ပါးတည်းသော ဧကရာဇ်ဘုရင်အဖြစ်အုပ်ချုပ်စိုးစံခဲ့၏။ ထီးပြိုင်နန်းပြိုင်ပဒေသရာဇ်မရှိ။ မကိုဋ်သရဖူ အပြိုင်ဆောင်းသော ခေါင်းဆောင်မရှိ။ ဘုန်းလက်ရုံး အာဏာအပြိုင်မရှိ။ ဒုဋ္ဌဂါမဏိဟူသော အမည်နာမသည်သာ လင်္ကာဒီပ၏ပြိုင်ဘက်ကင်းသော သက်ဦးဆံပိုင်ဧကရာဇ်ဖြစ်လာခဲ့လေသည်။

ဓာတ်တော် ဌာပနာသော ရာဇလုံတံကို စွဲကိုင်လျက် မင်းကြီးသည် ရာဇပလ္လင်ပေါ်တက်ခဲ့၏။ တစ်ပါးတည်းသော ဧကရာဇ်အဖြစ် အဘိသေကသဘင် ဆင်ယင်ခံယူခဲ့၏။

ရာဇာဘိသေကသဘင်အပြီးတွင် ဒုဋ္ဌဂါမဏိမင်းကြီးသည် အထူးအရေးပါသော နောက်ထပ်သဘင်တစ်ခု ကျင်းပခဲ့ရသည်။ ထိုသဘင်ကား သူရဲကြီးတို့အား ရာထူးဌာနန္တရများ ဘွဲ့တံဆိပ်များဖြင့် ချီးမြှောက်သော သဘင်ဖြစ်သည်။

သူရဲကြီးတစ်ကျိပ်သည် ဒုဋ္ဌဂါမဏိမင်းသားငယ် ဘဝကတည်းက လက်ရုံးနှလုံးဖြင့် သစ္စာရှိစွာ အမှုတော်ထမ်းခဲ့ကြသည့် တကယ့်သူရဲကောင်းများ ဖြစ်ကြပေသည်။

မိမိအထွတ်အထိပ် ရောက်ချိန်တွင် မိမိနှင့်ကောင်းတူဆိုးဘက် အစဉ်တစိုက်ပါဝင်ခဲ့သော ပုဂ္ဂိုလ်များကို ထိုက်ထိုက်တန်တန် ချီးမြှောက်ခြင်းသည် မင်းကောင်းမင်းမြတ်တို့၏ ကျင့်ထုံးတစ်ခုပင် ဖြစ်၏။ဒုဋ္ဌဂါမဏိမင်းသည် သူရဲကြီးတစ်ကျိပ်တို့အား ချီးမြှောက်သော သဘင်ကို ခမ်းနားစွာ ကျင်းပလေသည်။

သို့သော် ထိုသဘင်တွင် မည်သူမျှ မျှော်လင့်မထားသော

မင်းကြီးကိုယ်တိုင်ပင် မျှော်လင့်မထားသော ထူးခြားသည့် ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့၏။

* * *

နန္ဒမိတ္တ၊ သူရနိမိလ၊ မဟာသောဏ၊ ကောဋ္ဌတိမ္ဗရ၊ ဘရဏ၊ ဝေဠုသုမန၊ ဒဥ္စဒေဝ၊ ဖုဿဒေဝ၊ လဘိတျဝသဘသူရဲကြီး ကိုးယောက်တို့သည် အသီးသီးသော ရာထူးဌာနန္တရများ၊ ဆုလာဘ်များ၊ ဘွဲ့တံဆိပ်များကို ခံယူခဲ့ကြသည်။

သူရဲကြီးတစ်ယောက် တစ်ယောက်၏ အမည်ကိုခေါ်ယူလိုက်တိုင်း သူတို့သည် အလှည့်ကျ မင်းကြီးရှေ့မှောက်သို့ ဝင်ရောက်လာကြသည်။ မင်းကြီးက ရာဇလှံတံဖြင့် သူရဲကြီးတို့၏ ဦးထိပ်သို့ အသာအယာထိတို့ကာ အမြင့်ဆုံးသော ချီးမြှောက်ခြင်းဖြင့် အသိအမှတ်ပြုသည်။ ထို့နောက် နားခံတော်နှင့် သံတော်ဆင့်တို့က ခံယူရရှိမည့် ဘွဲ့တံဆိပ်နှင့် ရာထူးဌာနန္တရတို့ကို ဖတ်ကြားကြေညာကြသည်။

နန်းရင်ပြင်တစ်ခုလုံး ကောင်းချီးပေးသံများဖြင့် အုံးအုံးကျွက်ကျွက်ဖြစ်နေသည်။ သံတော်ဆင့်သည်အာဝဇ္ဇန်းကောင်းကောင်းဖြင့် သူရဲကြီးတို့၏ ထူးခြားသော သူမတူသည့်စွမ်းရည်များကိုပါထုတ်ဖော် ကြေညာပေးနေသည်။ ထိုအခါသဘင်သည် ပို၍အသက်ဝင်နေတော့၏။

သူရဲကြီးများ အုပ်ချုပ်သည့် တပ်မတပ်ဖွဲ့စစ်သည်များကလည်း မိမိတို့ခေါင်းဆောင်၏ ဂုဏ်ထူးဝိသေသကိုကြေညာလိုက်တိုင်းတဟေးဟေး ဟစ်ကြွေးကာ ကောင်းချီးပေးကြသည်။

ဤသို့ဖြင့် သူရဲကြီးများ တစ်ယောက်ပြီးတစ်ယောက် လှည့်ပြီးသွားကြသည်။ ဆယ်ယောက်အနက်၊ နောက်ဆုံးတစ်ယောက်ဖြစ်သော ထေရပုတ္တာဘယအလှည့်ရောက်လာခဲ့၏။

'သူရဲကြီး...ထေရပုတ္တာဘယ'

သံတော်ဆင့်က ကြေညာလိုက်သည်။

ဟေးခနဲ အသံကြီး ထွက်ပေါ်လာသည်။ ထိုအသံများအစဲတွင် တစ်ခုသော အသံဝါကြီးက ဖောက်၍ပေါ်လာ၏။

'ကိုရင်ကြီး ကြွတော်မူပါဘုရား'

သူရဲကြီး ကာဋ္ဌတိမ္ဗရ၏ အသံဖြစ်၏။ ပရိသတ်သည် ဝါးခနဲ ရယ်လိုက်ကြလေသည်။ ကောဋ္ဌတိမ္ဗရသည် ထေရပုတ္တာဘယ၏ အရင်းနှီးဆုံး မိတ်ဆွေဖြစ်သည်။ စင်စစ်ထေရပုတ္တာဘယသူရဲကြီး ဒုဋ္ဌဂါမဏိ မင်းထံ သူရဲကောင်းအဖြစ်ရောက်ရှိလာခြင်းပင်လျှင် ကောဋ္ဌတိမ္ဗရက ခေါ်ဆောင်လာခဲ့ခြင်း ဖြစ်လေသည်။

ထေရပုတ္တာဘယသည် သူရဲကြီးတစ်ကျိပ်အဖွဲ့ဝင်အဖြစ်သို့ မရောက်မီက မဟာသုမနထေရ်ထံ၌ သာမဏေဝတ်နေခဲ့၏။

ကောဋ္ဌတိမ္ဗရနှင့်တွေ့ဆုံက သတ်ပုတ်တိုက်ခိုက်ကြပြီးမှ ခင်မင်ရင်းနှီးသွားကြခြင်း ဖြစ်၏။ သူသည် ကောဋ္ဌတောင်အနီး ကတ္တိရွာကြီး၏ အုပ်ချုပ်ရေးမှူး ရောဟဏသူကြွယ်၏သားဖြစ်သည်။ မျိုးရိုးဇာတိအားဖြင့် သူကြွယ်မျိုးဖြစ်သည်။

ကိုရင်ကြီးဘဝတွင် ကောဋ္ဌတိမ္ဗိရနှင့်တွေ့ကာ အစွမ်းပြနိုင်ခဲ့သဖြင့် ကောဋ္ဌတိမ္ဗရက ဘုရင့်ထံအမှုထမ်းရန် ဆွဲဆောင်ခဲ့၏။ ထိုစဉ်က ကိုရင်ကြီးသည် ကောဋ္ဌတိမ္ဗအား 'ဘုရင့်ထံမှ ငါက ဘာဖြစ်လို့ အမှုထမ်းရမှာလဲ၊ ဘုရင်ပေးတဲ့ စည်းစိမ်ချမ်းသာကို ငါက ဘာဖြစ်လို့ မက်ရမှာလဲ၊ ငါ့မှာလိုချင်ရင် မိဘပစ္စည်းတွေ အပုံအပင်၊ မလိုချင်လို့ သာမဏေဝတ်နေတာ'ဟု ပြန်ပြောခဲ့၏။

ကောဋ္ဌတိမ္ဗရက 'ဘုရင်ပေးတဲ့ စည်းစိမ်နဲ့ ဘုရင့်ထံ အမှုမထမ်းချင်လည်းနေပေါ့ ကိုရင်ကြီး၊ ဒါပေမဲ့ သာသနာတော်ကို ဖျက်ဆီးနေတဲ့ မိစ္ဆာဒိဋ္ဌိဧဠာရတွေရဲ့ရန်ကို ကိုရင်ကြီးက မျက်ကွယ်ပြုပြီး ဒီကျောင်းတိုက်ထဲမှာပဲ အေးအေးလူလူ နေရက်မယ်ဆိုလည်း နေပေါ့'ဟု ဆိုလိုက်သဖြင့် 'ဒါဆိုရင်တော့ ငါသူထွက်ရတာပကွာ'ဟု ပြောပြီး လူဝတ်လဲခဲ့သူ ဖြစ်လေသည်။

သူ့ဖခင်အဘယသူကြွယ်သည် မဟာသုမနထေရ်၏ အလုပ်အကျွေးဖြစ်ခဲ့ပြီးနောက် တရားသံဝေဂရကာ ရှိသမျှစည်းစိမ်ကို သား

အားအပ်ခဲ့ပြီး မဟာသုမနထေရ်ထံ၌ ရဟန်းပြုခဲ့သူဖြစ်၏။ ထို့ကြောင့် အဘယဟူသောအမည်ရင်းတွင်ထေရပုတ္တရဟန်း၏သား အဘယ ဟူ၍ အမည်နာမသစ်တိုးခဲ့ခြင်း ဖြစ်၏။

ထေရပုတ္တ အဘယ၏ ဇာတ်ကြောင်းကို အားလုံးကုန်သော ပရိသတ်သိပြီး ဖြစ်ကြသည်။ ထို့ကြောင့် ကိုရင်ကြီးဘဝမှ လူဝတ်လဲကာ မင်းကြီးထံ အမှုထမ်းလာသော ထေရပုတ္တအဘယကို 'ကိုရင်ကြီးကြွတော်မူပါဘုရား'ဟု ကောဋ္ဌတိမ္ဗရက အော်လိုက်သည်တွင် အကြောင်းသိ ပရိသတ်က တဝါးဝါး ရယ်ကြခြင်းဖြစ်သည်။

ထေရပုတ္တအဘယသည် သတ်မှတ်ထားသော နေရာသို့ ရောက်လာ၏။ သူ့မျက်နှာမှာ ထူးထူးခြားခြားတည်ငြိမ်နေသည်။ ပရိသတ်က ခင်မင်နှစ်လိုစွာ ရယ်မောသြဘာပေးနေကြသော်လည်း သူက မရယ်မပြုံးရှိနေသည်။

သာမဏေဘဝမှထွက်လာကတည်းက ဆံပင်မထားဘဲ ဦးပြည်းဖြင့်သာ နေခဲ့သဖြင့် သူ့အသွင်မှာ တစ်မူထူးခြားနေသည်။ ယခုပို၍ထူးခြားနေသည်မှာ ထေရပုတ္တ အဘယသည် ဘုရင့်သူရဲကောင်းဝတ်စုံကို ဝတ်ဆင်မလာဘဲ ရိုးရိုးသာမန်ဝတ်စားလာခြင်းဖြစ်၏။ ပရိသတ်သည် ထေရပုတ္တာအဘယ၏တစ်မူ ထူးခြားနေသော ဝတ်စားဆင်ယင်မှုနှင့် သူ၏ မရယ်မပြုံးရှိနေသောအသွင်ကို သတိထားလိုက်မိကြသည်။

ထေရပုတ္တအဘယသည် ဘုရင့်ရှေ့တွင် ဒူးထောက်လိုက်ပြီးနောက် မိမိဦးခေါင်းထိပ်ထက် ကျရောက်လာမည့် ရာဇလုံ့တံ၏ အထိအတွေ့ကိုပင် မစောင့်တော့ဘဲ ပြောလိုက်၏။

'ကျွန်ုပ် ဘွဲ့နာမတံဆိပ်နဲ့ ရာထူးဌာနန္တရများကို လက်မခံပါရစေနဲ့ ဘုရင်မင်းမြတ်'

သူ့အသံသြသြကြီးမှာ နန်းရင်ပြင်၌ ဟိန်းထွက်လာသည်။ ပရိသတ်အသံများ တိတ်သွားသည်။ ချီးမြှင့်မည့်ဘွဲ့တံဆိပ်အဆောင်အယောင်များ၊ ရာထူးဌာနန္တရများ စာရင်းကိုဖတ်ကြားကြေညာရန် အ

သင့်ပြင်နေသည်။ သံတော်ဆင့်နှင့်နားခံတော်တို့လည်း ရုတ်တရက် အံအားသင့်ကာ ဘာလုပ်ရမှန်းမသိ ဖြစ်နေကြ၏။

ဒုဋ္ဌဂါမဏိမင်းကြီးက ရာဇလုံတံကို ကိုင်ထားရင်းမိမိ၏ သူရဲကြီးကို စိုက်ကြည့်ရင်း ပြောသည်။

"ဘာကြောင့်လဲ ထေရပုတ္တာအဘယ ဘာဖြစ်လို့လဲ၊ အရှင်သခင်ရဲ့ ချီးမြှောက်မှုဆိုတာ မငြင်းပယ်စကောင်းဘူး မဟုတ်လား"

'ဟုတ်ပါတယ်အရှင်၊ ဒါပေမဲ့ ကျွန်ုပ်မှာ အရေးတော်များ မပြီးဆုံးသေးပါဘူး ဆက်လက်လုပ်ဆောင်ဖွယ်များ ရှိနေသေးလို့ အရှင်သခင်ရဲ့ ချီးမြှောက်မှုကို ငြင်းပယ်နေရခြင်း ဖြစ်ပါတယ်'

ဒုဋ္ဌဂါမဏိမင်းကိုယ်တိုင်ပင် အံ့သြသွား၏။ သို့သော် မိမိ၏ သူရဲကောင်းကြီးကို ချစ်ခင်စွာဖြင့် မင်းကြီးသည် အကြည်အသာ ပြုံးရင်း မေးလိုက်သည်။

'အရှင်သခင်ရဲ့ ချီးမြှောက်မှုကို ငြင်းပယ်နေရလောက်အောင် ဘာတွေကများ အရေးတော်ပေါ်နေသလဲ၊ ဘာတွေများ ဆက်လက်လုပ်ဆောင်ဖွယ်ရှိနေလို့လဲ ထေရပုတ္တာအဘယ'

ပျော်ရွှင်တတ်သော ကောဋ္ဌတိမ္ဗရက လှမ်းပြောလိုက်၏။

'ကိုရင်ကြီး...ရဲ့ဇားသနာ တွေ့ထားဟန်တူပါတယ် အရှင်၊ သူ့အိမ်ထောင်ပြုတော့မလို့ ထင်ပါရဲ့'

ရယ်သံများ ထွက်ပေါ်လာ၏။

သို့သော် ထေရပုတ္တာအဘယ၏ မျက်နှာထားမှာ တည်လွန်းသဖြင့် ပရိသတ်သည် အလိုလို အရယ်ရပ်သွားပြီး နောက်ပြောင်လိုက်သူ ကောဋ္ဌတိမ္ဗရကိုယ်တိုင်လည်း အိုးတိုးအမ်းတမ်း ဖြစ်သွား၏။

ထေရပုတ္တာအဘယက ဆက်ပြောသည်။

'ကျွန်ုပ်မှာ စစ်ထိုးစရာ ရှိနေပါသေးတယ် ဘုရင်မင်းမြတ်'

သည်တစ်ခါ အားလုံးပင့်အံ့သြ တိတ်ဆိတ်သွားကြ၏။

မိစ္ဆာဒိဋ္ဌိဗြာဟ္မဏရတွေရန်မှ အလုံးစုံ ကင်းစင်ပြီးသောအချိန်တွင်

မည်သည့်စစ်မှ ထိုးစရာမရှိတော့၊ သာသနာ့ ရန်စွယ်ဟူသမျှ ထောင်းထောင်းညက်ကျေ ပျက်ကြွေကြလေပြီ။

'ထေရပုတ္တာအဘယ ငါကိုယ်တိုင်ပဲ ဧကရာဇ်အဖြစ်နဲ့ ရာဇဘိသေက ခံယူပြီးပြီ၊ လင်္ကာဒီပမှာ စစ်မီးငြိမ်းပြီး၊ ဋ္ဌောရတွေပြုတ်ပြုတ်ပြုန်းကုန်ပြီ၊ သင့်မှာ ဘာစစ်ထိုးစရာရှိနေသလဲ ငါနားမလည်ဘူး'

ထေရပုတ္တာအဘယသည် ဒူးထောက်ထိုင်နေရာမှ ရပ်လိုက်၏။ သူ့ အရပ်အမောင်းကြီး ပိုမိုထွားကြိုင်း မြင့်မားနေသည် ထင်ရသည်။ မျက်လုံးများ စူးရဲလေးနက်နေသည်။ မျက်နှာသွင်ပြင်တည်ငြိမ် နက်ရှိုင်းနေသည်။

'နားဆင်ပါအရှင် ကျွန်ုပ်မှာ အလွန်အောင်နိုင်ခဲသော အဇ္ဈတ္တရန်သူများ ကြွင်းကျန်နေပါသေးတယ်၊ လင်္ကာဒီပကျွန်းအလုံးက မိစ္ဆာဒိဋ္ဌိသာသနာ့ရန်စွယ် ဋ္ဌောရတွေ ပျက်ပြုန်းသွားသော်လည်း ဒါဟာ ဗဟိဒ္ဓရန်သူတွေရဲ့ ကျဆုံးခန်းသာ ဖြစ်ပါတယ်၊ ကြီးမားလှတဲ့ အဇ္ဈတ္တရန်သူတွေ ရှိနေပါသေးတယ်'

'အဇ္ဈတရန်သူ...အဲဒါဘာလဲ'

'ကိလေသာတည်းဟူသော ရန်သူစစ်ဖြစ်ပါတယ် အရှင်'

ဒီအတွင်း ရန်တပ်ကြီးကို တိုက်ခိုက်နှိမ်နင်းဖို့ ကျွန်ုပ်ကို ရဟန်းပြုခွင့်ပေးပါ၊ ဘွဲ့တံဆိပ်ရာထူးဌာနန္တရများကို လက်မခံပါရစေနဲ့ ထေရပုတ္တအဘယ စစ်ဆက်တိုက်ပါရစေ'

အာမေဍိတ်သံများဖြင့် နန်းရင်ပြင်တစ်ခုလုံး သိမ့်သိမ့်တုန်သွား၏။

ထေရပုတ္တာအဘယကား ပကတိလေးနက်သော အမူရာဖြင့် ဒုဋ္ဌဂါမဏိမင်းကြီးကို စူးစူးဝံ့ဝံ့ကြည့်နေ၏။ မင်းကြီးကလည်း သူ့ သူရဲကောင်းကြီးကို ကြည့်နေ၏။

ထေရပုတ္တာဘယ၏ မျက်လုံးအိမ်၌ မင်းကြီးယခင်က တစ်ခါမျှမတွေ့ဘူးသော အရောင်ဝန်းတို့ တောက်ပနေသည်။ တည်ကြည်မြဲမြံခြင်း၊ တရွေးတစ်စေ့မျှပင် ရွေ့လျားတိမ်းဖယ်မှု မရှိခြင်းကို ပြသော

ခိုင်ကျည်သည့် သန္နိဋ္ဌာန်အလင်းစက်များ ဖြစ်၏။ ထေရပုတ္တာဘယ၏ မြဲမြံသော ဆုံးဖြတ်ချက်မျက်လုံးများကို ဒုဋ္ဌဂါမဏိမင်းကြီး တွေ့ခဲ့ဖူးပေါင်းများလှပြီ။ အသေအကြေ ထိုးခုတ်ရမည့်တိုက်ပွဲများ ကြောက်ခမန်းလိလိ စစ်ပွဲများ ဝင်ရတော့မည်ဆိုလျှင် ထေရပုတ္တာအဘယစစ်သူရဲ၏ မျက်လုံးများ၌ ဤသို့သော အရောင်တွေတောက်ပလာမြဲ ဖြစ်၏။ သို့သော် ယခုမြင်တွေ့နေရသော မျက်အိမ်ဝန်း၏ တောက်ပမှုမှာ မင်းကြီးမြင်ခဲ့ဖူးသော ထိုထိုသော အကြိမ်များနှင့်မတူ။ ထိုထိုသောအကြိမ်များထက် ပို၍ စူးရှသော အကြည့်မျိုးဖြစ်နေသည်။ စစ်ပွဲဝင်ကာနီး မျက်လုံးများမှာ ဖြတ်ဖြတ်တောက်လက်နေတတ်ကြသည်။ ယခုကား ငြိမ်သက်သော ထုထယ်ကြီးသော စွမ်းပကားကို ဆောင်သည့် ထူးခြားသည့် အရောင်မျိုး။

စစ်သူရဲ၏ မျက်နှာသွင်သည် အထူးကြည်လင်နေ၏။

စစ်သွေးတို့ဖြင့် နီမြန်းနေခြင်း မဟုတ်ဘဲ ထူးခြားသော အငွေ့များဖြင့် လွှမ်းပတ်ထားသလို ရှင်းသန့်ခြင်းဖြင့် ခိုင်မာနေ၏။

"ကိလေသာရန်သူ ဟုတ်လား ကိုရင်ကြီး" မင်းကြီးက ရင်းနှီးစွာ ခေါ်၍ မေးလိုက်၏။

"ဟုတ်ပါတယ်အရှင်၊ လောကသားတို့ နှိမ်နင်းရန် ခက်ခဲလှတဲ့ နှိမ်နင်းဖို့လည်း မေ့လျော့နေတတ်ကြတဲ့၊ အကြီးမားဆုံး အဇ္ဈတ္တရန်သူပါ။ ဒီစစ်ကို ကျွန်ုပ်တိုက်ခိုက်ရပါမယ်။ ဒီစစ်ပွဲ မတိုက်ခိုက်ရသေးသမျှ ဒီစစ်ပွဲမအောင်မြင်သေးသမျှ ကျွန်ုပ်ဟာ ရှုံးနိမ့်သူ ဖြစ်နေရပါဦးမယ် စစ်ပွဲဝင်ဖို့ ခွင့်ပြုတော်မူပါ။ ဒါကြောင့် အခုသဘင်မှာ အပ်နှင်းချီးမြှင့်တဲ့ ဆုလာဘ်ဘွဲ့စည်းစိမ်များကို ကျွန်ုပ်မခံယူနိုင်ပါ"

"စဉ်းစားဦးလေ ထေရပုတ္တာအဘယ...

ကျွန်ုပ်နဲ့အတူတွဲပြီး သင့်ရဲ့သွေးသောက်ရဲဘော် စစ်သူရဲကြီးများနဲ့အတူတွဲပြီး စစ်ပွဲပေါင်းများစွာ နွှဲခဲ့ပြီးမှ အခုအချိန်မှာ သင်လမ်းခွဲသွားလို့ ဘယ်တော်ပါ့မလဲ။ အတူတကွ ပွဲဝင်ခဲ့သူများဟာ အောင်ပွဲရဲ့ အသီးပွင့်ကိုလည်း အတူတကွ မြိန်ယှက်စွာ သုံးဆောင်သင့်တာပေါ့"

ဒုဋ္ဌဂါမဏိမင်းကြီးက ခွင့်ပြုမိန့်ကို မပေးဘဲ တားမြစ်လိုက်တယ်။

"ကျွန်ုပ်အကြိမ်ကြိမ် စဉ်းစားဆုံးဖြတ်ခဲ့ပြီးပါပြီ ဘုရင်မင်းမြတ်"

"သင့်ဆုံးဖြတ်ချက်ဟာ ဒုဋ္ဌဂါမဏိနှင့်တကွသော သင့်ရဲ့ရောင်းရင်းကြီးများကို စွန့်ပစ်ရာရောက်နေတယ်လေ...ထေရပုတ္တာအဘယ"

"မူလကတည်းက တစ်ယောက်တစ်လမ်းစီ လာခဲ့ကြတာပါ အရှင်၊ ဆုံသင့်ဆုံအပ်တဲ့ အချိန်ဆုံရမယ့် နေရာမှာ အတူတကွဆုံကြရပြီးနောက် ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြရမှာဘဲ ဖြစ်ပါတယ်"

"ခုအချိန်ဟာ ကိုယ့်လမ်းကိုယ် ဆက်လျှောက်ကြရမယ့် အချိန်မှ မဟုတ်သေးဘဲ၊ ကျွန်ုပ်တို့အတူတကွ ဆက်လုပ်ဆောင်စရာတွေ ရှိနေသေးတယ်"

"လင်္ကာဒီပ တစ်ဝှမ်းလုံးမှာရှိတဲ့ မိစ္ဆာဝါဒီဒြဝိဠရ ကျေးတွေအားလုံး ပြုတ်ပြုတ်ပြုန်းကုန်ပါပြီ အရှင်"

"ဒီ ဒမိဠတွေ ပြုတ်ပြုတ်ပြုန်းကုန်တာတော့ မှန်ပါတယ်။ သို့သော် ဗုဒ္ဓ ဓမ္မ သာသနာကြီးထွန်းကားစည်ပင်ဖို့ ကျွန်ုပ်တို့ လက်တွဲပြီး အတူလုပ်စရာတွေ ရှိနေသေးတယ်"

"အဇ္ဈတ္တရန်သူကြီးတွေနဲ့ တိုက်ခိုက်ရမယ့်၊ ကိလေသာစစ်ပွဲကို ဆင်နွှဲပြီး၊ အောင်မြင်မှု မရသေးသမျှကာလပတ်လုံး ကျွန်ုပ်ဘာကိုမှ ဆက်မလုပ်နိုင်ပါဘူး အရှင်"

ဘုရင်နှင့် သူရဲကောင်းတို့ အချေအတင် ဖြစ်နေကြ၏။ အနီးရှိ စစ်သူရဲကြီးများမှာ စိတ်ဝင်စားလွန်းသဖြင့် တိတ်ဆိတ်နေကြသည်။ အစဉ်တစိုက် ဘုရင့်အမိန့်ကို ဦးထိပ်ရွက်ခဲ့သော ထေရပုတ္တာအဘယသည် အရှင်သခင်ကို တော်လှန်လေပြီလော။

"ဆုလာဘ်ဘွဲ့နဲ့ စည်းစိမ်တွေကို ခံစားစံစားလိုက်ပါဦးလား ထေရပုတ္တာအဘယ၊ တစ်လျှောက်လုံး စစ်ပွဲတွေ ဆင်နွှဲခဲ့ရတဲ့အတွက် သင်မောပန်းနွမ်းနယ်လှပါပြီ။ စည်းစိမ်တွေနဲ့ အမောဖြေလိုက်ပါဦး၊ အနားယူလိုက်ပါဦး"

"အမောဖြေ အနားယူဖို့ အချိန်မရှိတော့ပါဘူးအရှင်။ အချိန်နဲ့ အမျှ အဇ္ဈတ္တရန်သူတွေဟာ အလုံးအရင်းတိုးပွားလာနေကြပါတယ်။ ဒီအချိန်မှာမှ ကျွန်ုပ်ဒီစစ်ပွဲကို မနွဲရင် သံသရာတစ်လျှောက်လုံး အရှုံး ကြီး ရှုံးရပါတော့မယ်။ ဒုဋ္ဌဂါမဏိမင်းတရားကြီးဟာ သူ့ရဲ့ သူရဲကောင်း ကို တကယ်တမ်း ချစ်မြတ်နိုး သနားတော်မူတယ်ဆိုရင် ခွင့်ပြုစေချင် ပါတယ်"

မင်းကြီးရှန်းမထွက်နိုင်အောင် ဖြစ်သွား၏။

"ထေရပုတ္တာအဘယ သင်ဟာ သင့်ရဲ့ အရှင်သခင်ဆီက ခွင့်ပြုမိန့်ကို တောင်းဆိုနေခြင်းမှ မဟုတ်ဘဲ။ သင့်ရဲ့ဆုံးဖြတ်ချက်ကို တင်ပြပြီး ဒါကို ခွင့်ပြုရမယ်ဆိုပြီး ဘုရင်မင်းမြတ်ကို သင်ကပြန်ပြီး အမိန့်ပေးနေသလို ဖြစ်နေပါကလား"

ထေရပုတ္တာအဘယ ငြိမ်သက်သွား၏။ စကားတုံ့မဆိုတော့။ သို့သော် နောက်မဆုတ်တမ်း ခိုင်မာလွန်းသော အသွင်သဏ္ဌာန်က ပို၍ ထင်ရှားလာသည်။

"ပြောပါဦး ထေရပုတ္တာအဘယ၊ ဘုရင်မင်းမြတ်ကို ဒီလို အမိန့်ပေးရမယ်လို့ သင်ကပြန်ပြီး အမိန့်ပေးနေတာလား"

စစ်သူရဲကြီး၏ မေးကြောကြီးများ ထောင်လာသည်။ ရင်အုံကြီး မို့မောက်လာကာ ပြင်းပြင်းအသက်ရှူလိုက်သည်။

"သာသနာ့အန္တရာယ်၊ မိစ္ဆာဒိဋ္ဌိ ဒမိဠတွေရဲ့ ရန်ကို အလုံးစုံ ဖြိုခွင်းနိုင်ခဲ့တဲ့ ဘုရင်မင်းမြတ်တစ်ပါးရဲ့ စိတ်နှစ်လုံးအပေါ်မှာ ကျွန်ုပ် ယုံကြည်လေးမြတ်စွာနဲ့ ဒီစကားကိုဆို၊ ဒီအခွင့်ကိုတောင်းခံခဲ့ခြင်း ဖြစ်ပါ တယ်။ ဗုဒ္ဓမြတ်စွာရဲ့ ဓာတ်တော်ဌာပနာထားတဲ့ ရာဇလုံတံ ကိုင်စွဲ တော်မူသော ဇေကရာဇ်ဘုရင်တစ်ပါးရဲ့ ခွင့်လွှတ်ကြင်နာမှုကို ကျွန်ုပ် အလုံးစုံယုံကြည်ပြီး ဘုရင်မင်းမြတ်ကို ကျူးပြီးအမိန့်ခံနေခြင်း မဟုတ်ပါ ဘူး။ သူရဲကောင်းအပေါ် ချစ်ခင်နားလည်လှတဲ့ အရှင်သခင်ရဲ့ နှလုံး သားကို ကျွန်ုပ်ယုံကြည်စွာ ခွင့်ပန်နေခြင်း ဖြစ်ပါတယ်"

သူရဲကောင်းက ဘုရင်ကို ပြန်၍ ချည်တုပ်လိုက်ခြင်း ဖြစ်သည်။

ဒုဋ္ဌဂါမဏိမင်းကြီး ယဲ့ယဲ့မျှ ပြုံးသည်။ ထို့နောက် …

“ကိုင်း … ငါက ခွင့်မပြုနိုင်ဘူးဆိုရင်ကောကွယ်”

ထေရပုတ္တာအဘယ၏ ကိုယ်လုံးကြီး တွန့်ခနဲဖြစ်သွားသည်ဟု ထင်ကြရသည်။ မို့မောက်နေသော ရင်အုံကြီးသည် ဖြေလျော့လိုက်သော ဖားဖိုကြီး တစ်ခုနှယ် ရှူးခနဲအသံကြီးထွက်လာသည်ဟုလည်း ထင်ရ၏။ ကျောက်ရုပ်ကြီးကို ငြိမ်သက်သွားပြီးမှ ထေရပုတ္တာအဘယထံမှ အသံထွက်လာသည်။ လှိုက်လှဲသည်းထန် ဝမ်းခေါင်းသံကြီး။

“ဒုဋ္ဌဂါမဏိမင်းကြီးအပေါ် အသက်ပေး သစ္စာရှိခဲ့တဲ့ ထေရပုတ္တာအဘယတစ်ယောက် တစ်လျှောက်လုံးလုံး ပဋိညာဉ်ခံ သစ္စာရှိကျွန်ယုံ ဖြစ်ခဲ့ပြီးမှ နောက်ဆုံးမှာ အရှင်သခင်ရဲ့ အမိန့်ကို ကျူးကျော်ဖောက်ဖျက်သွားခဲ့တယ်ဆိုတဲ့ ဧရာမ အမည်းစက်ကြီးကိုပဲ ကံဆိုးသူအကျွန်ုပ် ခံယူသွားရတော့မှာပါပဲ အရှင်”

သဘင်တစ်ခုလုံး တဝေါဝေါ ဖြစ်သွားလေသည်။

မင်းကြီးသည် ထိုင်ရာမှထကာ ထေရပုတ္တာအဘယ၏ ပခုံးပေါ်သို့ လက်တင်လိုက်၏။ အားလုံးတိတ်ဆိတ်ငြိမ်သက်သွားကြပြန်သည်။

မင်းကြီး၏အသံ ပေါ်လာ၏။

“ထေရပုတ္တာအဘယ၊ ကိလေသာစစ်ပွဲကို ဆက်တိုက်ပါ၊ သင့်ကို ငါခွင့်ပြုတယ်”

စစ်သူရဲကြီး၏ မျက်နှာသည် ကြေးနီရောင်မှသည် ရွှေရောင်သို့ တမုဟုတ်ခြင်း ပြောင်းသွားတော့သည်။

* * *

လအနည်းငယ် အကြာတွင် ဤကိစ္စနှင့်ပတ်သက်၍ သူရဲကောင်း ကောဋ္ဌတိမ္ဗရက မင်းကြီးအား စောဒကတက်ခဲ့သေး၏။ ကောဋ္ဌတိမ္ဗရမှာ ထေရပုတ္တာအဘယအား ကိုရင်ကြီးအဖြစ်မှ ရှင်လူထွက် ဖြစ်စေကာ မင်းကြီးထံ ခေါ်ဆောင်လာခဲ့သူဖြစ်ပြီး အရင်းခြားဆုံးလည်းဖြစ်၊

ထေရပုတ္တာအဘယအပေါ်တွင် သံယောဇဉ် အကြီးဆုံးလည်းဖြစ်လေသည်။ ဘုရင်မင်းမြတ်က ထေရပုတ္တာအဘယအား ခွင့်ပြုလိုက်ခြင်းအတွက် မည်သို့မျှ ကန့်ကွက်ခွင့်မသာသော်လည်း ဘဝင်မကျနိုင်ဖြစ်နေ သော ကောဋ္ဌတိမ္ဗရက ဆို၏။

"အရှင် ...ကိုရင်ကြီးကို အလိုလိုက်လွန်းတယ်၊ သူဟာ ကြံ့တစ်ကောင်လိုပဲ၊ ဦးချိုတည်မိရာမှာ ဘာကြီးပဲရှိနေနေ အသေခံပြီးဝင်တိုးဆောင့်တတ်တဲ့ လူစားမျိုး။ အခု အရှင့်ရဲ့ခွင့်ပြုချက်ကို မရရအောင်လုပ်ပြီး နန်းတော်နဲ့ ကျွန်တော်တို့အားလုံးကို သူစွန့်ခွာသွားပြီ။ သူပြောတဲ့ ကိလေသာစစ်ပွဲကို ဘယ်လိုနည်းနဲ့ သူက ဆင်နွှဲမှာတဲ့လဲ။ သူဘယ်လိုဆင်နွှဲဘယ်လိုပုံနဲ့ အောင်မလား ရှုံးမလားတော့ မသိ၊ ခုလောလောဆယ်တော့ ကျွန်တော်တို့မှာ ထေရပုတ္တာအဘယဆိုတဲ့ စစ်သူရဲကြီးတစ်ယောက် ဆုံးရှုံးရပြီ"

ကောဋ္ဌတိမ္ဗရသည် မကျေမချမ်းဖြင့် ညည်းညူလေသည်။

သို့သော် ကာလများမကြာမီမှာပင် ကောဋ္ဌတိမ္ဗရကို ပါးစပ်ပိတ်သွားစေသော သတင်းတစ်ခုရောက်လာ၏။ ထိုသတင်းသည် ဟိမဝန္တာမှ ရောက်လာခြင်း ဖြစ်သည်။

"ဘုရင့်စစ်သူရဲကောင်း ထေရပုတ္တာအဘယရဟန်းပြုပြီး မကြာမီမှာ ရဟန္တာအဖြစ်သို့ ရောက်ခဲ့ပြီ၊ ရဟန္တာငါးရာ ခြံရံပြီး သီတင်းသုံး စံပယ်နေတော်မူပြီ"

ဒုဋ္ဌဂါမဏိမင်းကြီးသည် လှိုက်လှိုက်လှဲလှဲ ကျူးရင့်လေသည်။

"ထေရပုတ္တာအဘယအတွက် ဝမ်းမြောက်ပီတိကြီးစွာ ဖြစ်ရလေတယ်။ သူဟာ တကယ်ပဲ ကိလေသာစစ်ပွဲကို တိုက်ခိုက်အောင်မြင်သွားပြီ။ အကြီးကျယ်ဆုံး အောင်ပွဲကို သူရသွားပြီ ဒါတင်မကဘူး... ငါ့ကိုယ်ငါအတွက်လည်း ဝမ်းမြောက်လှတယ်။ စစ်ထိုးသောအမှုဟာ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ်မဖြစ်ဘူးလို့ ရဟန္တမြတ်တို့ ဟောကြားခဲ့တာမှန်လိုက်လေခြင်း၊ ထေရပုတ္တာအဘယသက်သေ ထင်ရှားပြသွားပြီ"

ထီးဆောင်းကေရာဇ်မင်း၏ ဘိသိက်ပွဲသဘင်ကို ကျင်းပပြီး နောက် ခုနစ်ရက်မြောက်သောနေ့ ဖြစ်၏။

မင်းကြီးသည် အခြွေအရံများစွာဖြင့် တိဿဝါပိရေကန်တော်သို့ ထွက်တော်မူခဲ့သည်။ ရေကန်တည်ရှိရာ ဝန်းကျင်တစ်ဝိုက်မှာ မင်းခမ်းမင်းနား အဆောင်အယောင်များဖြင့် ဖိတ်ဖိတ်တောက်နေသည်။ ဘုရင်မင်းမြတ် ကြွရောက်တော်မူခြင်း အထိမ်းအမှတ်အဖြစ် ရေကန်ဦးတွင် တဲနန်းကြီးတစ်ဆောင် ဆောက်လုပ်သည်။ ထိုတဲနန်းမှာ တိဿဝါပိ ရေကန်ဒေသတစ်ဝိုက်နှင့် အမြို့မြို့ အရွာရွာမှ ဆက်သလာကြသော ပဏ္ဏာကာရတို့ကို သိမ်းဆည်းလက်ခံရာ တဲနန်းဖြစ်၏။

ထိုပဏ္ဏာကာရတို့ကို သိမ်းဆည်းလက်ခံခြင်း၏ ရည်ရွယ်ချက်မှာ မင်းကြီး၏ ဘဏ္ဍာတော်တိုက်သို့ သွင်းရန်မဟုတ်။ ကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ရန် ဖြစ်လေသည်။

မင်းကြီးသည် မိမိနှင့်အမြဲမကွာ ဆောင်ယူသော ဓာတ်တော်ဌာပနာသည့်လှံကို တဲနန်းဦး၌ ထိုးစိုက်ထားလိုက်၏။ ကိုယ်ရံတော်တပ်ဖွဲ့ဝင်များက လှံတော်ကို ဝန်းရံ၍ စောင့်ကြပ်ကြသည်။ ထို့နောက် မင်းကြီးသည် မောင်းမမိဿံများနှင့်အတူ ရေကန်၌ ရေကစားသည်။ ရေကန်မှ တက်ခဲ့ပြီး တဲနန်းသို့ ဝင်ကာ နေ့လယ်စာကို စားသောက်ပြီး အနားယူအပန်းဖြေ၏။

ထိုနေ့တစ်နေ့လုံး သက်သောင့်သက်သာပင် စံနေတော်မူပြီးမှ ညဥ့်ချမ်းအချိန်တွင် နန်းတော်သို့ဝင်ရန် ပြင်ဆင်ကြသည်။

ဤအချိန်မှာပင် ထူးခြားသော ဖြစ်ရပ်တစ်ခု ပေါ်ပေါက်ခဲ့ခြင်း ဖြစ်၏။

နန်းမြို့တွင်းပြန်ဝင်ရန် မှူးမတ် တပ်ဗိုလ်အဆင့်ဆင့်တို့ကို နှိုးဆော်ပြင်ဆင်ကြသည်။ မင်းချင်းတို့ကို ဆင့်ဆို၍ အသီးသီးနေရာယူကြသည်။ အဆောင်အယောင်အားလုံး အသင့်ဖြစ်နေပြီး မင်းကြီးထွက်ကြွရန် အချိန်ရောက်သောအခါ ကိုယ်ရံတော်တပ်ဗိုလ်မင်းသည် တဲနန်း

အတွင်းသို့ အခစားဝင်လာ၏။ တပ်ဗိုလ်၏ အမူအရာမှာ အကဲမရ ဖြစ်နေသည်။

ရောက်မဆိုက်ပင် သူကတင်လေသည်။

“ဘုရင်မင်းမြတ် တဲနန်းဦးမှာ စိုက်ထားခဲ့သော လှံတော်ကို နှုတ်ယူမရ ဖြစ်နေပါတယ်”

မင်းကြီး မသိမသာပြုံး၏။ ခတ်တော်ဌာပနာထားသော လှံတော်ကို မိမိသည် တဲနန်းဦးတစ်နေရာ သတ်မှတ်ထားသော ကမူအပြင်၌ ခပ်ဖွဖွသာ စိုက်ခဲ့ခြင်းဖြစ်၏။ လှံတော်စိုက်ထိုး သိမ်းဆည်းထားသည့်နေရာ၌ လိုအပ်သောအဆောင်အယောင်ကို ပြင်ဆင်ထားကြ၏။ ကိုယ်ရံတော်တပ်ဖွဲ့ဝင် အချို့ဝန်းရံ စောင့်ကြပ်နေခဲ့ကြ၏။ ယခု လှံတော်ကို နှုတ်မရ ဖြစ်နေသည်ဟု ဆို၏။

“မင်းတို့ ဝန်းရံစောင့်ကြပ်မြဲအတိုင်း ရှိကြ၊ ငါလာခဲ့မယ်”

တဲနန်းဦး လှံတံထိုးစိုက်ထားရာသို့ မင်းကြီး ကြွလာခဲ့သည်။

“လှံတော်က သူ့သခင်မျက်ကွယ်မှာ သူ့သခင် ထိုးစိုက်ထားခဲ့ရာ နေရာကနေ မလိုက်လိုဘူးနဲ့ တူပါရဲ့၊ ကဲ...ငါ့ရှေ့မှောက်မှာ နှုတ်ယူလိုက်ကြ”

ကိုယ်ရံတော်တပ်ဗိုလ်မင်း ဆွဲနှုတ်ယူ၏။ လှံတော် တုတ်တုတ်မျှမလှုပ်။ နောက်၊ ကိုယ်ရံတော် တပ်ဖွဲ့ဝင်များ ခွန်အားကြီးသော ရဲမက်များ၊ တစ်ယောက်ပြီးတစ်ယောက် ဆွဲနှုတ်ကြသည်။ လှံတော်သည် ထိုးစိုက်ထားရာ၌ ပကတိအစွဲအမြဲ။

ကနဦးက တစ်ယောက်ပြီးတစ်ယောက် ကြိုးစားနှုတ်ယူကြရင်း လက်လျှော့ရသည်ကို တွေ့ရသောအခါ ပျော်ရွှင်ဖွယ် ရယ်ပွဲတစ်ခု ဖြစ်ခဲ့ပါ၏။

သို့သော် ဤအရာသည် ရဲမက်များကို ရယ်ပွဲအရာမဟုတ်တော့ကြောင်း တစ်စတစ်စသိလာကြသည်။ မင်းကြီးအသာအယာ ထိုးစိုက် သိမ်းဆည်းထားသော လှံသည် အဝိဉာဏကပစ္စည်းလို မဟုတ်မူဘဲ အသိဉာဏ်အသက်ဝိညာဉ်ရှိသော သူပမာ နှုတ်ယူသူများလက်သို့ မပါလာ

ဘဲ ခိုင်မြဲလှစွာ ငြင်းဆန်နေ၏။

တစ်ယောက်ချင်း နှုတ်မရသောအခါ လှံကို ဆုပ်ကိုင်မိသမျှ အရေအတွက်သုံး၍ အများဝိုင်းဝန်းပြီး လှုပ်နှဲ့ဆွဲနှုတ်ကြပြန်သည်။ လှံတော်ကား တစ်ဆံချည်မျှပင် မရွှေ့။

ထူးခြားသောအရာ ဖြစ်လာလေပြီ။

မှူးမတ်ဗိုလ်ပါ ပရိသတ်တို့သည် အံ့အံ့ကျွတ်ကျွတ် ဝိုင်းအုံကြည့်ကြလေပြီ။ ကိုယ်ရံတော်တပ်ဖွဲ့နှင့် အခြားရဲမက်ဗိုလ်ပါတို့လည်း ချွေးဒီးဒီးပြန်ကာ လက်လျှော့ကြရလေပြီ။

မင်းကြီးသည် လှံတော်စွဲဝင်ရာ မြေအပြင်ဝန်းသို့ ချဉ်းကပ်လျက် လေးနက်စွာ မိန့်တော်မူလိုက်၏။

"ဘယ်သူမှ မကြိုးစားကြနဲ့တော့၊ အဖြေပေါ်လာပြီ။ ရာဇလှံတော်ထဲမှာ ဌာပနထားတဲ့ဓာတ်တော်ဟာဒီအရပ်မှာကိန်းဝပ်သီတင်းသုံးလိုတယ်ဆိုတာအထင်အရှားပြနေပြီ"

မင်းကြီးသည် လှံတော်ကို လက်အုပ်ချီလိုက်သည်။

"တပ်ဖွဲ့ဗိုလ်ပါ စစ်သည်တော်အပေါင်းတို့၊ နန်းမြို့တွင်း ပြန်ဝင်မယ်။ အစီအမံတွေအားလုံး ရုပ်သိမ်းလိုက်ကြဦး။ အားလုံးကိုယ်စီ ပန်းနံ့သာလက်စွဲပြီး ပူဇော်ကြ"

ဓာတ်တော်တိုက် ကိန်းဝပ်စံပယ်မည့်နေရာကို အားလုံးဝန်းလှည့်ပူဇော်ကြလေသည်။ ထိုပူဇော်မှုအစီအစဉ်ပြီးစီးမှ အစောင့်အရှောက်ဖြင့် ခြံရံထားရှိကာ မြို့တွင်းသို့ ဝင်တော်မူခဲ့၏။

နန်းမြို့သို့ ရောက်ရောက်ချင်းပင် မင်းကြီးအမိန့်ထုတ်ပြန်လိုက်၏။

"နက်ဖြန် လှံတော်စွဲရာအရပ်ဆီ တပ်ထွက်တော်မူမယ်၊ လှံတော်ကို ကျောက်အုပ်များနဲ့ ဝန်းရံပြီး စေတီတည်မယ်၊ စေတီအနီးမှာ ကျောင်းကြီးတစ်ဆောင် ဆောက်ရမယ်။ ဓာတ်တော်နှင့်တကွသော လှံတော်ဟာ မိစ္ဆာဒိဋ္ဌိဒမိဠတွေကို တိုက်ခိုက်နှိမ်နင်းဖို့ ငါ့ကို ကာလတစ်

လျှောက်လုံး အမိန့်ပေးစေညွှန်ခဲ့ပြီ။ ယခုအခါ သာသနာ့ရန်စွယ်မှန်သမျှ ရှင်းလင်းပပျောက်ခဲ့ပြီ။ ငါ့ရဲ့စစ်ပွဲတွေ ပြီးဆုံးသလို လုံတော်ဟာလည်း စေညွှန်ဖို့အလုပ် ပြီးခဲ့ပြီမို့ ဌာပနာထားတဲ့ ဓာတ်တော်များ အတည်တကျ ကိန်းဝပ် သီတင်းသုံးတော်မူကြတော့မယ်၊ နက်ဖြန်ထွက်တော်မူဖို့ အသင့်ပြင်ကြ"

* * *

လုံတော်စွဲမြဲသော နေရာ၌ စေတီနှင့်ကျောင်းကြီး ဆောက်လုပ်သည်မှာ သုံးနှစ်တိုင် ကြာညောင်းခဲ့၏။ ကျောင်းကြီးပြီး၍ ကျောင်းလွှတ်ပူဇော်ပွဲကျင်းပသောအခါ ရဟန်း သံဃာတစ်သိန်းနှင့် ရဟန်းမိန်းမ ကိုးသောင်းတို့ ရှေ့မှောက်တွင် မင်းကြီးသည် ကမ္ဘည်းတွင်မည့် စကားတစ်ခွန်းကို လျှောက်ထားကြွေးကြော်ခဲ့လေသည်။

"အရှင်ဘုရားတို့၊ ဘုရား..သာသနာတော်ကို စင်ကြယ်စွာ ထွန်းပစေဖို့ သာသနာ့အန္တရာယ် ရန်စွယ်မှန်သမျှကို ရှင်းလင်းခဲ့ရာမှ တပည့်တော်ဟာ စစ်ပွဲပေါင်းများစွာကို ဖြတ်သန်းခဲ့ရပါတယ်။ အဲဒီ စစ်ပွဲပေါင်းများစွာ ဆင်ယင်တဲ့ ကာလတစ်လျှောက်မှာ တပည့်တော်ဟာ ခမည်းတော် မယ်တော်တို့က တပည့်တော် ငယ်စဉ်က ထမင်းခွံ့စဉ် အခါမှာ ငါတို့ဟာ အမျိုးနတ်ဖြစ်သော သံဃာတော်နှင့်ကင်း၍ သံဃာကို အဦးအဖျား မထားဘဲမူ၍ ထမင်းတစ်လုပ်အာဟာရတစ်နပ်ကိုမျှ တစ်ရံတစ်ဆစ်မျှ မစားကြနဲ့လို့ သွန်သင်ခဲ့တဲ့အတိုင်း စစ်ကာလတစ်လျှောက်လုံး နံနက်စာ စားတိုင်း သံဃာအဖို့ကို အဦးထားပြီးမှ စားခဲ့ပါတယ်။

"သို့ပါသော် စစ်ကာလအတွင်း တစ်ခုသော နံနက်မှာတော့ စစ်ရေးရှုပ်ထွေး ကိုယ်စိတ်နောက်ကျိရှိလွန်းလို့ မေ့လျော့လစ်ဟင်းကာ သံဃာကို အဦးမထားမိဘဲ ငရုတ်တစ်တောင့်ကို တပည့်တော်စားခဲ့မိပါတယ်"

"အဲဒီ ငရုတ်တစ်တောင့်ဟာ စားစဉ်ခဏ တပည့်တော်ရဲ့ လျှာထက်မှာ ခေတ္တသာ ပူစပ်ခဲ့သော်လည်း သံဃာကို အဦးမထားဘဲ

ငါစားမိခဲ့ပကောဆိုတဲ့ အသိချက်ချင်းဝင်ခဲ့ပြီး ဒါ့အတွက် ငါ့ကိုယ်ငါ ဒဏ်ထားရလိမ့်မယ်ဆိုတဲ့ အသိကတော့ ရင်ထဲမှာ အပူအစပ်အရှိန် အမြဲကာလရှည်ကြာစွာ တည်ခဲ့ပါတယ်"

"အရှင်ဘုရားတို့ယခုဓာတ်တော်ဌာပနာတဲ့လှံတော်စွဲရာ အရပ်မှာ စေတီတည်ပြီး ကျောင်းကြီးဆောက်လုပ်လှူဒါန်းအပ်ပါပြီ။ ဒီကျောင်းကြီးဟာ ငရုတ်တစ်တောင့်အတွက် တပည့်တော်ကို တပည့်တော်၏ဒဏ်ထားခဲ့သောအမှုကိုရည်စူးပြီးဒဏ်ဆောင်အပ်သော ငရုတ်တစ်တောင့်ကျောင်း မရိစဋ္ဋိ ကျောင်းကြီးဖြစ်ပါတယ် ဘုရား။

"မရိစဝဋ္ဋိ ကျောင်းတော်ကြီးကို အလှူခံတော်မူပါ သီတင်းသုံးတော်မူပါ ဘုရား"

မင်းကြီး၏ ရေစက်သွန်းချ အမျှဝေသံအပြီး သာဓုအနုမောဒနာ ခေါ်လိုက်ကြသော အသံထုကြီးသည် အဘယဝါပိရေကန်ကြီးတည်ရှိရာကို ဗဟိုပြုလျက် အရပ်လေးမျက်နှာ၊ ရှစ်မျက်နှာ၊ ဆယ်မျက်နှာ အားလုံးသို့ ရိုက်ချိုးမြည်ဟီး သွားခဲ့လေသည်။

* * *

## မျာဒိတ်ရှေ့ မှတ်တမ်းလွှာ

ငရုတ်တစ်တောင့်ကို အကြောင်းပြုလျက် မရိစဝဋ္ဋီကျောင်းတော်ကြီးကို တည်ထောင်ပြီးလေပြီ။ မိမိစွဲသော လုံစိုက်ရာအရပ်ကို အကြောင်းပြု၍လည်း ကုန္တစေတီတည်ထားပြီးပေပြီ။

ကောင်းမှု၌ မွေ့လျော်သော် စိတ်နှလုံးသည် အစဉ်သဖြင့် ကောင်းမှု၌ပင် ကပ်ငြိတိမ်းညွတ်ခြင်း ရှိချေသည်။ ဒုဋ္ဌဂါမဏိမင်းကြီး၏ စိတ်နှလုံးသည် ကောင်းမှုပြုရန်ကိုသာ ငံ့လင့်ရှာဖွေနေတော့သည်။ ထိုစေတနာ၏ အကျိုးသက်ရောက်မှုကား ကောင်းသောဉာဏ်ပညာတို့ ပွင့်ဟနိုးကြားနေခြင်းပင် ဖြစ်၏။ မင်းကြီးသန္တာန်ဝယ် ဉာဏ်ပညာကောင်းတို့သည် ထုံမွှမ်းရိုက်ပုံ့နေ၏။ ထိုပညာဉာဏ်ဖြင့် စီစစ်ဝေဖန်သော အလုပ်မှန်သမျှတို့မှာလည်း ကောင်းမှုနှင့် ယှဉ်သော အလုပ်များသာ ဖြစ်ကြလေသည်။

ဒမိဠကျေးလူမျိုးတို့လည်း ပြုတ်ပြုတ်ပြုန်းကုန်ကြပြီ။ သာသနာတော်၏ ရန်စွယ်အန္တရာယ်မှန်သမျှတို့သည် အမြစ်ကစ၍ ပျောက်ကွယ်သွားကြပြီ ဖြစ်၏။ ဘုန်းလက်ရုံး အာဏာစက် တိုးချဲ့ရန် အမှုကိုလည်း မင်းကြီးစိတ်ဝင်စားသည်မဟုတ်။ မင်းကြီးအစဉ်အမြဲ တွေးနေသည်မှာ

ရတနာသုံးပါးနှင့် စပ်လျဉ်း၍ မည်သည့်ကောင်းမှုကို ပြုရမည်နည်းဟူသော အရာသာလျှင် ဖြစ်လေသည်။

ကုသိုလ်ကောင်းမှုအရေးကို တွေးရာ၌ မင်းကြီးသည် အဆန်ခရီးသို့ အာရုံညွတ်လိုက်၏။ အဆန်ခရီးဆိုသည်မှာ မိမိ၏ဘိုးတော် ဘေးတော် အစဉ်အဆက်တို့အနေဖြင့် မည်သည့်ကောင်းမှု အမွေအနှစ်များကို စိုက်ပျိုးကြဲချခဲ့သနည်းဟု တွေးတောခြင်း ဖြစ်သည်။

ဤတွင် ဒုဋ္ဌဂါမဏိမင်းကြီး၏ စိတ်အစဉ်ထဲသို့ ကြားဖူးနားဝရှိထားသော စကားအချို့ဝင်ရောက်လာသည်။ အမည်နာမနှစ်ခု ဝင်ရောက်လာသည်။

ယင်းတို့မှာ ဒေဝါနံပိယတိဿမင်းကြီးဟူသော အမည်နာမနှင့် အရှင်မဟိန္ဒဟူသော အမည်နာမနှစ်ခု ဖြစ်၏။ ဒေဝါနံပိယတိဿမင်းကြီးဟူသည်မှာ ဒုဋ္ဌဂါမဏိမင်း၏ ဘေးတော်ဖြစ်သည်။ ထိုမင်းကြီးအား အရှင်မဟိန္ဒက မိန့်ဆိုခဲ့ဖူးသည်ဟု အဆက်ဆက်ကြားဖူးထားသော စကားတစ်ခွန်း…

"ဒေဝါနံပိယတိဿမင်းကြီး သင်၏ မြေးတော်ဖြစ်သော ဒုဋ္ဌဂါမဏိ မင်းသည် ဤမည်သော နေရာ၌ ကြီးစွာသော စေတီတစ်ဆူ တည်လိမ့်မည်။ အထူးထူးသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော ဉပုသ်အိမ်သိမ်ကိုလည်း ပြုလိမ့်မည်"

အဆက်ဆက်သော ဤစကားကို မင်းကြီးပြန်၍ သတိရလာ၏။ ဤသည်မှာ မင်းကြီး၏ ကောင်းမှု၌ ထုံမွှေ့သောသဏ္ဍာန်က ထုတ်ဖော်လိုက်သည့် ပွဲတင်သံပင် ဖြစ်ပေလိမ့်မည်။

မိမိ၏စိတ်နှလုံးမှ ပွဲတင်ပြန်သော ထိုစကားသံကို မင်းကြီးသည် သက်သေအထောက်အထားဖြင့် အခိုင်အလုံဖြစ်ဖို့ ကြိုးစား၏။ ဘုရင်မင်းမြတ်၏ ဆန္ဒဟူ၍ အမိန့်အာဏာဖြင့် ပြဋ္ဌာန်းခြင်းမပြု။ မိမိကြားဖူးသော ပြန်လည်မှတ်မိလာသော ထိုအချက်ကို လောကထုံးဓလေ့ဖြင့် ကိုက်ညီအောင် အများလူတို့ လက်ခံနိုင်အောင် မင်းကြီးအားထုတ်ရပေမည်။

**သီရိဆွေစာအုပ်တိုက်**

"ဗြဲတိုက်နှင့် မင်းအိမ်တော်မှာ ရာဇဝံသအစဉ်အဆက်အရ သိုမှီးထားတဲ့ မှတ်တမ်းမှတ်ရာများ ရှိလိမ့်မယ်၊ ဆိုင်ရာမှူးမတ်ဝန်တို့ မင်းအိမ်တော်မှာ ရှာဖွေကြစမ်း"ဟု မင်းကြီးစေခိုင်း၏။

အထောက်အထား ထင်ရှားပေါ်လာလေသည်။ အစဉ်တစိုက် သိမ်းဆည်း သိုမှီးထားသော သံသေတ္တာကြေးသေတ္တာကြီးများထဲမှ ရွှေစာလုံးများဖြင့် ရေးထိုးအပ်သော ရွှေပေလွှာများကို တွေ့ကြရသည်။ ရှေးယခင်က မှတ်တမ်းပြုခဲ့သော ထိုရွှေပေအက္ခရာများကို ကျွမ်းကျင်သူတို့အား ဖတ်စေ၏။

ဒေဝါနံပိယတိဿမင်းကြီး ရေးထိုးထားခဲ့သော မှာတမ်းလွှာ အထင်အရှားပေါ်လာလေသည်။

"ငါ၏နောက် နှစ်ပေါင်းတစ်ရာ့လေးဆယ့် ခြောက်နှစ်လွန်လျှင် သာသနာတော် သုံးရာခုနှစ်ဆယ့်နှစ်နှစ် ရောက်လတ်သော် ကာကဝဏ္ဏတိဿမင်း၏ သားဖြစ်သော ဒုဋ္ဌဂါမဏိအမည်နာမရသည့် မင်းသည် ဘုရားရှင်သမာပတ်ဝင်စားတော်မူရာ ဖြစ်သော ဤဌာနၝ သံတောင်တစ်ရာ့နှစ်ဆယ်မြင့်သော ဟေမမာလီအမည်ရှိသော မဟာစေတီကြီးကို တည်လတ္တံ့။ ဤမည်သော ဌာနၝ ဥပုသ်အိမ် သိမ်ကြီးကိုလည်း ပြုလတ္တံ့။ ဤမည်သော ဌာနၝ ဘုံကိုးဆင့်ရှိသော ကြေးပြာသာဒ်ကြီးကိုလည်း ပြုလတ္တံ့" ဟူ၍ အရှင်မဟိန္ဒမထေရ်မြတ် ဗျာဒိတ်စကား ထားတော်မူသည်။

"အို...ငါဟာ ရဟန္တာအရှင်မြတ်တို့ရဲ့ ဗျာဒိတ်မှာဝင်တဲ့ သူပါတကား"

အားရဝမ်းသာဖြစ်ခြင်းများဖြင့် မင်းကြီးသည် လက်ပန်းပေါက် ခတ်လျက် ဥဒါန်းကျူးလိုက်သည်။

ဤဗျာဒိတ်စကား မှတ်တမ်းရွှေပေလွှာကို တွေ့ရှိလိုက်ခြင်းသည် မင်းကြီးအဖို့ စစ်အောင်ပွဲ သတင်းများစွာကို ကြားရသည်ထက် အဆပေါင်းများစွာ ကြည်နူးစရာဖြစ်၏။ ရန်သူတို့ထံမှ လက်ရသိမ်းဆည်းရမိသော စာရင်း၊ ပစ္စည်းဘဏ္ဍာစာရင်း၊ ဆင်မြင်းရထား လက်နက်စာ

ရင်း အောင်ပွဲသဝဏ်ကို ဖတ်ရှုရခြင်းထက် အဆပေါင်းများစွာပို၍ ဝမ်းမြောက်စရာ ဖြစ်၏။ မင်းအိမ်တော်မှ သံသေတ္တာ၊ ကြေးသေတ္တာကြီးများကို ဖွင့်လျက် ထိုမှာတမ်း ရွှေအက္ခရာတို့ကို ကြားနာတွေ့ရှိရသည့် ညဥ့်မှာ မင်းကြီးအတွက် ပီတိသဒ္ဒါများဖြင့် ယစ်ထုံအပ်သော ညဥ့်ဖြစ်လေသည်။

နောက်တစ်နေ့ နံနက်တွင် ဒုဋ္ဌဂါမဏိမင်းကြီးသည် စောစီးစွာ အိပ်ရာမှထလျက် မဟာမေဃဝန် ဥယျာဉ်တော်သို့ ထွက်ခဲ့၏။ အချိန်မဆိုင်းနိုင်တော့ပေ။ ဥယျာဉ်တော်အတွင်း မဟာဝိဟာရကျောင်းတိုက်ကြီး၌ စံနေတော်မူသော သံဃာတော်တို့ ရှေ့မှောက်ဦးတိုက်ဝင်တော့သည်။

စောစောစီးစီးရောက်လာသော မင်းကြီးကို တွေ့ရသောအခါ မထေရ်သူမြတ်များ အံ့သြသွားကြ၏။

မင်းကြီးက လျှောက်ထားလေသည်။

"အရှင်ဘုရားတို့ တပည့်တော် နတ်ဗိမာန်နဲ့ ဆောက်ချင်ပါတယ်ဘုရား။ အရှင်မြတ်တို့ သီတင်းသုံးရန် ဖြစ်ပါတယ် ဘုရား။ အရှင်ဘုရားတို့က နတ်ပြည်သို့ ကြွတော်မူပြီး နတ်ဗိမာန်ပုံစံကို ရေးပေးတော်မူကြပါဘုရား"

ရဟန်းတော်တို့လည်း ရဟန္တာရှစ်ပါးတို့အား နတ်ပြည်သို့ ကြွစေ၍ နတ်ဗိမာန်ပုံစံကို ရေးခဲ့ပါဟု စေလွှတ်လိုက်ကြ၏။ အရှင်မြတ်တို့သည် လျှောက်ပတ်ဆန်းကြယ် ရှုချင့်စဖွယ်ရှိသော ဘရဏီနတ်သမီးဗိမာန်ပုံကို ပုရပိုက်ဖြူတွင် ဟင်္သပြဒါးဖြင့် ရေးတင်၍ဆောင်ခဲ့ကြ၏။

မင်းကြီးလက်သို့ ပုရပိုက်ဖြူကို အပ်ပြီးသောအခါ မင်းကြီးသည် မဆိုင်းမတွ ပင် လောဟပါသာဒကြေးပြာသာဒ်ကြီးကို စတင်တည်ဆောက်လေသည်။

"တံခါးနံပါးတစ်ဖက် တစ်ချက်ဆီမှ သံတောင် တစ်ရာစီ အကျယ်ရှိရမယ်။ အမြင့်အတောင် တစ်ရာရှိရမယ်။ အရပ်လေးမျက်နှာလုံးမှာ မျက်နှာဝထားရမယ်။ ဘုံကိုးဆင့်တပ်ရမယ်။ တစ်ဘုံတစ်ဘုံမှာ

စုလစ်မွန်းချွန်ဆောင် တစ်ရာ တစ်ရာစီဆင်ယင်ရမယ်။ ဒီမွန်းချွန်ဆောင်တို့ကို ငွေသားအတိ ပြီးစေရမယ်။ ပွတ်တိုင်တွေအားလုံးမှာ ရတနာများနဲ့ တန်ဆာဆင်ရမယ်။ ပွတ်တိုင်တို့ အကြားအကြားမှာ ရွှေနဲ့ပြီးသော ပဒုမ္မာပွင့်လုပ်ရမယ်။ ငွေဆည်းလည်းတွေလည်း ဆင်ယင်ရမယ်။ အောက်နံရံအခြေခံတွေမှာ ခြင်္သေ့၊ ကျား၊ သားရဲရုပ်တွေနဲ့ မွမ်းမံတပ်ဆင်ရမယ်။ အထက်နံရံတွေမှာ လူရုပ်တွေတပ်ဆင်ရမယ်"

လောဟပါသာဒကြေးပြာသာဒ်ကြီး၏ အစီအမံများကို မင်းကြီးချမှတ်လေသည်။

"ဝေဿဝဏ်နတ်မင်းကြီးဟာ နတ်မိန်းမတို့သာ ရွက်ဆောင်တဲ့ ယာဉ်ပြာသာဒ်နဲ့ လှည့်ပတ်လေ့ရှိတတ်သတဲ့။ ဒါကြောင့် ဝေဿဝဏ်နတ်မင်းကြီးရဲ့ နာရီဝါဟနယာဉ်ပုံစံနဲ့တူတဲ့ ရတနာမဏ္ဍပ်တစ်ဆောင်ကို ကြေးပြာသာဒ်အတွင်းမှာ ပြုလုပ်တည်ဆောက်ကြစမ်း"

ရတနာမဏ္ဍပ်၏ အစွန်းထက်ဝန်းကျင်အရပ်၌ ပုလဲကွန်ရက်တို့ ခြံရံကြ၏။ သန္တာပွတ်လုံးတိုင်များရံ၏။ မဏ္ဍပ်၏ အလယ်တွင်ကား ဖလ်အဆင်းရှိသော ဆင်စွယ်ပလ္လင်။ ထိုပလ္လင်ထက်၌ ဆင်စွယ်တံကဲပျဉ်ကို ထောင်၍ တံကဲအထက်၌ ရွှေဖြင့်ပြီးသော နေဝန်းရုပ်၊ ငွေဖြင့်ပြီးသော လဝန်းရုပ်၊ ကြယ်တာရာတို့ကို အတင့်အတယ် စီခြယ်ပြန်၏။

ပလ္လင်ထက်၌ နူးညံ့လှသော အခင်းကို ခင်းဖြန့်စေကာ ဖြူဝင်းသော ဆင်စွယ်ယပ်ထားရှိ၏။ ပလ္လင်အနီး၌လည်း သန္တာဖြင့်ပြုလုပ်သော အောက်ခံခုံ၊ ငွေအရိုးတပ် ထီးဖြူရတနာကို ဖြန့်အုပ်ထားပြန်၏။ ထီးဖြူအနားဆွဲထားသော သန္တာဆိုင်း၊ ရွဲဆိုင်းများအကြားအကြားတို့၌ ပတ္တမြားလုံးတို့ စီရရီ တွဲချိတ်ပြန်၏။ အခင်းညောင်စောင်းနှင့် မြေအခင်းကမ္ဗလာတို့ကိုလည်း စပ်လျက်စပ်လျက် ခင်းထား၏။ သန့်သက်အိုးနှင့် သန့်သက်ရေမှုတ်တို့မှအစ ရွှေအတိပြီး၏။

ပြာသာဒ်၊ ထီးဖြူ၊ ပလ္လင်၊ မဏ္ဍပ် ဤလေးရပ်တို့ကား အဖိုးမဖြတ်နိုင်အောင် တင့်တယ်ခမ်းနားလွန်းလှပေသည်။

ပြာသာဒ်တံတိုင်းမှာ အုတ်တံတိုင်းဖြစ်သော်လည်း ကြေးနီပြား အုတ်ကြွပ်ကိုသာ မိုးထားသဖြင့် လောဟပါသာဒ ဟူသောအမည်နှင့် လိုက်ဖက်လှ၏။

လောဟပါသာဒ ကြေးပြာသာဒ်၏ ပထမဘုံ၌ ပုထုဇဉ်ရဟန်းတို့ကိုလည်းကောင်း၊ ဒုတိယဘုံ၌ ပိဋကသုံးပုံဆောင် ရဟန်းတို့ကိုလည်းကောင်း၊ တတိယဘုံ စသည်တို့၌ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် ရဟန်းတို့ကိုလည်းကောင်း သီတင်းသုံးစေ၏။ အထက်ဆုံးဘုံ၌ကား ရဟန္တာအရှင်မြတ်တို့ကို သီတင်းသုံးစေ၏။

ဒုဋ္ဌဂါမဏိမင်းကြီးအဖို့ကား ရတနာသုံးပါးနှင့် စပ်သောအမှုတို့ကို ပြုရန်သာရှိတော့သည်။ ကုသိုလ်ကောင်းမှု လမ်းကြောင်းပေါ်၌ မင်းကြီးသည် အားကောင်း မောင်းသန် လျှောက်လှမ်းနေလေပြီ။

* * *

"ဒမိဠလူမျိုးတွေနဲ့ ဗြဲ့ာရကျေးမင်းတွေရဲ့ ရန်ကို အဆုံးတိုင်ဖယ်ရှားဖို့ ငါဟာ (၁၂)နှစ်တိုင်တိုင် အချိန်ယူခဲ့ရတယ်။ လင်္ကာဒီပဟာ သူ့ရဲ့ (၁၂)နှစ်သက်တမ်း ကာလကို စစ်ပွဲတွေနဲ့ပဲ ဖြတ်သန်းခဲ့ရတယ်။ ကျွန်းသူကျွန်းသား တိုင်းသူပြည်သားအပေါင်းတို့ဟာလည်း စစ်နဲ့ ပင်ပန်းကြရှာပြီ"

လောဟပါသာဒ ပြာသာဒ်ကြီးကို တည်ဆောက်ပြီး ရဟန်းတော်များထံ လှူဒါန်းအပ်နှင်းကာ အနုမောဒနာပွဲ ပြီးစီးသည့်နောက် လများမကြာမီမှာပင် မင်းကြီးတွေးတော ကြံစည်မိလေသည်။

ရဟန်းတော်များ သီတင်းသုံးရန် ကြေးပြာသာဒ်တော်ကြီး တည်ပြီးနောက်တွင် မင်းကြီးသည် ဘေးတော် ဒေဝါနံပိယတိဿမင်း စိုက်ခဲ့သော ဒက္ခိဏာသာခါ မဟာဗောဓိပင်ကို ထပ်မံပူဇော်ခဲ့ပြန်၏။ ဗောဓိပလ္လင်ကိုမြှင့်ခြင်း၊ တံတိုင်းကာခြင်း၊ တံခွန်ဆွဲခြင်း၊ ရွှေသလဲ ငွေသလဲကြဲခြင်း စသော ပူဇော်မှုများကို ပြုခဲ့ပြီးနောက် မြို့နန်းသို့ ပြန်အဝင်တွင် ဤအတွေးကို တွေးမိခြင်း ဖြစ်သည်။

မြို့နန်းအဝင် မဟာစေတီ တည်ရာအရပ်၌ ဘိုးတော်စိုက်ထူထားခဲ့သော ကျောက်တိုင်ကိုမြင်ပြီး စေတီတည်လိုသောအကြံ ဖြစ်ပေါ်လာပြန်သည်။ သို့သော် ထိုခဏမှာပင် မင်းကြီး၏ ကောင်းမှုတို့ဖြင့် ထုံမွမ်းသော နှလုံးအိမ်၌ စာနာထောက်ထားမှုများ ဝင်လာခဲ့သည်။

စေတီတည်မည်ဆိုလျှင် အုတ်များလိုအပ်လာမည်။ ထိုအုတ်တို့ရရန် သစ်ပင်သစ်တောများကို ခုတ်ထွင်ရမည်။ အုတ်ဖိုများပြုလုပ်၍ အုတ်ချပ်များ ဖုတ်ရမည်။ ထိုအုတ်တို့ကို ဖိုရှိရာမှသည် စေတီတည်သည့်ဒေသသို့ သယ်ဆောင်ရမည်။ ပင်ပန်းလှစွာသော ထိုအမှုတို့ကို မည်သူပြုမည်နည်း။

လင်္ကာဒီပ ကျွန်းသူကျွန်းသားတို့ အနေဖြင့်မူ မိမိတို့၏ ကျေးဇူးရှင် ဒုဋ္ဌဂါမဏိမင်းကြီး အမိန့်တော်ကို ဦးထိပ်ရွက်လိုက်နာပန်ဆင်ကြမည်သာ ဖြစ်၏။ အလုံးစုံသောပင်ပန်းဆင်းရဲမှုတို့ကို ပင်ပန်းဆင်းရဲဟု မမြင်ဘဲ ကုသိုလ်ရေး၌ သောင်းသောင်းဖျဖျ ပါဝင်ကြသည်ဖြစ်၏။

သို့သော်...

ဓမ္မနှင့်အညီ အုပ်စိုးမှုကိုသာ ရှေးရှုသော ဒုဋ္ဌဂါမဏိမင်းကြီးအတွက်မူကား မိမိ၏ ကုသိုလ်ရေးဆန္ဒတစ်ခုတည်းကို မကြည့်မူပဲ တိုင်းသားပြည်သူတို့ အရေးကို အလေးအနက် ထည့်သွင်းစဉ်းစားခဲ့လေပြီ။

"ကုသိုလ်ကောင်းမှု အရေးပဲဆိုပြီး လူအပေါင်းတို့ကို မပင်ပမ်းမဆင်းရဲစေသင့်ဘူး"

"နှစ်နှစ်ကြာစစ်ပွဲတွေမှာ သူတို့တစ်တွေဟာ မောပမ်းနွမ်းနယ်နေကြပြီး ကျဉ်းမြောင်း ဆင်းရဲခဲ့ကြရပြီ"

"သူတို့အထံက ကံကျွေးအလုပ်နဲ့ ကုသိုလ်အမှုကို မင်းမိန့်နဲ့ မတောင်းဆိုသင့်ဘူး"

"ကိုယ်တိုင် မပါဝင်စေဘဲ အခွန်အတုတ်ကောက်ယူခြင်းအားဖြင့်လည်း သူတို့အပေါ် ဝန်မလေးသင့်ဘူး"

"စေတီတည်ဖို့ အုတ်များကို တရားသဖြင့် ဖြစ်အောင် ဘယ်လိုလုပ်ရပါ့မလဲ"

နန်းတော်ပြာသာဒ်တွင် စံနေရင်း မင်းကြီးအမျိုးမျိုးအဖုံဖုံ သုံးသပ်ဆင်ခြင်မိလေသတည်း။

*　*　*

မကောင်းမှုတစ်ခုခု ဓမ္မနှင့်မယှဉ်သော အရာတစ်ခုခုကို တွေးတောကြံစည်မိပြီဆိုလျှင် မိမိ၏ကြံစည်မှုနှင့် သဘောသဘာဝခြင်း တူညီလိုက်ဖက်သော အခြံအရံ အကြောင်းအရာတို့လည်း ပူးတွဲလိုက်ပါလာတတ်ကြ၏။

ထိုမကောင်းမှုကို အားပေးမည့် ထောက်ပံ့မည့် အခြေအနေများ၊ ကူညီဝိုင်းဝန်းမည့် ပုဂ္ဂိုလ်များ ပါဝင်လာတတ်ကြ၏။ ထိုမျှသာမကသေး မကောင်းမှုကို အားပေးရန် အမြဲအသင့်ရှိနေကြသော မာရ်နတ်စစ်သည်များ၊ မိစ္ဆာနတ်များကလည်း ပါဝင်လှုံ့ဆော်လာတတ်ကြ၏။

ဤသို့ဖြင့် မကောင်းမှုပြုဖို့ရာ အထမြောက်သွားစေသည်။ အဓမ္မဘက်တော်သားများ၏ ဝိုင်းဝန်းကူညီမှုဖြင့် အဓမ္မသည် ဖြစ်ပေါ်လာသည်။

ဓမ္မနှင့်ယှဉ်သော ကောင်းမှုကိစ္စတွင်လည်း အလားတူပင် ဖြစ်လေသည်။ ကောင်းမှု၌ ယှဉ်သော အများအကျိုးအတွက် ရှေးရှုသော ရတနာသုံးပါးနှင့် စပ်လျဉ်းသော အမှုကိစ္စတစ်ခုခုကို ပြုရန် ဆင်ခြင်ကြံဆပြီဆိုလျှင် သမ္မာဒေဝနတ်တို့သည် အားမပေးဘဲ၊ မကူညီဘဲမနေနိုင်ကြ။ ဤနည်းဖြင့် ကောင်းမှုပြုဖို့ အကြံအစည်များသည် အထမြောက်လာကြသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် နန်းတော်ပြာသာဒ်ဆောင်တွင် စံနေရင်း စေတီတည်ဖို့အရေးကို တွေးကြံနေ၏။ သို့သော် အုတ်များ ဘယ်သို့ရနိုင်မည်နည်းဟူသော အချက်၌ မင်းကြီးသည် အခက်အခဲကြုံနေ၏။ စစ်ဖြင့် ကျဉ်းမြောင်းဆင်းရဲနေသော လင်္ကာဒီပသားတို့အား အလုပ်ဝန်

ဖြင့်လည်း ထပ်မံ မလေးလံစေလို။ အခွန်အတုတ်အားဖြင့်လည်း ထပ်မံ မဆင်းရဲစေလို။

မင်းကြီး၏ အခက်အခဲကို ဝင်ရောက်ဖြေရှင်းပေးသည့် ဓမ္မဘက်တော်သား သမ္မာဒေဝနတ်တစ်ပါး ပေါ်ပေါက်လာ၏။ ထိုနတ်ကား နန်းတော်ပြာသာဒ်၌နေသော ထီးချက်စောင့် နတ်သမီးပင် ဖြစ်လေသည်။

ထီးချက်စောင့် နတ်သမီးသည် နတ်ပြည်မှ သိကြားမင်းအား ဒုဋ္ဌဂါမဏိမင်းကြီး၏ အခက်အခဲနှင့် တွေးကြံပုံတို့ကို သိစေခဲ့၏။ ဤတွင် သိကြားမင်းသည် ဝိသကြုံနတ်သားကိုခေါ်၍ ဒုဋ္ဌဂါမဏိမင်း၏ ကြံရွယ်ချက်အတိုင်း ပြည့်စုံစေရန် အနုရာဓမြို့မှ တစ်ယူဇနာရှိသော ဂမ္ဘီရမြစ်အနီး၌ အုတ်များဖန်ဆင်းထားရန် အမိန့်ပေးလိုက်လေသည်။

* * *

သိကြားမင်း၏ အစီအမံအတိုင်း ဝိသကြုံနတ်သားက ဆောင်ရွက်ရပြီဆိုသောအခါ ဘုမ္မစိုးနတ်တို့လည်း မနေသာတော့ပေ။

စေတီတည်ရန်အတွက် အုတ်အခက်အခဲဖြစ်နေသော ဒုဋ္ဌဂါမဏိမင်းကြီးထံသို့ တစ်နေ့သောအခါ မုဆိုးတစ်ယောက် အခစားဝင်လာ၏။ ရွာစွန်ဇနပုဒ်မှ တောလိုက်မုဆိုး တစ်ယောက်က ဘုရင်မင်းမြတ်ထံ အခစားဝင်သည်ဆိုခြင်းမှာ ထူးခြားနေ၏။ မင်းကြီးသည် တောထွက်ကစားခြင်းကိစ္စများကို စိတ်ဝင်စားသူ မဟုတ်။

သို့သော် မုဆိုးက မင်းကြီးအား အထူးဝမ်းသာဖွယ်စကား၊ သံတော်ဦးတင်ရန် ရှိနေပါသည်ဟု ခွင့်တောင်းသဖြင့် ဆိုင်ရာတို့က မုဆိုးကို ရှေ့တော်သွင်းလိုက်ကြခြင်း ဖြစ်လေသည်။

မုဆိုးသည် ရှင်မြူးအားရအသံဖြင့် လျှောက်တင်၏။

"တစ်နေ့က ကျွန်တော်မျိုးကြီးဟာ ထုံးစံအတိုင်း အမဲလိုက်ခွေးများနှင့် တောလည်ထွက်ခဲ့ပါတယ် အရှင်။ အနုရာဓမြို့ကနေ တစ်ယူဇနာကွာတဲ့ ဂမ္ဘီရမြစ်အနီးကို ရောက်တော့ အင်မတန်ကြီးမားတဲ့ ဖွတ်ကြီးတစ်ကောင်ကို တွေ့ပါတယ်။ ကျွန်တော်မျိုးရဲ့ ခွေးတွေက

ဖွတ်ကြီးနောက်ကို လိုက်တော့ ဖွတ်ကြီးထွက်ပြေးသွားပါတယ်။

မှူးမတ်များမှာ မုဆိုးကြီး၏ တောလိုက်ခန်းကို စိတ်ပျက်စွာ အောင့်အည်းနားထောင်နေကြ၏။ မင်းကြီးကား မုဆိုး၌ တစ်ခုခုထူးခြားမှုရှိမည်ဟု နားလည်ကာ စိတ်ဝင်စားလျက်ရှိလေသည်။

"ဖွတ်ကြီးဟာ တစ်နေရာရောက်တဲ့အခါမှာ ရုတ်တရက်ပျောက်သွားပါတယ်။ အနီးအနားမှာ ဖွတ်တွင်း ချုံပုတ် စသည့်များလည်း မရှိပါဘူး။ သို့သော် ကျွန်တော်မျိုးအတွက် ဖွတ်ကြီးဟာ အရေးမကြီးတော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဖွတ်ကြီးကွယ်ပျောက်သွားတဲ့နေရာမှာ အုတ်တွေအများအပြား တွေ့လိုက်ရလို့ဖြစ်ပါတယ် အရှင်မင်းမြတ်။ နည်းနည်းနောနော အုတ်တွေမဟုတ်ပါဘူး။ အရှင်မင်းမြတ်ဟာ စေတီတစ်ဆူတည်ထားကိုးကွယ်ဖို့ ကြံရွယ်တော်မူနေတယ်လို့ ကျွန်တော်မျိုးကြီးတို့ ကြားသိရပါတယ်။ အဲဒီစေတီကြီးအတွက် လိုအပ်မည့်အုတ်တွေ အလုံအလောက်ရှိသောနေရာကို ကျွန်တော်မျိုးကြီးတွေ့ခဲ့ပါတယ်။ အရှင်မင်းကြီးရှုစားတော်မူဖို့ အုတ်အချို့ကို ကျွန်တော်မျိုးဆောင်ယူခဲ့ပါတယ်။ ရှုစားတော်မူပါ"

အနုရာဓမြို့နှင့် တစ်ယူဇနာအကွာ ဂမ္ဘီရမြစ်အနီးတွင် သိကြားမင်းအမိန့်အရ ဝိသကြုံနတ်သားသည် အုတ်များကိုဖန်ဆင်းထားခဲ့၏။ ထိုအုတ်များကို မုဆိုးကြီးတွေ့အောင် ဖွတ်ယောင်ဆောင်၍ လမ်းပြပေးသူမှာ ဘုမ္မစိုးနတ်တစ်ပါး ဖြစ်လေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးလည်း အားရတော်မူ၍ မုဆိုးအားဆုလာဘ်များစွာဖြင့် ချီးမြှောက်လိုက်၏။ မုဆိုးကြီးအတွက်မူကား မင်းဆုလာဘ်ရရှိလိုက်သော အဖိုးတစ်ထောင်ထိုက်သည့် ပုဆိုးတစ်စုံ၊ ရွှေပန်း ငွေပန်းများ၊ အသပြာနှစ်သောင်းထွက်သောလယ်ပယ်နှင့် မြင်းလေးစီးကရထားများကို လက်ခံရရှိခြင်းထက် မင်းကြီးစေတီတည်ရာမှာ အထူးလိုအပ်နေသော အုတ်များကို ညွှန်ပြနိုင်ခဲ့သည့် မိမိအဖြစ်ကို ကျေနပ်အားရမဆုံး ရှိနေတော့သည်။

*   *   *   *

**သီရိဆွေစာအုပ်တိုက်**

နလုံးသွင်းကောင်းမှု၊ ကုသိုလ်ဓမ္မ၌ တိမ်းညွတ်မှု၊ ရတနာသုံးပါးကို ဦးထိပ်ထားမှုနှင့် အများ၏ အကျိုးကိုအစဉ်ခပ်သိမ်း ရှေ့ရှုမှုစသည့် ဓမ္မနှင့် ယှဉ်သည့် ကံသုံးပါး အပြုအမူတို့ ဆုံဆည်းညီညွတ်ပြီ ဆိုလျှင် သက်ရှိသတ္တဝါများသာမက သက်မဲ့အရာများကလည်း အထူးပင်ကောင်းချီးပေးကြလေသည်။ ဤကား လောက၏ နက်နဲသောသဘာဝပင်ဖြစ်၏။ လောကကြီးသည်လည်း ဓမ္မနှင့်ယှဉ်သော လုပ်ရပ်ကို အမြဲပင်ဦးညွတ်တတ်လေသည်။

ဤဓမ္မတာအရ ဒုဌဂါမဏိမင်းကြီး၏ ဘုန်းတော်ကြောင့် ဖြစ်လာသောအရာကား မနည်းမနော ရှိလှပေသည်။

အနုရာဓမြို့မှ အရှေ့မြောက်သုံးယူဇနာကွာသော အာစာရဝိဋ္ဋိရွာ၌ တစ်ဆယ့်ခြောက်ပယ်မျှသော မြေအပြင်ကြီးရှိ၏။ ထိုမြေအပြင်မှ ရွှေညှောင့်များပေါက်လာကြသည်။ ထိုမျှမကသေးပေ၊ အရှေ့မျက်နှာ ခုနစ်ယူဇနာအကွာ ဂင်္ဂါမြစ်တစ်ဖက်၊ တမ္ဗပိဋ္ဌဇနပုဒ်၌လည်း နွားဦးချိုပမာဏရှိသော ကြေးနီညှောင့်များ ပေါက်လာကြပြန်သည်။

ထိုမျှမကသေးပေ။ အရှေ့တောင်ထောင့်မျက်နှာ လေးယူဇနာအကွာ သုမနဝါပိရွာရှိ သဘာဝကျောက်ဂူကြီးများ၏ ကျောက်တိုင်ကြီးများ၌ ပတ္တမြားများ ဖြစ်တည်ပေါ်ပေါက်လာကြပြန်၏။

တောင်မျက်နှာ ရှစ်ယူဇနာကွာသော အမ္ဗဋ္ဌကောလလိုဏ်ဂူကြီးထဲမှာလည်း ငွေစိုင်ငွေခဲများ တွေ့ရှိပုံမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်၏။

အနုရာဓမြို့သား ကုန်သည်တစ်ယောက်သည် လှည်းများဖြင့် မလဇနပုဒ်မှ ချင်းစိမ်းများကို သယ်ဆောင်ရန်သွားရင်း ထိုလိုဏ်ဂူကြီးအနီး တောင်ခြေရင်း၌ ခရီးတစ်ထောက်နားကာ လှည်းများကို ဖြုတ်ထားခဲ့၏။ နှင်တံအသစ်များပြုလုပ်ရန် တောင်ပေါ်သို့ ကုန်သည်တတ်ခဲ့ရာတွင် ပိန္နဲတောကြီးတစ်တောကို တွေ့ရသည်။ လူသူကင်းဝေး၍ သဘာဝမြေဆီသြဇာ လုံလောက်စွာရနေသော နေရာ၌ ပိန္နဲသီးကြီးများသည် အိုးစရည်းငယ်ခန့်မျှ ကြီးထွားနေကာ အခိုင်လိုက် အခိုင်လိုက် ညွတ်ကျနေကြ၏။ ကုန်သည်လည်း ပိန္နဲသီးများကို ခွဲကြည့်လိုက်သောအခါ

အနံ့အရသာ ပြည့်စုံလှစွာသော ပိန္နဲရည် ပိန္နဲဆံများကို ရရှိခဲ့လေသည်။

ဤမျှထူးခြားသော ပိန္နဲသီးများကို ရရှိသောအခါ ကုန်သည်လည်း အဦးအဖျားကို လှူချင်သော ကုသိုလ်စေတနာ၏ ပြဋ္ဌာန်းမှုဖြင့် အလှူခံပုဂ္ဂိုလ်အား ကြွေးကြော်ပင့်ဖိတ်လေသည်။

ဤတွင် ရဟန္တာလေးပါးတို့ သပိတ်ကိုပိုက်၍ ကြွရောက်တော်မူလာကြ၏။ ကုန်သည်လည်း အားရဝမ်းသာဖြင့် ကျောက်ခွက်ပြည့်မျှ တည်သော ပိန္နဲရည်တို့ကို သပိတ်တွင် ထည့်လောင်း၍ ကပ်လှူလိုက်၏။ ထိုအရှင်တို့ကြွသွားသောအခါ နောက်ထပ်ရဟန္တာလေးပါးတို့ ပိန္နဲသီးများကို လောင်းလှူလိုက်၏။ ထိုလေးပါးတို့အနက်မှ သုံးပါးတို့သည် သပိတ်ကိုပိုက်လျက် လိုရာသို့ကြွမြန်းသွားကြသော်လည်း တစ်ပါးမှာမူ အဝေးသို့မကြွဘဲ လိုဏ်ဝမှာပင် ပိန္နဲသီးကို ဘုဉ်းပေးထား၏။ ကုန်သည်လည်း လှူရန်ကျန်သော ပိန္နဲသီးတို့ကို ခြစ်ခွာစားပြီးနောက် အရှင်မြတ် ဘုဉ်းပေးရာသို့ လိုက်လာပြီး ဝေယျာဝစ္စများပြု၏။ ရဟန္တာအရှင်မြတ်သည် လိုဏ်ထဲသို့ဝင်ရန် လမ်းပြတော်မူရာ ကုန်သည်လည်းဝင်ကြည့်လေသည်။

ဤမှာပင် လိုဏ်နံရံများ၌ တဝင်းဝင်း တလက်လက်ဖြင့် တည်နေသော ငွေစိုင်ငွေလွှာများကို တွေ့ရခြင်းဖြစ်၏။ ကုန်သည်သည် ပါလာသောပဲကွပ်ဖြင့် ခုတ်ဖြတ်ကာ ငွေစိုင်အချို့ကိုယူ၍ မင်းကြီးအား လျှောက်ပြလေသည်။ ဤနည်းဖြင့် ငွေသားအစိုင်အခဲတို့သည်လည်း ဒုဋ္ဌဂါမဏိမင်းကြီးထံ ဆိုက်ရောက်လာကြလေသည်။

သဘာဝကပေးဆက်သော ပဏ္ဏာတို့ ဤမျှနှင့် မကုန်သေး။ အနုရာဓပြည်၏ အနောက်မျက်နှာငါးယူဇနာထက်၌ ဥရုဝေဠအမည်ရှိ သမုဒ္ဒရာဆိပ်ကမ်းတစ်ခုရှိ၏။ ထိုဆိပ်ကမ်း၌ ပုလဲများပေါ်ထွန်းလာကြသည်။ သျှစ်သျှားသီးပမာဏခန့် ပုလဲများနှင့်အတူ သန္တာကျောက်များလည်း ဖြစ်ထွန်းနေ၏။ ပုလဲနှင့် သန္တာများမှာ လှည်းအစီးခြောက်ဆယ်တိုက်မျှ ရှိလေသည်။ တံငါတို့သည် ထိုရတနာများကို စုရုံးယူဆောင်ကာ မင်းကြီးထံဆက်သကြလေသည်။

**သီရိဆွေစာအုပ်တိုက်**

ထို့ပြင် မုဆိုးတို့ တောလည်းရင်းဖြင့် အနုရာဓ၏ မြောက်ဖက်မျက်နှာ ခုနစ်ယူဇနာအထက် ပေဋ္ဌဝါပိကရွာအနီး၌ စီးဝင်သော ချောင်းထဲ သဲပြင်၌လည်း ပတ္တမြားကျောက်များကို တွေ့လာပြန်၏။ အလျားဆယ့်ခြောက်သစ် လုံးပတ် ဆေးကြိတ်ကျောက်လုံးခန့်ရှိပြီး အောက်မဲညိုပွင့်အဆင်းရှိ အရည်အသွေးကောင်းလှသော ပတ္တမြားကျောက်များလည်း မင်းကြီးထံရောက်လာပြန်၏။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ကြားလျှောက်လာသမျှ လူတို့ကို ဆုလာဘ်များထိုက်တန်စွာ ချီးမြှောက်၍ ဤအုတ်များ ရတနာများ အချိန်သင့်အခါသင့်ရောက်ရှိ ပေါ်ထွန်းလာခြင်းမှာ မဟာစေတီတည်ရန်အတွက် သမ္မာဒေဝနတ်များနှင့် သဘာဝကြီးက ကောင်းချီးပေးခြင်းပင် ဖြစ်တော့သည်ဟူ၍ အားရမဆုံးရှိနေတော့သည်။

* * *

## မဟာစေတီ

မဟာစေတီကြီးအတွက် လိုအပ်သော ပဏာမအခင်းအကျင်းသို့ ပြည့်စုံခဲ့ပြီး ဖြစ်၏။ သက္ကရာဇ် ၃၇၂–ခု၊ ကဆုန်လပြည့်နေ့ အခါသမယသို့ ရောက်ခဲ့လေပြီ။ နက္ခတ်အကြိုက်ကား ဝိသာခါနက္ခတ်ဖြစ်၏။

ဤအခါအချိန်တွင် မင်းကြီးသည် မဟာစေတီကြီးတည်ရန် စတင်အားထုတ်လေသည်။ ဦးစွာရှေးက စိုက်ထားခဲ့သော ကျောက်စာတိုင်ကို ပယ်လိုက်၏။ ထိုနေရာ၌ အရပ်လေးမျက်နှာပတ်လျက် အနက်ခုနစ်တောင်ရှိသော တွင်းကို တူးစေသည်။ ထို့နောက် ခွန်အားသန်စွမ်းကြသော ဆင်ပြောင်အားဆောင်သည့် သူရဲကြီးတို့အား ကျောက်ဖျာကြီးများကို သယ်ဆောင်စေကာ ကျောက်ဖျာများ ခင်းခံလိုက်၏။ ကျောက်ဖျာကြီးများပေါ်၌ ကျောက်လုံး ကျောက်တုံးများကို တူဖြင့် ညက်စွာထု၍ မှုန့်မှုန့်ညက်စေပြီးမှ ဆင်ကြီးများကို နင်းသိပ်စေသည်။ ဆင်ကြီးများ၏။ အခြေလေးဘက်တို့တွင် သားရေစွပ်များ ချည်နှောင်ဝတ်ဆင်ပေးထားသည်။

နင်းသိပ်ပြီး ကျစ်လျစ်စေ့စပ်လာသော ထိုမြေပြင်ထက်တွင် ဆီဦးထောပတ်နှင့်တူသည့် ညွန်မြေတို့ကို ဖြန့်လျက် ဖြူးခင်းစေပြန်

သည်။ မြေညက်တို့ကား စိတ်တိုင်းကျ အထပ်ထပ်အခါခါ ထုရိုက်ကြိတ်ချေထားပြီးဖြစ်၍ သိမ်မွေ့စေသော ထောပတ်ဃနာနှင့်ပင် တူသေးတော့၏။

ခီဏာသဝဆဋ္ဌာဘိညဖြစ်ကြသော သာမဏေတို့ကလည်း အာကာသင်္ဂါကျရာအရပ်၊ ထက်ဝန်းကျင်ယူဇနာသုံးဆယ်ရှိသော အမြဲစိုစွတ်သော မြေညက်တို့ကို တန်ခိုးဖြင့် ယူဆောင်ကာ မင်းကြီးထံအပ်ကြ၏။ ထိုညွန်မြေညက်များကို ကျောက်ကြေမှုန့်တို့အထက်၌ ဖြန့်ပြီးမှ အုတ်တို့ကို ခင်းစေသည်။ ထိုအုတ်များအထက်တွင် အင်္ဂတေကြမ်းကို ဖြန့်ခင်းသည်။ အင်္ဂတေကြမ်းပေါ်တွင် ကျောက်ခင်းသည်။ ကျောက်အပြင်အထက်၌ သံကွန်ကရက်တို့ကို ခင်းသည်။ သံကွန်ကရက်တို့အထက်၌ သာမဏေတို့ ဟိမဝန္တာမှ ဆောင်အပ်သော ရွှံ့ကျောက်တို့ကို ထပ်မံခင်းပြန်သည်။ ရွှံ့ကျောက်လွှာအထက်၌ ဖလ်ချပ်၊ ဖလ်ချပ်အထက်၌ကျောက် ထပ်မံခင်းသည်။ ဤသို့ခင်းသမျှ မြေသရွတ်ကိစ္စများ၌ အသုံးပြုသည်မှာ ညောင်ကြပ်စေး၊ သကာရည်တို့ဖြင့် ရောသော ညွန်မြေဖြစ်၏။

ကျောက်လွှာ၏အထက်၌ လက်နှစ်သစ် အထူရှိသည့် ကြေးနီပြားကို နှမ်းဆီဖြင့်သွေးသော ဆေးဒန်းမြင်းသီလာသရွတ်ကိုင်ပြီးမှ ခင်းသည်။ ကြေးနီပြားအထက်၌ လက်ခုနစ်သစ်ထူသော ငွေပြားကိုခင်းသည်။

ဤသို့ အထပ်အထပ် သရွတ်ကိုင်လျက် ခင်းစေပြီးမှ မင်းကြီးသည် သံဃာတော်တို့အား မဟာစေတီ၌ မင်္ဂလာအုတ်စ၍ ချနိုင်ရန်အတွက် အလုံးစုံသော သံဃာတို့အား စည်းဝေးပါရန် လျှောက်ထားလေသည်။

ဝါဆိုလဆန်း ဆယ့်လေးရက်သို့ ရောက်ခဲ့ပြီး ဖြစ်၏။ လင်္ကာဒီပနိုင်ငံတော် နယ်နိမိတ်အတွင်း၌ ထူးခြားသော စည်လည်နိူးဆော်သံများ ပေါ်ထွက်လာသည်။ ယခင်ကလို စစ်ရေးအတွက် ဆင့်ခေါ်သော စည်မျိုးမဟုတ်တော့။ အခွန်ဘဏ္ဍာအတွက် ကြေညာသော စည်မျိုးမဟုတ်။

"သဗ္ဗညုတဘုရားရှင်ကို ပူဇော်ခြင်းအကျိုးငှာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဥပုသ်ကို ဆောက်တည်ကြ၊ ပန်းနံ့သာလက်စွဲ၍ စေတီတည်ရာဌာနသို့ လာရောက်ကြ"ရန် နှိုးဆော်သော စည်သံဖြစ်သည်။

မှူးမတ် ဗိုလ်ပါ နန်းတွင်းအရာရှိများကိုလည်း စေတီတည်ရာသို့သွားကာ များစွာသော တဲကွန်း၊ မဏ္ဍပ်၊ ကန္နားစသည်ဖြင့် နေရာများပြုပြင်စေသည်။ နေပြည်တော်မှသည် စေတီတည်ရာဌာန ခရီးတစ်လျှောက်လုံး၌ လမ်းများကို သုတ်သင်သန့်ရှင်း၍ ထမင်းဆိုင်နှင့် အခြားစားဖွယ် ဘောဇဉ်များ ရောင်းချသည့် ဆိုင်များကို နေရာအပြည့် ခင်းကျင်းစေသည်။

မြို့တော်၏ ဗဟိုတံခါးလေးပေါက် လေးမျက်နှာတို့ကား ဘုရင့်အလှူတော် မဏ္ဍပ်ကြီးများ ဖြစ်သွား၏။ ဒုဋ္ဌဂါမဏိမင်းကြီး၏ ဘုရင့်စရိတ်တော်မှ ထုတ်နှုတ်ကျခံလျက် လင်္ကာဒီပသားတို့အတွက် လိုလေသေးမရှိအောင် တည်ခင်းထားသည်။ ရေချိုးကန်များတွင်လည်း ခဝါသည်များ၊ သေတ္တာသည်များ အသင့်ထားရှိပေ၏။ ပုဆိုးအဝတ် ဦးပေါင်းပုဝါပန်းနံ့သာများကိုလည်းကောင်း၊ ထမင်းအဖျော်များကိုလည်းကောင်း၊ စနစ်တကျ စီမံခင်းကျင်းလျက် အလိုရှိသမျှ စားသုံးဝတ်ဆင်ကာ စေတီကြီးတည်ရာသို့ အသင့်သွားနိုင်ကြရန် ပြင်ဆင်ပေးထားသည်။ အနုရာဓမြို့တော်တစ်ခုလုံး ကောင်းမှုကုသိုလ်၏ အငွေ့အလျှံများဖြင့် တရှိန်ရှိန်တောက်ပ လင်းဖြာနေသည်။ မင်းနှင့်တကွသော ပြည်သူတစ်ရပ်လုံး၏ သဏ္ဍာန်၌ မဟာစေတီကြီး တည်ရေးဟူသော အာရုံတစ်ခုတည်းသာ လွှမ်းမိုးနေသည်။

မှူးမတ်ဗိုလ်ပါ နန်းတွင်းသူ နန်းတွင်းသားများနှင့် အနုရာဓမြို့သူမြို့သားများ၊ လင်္ကာဒီပသားများ စုံညီရောက်ရှိကြချိန်တွင် ဒုဋ္ဌဂါမဏိမင်းကြီးလည်း ထွက်ကြွခဲ့၏။ ညနေချမ်းအခါ စေတီကြီးတည်ရာဌာနတွင် မင်းမှူးမတ် ပြည်သူတို့ စုဝေးမိကြလေသည်။

ဤမျှ များပြားသော မင်းနှင့်ပြည်သူ ပရိသတ်ကြီးကို ပို၍ကျက်သရေရှိစေသည်မှာ ရဟန်းသံဃာထုပင်ဖြစ်၏။ ဒုဋ္ဌဂါမဏိမင်းကြီး

၏ ပင့်ဖိတ်သဝဏ်စာအားဖြင့် စုရုံးကြွရောက်တော်မူကြသော ရဟန်း သံဃာတော်တို့မှာ ဤမျှဤမျှ၍ရွေ့ပြောပင် မရေမတွက်နိုင်တော့ပြီ။

ရာဇဂြိုဟ်၌ သီတင်းသုံးသော အရှင်ဣန္ဒဂုတ္တနှင့် သံဃာတော်များ၊ ဣသိပနမိဂဒါဝုန်၌နေသော အရှင်ဓမ္မသေနနှင့်အတူ သီတင်းသုံးဖက်များ၊ သာဝတ္ထိဇေတဝန်ကျောင်း၌နေသော အရှင်ပိယဒဿီနှင့်အတူ သီတင်းသုံးဖော်များ၊ ဝေသာလီမဟာဝုန်တောကျောင်း၌နေသော မဟာဗုဒ္ဓရက္ခိတမထေရ်နှင့်အတူ သီတင်းသုံးဖော်များ၊ ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌နေသော အရှင်ဓမ္မရက္ခိတမထေရ်နှင့်အတူ သီတင်းသုံးဖော်များ၊ ဥဇ္ဇေနီပြည် ဒက္ခိဏဂိရိကျောင်း၌ နေသော မဟာဓမ္မရက္ခိတမထေရ်နှင့် ရဟန်းများ၊ ပါဋလိပုတ်ပြည်၌နေသော အရှင်မိတ္တိဏ္ဏမထေရ်နှင့် ရဟန်းများ၊ ကသ္မီရမဏ္ဍလ၌နေသော အရှင်မနုတ္တိဏ္ဏမထေရ်နှင့် ရဟန်းများ၊ ပလ္လဝဘောဂ၌နေသော အရှင်မဟာဒေဝမထေရ်နှင့် ရဟန်းများ၊ ယောနကတိုင်း အလသန္ဒကျွန်း၌နေသော အရှင်သောနကမဟာဓမ္မရက္ခိတမထေရ်နှင့် ရဟန်းများ၊ ဝိဉ္ဈာဋဝီတောအုပ်ဝတ္တနိယကျောင်း၌ နေသော အရှင်ဥတ္တရမထေရ်နှင့် ရဟန်းများ၊ ဗောဓိမဏ္ဍိုင်ကျောင်း၌ နေသော အရှင်စန္ဒဂုတ္တမထေရ်နှင့် ရဟန်းများ၊ ကေလာသကျောင်းတိုက်ကြီးမှ အရှင်သူရိယဂုတ္တမထေရ်နှင့် ရဟန်းများ၊ လင်္ကာဒီပကျွန်းသားရဟန်းအပေါင်းတို့ကား မရေမတွက်နိုင်အောင်ပင် များပြားလှတော့၏။ အလုံးစုံသော သံဃာတို့၌ ရဟန္တာကိုချည်း ရေတွက်လျှင် ကိုးဆယ့်ခြောက်ကုဋေ ရှိလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးကား မဟာစေတီကြီး တည်ရာဌာနအလယ်မင်း၏နေရာ၌ ဒူးတုပ်ဝပ်လျက် ပတ်လည်ဝန်းရံကာ သီတင်းသုံးထိုင်နေတော်မူကြကုန်သော သံဃာအရှင်မြတ်တို့ကို ဖူးမြော်မဝဖြစ်နေသည်။

မင်းကြီးသည် ပန်းနံ့သာတို့ကို လက်မှာစွဲလျက် လက်ယာရစ်လည်ပြီး အလယ်၌ရွှေပန္နက်ကို စိုက်၍ငွေစင်အတိပြီးသော စေတီဝန်းလှည့်ရန် အစီအစဉ်ကို စတင်လိုက်၏။ အစီအစဉ်အရ အမတ်တစ်ဦးအား လုံတံကိုကိုင်စေ၍ ကျယ်ဝန်းသော အရေးအကြောင်းကို ရေး

သားစေရမည်ဖြစ်လေသည်။

မင်းကြီး၏ စေခိုင်းချက်အတိုင်း အမတ်ကလည်း စေတီဝန်းနေရာသတ်မှတ်ရန်အတွက် လုံသွားဖြင့် ရေးဆွဲမှတ်သားရန် စတင်လိုက်၏။ ထိုအချိန်တွင် သံဃာတော်အရှင်မြတ်များထဲမှ တစ်ခုသောအသံထွက်ပေါ်လာသည်။

"သည်းခံတကာတော်ဘုရင်မင်းမြတ်၊ လုံသွားအရေးအကြောင်းဖြင့် ဤမျှကျယ်ဝန်းအောင် မပြုနဲ့၊ နောက်ဆင့်၍ပြုရန်ခဲယဉ်းလှသည်။ ပမာဏကိုလျော့၊ ဤမျှလောက်သာပြု" ဤစကားကိုမိန့်ဆိုတော်မူလိုက်သူကား လွန်စွာတန်ခိုးကြီးလှသော သိဒ္ဓတ္ထအမည်ရှိသော မဟာထေရ်ပင်ဖြစ်၏။ မဟာထေရ်ကြီးသည် မင်းကြီး၏အမိန့်အတိုင်း လုံဖြင့်အရေးအဝန်းမျဉ်းသားတော့မည့်ပမာဏကို ကြည့်လိုက်စဉ် ခဏမှာပင် ဤမျှလောက်ကြီးကျယ်သော စေတီကိုပြုလုပ်သော် မပြီးမီပင် မင်းကြီးသေလွန်ခဲ့ရာ၏ဟု မြင်တော်မူသည်။ ထို့ကြောင့် တားမြစ်ခြင်းဖြစ်လေသည်။

လုံတိုင်ကိုင်သော အမတ်၏လက်မှာလည်း တုန့်ရပ်သွား၏။ မင်းကြီးသည် သိဒ္ဓတ္ထမဟာထေရ်၏ စကားအတိုင်း လိုက်နာလျက် အရေးအကြောင်းဆွဲရန် အဝန်းပမာဏကို ဆက်လက်မမိန့်တော့ပဲ မထေရ်ကြီးညွှန်ပြသော မဇ္ဈိမပမာဏဖြင့်သာ ပြုတော်မူလေသည်။

ဤသို့ဖြင့် ဝါဆိုလပြည့်နေ့ ဥပုသ်နေ့အခါသမယ၌ ဒုဋ္ဌဂါမဏိမင်းကြီးနှင့် အနုရာဓသား၊ လင်္ကာဒီပသားတို့သည် မဟာစေတီတည်ခြင်းကို စတင်ခဲ့လေသည်။ ရွှေအုပ်ရှစ်ချပ်တို့ကို အမတ်ကြီးရှစ်ဦးတို့အား ကိုင်ဆောင်စေပြီး အရှေ့မျက်နှာတည်ရာမှစ၍ နံ့သာညွှန့်တို့ဖြင့် တည်ကာမြတ်လေးပန်းတို့ဖြင့် ကြဲဖြန့်ပူဇော်သည်။ ဤစတင်သည့်အချိန်မှာပင် မင်းကြီးသည်အရှေ့မြောက်မျက်နှာ၌နေသော အရှင်ပိယဒဿီမထေရ်ထံချဉ်းကပ်၍ ရှိခိုးလေရာ အရှင်မြတ်က မင်းကြီးနှင့် ပရိတ်သတ်ကို တရားဒေသနာများ ဟောကြားတော်မူလေသည်။

ပိယဒဿီထေရ်၏တရားတော်ကို နာယူပြီးနောက် မင်းကြီးသည် စည်းဝေးစုရုံးရောက်ရှိနေသော သံဃာတော်များ ရှေ့မှောက်တွင် ဒူးတုပ်

၍ထိုင်ကာ လက်အုပ်ချီ၏။ ဒုဋ္ဌဂါမဏိမင်းကြီး၏ မျက်နှာပြင်ဝယ် ဓမ္မပီတိများဖြင့် ရွှန်းလက်နေသည့် သံဃာတော်တို့ထံ တစ်စုံတစ်ခု တောင်းဆိုလျှောက်ထားလိုသည့် အသွင်မှာလည်း ထင်ရှားပေါ်လွင်နေသည်။

"အရှင်မြတ်တို့ဘုရား...ယခု စည်းဝေးရောက်ရှိလာကြသော သံဃာတော်များအားလုံး ယခုမဟာစေတီကြီးပြီးမြောက်အောင်မြင်သည့်တိုင်အောင် ဤအရပ်မှာပဲ သီတင်းသုံးနေထိုင်တော်မူကြပြီး တပည့်တော်ရဲ့ ဆွမ်းအလှူကို ခံယူတော်မူကြပါဘုရား"

သံဃာတော်တို့က မင်းကြီး၏ပင့်ဖိတ်လျှောက်ထားမှုကို ငြင်းပယ်သည့် အရိပ်အခြေပြကြသည်။

မင်းကြီးက စိတ်ပျက်အားလျော့သည့် အမူအရာမပြဘဲ ထပ်မံလျှောက်ထား၏။

"စေတီကြီးပြီးသည်အထိ မနေနိုင်လျှင် ခုနစ်လမျှ သီတင်းသုံးပြီး အလှူခံတော်မူပါဘုရား"

ထိုမျှလောက်လည်း ဝန်မခံနိုင်ကြောင်း သံဃာတော်တို့က မြွက်ကြ၏။

သို့ဖြင့် မင်းကြီးသည် တဖြည်းဖြည်းလျှော့၍ ငါးလ၊ လေးလ၊ သုံးလ နှစ်လအထိ တောင်းပန်လေသည်။ ထိုအထိပင် ဝန်ခံသော သံဃာတစ်ပါးတစ်လေမျှ မရှိချေ။ သံဃာရတနာကို အထူးအလေးအမြတ်ထားသော ဒုဋ္ဌဂါမဏိမင်းကြီး၏အသွင်မှာ လျှောက်ထားတောင်းပန်နေရင်းပင် တစ်စတစ်စ ညှိုးငယ်လာ၏။ အနီးရှိ မှူးမတ်ဗိုလ်ပါတို့လည်း အနည်းငယ်လှုပ်လှုပ်ရွရွ ဖြစ်လာကြပေပြီ။

မင်းကြီးသည် မလျှော့သော ရည်သန်မှုဖြင့် လျှောက်ထားပြန်၏။

"ခုနစ်ရက်မျှ သီတင်းသုံးတော်မူပါ ဘုရား"

မင်းကြီး၏ စကားအဆုံး၌ အသံသည် တုန်၍ ဆို့နစ်သွားသည်။

**သီရိဆွေစာအုပ်တိုက်**

ဗွက်ပေါက်ရသွားသည်။ ထက်ဝက်သော သံဃာတို့က ခုနစ်ရက်တာ သီတင်းသုံး၍ ဝန်ခံကြ၏။ ထက်ဝက်သောသံဃာတို့ကမူ မိမိတို့ဌာနေသို့ ပြန်ကြွရန်ဆုံးဖြတ်ကြ၏။

မင်းကြီး၏ အသွင်မှာ နှင်းစက်နှင်းပေါက်၏ ပြန်ဆွတ်မှုကို ရရှိသော ပန်းတစ်ပွင့်နှယ် ခဏချင်းပင် လန်းဆန်းသွားသည်။ တက်ကြွလှိုက်လှဲသောအသံဖြင့် လျှောက်ထားလေသည်။

"ဝမ်းမြောက်ဝမ်းသာ ရှိလှပါတယ် ဘုရား...မဟာစေတီကြီးတည်ရာရဲ့ နီးနားဝန်းကျင်အရပ်ဌာနတို့မှာ မဏ္ဍပ်ကြီးတစ်ဆယ့်ရှစ်ခုတည်ဆောက်ပါမယ် ဘုရား...အဲဒီ အလှူမဏ္ဍပ်ကြီးမှာပဲ အရှင်ဘုရားတို့ကို ပူဇော်လုပ်ကျွေးခွင့်ပြုတော်မူပါ ရက်စေ့သောအခါကျမှ ပြန်ကြွတော်မူကြပါဘုရား"

* * *

နောက်လုပ်ငန်းအဆင့်မှာ မဟာစေတီကြီးတည်ရန်အတွက် အုတ်များဖုတ်လုပ်စုဆောင်းရေးပင် ဖြစ်၏။ ထို့နောက် စေတီကြီး၏ ပုံစံသဏ္ဌာန်ကို မည်သို့တည်ထားမည်နည်းဟူသော အရေးပင်ဖြစ်၏။ မည်သည့် ပုံသဏ္ဌာန်ပင်ဖြစ်စေ၊ အုတ်ချပ်များ အမြောက်အမြားလိုမည် အမှန်ဖြစ်၍ မင်းကြီးသည် လင်္ကာဒီပတစ်ဝှမ်းမှ အုတ်ဖုတ်သမားအကျော်အမော်ငါးရားတို့ကို စုရုံးစေလိုက်၏။

"သင်တို့ တစ်နေ့ကို အုတ်ချပ်ရေဘယ်မျှလုပ်ပြီး သွင်းနိုင်ကြမလဲ"

ကြီးကျယ်လှသော တည်ဆောက်မှုကြီးဖြစ်သဖြင့် အုတ်ဖုတ်သမားတို့သည် ချက်ချင်းအဖြေမပေးနိုင်ကြဘဲ ဆုတ်ဆိုင်းဆိုင်းဖြစ်နေကြသည်။ ခေတ္တကြာမှ တစ်ယောက်သော အုတ်ဖုတ်သမားကတင်သည်။

"ကျွန်တော်မျိုးကြီးက တစ်နေ့လျှင် လှည်းတစ်စီးတိုက်မြေမှုန့်ကို အုတ်ဖြစ်စေပြီး သွင်းပါမယ် အရှင်"

အခြားတစ်ယောက်က ...

"ကျွန်တော်မျိုးကြီးကတော့ လှည်းတစ်စီးရဲ့ ထက်ဝက်တိုက် မြေမှုန့်ကို အုတ်ဖြစ်စေပြီး သွင်းနိုင်ပါတယ် အရှင်"

အခြားတစ်ယောက် လျှောက်တင်ပြန်၏။

"ကျွန်တော်မျိုးကြီး၊ တစ်အမ္ဗဏမျှသော မြေမှုန့်ကို အုတ်ချပ် အဖြစ် ပြုလုပ်ပြီးသွင်းပါ့မယ် အရှင်"

ဒုဋ္ဌဂါမဏိမင်းကြီးနှင့် အုတ်ဖုတ်သမားတို့အကြားဝယ် အမေး အဖြေ အပေးအယူလွှဲမှားခဲ့ပေပြီ။ အုတ်ဖုတ်သမားတို့က တစ်နေ့တစ် နေ့လျှင် အုတ်ချပ်ရေ မည်ရွေ့မည်မျှ သွင်းနိုင်ကြောင်းဖြင့် အရေအ တွက်ကိုသာ ပဓာနပြု၍ တင်ကြသည်။ မင်းကြီးအလိုရှိသည်ကား အုတ်ချပ်အရေအတွက်ထက် တင်သွင်းသော အုတ်၏အရည်အသွေး ကောင်းမွန်ရေးသာ ဖြစ်၏။

မင်းကြီးသည် လျှောက်တင်ခဲ့ကြသော အုတ်ဖုတ်သမားတို့၏ စကားများကို ပယ်လိုက်သည်။ အုတ်ဖုတ်သမားများစွာတို့ မည်သို့မျှ မလျှောက်တင်ရဲကြတော့ချေ။ ထိုသို့ ထောင့်တစ်နေရာမှ အုတ်ဖုတ်သမား တစ်ယောက်၏ အသံပေါ်လာ၏။

"ကျွန်တော်မျိုးကြီး လျှောက်တင်ပါရစေ အရှင်"

"တင်"

"ကျွန်တော်မျိုးအနေနဲ့တော့ တစ်အမ္ဗဏမျှသော မြေမှုန့်ကို ညက်စွာထောင်း၊ ကျောက်ပြင်မှာကြိတ်ပြီးမှ အုတ်ချပ်အဖြစ်ရောက်ပါ စေမယ်"

တစ်အမ္ဗဏမျှသော မြေမှုန့်၊ တစ်ဆယ့်တစ်စိတ်ပမာဏ။ ယင်း မျှသော မြေမှုန့်ကို ညက်စွာထောင်း၊ ကျောက်ပြင်မှာကြိတ်ပြီးမှ အုတ် ချပ်အဖြစ်ရောက် မင်းကြီး၏ အတွေးများ လျှင်မြန်စွာ လှုပ်ရှားလျက် ရှိ၏။ ဒီလိုလုပ်ထားတဲ့ အုတ်မျိုးသာလျှင် အကြားအလပ်မရှိ တစ်ခဲနက် ကျစ်လျစ်သန်မာမယ်၊ ဒါမှသာ နှောင်နှစ်ရှည်များကြာတဲ့အခါ မြက် သစ်ပင်တို့ တွယ်မီပေါက်ရောက်ခြင်း အန္တရာယ်မှကင်းမယ်။

"မောင်မင်း အဲဒီအတိုင်းပြုလုပ်မယ်ဆိုရင် မောင်မင်းကို အုတ်ဖုတ်ဖို့ အမှုတော်ပေးလိုက်ပြီ၊ သင့်နာမည်ဘယ်လိုခေါ်သလဲ"

"သီရိဝလုနပါအရှင်"

မင်းကြီးပြုံးမိလေသည်။ အုတ်ဖုတ်သမားတစ်ယောက်၌ ဤမျှ ခမ်းနားသော အမည်နာမတစ်ခုရှိနေမည်ဟု မထင်မိခဲ့လေ။ သို့သော် မင်းကြီးသည် အပြုံးကိုချက်ချင်းပင် အဆုံးသပ်လိုက်ကာ "ထူးခြားတဲ့ ဒီနာမည်ရှိသူကိုမှ ငါ အမှုတော်လုပ်ပေးလိုက်တယ်။ နောက်ထပ်ထူးခြားမှုတစ်ခုခုရှိရဦးမယ်၊ ဒီတော့ ဤအတွေးဖြင့်ပင် ထပ်မံမေးလိုက်သည်။

"သီရိဝလုန လျှောက်စမ်းပါဦး၊ စေတီတော်ကြီးရဲ့ ပုံသဏ္ဌာန်ကို ဘယ်သို့များ တည်သင့်သလဲ၊ သင့်မှာ စိတ်ကူးရှိပြီးပြီလား"

အုတ်ဖုတ်သမား သီရိဝလုန၏ အမူအရာမှာလည်း တစ်မျိုးတစ်မည် ပြောင်းသွား၏။ မတွံ့မရွံ့ ရဲဝံ့သောမျက်လုံးများဖြင့် မိမိကိုယ်ကို မိမိလုံးဝ ယုံကြည်စိတ်ချသောအသွင်ဖြင့် အားလုံးကို ဖြန့်ကျက်ကြည့်သည်။ ထို့နောက် ...

"ရေခွက်တစ်ခွက်ထဲမှာ ရေအပြည့်ထည့်ပြီးပေးပါ"ဟု ဆို၏။

သူတောင်းဆိုသည့်အတိုင်း စီမံပေးလိုက်သည်။

အုတ်ဖုတ်သမားသည် ရေအပြည့်မျက်နှာပြင်တွင် လက်ချောင်းများဖြင့် ခတ်ချလိုက်၏။ ထိုအခါ ဖန်လုံးနှင့်တူစွာ ရေမြှုပ်ရေပွက် ထလာလေသည်။

"အရှင်မင်းကြီး ရှုစားတော်မူပါ ဟောဒီရေပွက်နှင့်တူစွာသော ပုံသဏ္ဌာန်နဲ့ စေတီတော်ကြီးတည်ပါမယ်"

ဒုဋ္ဌဂါမဏိမင်းကြီးသည် သက်တံရောင်ပေါက်နေသော၊ ရေမြှုပ်ရေပွက်ကိုကြည့်ရင်း အတိုင်းမသိကျေနပ်သွားလေသည်။ မဟာစေတီ၏ပုံသဏ္ဌာန်ကိုလည်း အာရုံ၌ချက်ချင်းပင် မြင်တတ်လိုက်သည်။

"ကောင်းလှပေတယ် သီရိဝမုန ရွှေတိုက်စိုးတို့ သူ့ကိုအသပြာ တစ်ထောင်ထိုက်တဲ့ ပုဆိုးတစ်စုံ၊ အသပြာသက်သက် တစ်သောင်းနှစ်ထောင်ထုတ်ပေးလိုက်ကြ"

သီရိဝဍ္ဍနအုတ်ဖုတ်သမားထံ၌၊ ဝိသကြံနတ်သားဝင်ရောက်ကပ်လျက် ထိုသို့ရေမြုပ်ရေပွက် သဏ္ဍာန်ဖြစ်ပေါ်စေအောင် ဖန်တီးလိုက်ခြင်းကို မူကား၊ မင်းကြီးရော၊ အုတ်ဖုတ်သမားပါ မသိလိုက်ကြပေ။

"လူတွေကိုပင်ပန်းဆင်းရဲခြင်း မရှိစေပဲ၊ အုတ်ချပ်တွေကို ဘယ်လိုသယ်ယူရရှိနိုင်မလဲ...."

ဤကားဒုဋ္ဌဂါမဏိမင်းကြီး စိုးရိမ်ပူပန်နေသော အတွေးဖြစ်လေသည်။ လုံတံဖြင့် အရေးပိုင်းခြားသတ်မှတ်ခဲ့သော၊ မဇ္ဈိမပမာဏအရပင်၊ စေတီတော်ကြီးသည် ဧရာမအထုအထည်ရှိလာမည်ကို မင်းကြီးသိပြီးဖြစ်သည်။ သီရိဝဍ္ဍန အုတ်စဖုတ်သည့် နေ့မှစ၍ မင်းကြီးသည် ထိုအတွေးဖြင့်သာ အချိန်ကုန်လွန်ခဲ့သည်။

သို့သော် မင်းကြီး၏ ထိုတွေးကြံမှုကို၊ နတ်ဒေဝါများ သိသွားကြကာ တစ်ရက်တစ်ရက်စီ လုပ်ပြီးသောအုတ်များကို ညဥ့်အချိန်တွင်၊ စေတီကြီး၏လေးမျက်နှာ၌ အသင့်ရောက်ရှိပေါ်ပေါက်နေစေအောင်၊ နတ်တို့၏ ကမ္မသိဒ္ဓိဖြင့် ကူညီကြ၏။ မင်းကြီးသည်လည်း ဤစေတီကြီးကို တရားသဖြင့် ငါတည်ရပြီ၊ နတ်သိကြားတို့ ငါ့ကိုချီးမြှောက်ကြပြီဟု ဝမ်းမြောက်ဝမ်းသာရှိလေသည်။

စေတီအရပ်လေးမျက်နှာတို့တွင် အုတ်ချပ်များအစီအရီဆင့်ကာ ရောက်ရှိသည့်တိုင်၊ ထိုအုတ်ချပ်များကို စေတီတည်ရာဌာနသို့ အရောက်သယ်ရေး၊ လက်ဆင့်ကမ်းပို့ဆောင်ရေး၊ အောက်ခြေမှသည် အထက်သို့ယူဆောင်ရေး၊ စသည့်လုပ်ငန်းများက ရှိနေလေသည်။ ဒုဋ္ဌဂါမဏိမင်းကြီးသည် ထိုအမှုတို့၌ တိုင်းသားပြည်သူအများအပြား ကုသိုလ်ယူပါဝင်ကြမည်ကို သိလေရာ ထိုသူတို့အကျိုးမဲ့ အချည်းနှီးအဖြစ်ကို မရောက်စေရဟုဆုံးဖြတ်လိုက်၏။

သို့ဖြင့်ပင် စေတီပြုလုပ်ရာ၌၊ အရပ်လေးမျက်နှာတိုင်း၌၊ အသပြာတစ်သောင်းခြောက်ထောင်စီနှင့်၊ အဝတ်တန်ဆာများ၊ စားသောက်ဖွယ်များ၊ နံ့သာပန်းများကို၊ လိုအပ်ယုတ်လျော့သည် မရှိရအောင် ထားစေ၏။

ထိုမျှသာမက၊ အရပ်လေးမျက်နှာတိုင်းတွင် ကမ္ဗည်းထိုး တိုင်စိုက်၍၊ မင်းမိန့်ကြေညာချက်ကို ထုတ်ပြန်လိုက်လေသည်။

"ဒုဋ္ဌဂါမဏိမင်းကြီး၏အမိန့်တော်...."

ဤမဟာစေတီကြီး တည်ထားတည်ဆောက်ရေး၌ ကူဝင်လုပ်ကိုင်သမျှသော၊ လူအပေါင်းတို့သည်၊ ထိုက်သင့်သည့် အဖိုးအခကို ရရှိခံစားကြရမည်။ အဖိုးအခမရရှိပဲ ကူဝင်လုပ်ကိုင်ရသည်ဟူ၍ မရှိစေရ။

အသပြာ၊ အဝတ်အထည်၊ အစားအစာ နံ့သာပန်းများကို ထားရှိရာ၌ အလိုရှိသမျှ၊ ယူငင်စားသောက်သုံးဆောင်လျှက်၊ စေတီတည်ခြင်းအမှုပြုကာ ကုသိုလ်ယူကြကုန်"

ဤသို့ခြွင်းချက်မဲ့ ခွင့်ပြုထားသော်လည်း မည်သူတစ်ဦး တစ်ယောက်မျှ၊ မိမိတို့လိုအပ်သည်ထက် ထိုက်တန်သည်ထက် ပိုမို၍တောင်း ခံယူငင်သုံးစွဲကြသည် ဟူ၍မရှိချေ။ သို့သော် လက်ာဒီပသားတို့ ညီညာပြိုင်ပြိုင်စေတီတည်ကြချိန်တွင် ပြောစမှတ်ပြုစရာ အဖြစ်သနစ်တစ်ခုကား ပေါ်ပေါက်ခဲ့၏။

ထိုအဖြစ်သနစ်သည် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ပေါ်ပေါက်ခဲ့လေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် သံဃာတော်များအား ဆွမ်းအမှုလုပ်ကျွေးပြီးနောက် သင့်ရာမှာနေ၍ စေတီကြီးတည်နေသည့်မြင်ကွင်းကို ရှုစားနေချိန်ဖြစ်သည်။ ကျားမကြီးငယ် အယုတ်အလတ် အမြတ်ရောနှောသော လူအုပ်ကြီးသည် အုပ်ချပ်များကိုသယ်ယူကာ အဆင့်ဆင့်ကမ်းနေကြသည်။ မိမိတို့နိုင်ရာဝန်ကို ထမ်း၍ ကုသိုလ်ယူပြီးကြလျှင်၊ ကမ္ဗည်းစာအတိုင်း၊ မိမိတို့နှင့်ထိုက်သင့်ရာ၊ အသပြာ၊ အစားအစာ၊ အဝတ်အထည်နံ့သာပန်းများကို ယူဆောင်လျက် ပျော်ရွှင်စွာပြန်သွားကြသည်။

ထိုမြင်ကွင်းကို အားပါးတရကြည့်ရှုလျက် ကြည်နူးခြင်းဖြစ်နေသော ဒုဋ္ဌဂါမဏိမင်းကြီး၏ မြင်ကွင်းထဲသို့ စေတီတော်ကြီးတည်ရာထောင့်တစ်ထောင့်ဆီမှ အုတ်အုတ်ကျက်ကျက်အသံများနှင့်အတူ တစ်ဦးမှတစ်ဦး ဆင့်ကမ်းပြောဆိုနေသည့် လူအုပ်ကြီးရောက်ရှိလာ၏။

လူအများမှာ တစ်စုံတစ်ခုနှင့် ပတ်သတ်၍ မကျေမနပ်ဖြစ်နေဟန်မရှိပဲ၊ တစ်ခုခုကို အထူးအဆန်းပြုကာ လက်တို့ပြောဆိုနေကြဟန်တူသည်။ ဤသို့သောအဖြစ်မျိုးကို ယခင်ကမဖြစ်ခဲ့သဖြင့်၊ မင်းကြီးသည် အုတ်ဖုတ်သမားကို အခေါ်ခိုင်းလိုက်၏။

အုတ်ဖုတ်သမားသည် မောကြီးပန်းကြီး အခစားဝင်လာကာ လျှောက်တင်လေသည်။ "အရှင်ရဟန်းတစ်ပါးရဲ့ အပြုအမူကြောင့် လူအများ အုတ်အုတ်ကျက်ကျက် ရှိနေခြင်းဖြစ်ပါတယ်။

"ရဟန်းတစ်ပါး ဘယ်ကလဲ ဘယ်လိုအပြုအမူလဲ သီရိဝဍ္ဎန"

"အာဝါသိက ကျောင်းနေရဟန်းမဟုတ်ပါအရှင် အာဂန္တုကခေတ္တခဏရောက်လာတဲ့ ရဟန်းတစ်ပါးပါ၊ အဲဒီရဟန်းဟာ ကျွန်တော်မျိုးအုတ်စီရာကို ရောက်လာပြီး မြေညက်စိုင်ခဲ တစ်ခုကိုပေးပါတယ်"

"မြေညက်စိုင်ခဲ တစ်ခုတဲ့လား"

"မှန်ပါတယ် အရှင်၊ ရဟန်းက လက်တစ်ဖက်က နံ့သာပန်းကို ကိုင်ပြီး တစ်ဖက်က မြေညက်စိုင်ခဲကို ကိုင်လာပါတယ်။ ကျွန်တော်မျိုးကလည်း မြေညက်စိုင်ခဲတစ်ခုအမှတ်နဲ့ လှမ်းယူပြီး အုတ်နဲ့အတူ စီလိုက်ပါတယ်"

မင်းကြီးအနည်းငယ် စနိုးစနောင့်ဖြစ်သွား၏။ သီရိဝဍ္ဎနအားအုတ်ဖုတ်ရန် တာဝန်အမိန့်ပေးထားပြီးဖြစ်ရာ မည်သူတစ်ဦးတစ်ယောက်ကမျှ မိမိတို့ကိုယ်တိုင် မိမိဘာသာ ဖုတ်လာသော အုတ်တစ်ချက်တစ်လေကိုမျှ ထည့်သွင်းစီခွင့်မရှိပေ။ သို့သော် ယခုလာပေးသူမှာ ရဟန်းတစ်ပါးဖြစ်နေသည်။ ပေးသောအရာမှာလည်း အုတ်ချပ်မဟုတ်ဘဲ မြေညက်စိုင်ခဲဖြစ်နေသည်။

သီရိဝဍ္ဎနမှာ အနည်းငယ်ကြောက်ရွံ့ဟန်ရှိနေသော်လည်း သူ့ကိုယ်သူ တည်ငြိမ်အောင် ဆောက်တည်၍ ဆက်တင်လေသည်။

"အရှင် ကျွန်တော်မျိုး ထည့်စီပြီးမှ သိရပါတယ်။ ရဟန်းပေးသွားတာဟာ မြေညက်စိုင်ခဲမဟုတ်ဘဲ ကျွန်တော်မျိုး ဖုတ်တဲ့အုတ်ချပ်နဲ့ တစ်ရွယ်တစ်စားတည်း ပြီးတော့ ကျွန်တော်မျိုးပြုလုပ်စီမံတဲ့အတိုင်း

တစ်အမွှာကမြေမှုန့်ကို ညက်စွာထောင်း၊ ကျောက်ပြင်မှာ ကြိတ်ပြီးမှ ပြုလုပ်ထားတဲ့ အုတ်ချပ်တစ်ချပ်ဖြစ်နေပါတယ်"

မင်းကြီး လှုပ်လှုပ်ရှားရှားဖြစ်သွား၏။ အုတ်ဖုတ်သမား သီရိဝဍ္ဎနပြုလုပ်သော အုတ်အမျိုးအစားနှင့်မတူသည့် အခြားအုတ်ချပ်မျိုးဖြစ်နေခဲ့ပါမူ ထိုတစ်ချပ်တစ်လေအတွက်ပင် စေတီတော်ကြီးအတွက် ချွတ်ယွင်းချက်ဖြစ်သွားနိုင်ပေသည်။ ယခုမူကား အုတ်ဖုတ်သမား၏ အုတ်ချပ်နှင့်ထပ်တူ။ သို့သော် အုတ်ချပ်မှန်းမသိစေရန် မြေညက်စိုင်ခဲအဖြစ် မွမ်းမံထားသည်။ ထိုသို့ပြုလုပ်သူမှာ ရဟန်းတစ်ပါး ဖြစ်နေသည်။

"သီရိဝဍ္ဎန သင် အဲဒီရဟန်းကို မှတ်မိရဲ့လား"

"မှတ်မိပါတယ် အရှင်"

"တံခါးမှူးတစ်ယောက် လာစမ်း၊ သီရိဝဍ္ဎန ဒီတံခါးမှူးကို ဘယ်ရဟန်းလဲဆိုတာပြ၊ သင်ကိုယ်တိုင်ကတော့ ရဟန်းမမြင်ကွယ်ရာမှာနေ၊ တံခါးမှူးက ရဟန်းနောက်ကို လိုက်ပြီး စေတီတည်ရာမှာ အုတ်ချပ်တစ်ချပ်ဝင်ကူခဲ့ပါသလားလို့မေး ရဟန်းဘယ်လိုဖြေသလဲဆိုတာ ကျွန်ုပ်ကို အမြန်ဆုံးပြန်လျှောက်တင်"

အုတ်ဖုတ်သမားနှင့် တံခါးမှူးတို့ ထွက်သွားကြသည်။ မဏ္ဍပ်အတွင်းရှိ မှူးမတ်ဗိုလ်ပါ ပရိသတ်အားလုံးမှာ ဤအရေးကို စိတ်ဝင်တစား ကြည့်နေလေသည်။

မကြာမီ တံခါးမှူးပြန်လာ၏။

"အရှင် ကျွန်တော်မျိုး အရှင်မိန့်မှာတဲ့ စကားအတိုင်း ရဟန်းကို မေးပါတယ်"

"ရဟန်းက စေတီတော်ကြီးမှာ ကုသိုလ်ပါဝင်ချင်လွန်းလို့ အုတ်ချပ်ပြုလုပ်ပြီး အုတ်ချပ်မှန်းသိရင်လည်း အသုံးမပြုမှာစိုးတာနဲ့ မြေညက်စိုင်ခဲမံပြီး ပေးသွင်းခဲ့တယ်လို့ ဖြေပါတယ်"

အုတ်ချပ်မှန်းမသိစေရအောင် တိတ်တဆိတ်သွင်းခဲ့သော ရဟန်း

အား မည်သို့စီရင်မည်နည်းဟု အားလုံးက ပင့်သက်ရှိုက်ကာ မင်းကြီးကို ကြည့်နေကြသည်။ ဒုဋ္ဌဂါမဏိကား မည်သို့မျှ ဣန္ဒြေမပျက်ယွင်းဘဲ

"တံခါးမှူး နောက်ထပ် သင်ဘယ်သို့ ဆောင်ရွက်ခဲ့သေးသလဲ"

"ရဟန်းဒီက ထွက်ခွာမယ့်နေ့နဲ့ ကြွမယ့်အရပ်ဒေသကို မေးခဲ့ပါတယ် အရှင်"

"မောင်မင်း အမှုတော်ထမ်းကောင်းပေတယ်၊ ရွှေထိုက်စိုးတစ်ယောက် လာစမ်း၊ အသပြာတစ်ထောင်ထိုက်တဲ့ ပုဆိုးအစုံ၊ အဖိုးတန်ကမ္ဗလာအနီနဲ့ တံခါးမှူးအား ဆုလာဘ်များချီးမြှင့်တော့မည်ဟု ထင်နေကြဆဲမှာပင်

"ရဟန်းပရိက္ခရာ အစုံအလင် ဆီမွှေးနံ့သာ အဖျော်ရည်တို့ကို ထုတ်ပေး။ တံခါးမှူး အဲဒီရဟန်းရှိရာကိုသွား လှူဖွယ်များနဲ့ လှူဒါန်းပူဇော်ပြီး ကောင်းစွာပြုစုလုပ်ကျွေးခဲ့"

အာမေဋိတ်သံများ ထွက်ပေါ်လာ၏။

မင်းကြီးသည် ကြည်လင်သော အပြုံးဖြင့် ဗိုလ်ပါပရိသတ်ကို မိန့်လေသည်။

"သဒ္ဓါတရားထက်သန်လွန်းလှတဲ့အတွက် ရဟန်းဟာ အုတ်ချပ်ကို အုတ်ဖုတ်သမားလုပ်တဲ့အတိုင်း တစ်သဝေမတိမ်းပြုလုပ်စီရင်ခဲ့တယ်၊ ပြီးတော့ ပြင်ပအခြားက အုတ်ချပ်မသွင်းရဘူးဆိုတာ သိတဲ့အတွက် မြေညက်စိုင်ခဲနဲ့မံပြီး ပေးခဲ့တယ်၊ ဝိနည်းတော်အရ ရဟန်းမှာ အပြစ်ရှိခဲ့ရင် အဲဒီအပြစ်ကို ရဟန်းကိုယ်တိုင် ချေဖျက်လိမ့်မယ်။ ကျွန်ုပ်အဖို့ရာတော့ အာဂန္တုက ရဟန်းတစ်ပါးရဲ့ ထက်သန်သော သဒ္ဓါတရားနဲ့ မှန်သောစကားဆိုမှုကို ပူဇော်ရပေမယ်"

ဗိုလ်ပါပရိသတ်တို့သည် သူတို့၏ ဒုဋ္ဌဂါမဏိမင်းကြီးကို လေးမြတ်ရိုသေစွာ ငေးကြည့်ရင်း ခေါင်းညိတ်ကာ လက်အုပ်ချီလိုက်ကြလေသည်။

*   *   *

နောက်ထပ် ထူးခြားချက်တစ်ခုပေါ်ပေါက်လာပြန်၏။

ပြည်သားပြည်သူ ဗိုလ်လူထုအင်အားများစွာတို့ ကုသိုလ်ပါဝင်ကာ အုတ်ချပ်များစွာတို့ဖြင့် စေတီတော်ကြီးကို တည်ခဲ့သည်မှာ ပန်းတင်သုံးဆင့်သို့ ရောက်ခဲ့ပြီဖြစ်လေသည်။ သို့သော်–

ပန်းတင်သုံးဆင့်အမြင့်သို့ ရောက်သည့်နောက်တစ်နေ့ ဆက်၍ အုတ်စီကြမည်ပြုရာတွင် မူလကရှိခဲ့သော အမြင့်သည် ပျောက်ကွယ်လျက် အောက်အရစ်မြေကြီးအပြင်နှင့် တညီတည်းဖြစ်နေကြောင်း တွေ့ကြရလေသည်။ ဤအကြောင်းကို ဒုဋ္ဌဂါမဏိမင်းကြီးအား လျှောက်တင်ကြသောအခါ မင်းကြီးက မည်သို့မျှ မထူးခြားလေဟန်ဖြင့် အမိန့်ပေး၏။ ထိုအမိန့်ကား 'အုတ်ချပ်ဆက်စီပါ' ဟူ၍ဖြစ်သည်။

သို့ဖြင့်ပင် ပန်းတင်သုံးဆင့်အမြင့်သို့ ရောက်လာပြန်သည်။

နောက်တစ်နေ့တွင် ထိုအမြင့်ပျောက်ကွယ်လျက် အောက်ရစ်မြေကြီးနှင့် တညီတည်းဖြစ်နေကြောင်း တွေ့ကြရပြန်၏။ မင်းကြီးကလည်း ဆက်စီရန် အမိန့်ပေးသည်။

ကိုးကြိမ်တိုင်တိုင်ပင် ဖြစ်လေသည်။ စီတိုင်းစီတိုင်းသော အုတ်တို့သည် ပန်းတင်သုံးဆင့်ရောက်တိုင်း ရောက်တိုင်း မြေနှင့်အညီကပြန်ပြန်ဖြစ်နေသည်။

ရှစ်သောင်းသော သံဃာတို့ကို စုဝေးစေကာ လျှောက်ထားရတော့၏။

"အရှင်ဘုရားသို့ စီသမျှသော အုတ်တို့ အထက်သို့ မတက်ဘဲ နစ်လျက်နစ်လျက်သာ တည်ကြသည်မှာ အဘယ့်ကြောင့်ပါလဲ ဘုရား"

သံဃာတော်တို့က ဖြေကြားလေသည်။

"မဟာရာဇာ တန်ခိုးကြီးသော ရဟန္တာတို့က စေတီတော်ကြီးနောင်သောအခါမှာ အောက်သို့ မကျံ့နစ်စေဖို့ အောက်ရစ်မြေနဲ့ ညီမျှတော် ပြုတော်မူကြခြင်း ဖြစ်တယ်။ ဆက်စီပါ။ နောက်အကြိမ်ကစပြီး စီတိုင်းမြင့်ပါလိမ့်မယ်"

သံဃာတော်တို့ မိန့်ကြားသည့်အတိုင်း ဆယ်ကြိမ်မြောက်ဆက်စီသည်မှပင် အထက်သို့မြင့်တက်လာလေသည်။

ပန်းတင်ဆယ်ဆင့်ရောက်သောအခါ အုတ်ချပ်ရေဆယ်ကုဋေရှိပြီဟု အုတ်ဖုတ်သမား သီရိဝဍ္ဍနက လျှောက်တင်လာလေသည်။

* * *

## ဥ္စာပနာတိုက်နှင့်ထူးထွေအရာများ

စေတီတော်ကြီး ပန်းတင်ဆယ်ဆင့်ရောက်ချိန်တွင် သံဃာတော်များက "မဟာရာဇာ ဥ္စာပနာတိုက်ပြုဖို့ သင့်ပြီ'ဟု မိန့်ကြား၏။ ဥ္စာပနာတိုက်အမှု အဦးအစမှာ သံဃာတော်တို့ပင် စတင်ကြရမည်ဖြစ်လေရာ ဒုဋ္ဌဂါမဏိက 'အရှင်ဘုရားတို့ ဦးစီးဦးရွက်ပြုသမျှကို လိုက်နာရန် အသင့်ပါဘုရား"ဟု လျှောက်ထားလိုက်သည်။

သံဃာထုက ဥတ္တရသာမဏေနှင့် သုမနသာမဏေဘွဲ့မည်ရှိ သာမဏေနှစ်ပါးတို့ကို ခေါ်၍ ဥ္စာပနာတိုက်ပြုဖို့ မေဒဝဏ္ဏကျောက်ကို ဆောင်ယူခဲ့ကြ"ဟု တာဝန်အပ်ကြ၏။ သာမဏေနှစ်ပါးကား တန်ခိုးဣဒ္ဓိပါတ်ဖြင့် ပြည့်စုံသောသူများ ဖြစ်ကြလေသည်။

ဥတ္တရကုရုကျွန်းသို့သွားကာ အလျားအနံ သံတောင်နှစ်ဆယ့် အထုတစ်တောင်ပမာဏရှိသော ကျောက်ဖျာချပ်ကြီးခြောက်ချပ်ကို ဆောင်ယူခဲ့ကြသည်။ ကျောက်ဖျာချပ်ကြီးများမှာ တက်နေရောင်အလင်းနှယ် ရှိန်ရှိန်ပြောင်ဝင်း ထွန်းလင်းတောက်ပနေကြ၏။ ထိုမေဒဝဏ္ဏကျောက်ဖျာချပ်ကြီးခြောက်ချပ်အနက် ပန်းတင်၏အလယ်တွင် တစ်ချပ်ခင်းကြသည်။ အရပ်လေးမျက်နှာ၌ ကျန်လေးချပ်ကို ထောင်၍ ပိတ်ကာ

လိုက်သည်။ ကျန်တစ်ချပ်ကိုမူ အပေါ်မှ ပိတ်ရန် ထားလိုက်ကြသည်။

ဌာပနာတိုက်တွင်း သွင်းတည်ရမည့်အစီအစဉ်များ စတင်ကြလေပြီ။

ဓာတ်တော်တိုက်အလယ်တွင် ရတနာခပ်သိမ်းတို့ဖြင့် စီရင်အပ်သော ဗောဓိပင်ကို ပြုလုပ်ဌာပနာသည်။ ထိုဗောဓိပင်ကား ပင်စည်ရှစ်တောင်မြင့်ပြီး ငါးဖြာသော ခက်ကြီးတို့သည် တစ်ဆယ့်ရှစ်တောင်စီရှိကြ၏။ ခက်ငယ်ခက်သေး အစုံအလင်ရှိ၏။ ဗောဓိပင်တည်ရာ က္ကဋ္ဌနီလာကျောက်အပြင် ဖြစ်၏။

အမြစ်မှာ သန္တာနီ၊ ပင်စည်ခက်မမှာ ငွေသား၊ ရွက်ချပ်များမှာ မြ၊ အရွက်အသီးတို့မှာ ရွှေ၊ အညွန့်မှာ သန္တာတို့ဖြင့် ပြီး၍ ခက်မခက်သေးနေရာများ၌ ဟင်္သာရုပ်၊ ပုလဲကွန်ရက်၊ ရွှေပန်းဆိုင် ငွေပန်းဆိုင်းတို့ကို ဆွဲထားသည်။ ဗောဓိပင်၏ အထက်၌ ငွေပြားဗိတာန်ကြက်ထားပြီး ပုလဲပန်းဆိုင်၊ ပုလဲကွန်ရက်များ အဆိုင်းအဆိုင်း ဆွဲထားသည်။

အထက်ဗိတာန်၌ကား နေဝန်း၊ လဝန်း၊ ကြယ်နက္ခတ်တာရာများ အသွင် စီခြယ်ထားသည်။ ယင်းအော်ဝမ်း၊ ပဒုမ္မာကြာပွင့်များဖြင့် တန်ဆာဆင်သည်။ အားလုံးပင် ရတနာအမျိုးမျိုးဖြင့် ပြုလုပ်ထားလေသည်။ ထို့အပြင် အထက်ဗိတာန်မှာပင် ရတနာစီခြယ်သော ပဝါတစ်တောင့်ရှစ်ထည်ကို ဆွဲကြက်သည်။

ဗောဓိပင်၏ အရံအကာနေရာ၌မူ ရတနာပွတ်တိုင်များ စိုက်ထားပြီး ပွတ်တိုင်များ အကြားအကြား၌ သျှိသျှားသီး ပမာဏခန့်ရှိ ပုလဲတို့ကို ခင်ထားသည်။ ဗောဓိပင်ရင်း၌ နံ့သာရည်တို့ဖြင့် ပြည့်သော ရတနာစိုက် ရွှေမြူတာတို့ကို စီရရီခင်ကျင်းထားသည်။

ဗောဓိပင်၏ အရှေ့အရပ်တွင် အဘိုးတစ်ကုဋေထိုက်သော ရတနာပလ္လင်ရှိသည်။ ရတနာပလ္လင်ထက်တွင် ပြိုးပြက်ထွန်းပသော အဆင်းရှိသည့် ဘုရားဆင်းတုတော်တစ်ဆူ ကိန်းဝပ်သည်။ ဆင်းတုတော်

၏ လက်သည်း၊ ခြေသည်းမျက်စိတော် စသည့် ဖြူရာနေရာများကို ဖန်အစစ်ဖြင့်ပြုလုပ်ထားသည်။ လက်ဖဝါး၊ ခြေဖဝါး နှုတ်ခမ်းတော် စသော နေရာများ၌ သန္တာ၊ မျက်မှောင်နှစ်ဖက်၊ မျက်လုံးတော်အဝန်း စသည့်နေရာများ၌ ဣန္ဒနီလာ ပတ္တမြား လေးဆယ်သောသွားတော်တို့ကို ဝဇီရစိန်ဥက္ကာလုံ မွေရှင်တော်၌ ငွေ စသည်ဖြင့် ပူဇော်ထားသည်။

ဗောဓိပင်၏ အနီးဝန်ကျင်၌ကား ငွေထီးမိုးပေးနေသော ဗြဟ္မာ ရုပ် ဝိဇယုတ္တ ခရုသင်းဖြင့် အဘိသိက်ပေးဟန် သိကြားရုပ်၊ စောင်း လက်စွဲဟန် ပဥ္စသိခ နတ်သားရုပ်၊ နဂါးမကချေသည်များနှင့်တကွ ကပဟန်ရှိသော ကာလနဂါးရုပ်တို့ကို ဝန်းရံထားသည့် အောက်အခြေ တွင် ဂိရိမေခလာဆင်ကို စီးသော မာရ်နတ်မင်းရုပ်သည် လက်ရုံးတစ် ထောင်ဆောင်ကာ စစ်သည်ဗိုလ်ပါတို့ ခြံရံလျက်တည်သည်။

ဗောဓိပင်၏ အရှေ့အရပ်မျက်နှာတွင် ထိုသို့ စီရင်ပူဇော်ပြီး နောက် အခြားသော အရပ်ခုနစ်မျက်နှာတို့တွင်ကား...

အရှေ့မျက်နှာရှိ ပလ္လင်နှင့်အလားတူ ပလ္လင်ခုနစ်ပါးကို ခင်း သည်။

ဗောဓိပင်ကို ခေါင်းရင်းပြုလျက် တစ်ကုဋေတန်အိပ်ရာ အခင်း ထားသည်။

ထို့နောက် ခုနစ်ပါးသော သတ္တာဟတို့၌ နေတော်မူသော မြတ်စွာဘုရား ရုပ်တုများ၊ တရားဟောရန်လာရောက် တောင်းပန်သည့် သဟမ္ပတိဗြဟ္မာမင်း၊ ဓမ္မစကြာတရားဦးဟောတော်မူဟန်၊ ယသသူဌေး သား အမျှုးပြုသည့် သူဌေးသား ငါးဆယ့်ငါးယောက်တို့ ရဟန်းပြု ဟန်၊ ဘဒ္ဒဝဂ္ဂီမင်းသားတို့ ရဟန်းပြုဟန်၊ ဥရုဝေလ စသည့် ရသေ့တို့ အား ဆုံးမဟန်၊ ထန်းတောဥယျာဉ်၌ ဗိမ္ဗိသာရမင်း ဗုဒ္ဓအားဆည်းကပ် ဟန် ဘုရားရှင် ရာဇဂြိုဟ်ဝင်ဟန် ဝေဠုဝန်ကျောင်းတော် အလှူခံဟန်၊ ရှစ်ကျိပ်သော သာဝကကြီးများ ခစားဟန်၊ ကပိလဝတ်ပြည်သို့ ကြွ တော်မူ၍ ရတနာစင်္ကြံဖန်ဆင်းကာ တန်ခိုးပြတော်မူဟန်၊ ရာဟုလာနှင့်

နန္ဒမင်းသားတို့ ရဟန်းပြုဟန် သာဝတ္ထိပြည်၌ အနာထပိဏ်၏ ဇေတဝန် ကျောင်းကို အလှူခံတော်မူဟန် သရက်ဖြူပင်ရင်း၌ ယမိုက်ပြာဋိဟာ ပြတော်မူဟန်၊ တာဝတိံသာ၌ နယ်တို့အား တရားဟောဟန် နတ်ပြည် မှ သက်၍ လောကဝိဝရဏပြာဋိဟာ ပြဟန်၊ အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ သံဃအစည်းအဝေးဖြစ်ဟန် မဟာသမယသုတ် ဟော ဟန်၊ ရာဟုလောဝါဒသုတ်၊ မင်္ဂလသုတ်ဟောတော်မူဟန်၊ နာနာဂီရိ အင် အာဋ္ဌာဝက ဘီလူး၊ အင်္ဂုလိမာလတို့ကို ဆုံးမဟန်များ၊ အာယု သခါရလွှတ်ဟန်၊ ဝက်သားပွဲမ်းဆွမ်းခံတော်မူဟန်၊ ပုဆိုးအစုံခံတော် မူဟန် ပရိနိဗ္ဗာန်ပြုတော်မူပုံနှင့် နတ်လူတို့ ငိုကြွေးခန်း၊ အရှင်မဟာ ကဿပ ခြေတော်ကို ရှိခိုးခန်း၊ မီးသင်္ဂြိုဟ်ခန်း လူနတ်တို့ ပူဇော်သက္ကာ ရ ပြုခန်း၊ ဒေါဏပုဏ္ဏားစက်တော်ဝေခန်း စသည်များနှင့်တကွ ဝေဿ န္တရာဇာတ်တော်ကို အကျယ်အားဖြင့်လည်းကောင်း၊ တုသိတာနတ်ပြည် မှ မဟာဗောဓိမဏ္ဍိုင်တိုင်အောင်သော အဖြစ်ကိုလည်းကောင်း စုံစေ့ သိုက်မြိုက်လှစွာ ထုလုပ်ထားလေသည်။

ဌာပနာတိုက်၏ အရပ်လေးမျက်နှာတွင်မူ စတုမဟာရာဇ် နတ်ပင့်ပြီး လေးပါး သိကြားသုံးကျိပ်သုံးပါး နတ်သမီးသုံးကျိပ်သုံး ယောက်၊ နတ်စစ်သည်မှူး နှစ်ကျိပ်နှစ်ယောက် အရုပ်များထားသည် ယင်း၏ရှေ့ဘက်တွင် ပန်းသွတ်သော ရေပြည့်အိုးများကိုထားသည်။ ယင်းနောက်မှ တီးမှုတ်သီဆိုကခုန်ကြသော နတ်သားနတ်သမီးရုပ်များ ပန်းခက်ကိုင်ဆောင် နတ်ရုပ်များ၊ အပြင်ဘက်၌ သန်လျက်ကိုင် နတ်ရုပ် များ၊ ဆီမီးခွက်ကိုင် နတ်ရုပ်ထုများကို စီရရီခင်းကျင်းထားသည်။

နတ်ရုပ်များ ဦးခေါင်းထက် ငါးတောင်အမြင့်ရှိ တိုင်ဖျား၌ ဆီမီးခွက်ကို တင်၍ နံ့သာဆီဖြင့် အခါခပ်သိမ်း ထွန်းလင်းစေရန် ဖန်တီးထားသည် ဓာတ်တော်တိုက်၏ လေးထောင့်ဝယ်ဖန်စေတီလေးဆူကို ထား၍ တစ်ဆူတစ်ဆူစီသော စေတီတို့၌ ပတ္တမြားထီးပူဇော်သည်။ ထိုစေတီတို့အပါး၌ ရွှေ၊ ပတ္တမြား၊ ပုလဲ၊ ဝဇီရစိန် ရတနာတို့ကို

အစုအပုံထား ပူဇော်သည်။ မေဒဝဏ္ဏ ကျောက်နံရံတွင်ကား ကိုယ်ရောင် ထွန်းပသော အရောင်ရှိသည့် ဝိဇ္ဇုလတာ နတ်သမီးရုပ်တို့ကို ဆွဲထား လေသည်။

အလုံးစုံသော ဤအရုပ်များမှာ ရွှေအတိသာလျှင် ဖြစ်၏။ ရွှေကို နန်းခတ်၍ နန်းယက်၍ ပြုလုပ်ထားကြသည်သာ ဖြစ်၏။

ဤဌာပနာတိုက်အတွင်း အစီအမံအလုံးစုံကို ဦးစီးဦးရွက် ပြုတော်မူသော ဆဋ္ဌာဘိညဝသီပတ္တဖြစ်တော်မူသည့် ဣန္ဒဂုတ္တ ရဟန္တာ ကြီး၏ ညွှန်ကြားဦးဆောင်မှု၊ ဒုဋ္ဌဂါမဏိမင်းကြီး၏ ဘုန်းအာနုဘော် နတ်ဒေဝတာတို့၏ တန်ခိုး ဣဒ္ဓိပါတ်၊ ရဟန္တာမြတ်တို့၏ တန်ခိုး အာနိသင်တို့ဖြင့် အထမြောက်အောင်မြင်စွာ ထည့်သွင်းပူဇော်ကြလေ သည်။

* * *

## မထေရ်နဂါးနှင့်ဓာတ်တော်များ

ဥာပနာတိုက်ကို စီရင်ပြီးခဲ့ပြီ။ ဥာပနာတိုက်အတွင်း ကိန်းဝပ်မည့် ဓာတ်တော်များကား မရှိသေး။ ဒုဋ္ဌဂါမဏိမင်းကြီးက အရှင်ဘုရားတို့ ဓာတ်တော်တိုက်နှင့် စပ်လျဉ်းသော အတွင်းအပ အစီအမံအားလုံးကို ဣန္ဒဂုတ္တရဟန္တာအရှင်မြတ်ကြီး၏ ညွှန်ကြားချက်နှင့်အညီ တည်ဆောက်ပြုလုပ်ပြီးစီးပါပြီ။ နယ်ဖြန့် ဓာတ်တော်များ ဥာပနာရအောင်မှာ အရှင်ဘုရားတို့သာ စွမ်းဆောင်နိုင်တဲ့အရာ ဖြစ်ပါတယ်" ဟု လျှောက်ကာ အနုရာဓမြို့တွင်းသို့ ပြန်ဝင်သွားခဲ့၏။

အချိန်တစ်ရက်သာရသည်။ မည်သည့်အရပ်က မည်သည့်ဓာတ်တော်များကို ဆောင်ယူမည်နည်း။ သံဃာသည် ဓာတ်တော်ဆောင်ယူနိုင်မည့် ရဟန်းကို ရွေးချယ်ကြရာ ပူဇာပရိဝုဏ်၌ သီတင်းသုံးနေသော ရဟန်းတစ်ပါးကို တွေ့မြင်ဆုံးဖြတ်လိုက်ကြ၏။

ဘွဲ့နာမမှာ သောဏုတ္တရမထေရ် နတ်မျက်စိကဲ့သို့ မြင်နိုင်ခြင်း၊ နတ်တို့၏ နားကဲ့သို့ ကြားနိုင်ခြင်း၊ အမျိုးမျိုး ဖန်ဆင်းနိုင်ခြင်း၊ သူတစ်ပါး၏ စိတ်အကြံကို သိနိုင်ခြင်း မိမိဖြစ်ခဲ့ဖူးသော ဘဝတို့ကို သိနိုင်ခြင်း၊ အာသဝေါတရားလေးပါးတို့ ကုန်ခမ်းခြင်းတည်းဟူသော ဆဠာဘိညပုဂ္ဂိုလ်မြတ်ဖြစ်လေသည်။

သံဃာကြီးတို့က သောဏုတ္တရ မထေရ်ကို မိန့်ဆိုကြ၏။

“ငါ့ရှင် သောဏုတ္တရ ဘုရားရှင်နိဗ္ဗာန်ဝင်ရာ ညောင်စောင်း၌ လျောင်းတော်မူစဉ်က သိကြားမင်းအား ငါနိဗ္ဗာန်လွန်လျှင် ရှစ်စိတ်မူသော ဓာတ်တော်တို့တွင် တစ်စိတ်ကို ကောလိယမင်းတို့ ရကြမည် ရာမရွာ၌ စေတီတည်ထားကိုးကွယ်ကြလိမ့်မည်။ ထိုစေတီမှ သည်နဂါးပြည်သို့ ရောက်လိမ့်မည်။ ထိုဓာတ်တော်သည် လင်္ကာဒီပကျွန်းမဟာစေတီ၌ ဌာပနာလိမ့်မည်” ဟု မိန့်တော်မူခဲ့သည်။

“ငါ့ရှင် သောဏုတ္တရ၊ ဂင်္ဂါမြစ်အနီး တည်ခဲ့သော ထိုစေတီသည် ရေကြောင့်ပြိုကာ ဓာတ်တော်ကြုတ်သည် သမုဒ္ဒရာသို့ ရောက်ခဲ့သည်။ နဂါးတို့တွေ့၍ မဉ္ဇေရိက နဂါးပြည်သို့ ပင့်ဆောင်ခဲ့ကာ နဂါးမင်းကို အကြောင်းကြားကြသည်။ နဂါးမင်းက ရတနာစေတီတည်ကာ အစောင့်အရှောက် ထူထပ်စွာထားသည်။ ထိုဓာတ်တော်ကိုပင့်ဆောင်ခဲ့ကုန်”

သောဏုတ္တရ မထေရ်က ကောင်းပါပြီဟု ဝန်ခံသည်။ ထိုအချိန်ဝယ် လင်္ကာဒီပ တစ်ဝှမ်း၌ကား ဒုဋ္ဌဂါမဏီမင်းကြီးအမိန့်ဖြင့် ‘နက်ဖြန် ဓာတ်တော်တို့ကို ပူဇော်မည်။ အနုရာဓမြို့သူမြို့သား အပေါင်းတို့ ဥပုသ်သီတင်းတည်ဆောက်လျက် နံ့သာပန်းလက်စွဲလျက် ဓာတ်တော်ကို ပူဇော်ရန်သွားကြကုန်” ဟူ၍ စည်လည်ကြွေးကြော်နေပြီ ဖြစ်လာသည်။ ထိုမျှသာမကသေး သဒ္ဓါ၌ လွန်ကဲသော ဒုဋ္ဌဂါမဏီကိုယ်တိုင်ပင် ဗိုလ်ပါအခြံအရံများစွာဖြင့် သိန္ဓောမြင်းဖြူလေးစီးက ရထားကိုစီးလျက် ရထားရှေ့မှာ ကဏ္ဍုလဆင်တော်ကို ထားကာ ထွက်တော်မူခဲ့ပြီ ဖြစ်၏။ ဆင်ပေါ်တွင် ထီးဖြူအုပ်သော ရွှေပန်းတောင်ကို ဆောင်လျက်တင်၏။

မင်းစီးရထားကို ရေပြည့်အိုးရွက်သော မိန်းမတစ်ထောင့်ရှစ်ယောက်၊ ပန်းအုပ်ရွက်မိန်းမ တစ်ထောင့်ရှစ်ယောက် ထွန်းပြီးဆီမီးတိုင်ကိုင် မိန်းမတစ်ထောင့်ရှစ်ယောက်တို့ ခြံရံလိုက်ပါလာသည်။ ယောကျ်ားများက အရောင်အသွေးစုံ တံခွန်များကို ကိုင်ဆောင်ခြံရံလိုက်ပါသည်။

အနုရာဓမြို့တံခါးမှသည် မဟာစေတီရှိရာသို့ သွားရာ လမ်းတစ်လျှောက်နှင့် တစ်မြို့လုံးတွင် ဂီတသံ၊ ဆင်သံ၊ မြင်းသံ၊ ရထားသံ၊ ခရုသင်းသံတို့ဖြင့် မြေပြင်ကွဲအက်၊ ကောင်းကင်ပဲ့တင်ပြန့် ညံမစဲသော သိမ့်သိမ့်အဲအဲ အသံတို့ လှိုက်ရှန်ပျံ့တက်နေသည်။

ထိုအချိန်မှာပင် သောဏုတ္တရမထေရ်သည် ဆဋ္ဌာဘိညတန်ခိုးဖြင့် မြေပြင်သို့ ငုပ်သွားလေသည်။

* * *

မဥ္ဇေရိက နဂါးပြည်၊ ကာလနဂါးမင်းရှေ့မှောက်၌ သောဏုတ္တမထေရ် ထင်ရှားတည့်ရပ်သည်။ နဂါမင်းက ပလ္လင်ထက်သို့ မထေရ်ကို ပင့်ဆောင်ကာ ရှိခိုးလျက်မေး၏။

"အရှင့် အဘယ်အလို့ငှာ ကြွလာပါသလဲ"

"လင်္ကာဒီပကျွန်းရှိ သံဃာတော်အပေါင်းက စေလွှတ်၍ ငါလာတယ်နဂါးမင်း"

လာရင်းအကြောင်းက မဟာစေတီမှာ ဌာပနာရလိမ့်မည်လို့ မြတ်စွာဘုရားမိန့်မှာတော်မူခဲ့၏။ ဓာတ်တော်များဟာ သင့်ထံမှာရှိနေတယ်၊ ဓာတ်တော်များကို ပေးအပ်ပါ နဂါးမင်း"

သောဏုတ္တရမထေရ်က လိုရင်းကို ပင့်မိန့်လိုက်သည်။

နဂါးမင်းမှာ ကြီးစွာ စိတ်နှလုံးမသာမယာဖြစ်သွား၏။ မထေရ်သည် အလိုရှိလျှင် နိုင်ထက်မူ၍ ရယူခြင်းငှာ စွမ်းနိုင်ကြောင်းလည်း နဂါမင်းသိသည်။ ထို့ကြောင့် ဓာတ်တော်ကို မည်သူမျှ မည်သို့မျှယူရန် မစွမ်းနိုင်သည့်နေရာသို့ ပြောင်းရွှေ့ရန် ဆုံးဖြတ်ကာ အနီးရှိ တူတော် ဝါသုလဒတ္တနဂါးဘက်သို့ ငဲ့စောင်းကြည့်ကာ အချင်းချင်းသာ သိနိုင်သော အရိပ်အခြည်ပြ၏။ ဝါသုလဒတ္တနဂါးကောင်းစွာ သဘောပေါက်ကာ မသိမသာ ဖဲကြွန်သွားကာ စေတီအိမ်မှ ဓာတ်တော်ကြုပ်ကို မျိုပြီးနောက် မြင်းမိုရ်တောင်ရင်းသို့ သွားကာ ခွေလျက်နေသည်။ ယူဇနာသုံးရာ အလျားရှိသော ကိုယ်လုံးကို ခွေသဖြင့် အခွေမှာ ယူဇနာ

တစ်ရာရှိသည်။ ထို့ပြင် အရာအထောင်မကသော ပါးပျဉ်းတို့ကို ဖြန့်ကာ အခိုးအလျှံများ ခြောင်းခြောင်းလွှတ်သည်။ ထိုမျှမက မိမိနှယ်သော နဂါးများကို ထောင်နှင့်ချီလျက် ဖန်ဆင်းကာ ထက်ဝန်းကျင်၌ ခြံရံစေသည်။

ဝါသုလဒတ္တနဂါး ထိုသို့ စီမံပြီးကြောင်း ကာလနဂါးမင်း သိပြီးနောက် နဂါးမင်းက တည်ငြိမ်စွာ ဆို၏။

"အရှင်ဘုရား၊ ကျွန်ုပ်ထံမှာ ဓာတ်တော်မရှိပါ"

"ဒကာ ရာမရွာအနီး စေတီပျက်ကြီး၊ သမုဒ္ဒရာသို့ မျောပါရာမှာ ဓာတ်တော်ကို ကြုံပ်နဲ့တကွ ဒကာရယူကိုးကွယ်ထားတယ် မဟုတ်လား၊ ငါ့ထံအပ်ပါ"

"အရှင်ဘုရား ကျွန်ုပ်ထံမှာ ဓာတ်တော်မရှိပါ။ ဓာတ်တော်ထားသော စေတီအိမ်ကို လိုက်ကြည့်ပါ"

စေတီကိုပြရင်း နဂါးမင်းက ဝင့်ဝင့်ကြွားကြွားလေသံဖြင့် ပြော၏။

"အရှင်ဘုရား...လင်္ကာဒီပမှာ ဒုဋ္ဌဂါမဏိဆိုတဲ့ ဘုရင်က ရတနာအမျိုးမျိုးနဲ့ မဟာစေတီကို တည်တယ်ဆိုပါတယ်၊ ယခု ကျွန်ုပ်ရဲ့ စေတီရင်းမှာ ခင်းထားတဲ့ လခြမ်းသဏ္ဌာန်ဟောဒီ ခြေနင်းပတ္တမြားလောက်တောင် ဒုဋ္ဌဂါမဏိရဲ့ ရတနာအားလုံးဟာ အဘိုးမတန်ပါဘူး၊ အခြားတစ်ပါး ရတနာများဆိုရင် ဘယ်မှာ ဆိုဖွယ်ရှိပါမလဲ၊ အရှင်ဘုရား ဆင်ခြင်တော်မူပါ၊ မြင့်မားသော ပူဇော်သက္ကာရမှ နိမ့်ကျသော ပူဇော်သက္ကာရဆီသို့ ဓာတ်တော်များကို ဆောင်ဖို့ မသင့်ပါဘူး"

သောဏုတ္တမထေရ်က လေးနက်သောအသံဖြင့်

"နဂါးမင်း၊ သစ္စာလေးပါးကို မသိတဲ့အရပ်ကနေ သစ္စာလေးပါးကို သိတဲ့အရပ်ဆီသို့ ဓာတ်တော်များ ဆောင်ယူခြင်းဟာ လျောက်ပတ်တဲ့ အမှုဖြစ်တယ်။ ဘုရားရှင်ကိုယ်တော်တိုင်ကလည်း လင်္ကာဒီပမှာ ဓာတ်တော်များတည်စေဖို့ အလိုရှိတော်မူခဲ့တယ်။ ဒုဋ္ဌဂါမဏိမင်းဟာ ဒီနေ့ပဲ ဓာတ်တော်များကို ဌာပနာမှာ ဖြစ်တယ်။ ငါ့ထံအပ်ပါ၊ အချိန်

မလင့်ပါစေနဲ့ ဒကာနဂါးမင်း”

ဤအချိန်ဝယ် များစွာသော နတ်အပေါင်း၊ နဂါးအပေါင်းတို့သည် အုတ်အုတ်ကျက်ကျက်ဖြစ်ကာ၊ ‘ရဟန်းနဂါးနဲ့ မြွေနဂါးတို့ စစ်ထိုးပွဲကို ကြည့်ရတော့မည်’ ဟူ၍ စုဝေးစောင့်ကြည့်နေကြပြီ ဖြစ်၏။

ကာလနဂါးမင်းက လက်အုပ်ချီလျက်ပင် ပြုံး၍ ဆို၏။

“အရှင်ဘုရား ဓာတ်တော်တို့ မရှိတာ အရှင်ဘုရားတွေ့ရပြီ မဟုတ်ပါလား၊ အကယ်၍ ဓာတ်တော်များကို မြင်တယ်ဆိုရင် ဆောင်ယူသွားပါ”

“ဒကာ သင့်စကားကို သုံးကြိမ်အထိဆိုနိုင်မလား”

နဂါးမင်းက သုံးကြိမ်သုံးခါတိုင် ထိုသို့ပင် ဆိုလေသည်။

သောဏုတ္တရမထေရ်သည် ထိုနေရာမှာပင် ရပ်တည်လျက် သိမ်မွေ့စွာသော လက်ကို ဖန်ဆင်းကာ မြင်းမိုရ်တောင်ရင်း၌ ခွေနေသော ဝါသုလဒတ္တနဂါး၏ ခံတွင်းထဲသို့ လက်ကိုသွင်း၍ ဓာတ်တော်နှင့်တကွသော ကြုပ်ကို ယူလိုက်၏။

ထို့နောက် “ဒကာနဂါးမင်း ငါသွားတော့မည်”ဟု ဆိုကာ မြေငုပ်ရွာမှ ပြန်ထွက်လျက် ကျောင်းပရိဝုဏ်အတွင်း ပေါ်လေသည်။

သောဏုတ္တရမထေရ် ပျောက်ကွယ်သွားပြီး နောင်နဂါးမင်းသည် ငါလှည့်ဖြားလိုက်လို့ ရဟန်းတော့ လက်မဲ့ဗလာနဲ့ ပြန်သွားပြီ’ဟု အားရဝမ်းသာစွာ တူတော်အား ခေါ်စေလိုက်၏။ ဝါသုလဒတ္တသည် ငိုကြွေးလျက် ရောက်လာသည်။

“ဦးရီးတော် ကျွန်ုပ် ဝမ်းတွင်းမြို့ထားတဲ့ ဓာတ်တော်မရှိတော့ဘူး”

ကာလနဂါးမင်းသည် အံ့သြဖို့ ဒေါသအမျက်ထွက်ဖို့ သတိမရတော့ဘဲ ဓာတ်တော်ကို ဆုံးရှုံးလက်လွတ်ရပြီဟူ၍ ပြင်းစွာငိုကြွေးလေတော့သည်။ ထိုအခါ မဥ္စေရိက နဂါးတစ်ပြည်လုံးရှိ နဂါးများလည်း ငိုကြွေးကြလေသည်။

မည်သို့မျှ ဆည်မတန့်နိုင်သော နဂါးတို့သည် လက်ာဒီပရှိ သံဃာတော်တို့ထံ လိုက်လာကာ ငိုကြွေးတောင်းပန်ကြ၏။ သံဃာတော်တို့က သနားခြင်းကို ရှေ့ရှုလျက် အတန်ငယ်သော ဓာတ်တော်တို့ကို ပေးဝေမျှလိုက်တော့မှပင် သက်သာဖြေဆည်ရာရကား နဂါးများ ပြန်သွားကြလေသည်။

* * *

# ဘုရားရှင်အသွင်တော်

အရှင်သောဇုတ္တရမထေရ် မြေမှ ပေါ်ထွက်လာရာ အရပ်သို့ သိကြားမင်းသည် နတ်အပေါင်းခြံရံကာ ရတနာပလ္လင်ကို အသင့်ဆောင်ယူရောက်ရှိလာ၏။ ဝိသကြံုနတ်သားက မထေရ်မြေမှ ထွက်သည့်နေရာတွင် ရတနာမဏ္ဍပ်ကို ဖန်ဆင်း၏။ မဏ္ဍပ်တွင်း၌ ပလ္လင်ကိုထားပြီး သိကြားမင်းသည် မထေရ်လက်မှ ဓာတ်တော်နှင့်တကွသော ကြုပ်ကို ယူငင်ကာ ပလ္လင်ထက်၌ ရွှေပန်းတောင်းဖြင့် ထားရှိပူဇော်သည်။

ထိုအခါ ဗြဟ္မာမင်းက ထီးဖြူမိုးလျက် သန္တုသိတနတ်သားက သားမြီးယပ်ကိုင်လျက် သုယာမနတ်သားက ယပ်ဝန်းကိုင်လျက် စတုမဟာရာဇ် နတ်မင်းကြီးလေးပါက သန်လျက်စွဲလျက် သုံးကျိပ်သုံးယောက်သော မဟိဒ္ဓိကနတ်သားတို့က သစ်ပန်းအိုးကို ပွေ့ကာ ပန်းကြဲလျက် သုံးကျိပ်သုံးယောက်သော နတ်သမီးတို့က ဆီမီးတိုင်တို့ကို ကိုင်လျက် ရှိကြလေသည်။ ထိုစဉ်တွင် နှစ်ကျိပ်ရှစ်ယောက်သော နတ်စစ်သူကြီးတို့က မကောင်းသော နတ်ယုတ်များကို အဝေးသို့ ပြေးစေ၏။ ပဉ္စသီခနတ်သားကလည်း ဗေဠုဝစောင်းကို တီးကာ သီကျူး၏။ ကာလနဂါးမင်းပင် နဂါးအပေါင်းခြံရံကာ ရောက်ရှိလာပြီး နတ်ပရိသတ်တို့နှင့်အတူ ကခုန်လျက် ပူဇော်၏။ နတ်ပန်းမိုးတို့ကား ဖြိုး

ဖြိုးပြည့်ရှာသွန်းလေသည်။

ဣန္ဒဂုတ္တရဟန္တာကြီးသည် မာရ်နတ်မင်း၏ ဖျက်ဆီးနှောင့်ယှက်မှုကို တားမြစ်ကာကွယ်ရန် စကြဝဠာပြည့်မှုသော သံထီးကို ဖန်ဆင်း၍ ဆောင်းမိုး၏။ ဓာတ်တော်ကို ခြံရံလျက် ရွတ်ဆိုသရဇ္ဈာယ်ကြသော ရဟန်းတော်တို့၏ ဓမ္မအသံတော်တို့ကား ထက်ဝန်းကျင် ပျံ့နှံ့ရိုက်ချန်းလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ဦးခေါင်းထက်တွင် ဓာတ်တော်ပန်းတောင်းကို ရွက်ကာ အားမရ မတင်းတိမ်နိုင်သော ရှိခိုးပူဇော်ခြင်းဖြင့် တရိုက်မက်မက် ပူဇော်ပြီးမှ ပလ္လင်ပေါ်သို့ ပြန်တင်သည်။ လူ၏ပကတိ မျက်စိဖြင့် မမြင်ရစေကာမူ ထူးခြားသော စောင်းသံ၊ စည်သံ၊ ပတ်သာသံတို့ကို ကြားနေရ၏။ ပန်းနံ့သာတို့က မိုးရွာသလို ဖြည်းဖြည်းစွေစွေကျဆင်းနေ၏။ ထို့ကြောင့် မမြင်ရသော်လည်း နတ်ဗြဟ္မာတို့ပါ ပူဇော်နေကြပြီ ဟူ၍ အတပ်သိကာ ဒုဋ္ဌဂါမဏိမင်းကြီးသည် အတိုင်းမသိ အလွန်အကျူးသော ပီတိသောမနသဖြင့်...

"ဓာတ်တော်တို့အား အဘိသေက သွန်းကာ ထီးဖြူဖြင့် ပူဇော်ပါ၏။ မနုဿရာဇာ လူတို့မင်း၏ထီး၊ ဒေဝတာရာဇာ၊ နတ်တို့မင်း၏ထီး၊ ဓမ္မရာဇာ၊ အရဟတ္တဖိုလ်တည်ဟူသော ထီး၊ ဤထီးသုံးစင်းကို ဆောင်တော်မူသော သယမ္ဘူထွတ်ထားမြတ်ဘုရားအား ဤလင်္ကာဒီပ၏ ကေရာဇ်မင်းစည်းစိမ်ဖြင့် ကပ်လှူပါ၏။ ပူဇော်ပါ၏။ သရီရဓာတ်တော်တို့အားလည်း ထို့အတူ ကပ်လှူပူဇော်ပါ၏"ဟု ရွတ်ဆိုလေသည်။

ထို့နောက် ရဟန်းသံဃာအပေါင်း ခြံရံလျက် မင်းကြီးသည် ဓာတ်တော်ကို ဦးခေါင်းဖြင့် ရွက်ကာ စေတီတည်ရာသို့ စောင်ကြဉ်းပူဇော်ခဲ့၏။ စေတီကို လက်ယာရစ်သုံးပတ်လှည့်ပြီးနောက် အရှေ့မျက်နှာမှ တက်၍ ဓာတ်တော်တိုက်သို့ ဝင်သည်။ ကိုးဆယ့်ခြောက်ကုဋေသော ရဟန္တာတို့သည် စေတီကို ခြံရံလျက် လက်အုပ်ချီရပ်ကြသည့် ရဟန်းတို့၏ အပြင်မှ လူတို့ ပူဇော်ရသည်။

မင်းကြီး ဓာတ်တော်တိုက်အတွင်းသက်ဆင်းခဲ့ပြီ။

ဓာတ်တော်ကိုစီမံပြီး နေရာ၌ထားတော့မည်အပြုတွင် လင်္ကာဒီပ၌ ယခင်ကလည်းမဖြစ်ခဲ့စဖူး၊ နောင်တွင်လည်းဖြစ်အံ့မည်မဟုတ်သော၊ အခြင်းအရာတစ်ရပ် ပေါ်ပေါက်လာလေသည်။ ယင်းကား

ဓာတ်တော်ကြုပ်သည် ရွှေပန်းတောင်းနှင့်တကွ မင်းကြီး၏ဦးခေါင်းထက်မှ အထက်သို့ပျံတတ်သွားကာ၊ ထန်းခုနစ်ဆင့်မြင့် ကောင်းကင်၌တည်၏။ ထို့နောက် တစ်ခဲနက်ဝင်းပသော အလင်းစက်ဝန်းကြီးသည် ဝန်းကျင်အားလုံးကို ဖြိုးပြက်ထွန်းလင်းစေပြီးနောက်၊ ထိုအလင်းစက်ဝန်းကြီးထဲမှာပင်...

လက္ခဏာတော်ကြီးငယ် အသွယ်သွယ်တို့ဖြင့် ပြည့်စုံသော ဘုရားရှင်ကိုယ်တော်၏ သဏ္ဌာန်တော်ရုပ်ဒြပ်ပေါ်ပေါက်လေသည်။ ကိုယ်တော် မြတ်၏ သဏ္ဌာန်တော်မှ သရက်ဖြူပင်ရင်း၌ တန်ခိုးပြာဋိဟာ ပြတော် မူခဲ့သည့်အတိုင်း ခြောက်ဖြာသော ရောင်ခြည်တော်တို့ကို လွှတ်လေ သည်။ ညိုသော၊ ရွှေသော၊ နီသော၊ ဖြူသော၊ မောင်းသော ပြိုးပြိုးပြက် သော ရောင်ခြည်ခြောက်သွယ်နှင့်အတူ အစုံစုံသော ရေတန်း၊ ရေစက်၊ ရေပေါက်တို့သည်လည်းကောင်း၊ အစုံစုံသော မီးလျှံ၊ မီးညွန့် မီးကျည်းတို့သည် လည်းကောင်း ဖြိုင်ဖြိုင်ဖြာဖြာ၊ ဖြောင့်စွာ၊ ညွတ်စွာ၊ တည့်စွာ၊ လွန့်စွာ၊ စုန်လျက်၊ ဆန်လျက်၊ ဝေ့လျက်ဝိုက်လျက် ထွက်ပေါ်ကြလေသည်။

ဤသို့ တန်ခိုးပြာဋိဟာ ပြတော်မူစဉ်ခိုက်အတွင်း တပ်အပ်သေချာဖူးမြော်ကြသည့် လူတို့သည် ကြည်ညိုစွာသော သဒ္ဓါနှင့်အတူ မိမိတို့ပြုခဲ့သော ကုသိုလ်စိတ်ဇောအဟုန်တို့၏ အထောက်အပံ့ဖြင့် ပိုင်းခြားရေတွက်ခြင်းငှာ မစွမ်းနိုင်သည့် သောတာပန်၊ သကဒါဂမ်၊ အနာဂါမ်သို့ တည်ကြသည်။ ပို၍မြင့်သော နယ်လူတို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ကြလေသည်။

ထို့နောက်တွင် ဘုရားရှင်အသွင်ကွယ်တော်မူ၍ ဓာတ်တော်တို့သည် ကြုပ်တွင်းသို့ ပြန်ဝင်ကာ ရတနာပန်းတောင်းနှင့်တကွ ကောင်း

ကင်မှ သက်ပြီး မင်းကြီးဦးခေါင်းထက်သို့ တည်၏။ မင်းကြီးလည်း ဌာပနာတိုက်တွင် ဝင်၍ ရတနာပလ္လင်ထက်ပေါ်၌ ဓာတ်တော်ပန်းတော်ကို ပူဇော်ထားလေ့ရှိလေသည်။

ဒုဋ္ဌဂါမဏိမင်းကြီးသည် ပန်းတောင်းကို တင်ထားပြီးနောက် ဓာတ်တော်ကြုပ်ကို ဖွင့်၍ နံ့သာရေ စွတ်သောလက်တို့ဖြင့် သုံးသပ်ကာ

"တစ်စုံတစ်ယောက်သူတို့၏ နှောင့်ယှက်ခြင်းမရှိဘဲ လူနတ်တို့၏ ကိုးကွယ်ရာဖြစ်၍ ဤနေရာ၌ တည်မည်ဖြစ်ပါအံ့။ ဤဓာတ်တော်တို့သည် ဘုရားရှင် နိဗ္ဗာန်ဝင်ရာ ညောင်စောင်း၌ လျောင်းတော်မူခဲ့ဘိသကဲ့သို့ ခင်းထားသော နေရာ၌ လျောင်းစက်မွေ့လျော် တည်တော်မူစေသတည်း"ဟု မနောဓိဋ္ဌာန်ပြု၏။

ဤတွင် ဓာတ်တော်တို့သည် အိပ်ရာထက်၌ လျောင်းစက်တည်ကြ၏။ မဟာပထဝီသည်လည်း ဘုရားရှင်၏ ဘုန်းတော်တန်ခိုးတော် သဗ္ဗညုတဉာဏ်တော်နှင့်တကွ နတ်လူတို့၏ မဟာကုသိုလ်တော်ကို လျစ်လျူရှု၍ မနေနိုင်တော့ပြီဖြစ်၍ သိမ့်သိမ့်တုန်လှုပ်ကာ သာဓုအနုမောဒနာခေါ်ဘိသည့်အလား အပျက်အစီးမဲ့ဖြစ်သော ငလျင်ကြီးဖြင့် ပူဇော်လေသည်။

ဓာတ်တော်ကို ဌာပနာတိုက်သို့ သွင်းကာပူဇော်သည်။ ထိုနေ့ကား သာသနာတော်နှစ် သုံးရာခုနစ်ဆယ့်သုံးခု၊ ဥတ္တရာသန်နက္ခတ်နှင့်ယှဉ်သော ဝါဆိုလဆန်းပက္ခ ပန္နရသီ ဥပုသ်နေ့ဖြစ်လေသည်။

* * *

သံဃာတော်တို့ ညဥ့်သုံးယံပတ်လုံးပင် တရားအပေါင်းကို သရဇ္ဈာယ်ကြသည်။ အနုရာဓမြို့သူမြို့သားများနှင့်တကွသော လင်္ကာဒီပကျွန်းသူကျွန်းသားတို့သည် ခုနစ်ရက်ပတ်လုံး ဓာတ်တော်ကို ပူဇော်ကြသည်။ လာရောက်ဖူးမြော်ပူဇော်ကြသူတို့အားလုံးပင် မိုးလေရာသီဥတုဘေးရန်နှင့်တကွ အခြားမည်သည့်ဘေးအန္တရာယ်မှ ကပ်ငြိတွေ့ဆုံရခြင်းမရှိသည်မှာလည်း မဟိဒ္ဓိက ရဟန္တာကြီး ဣန္ဒဂုတ္တထေရ်က အဓိဋ္ဌာန်ပြု

ထားသောကြောင့် ဖြစ်လေသည်။

ခုနစ်ရက်စေ့ပြီးနောက်တွင်ကား ဓာတ်တော်တိုက်ကို ပိတ်ရန် သာရှိတော့၏။

ဤတွင် ဌာပနာတိုက်တည်ရန် မေဒဝဏ္ဏကျောက်ဖျာကြီးများကို ဆောင်ယူခဲ့ကြသည့် ဥတ္တရနှင့်သုမနသာမဏေနှစ်ပါးပင်၊ ရှစ်ခုမြောက်ချန်ထားသော ကျောက်ဖျာကြီးကို ချီယူကာ ဌာပနာတိုက်ကို ပိတ်လိုက်ကြ၏။

သာမဏေနှစ်ပါးသည် ကျောက်ဖျာကြီးနှင့် မပိတ်မီအဓိဋ္ဌာန် ပြုကြသည်။

ဤဌာပနာတိုက်၌ ပူဇော်သမျှပန်းတို့သည်လည်း မနွမ်းမညိုးလန်းမြဲလန်းကြစေသတည်း၊ နံ့သာရေတို့သည်လည်း မခန်းကြစေသတည်း။ ဆီမီးတို့သည်လည်း မငြိမ်းကြစေသတည်း၊ တစ်စုံတစ်ခုသော ဝတ္ထုသည် မပျက်ဘဲ တည်စေသတည်း။

ကျောက်ဖျာအစပ်တို့သည်လည်း မထေရ်မြတ်တို့ အာနုဘော်ကြောင့် ဂဟေဆော်စပ်သကဲ့သို့ အခြားမရှိ ထိကပ်ပိတ်ဆို့သွားကြလေသည်။

* * *

# တုသိတာသို့

မဟာစေတီ၏လုံးတော် အုတ်ရိုးပိုင်းလုပ်ငန်းများ ပြီးစီးခဲ့ပြီဖြစ်၏။ အင်္ဂတေလိမ်းကျံခြင်းကား မပြုရသေး၊ ထီးတော်တင်ဖို့ ဆိုသည်မှာလည်း၊ အချိန်မကျရောက်သေး။

မဟာစေတီတော်တည်ခြင်းအမှုသည် လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း တရိပ်ရိပ်တိုးတက်လာနေသည်ကား အမှန်ပင်ဖြစ်၏။ သို့နှင့်အမျှ တရိပ်ရိပ်ကျဆင်းနေသော အခြားအဖြစ်သနစ်တစ်ခုလည်း ပေါ်ပေါက်နေသည် ယင်းကား ဒုဋ္ဌဂါမဏိမင်းကြီး၏ဇရာ ထို့နောက် ဗျာတိ။

မိဋ္ဌကျေးကုလားတို့နှင့် သာသနာ့အန္တရာယ် ဋ္ဌောရကျေးမင်းတို့ကို သုတ်သင်ဖယ်ရှားရေး ကြွေးကြော်သံဖြင့်၊ နှစ်ရှည်လများစစ်ထိုးခဲ့သော "စစ်ပွဲဒဏ်" များက၊ မင်းကြီး၏ဇရာကို ဗျာတိအဖြစ်သို့ ပို့ဆောင်ပေးကြပြီဖြစ်သည်။ ရတနာသုံးပါးကို အထွဋ်ထားတပ်ကာ တစ်ဘဝလုံးလုံး အနားမနေ အပန်းမဖြေ လှုပ်လှုပ်ရှားရှား တိုက်တိုက်ခိုက်ခိုက်နေခဲ့သည့်ခန္ဓာကိုယ်သည် ချုံးချုံးကျခဲ့လေပြီ။

ဇရာတည်းဟူသော မြေခင်းပျော့ပျော့ပေါ်တွင် ဗျာတိသည်တံခွန်အလံများကို တစ်စင်းပြီးတစ်စင်း စိုက်ထူလာသည်။ ထိုဗျာတိတံခွန်

အလံများတို့သည် 'မရဏ' လေပြင်းအရှိန်ဖြင့်၊ တဖြတ်ဖြတ်လှုပ်ခါနေကြသည်။

ဒုဋ္ဌဂါမဏိမင်းကြီးကိုယ်တိုင်လည်း၊ မိမိအခြေကိုမိမိသိ၏။ သမားတော်တို့၏ ဆေးဝါးကုသမှုကိုခံယူရင်းဖြင့်ပင် မင်းကြီးသည် ဒီဃဝါပိအရပ်ဒေသရှိ ညီတော်တိဿကို အခေါ်လွှတ်လိုက်၏။

"တိဿ မဟာစေတီကြီးအမြန်ဆုံး ပြီးစီးရေးဆက်လုပ်ဆောင်ဖို့ ညီတော်တာဝန်ယူပါ"

နောင်တော်မင်းကြီးသည် စကားလုံးများပီသအောင်၊ အတော်ကြီးအားစိုက်ပြောနေရသည်ကို တိဿသိလိုက်၏။ အနည်းငယ်စကားပြောရုံမျှဖြင့် မောပန်းကြီးစွာအသက်ရှူနေရသည်။

"စိတ်ချယုံကြည်စွာ နောင်တော်မင်းမြတ် စံနေတော်မူပါ၊ ဝေဒနာပျောက်ကင်းရေးကိုသာ ရှေ့ရှုပါနောင်တော်" မင်းကြီးယဲ့ယဲ့ပြုံးသည် မျက်ဝန်းအိမ်များ အရောင်သွေ့ခြောက်လျက် "နောင်တော်ဝေဒနာက၊ စေတီကြီးမပြီးမီ..."

စကားမဆက်နိုင်၊ ပါးစပ်ကိုဟ၍ အသက်ရှူရလေသည်။ သမားတော်ကမျက်ရိပ်ပြသည်။ မင်းကြီးပြန်လည်မိန့်မောသွားစဉ် တိဿကုမာရသည် တိတ်တဆိတ်ထွက်လာခဲ့လေသည်။ နန်းတော်မုခ်တံခါးအထွက်မှာပင် တိဿသည် ဆုံးဖြတ်ချက်တစ်ခုချလိုက်၏။

"အစဉ်အတိုင်းသာ ဆက်လက်လုပ်ဆောင်မည်ဆိုရင် မဟာစေတီကြီးအပြီးကို နောင်တော်ဘယ်လိုမှ မှီနိုင်ရှာမှာမဟုတ်ဘူး၊ ဒီတော့ ကောင်းသောစေတနာပြဋ္ဌာန်းမှုနဲ့ ငါလုပ်မှဖြစ်တော့မယ်။ ဒီလိုလုပ်တဲ့အတွက် အပြစ်တစ်စုံတစ်ရာဖြစ်မယ်ဆိုရင်လည်း အဲဒီအပြစ်ကို ငါခံဖို့အသင့်ပဲ"

အပ်ချုပ်သမားများကို တိဿကုမာရခေါ်လိုက်၏။ စင်ကြယ်စွာသောအဝတ်ဖြူတို့ကို အစပ်အဟက်ညီညွတ်စွာ ချုပ်လုပ်ရစ်ပတ်စေသည်။ ထိုအဝတ်ပေါ်တွင် ကျွမ်းကျင်သောပန်းချီကျော်များကို ပွတ်တိုင်၊ ရေပြည့်အိုး၊ တံခွန်ကုက္ကား၊ မုလေးပွား စသည့်ရုပ်ပုံများရေးဆွဲစေ၏။ ထို့နောက်

လက်ရာအကောင်းဆုံး တောင်းရွှေသမားများကိုခေါ်၍၊ အသန့်ရှင်းဆုံး ဝါးများဖြင့် ထီးတော်၊ လဝန်း၊ နေဝန်း၊ အထက်ပွတ်တိုင်၊ ဆည်လည်း ညောင်ရွက် စသည်များကို ရက်လုပ်စေ၏။

ထိုပန်းချီပုံများ ဝါးဖြင့်ပြီးသောစေတီတော် အမြောက်အယွမ်းများ ကို တည်လက်စ စေတီတော်ကြီးတွင် အံကိုက်အနံကိုက်တပ်ဆင် မွမ်းမံ လိုက်ကြသည်။ ထို့နောက် စေတီတော်ကြီးပြီးစီးပါကြောင်း နောင်တော် ထံဝင်၍ လျှောက်တင်သည်။

ထိုအချိန်တွင် မင်းကြီးကား လျောင်းလျက်ဣရိယာပုဒ်မှ တစ် ပါး ထိုင်ခြင်း၊ ထခြင်းပင်မပြုနိုင်တော့ပေ။ ဝေယာဉ်ပေါ်တွင် လျောင်း လျက်လိုက်လာရင်း စေတီတော်ကြီးကို လကျာ်ရစ်လှည့်လည်ကာ ရှိခိုး ပူဇော်လေသည်။ လကျာ်ရစ်ပူဇော်ပြီးနောက် တောင်ဘက်တံခါးဝ မြေအ ခင်းထက်တွင် လကျာ်နံပါးဖြင့် လျောင်းလျက်ပူဇော်ပြန်သည်။ လက်ဝဲ နံပါးသို့ပြောင်းကာ လောဟပါသာဒကို ဖူးမျှော်ရှိခိုးသည်။

လင်္ကာဒီပ အနုရာဓ တစ်ဝှမ်းတွင် သီတင်းသုံးကြသော ရဟန်း အပေါင်း မင်းကြီးထံရောက်ရှိလာကြ၏။ ဒုဋ္ဌဂါမဏိမင်းကြီး၏ နောက်ဆုံး အချိန်နီးကပ်လာပြီဖြစ်သဖြင့်၊ ရဟန်းတော်တို့သည် အစုအဖွဲ့လိုက် တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြလေသည်။

ထိုအစုအဖွဲ့ရဟန်းများတွင် တစ်ပါးသောရဟန်းမပါဝင်ချေ။ လစ်လပ်သောထိုရဟန်းတော်ကို မင်းကြီးကလည်းတောင့်တလေသည်။ မင်းကြီးစိတ်ထဲတွင်တွေးကြံ၏။

"အဘယ"ဆိုတဲ့စစ်သူကြီးဟာ ဋ္ဌောရကျေးမင်းတို့နဲ့ ငါနှစ် ဆယ့်ရှစ်ကြိမ်တိုင် စစ်ထိုးခဲ့ရာမှာ ငါ့ထံပါးအမြဲရှိခဲ့တယ်။ ငါ့ကိုဝန်းရံ ပြီး ငါ့အသက်ဘေးကာကွယ်ရေးနဲ့ စစ်ပွဲအောင်မြင်ရေးအတွက် ရှုပ်ရှုပ်ချွံချွံ စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့တယ်။ အခုတော့ မရဏာရာဇနဲ့စစ်ထိုးရတဲ့ ဒီပွဲမှာ ငါရှုံးနိမ့်မယ်ဆိုတာ သိတဲ့အတွက် သူမလာတော့ဘူးထင်ပါရဲ့။

ဩော် စစ်တကာစစ် အောင်မြင်ပြီးနောက် အတွင်းကိလေသာ

စစ်ကို ဆက်ထိုးဖို့ ငါ့ထံက ထွက်ခွာသွားခဲ့တဲ့ ထေရပုတ္တာဘယမထေရ် ဘယ်ဆီများ ကြွရောက်နေပါလိမ့်…'

ဆဋ္ဌာဘိညရဟန္တာဖြစ်တော်မူသော ထေရပုတ္တာဘယမထေရ် သည် ကရိန္ဒမြစ်၏ အမွန်ဖြစ်သော ပဥ္စလိတောင်၌ ရဟန္တာငါးရာ အရံနှင့်တကွ သီတင်းသုံးနေပေသည်။ မင်းကြီး၏ ထိုအတွေးအကြံကို မထေရ်မြတ်သည် စေတောပရိယအဘိညာဉ်ဖြင့် သိတော်မူလိုက်၏။ သို့ဖြင့် မင်းကြီး ထိုသို့ တွေးကြံအပြီးမှာပင် မထေရ်သည် ရဟန္တာငါးရာ ရံလျက် ကောင်းကင်ခရီးမှ ကြွလာကာ မင်းကြီးအနီးရပ်လျက် တည် လေသည်။

မင်းကြီး၏ သီဝေသွေ့ခြောက် မျက်လုံးအိမ်များသည် မထေရ် ကို မြင်သည်နှင့် ကြည်စင်တောက်ပသွား၏။ လျောင်းလျက်ပင် ရင် ညွှန့်ရှေ့၌ လက်အုပ်ချီကာ–

"အရှင်ဘုရား…တပည့်တော်က ယခင်က လူဝတ်ကြောင်ဘဝ အရှင်ဘုရားအပါအဝင်၊ စစ်သူရဲကြီး တစ်ကျိပ်တို့နဲ့ အတူတကွစစ်မြေ ပြင်ဝင်ခဲ့ပါတယ်။ ယခု ထိုစစ်များရပ်စဲပါပြီး အခုတော့ တပည့်တော် တစ်ယောက်တည်းသာ၊ သေမင်းနဲ့စစ်ထိုးဖို့အားထုတ်နေရပါပြီ။ ဒီပွဲမှာ တပည့်တော်ရှုံးနိမ့်မှာပါဘုရား…"

ထေရပုတ္တာဘယ မထေရ်သည် မင်းကြီး၏လက်အစုံတို့ကို ဖွဖွဆုပ်ကိုင်လျက် မိန့်တော်မူလေသည်။

"ဒကာတော် မဟာရာဇ၊ ကြောက်ရွံ့တော်မမူသင့်။ ကိလေသာ တည်းဟူသောရန်သူကို မအောင်လျှင် သေမင်းတည်းဟူသော ရန်သူကိုလဲ မအောင်မြင်နိုင်ဘူး၊ မြတ်စွာဘုရားရှင်က အလုံးစုံသော ရုပ်၊ နာမ်၊ ခန္ဓာ သင်္ခါရတရားတို့သည် မမြဲကုန်လို့ ဟောတော်မူတယ်။ အလုံးစုံ သော သင်္ခါရတရားတို့သည် ပျက်ရမည်သာဖြစ်တယ်။ ဇရာမရဏ အနိစ္စတို့သည် ရှက်ခြင်း၊ ကြောက်ခြင်းမှ ကင်းသည်ဖြစ်၍ အတုမရှိ သော သုံးလူ့အရှင်ဘုရားရှင်ကိုယ်တော်တိုင်ကိုပင်လျှင် နှိပ်စက်ကြကုန်

တယ်။ ဒါကြောင့် ငါ၏ ရုပ်၊ နာမ်၊ ခန္ဓာ ဟူသမျှတို့သည် မမြဲကုန် ဆင်းရဲအတိဖြစ်ကုန်၏။ အစိုးမရချေတကား – လို့ – ဒကာနှလုံးသွင်းပါ။”

မင်းကြီးသည် မျက်လွှာအစုံပိတ်ရင်၊ တရားနာယူပြီးနောက် မျက်လွှာပြန်ဖွင့်၏။ အရှုံးမရှိသော စစ်ပွဲများကိုချည်း ဖြတ်သန်းခဲ့သည့် ဒုဋ္ဌပါမဏိသည် သေမင်းရန်သူရှေ့မှောက် အညံ့ခံရမည့်အရေးကို ချောက်ချားနေလေသည်။

မင်းကြီး နှုတ်ခမ်းများဆတ်ဆတ်လှုပ်လာသည်။ လေဆက်ပြတ်ကာ၊ စကားပြီးသအောင် မပြောနိုင်ခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ယခုကား ထေရပုတ္တာဘယမထေရ်ကို အကြောင်းပြုချက် မင်းကြီး စကားတွင်ပြောလေတော့သည်။

“အရှင်ဘုရား… ရန်သူအပေါင်းကိုထောင်းထောင်းဖျက်ခြေ၊ ပျက်ကြွေစေခဲ့တဲ့တပည့်တော်ကား အခုအချိန်မှာ မရဏရန်သူကိုရှုံးနိမ့်စေအောင် မတတ်နိုင်တော့ပါလား ဘုရား…”

မထေရ်မြတ်ကား စကားမဆိုဘဲ အသာအယာခေါင်းညိတ်သည်။

“အရှင်ဘုရား၊ ယခုအခါ ငိုကြွေးခြင်းဆိုတဲ့ စစ်သည်တွေရောက်လာပါပြီ။ မသိခြင်းဆိုတဲ့ ဗိုလ်ပါအစုတို့ဖွဲ့တည်ကြပါပြီ ပြင်းစွာတွေဝေခြင်းဆိုတဲ့ လုံရိုးက ထကြွပါပြီ၊ ယောင်ယမ်းမြည်တမ်းခြင်းဆိုတဲ့ အလံတံခွန်တွေ တလူလူလွင့်ပါပြီ၊ နှလုံးမသာခြင်းဆိုတဲ့စည်တီးသံတွေ ဟီးဟီးညံနေပါပြီ၊ ရင်ကိုထုရိုက်ခြင်းဆိုတဲ့ ကြေးနင်းခွက်ခွင်းသံတွေ ဆူဝေပါပြီ၊ ပြင်းစွာပင်ပန်းခြင်းဆိုတဲ့ ခရုသင်းသံတွေထွက်ပေါ်ပါပြီ၊ မျက်ရည်တည်းဟူသောသွေးတို့ ယိုစီး၊ ဒုက္ခဝေဒနာတည်းဟူသော အဲမောင်းသွားတို့စူးနစ်၊ စိတ်၏ဆင်းရဲခြင်းတည်ဟူသော မိုန်းသွားတို့ စိုက်ဝင် ကိုယ်၏ဆင်းရဲခြင်းတည်းဟူသော ဆောက်ပုတ်တို့ရိုက်ခတ် ထိတ်လန့်ခြင်းတည်းဟူသော သံလွှစက်ကို ခုတ်ဖြတ်မရဏမြားက စွဲ

ဝင်ပါပြီ ဘုရား…သေခြင်းဆင်က နင်းပါပြီဘုရား၊ ကုသိုလ်အကုသိုလ် စစ်သူရဲတို့ တိုက်ခိုက်ကြပါပြီဘုရား။ ယမမင်းရဲ့ တမန်တို့ ဟစ်ကြွေး လှည့်လည်ကြပါပြီဘုရား။ သေခြင်းတည်းဟူသော ဒီစစ်ပွဲကြီးကို အောင် မြင်နိုင်တဲ့ သတ္တဝါရယ်လို့ မရှိပါလား ဘုရား" ထေရပုတ္တာ ဘယမ ထေရ်က ကြည်လင်အေးဆေးစွာ မိန့်တော်မူ၏။

"မင်းမြတ်ဒကာတော် ဆင်ခြင်လိုက်စမ်း၊ နှစ်ခုမြောက်သော အတိတ်ဘဝ၊ သာမဏေဖြစ်ခဲ့စဉ်ကတည်းက သင်ဟာ ကြီးစွာသော ကုသိုလ်သမ္ဘာရ သမ္မာဆန္ဒကြောင့် နတ်ပြည်သို့ရောက်ကြောင်း နိမိတ် ထင်ခဲ့ပေတယ်၊ နတ်၏ချမ်းသာကို ရခဲ့ရှိခဲ့ပေတယ်။ သို့စင်လျက် နတ်၏ ချမ်းသာကို မင်းမြတ်ပယ်ခဲ့တယ် မဟုတ်လား၊ သည်သို့ပယ် ပြီး၍ မင်းအဖြစ်သို့ လာကာ များစွာသော ကောင်းမှုကုသိုလ်တော်တွေ ကို ပြုခဲ့တယ် မဟုတ်လား၊ သင်မင်းမြတ်ရဲ့ ဇကေရာဇ်အဖြစ်ကို ရယူ ခံစားခြင်းဟာ ဘုရားရှင်သာသနာတော်ကို ထွန်းပစိမ့်သောငှာသာ ပြု တော်မူပေတယ်။ များလှစွာသော ကောင်းမှုတွေနဲ့ ပြည့်စုံခဲ့တဲ့ မင်းမြတ် ဒုဋ္ဌဂါမဏိ ယနေ့တိုင်အောင် အစုစုသင်ပြုခဲ့သော ကောင်းမှုကုသိုလ်တို့ ကို အောင်မေ့ဆင်ခြင်ပါ။ ဒကာတော်မင်းမြတ်"

"အရှင်ဘုရား အရှင်ဘုရားဟာ တပည့်တော်ရဲ့ နှစ်ကြိမ်သော စစ်ပွဲမှာ အဖော်သဟဲဖြစ်ပါပေတော့တယ် အရှင်ဘုရား"

လယ်အစုံကို နဖူးပြင်ထက်သို့ တုန်ရီစွာကပ်လျက် ထေရပုတ္တာ ဘယမထေရ်အား ရှိခိုးနေရင်းဖြင့်ပင် မင်းကြီးသည် မိန်းမောသွားပြန် လေသည်။

အနီးရှိ နားခံတော်နှင့် စာတော်ဖတ်စာရေး အမှုထမ်းက အသင့်ကိုင်ထားသော ပုရပိုက်ကိုဖွင့်ရန်ပြင်လျက် သမားတော်ကြီးကို လှမ်းကြည့်သည်။ ဘုရင့်သမားတော်ကြီးက အသာအယာခေါင်းညိတ်ပြ လိုက်သည်။

စာတော်ဖတ်၏ နူးညံ့တို့စိမ်သော အသံပေါ်လာ၏။

"မြတ်သော မင်းကြီးဘုရား ဘုန်းတော်ကြီးသော မင်းမြတ်သည် သာသနာတော်၏ အကျိုးစီးပွားများစိမ့်သောငှာ ကိုးဆယ့်ကိုးဆောင်သော ကျောင်းတို့ကို ကောင်းစွာ ဆောက်တော်မူပြီ။ တစ်ဆယ့်ကိုးကုဋေသော ဥစ္စာတို့ဖြင့် မရိစဝဋ္ဋိစည်သော ကျောင်းတော်ကို ဆောက်တော်မူပြီ ထိုမျှသာမကသေး အရပ်ရပ်အစုစု များလှစွာသော ကောင်းမှုတော်တို့ကား…

မင်းကြီး၏ မျက်လွှာများ ဖြည်းညှင်းစွာ ပွင့်လာကြပြန်သည်။ စက္ခုအကြည်စက်တို့ တစ်စတစ်စ မှေးမှိန်ဖျော့တော့လာနေ၏။ ဗျာဓိ၏ စစ်တလင်းတွင် မရဏစစ်သည်များက အလုံးအရင်းဖြင့်ဝင်ရောက်ကူညီတိုက်ခိုက်လာကြသဖြင့် မင်းကြီး၏ရင်အုံသည် လေပြင်းထန်သော သမုဒ္ဒရာမျက်နှာပြင်ထက်မှ လှိုင်းများနှယ် မို့မောက်နိမ့်ဆင်းပြင်းစွာ လှုပ်ရှားနေကြသည်။

စာတော်ဖတ်၏အသံ ရပ်သွားသဖြင့် သမားတော်ကြီးက တီးတိုးပြောလိုက်၏။

"ဆက်ဖတ်ပါ၊ ဝေဒနာသည်းထန်ပေမယ့် ဘုရင်မင်းမြတ်ရဲ့ သဒ္ဒါရုံဟာ ဆုတ်မသွားသေးဘူး ဆက်ဖတ်ပါ"

"ကုဋေသုံးဆယ်သော ဥစ္စာတို့ဖြင့် နတ်ဗိမာန်မခြား အတူလောဟပါသာဒကို ဆောက်စေပြီး မဟာစေတီတည်သည်မှ အခြားသော အလှူဝတ္ထုတို့သည် ကုဋေတစ်ထောင်ထိုက်ကုန်ပြီ။ ဘုန်းတော်ကြီးသော အရှင်သည် ကောဋ္ဋမ္ဗအမည်ရှိ ရောဟဏဇနပုဒ် မလယအရပ်၌ နေစဉ် အလွန်ဆိုးရွားသော ဒုဗ္ဘိက္ခန္တရကပ်ကြုံသည် ဖြစ်၍ လူအပေါင်းတို့ မှုရိုးသီးကို ပြုတ်၍ စားကြရသောကာလ၊ မင်းမြတ်သည် အဘိုးအနဂ္ဃ ထိုက်သည့် နားဋ္ဌောင်းတော်နှစ်ခုဖြင့် ဆပ်ဆန်ကိုဝယ်၍ ဟင်းလေးယာဂုဆပ်ဆွမ်းကို လှူတော်မူရာ မလိယမဟာဒေဝမထေရ် အမှူးရှိသော ရဟန္တာငါးပါးတို့သည် အလှူခံဘုန်းပေးခဲ့ကြပြီ…"

စာတော်ဖတ်၏ အကြည့်ကို သမားတော်ကြီးက ခေါင်းညိတ်ပြသည်။

"ထို့ပြင်အခြား စူဠင်္ဂဏိယစစ်မြေပြင်တွင် ညီတော်တိဿနှင့် စစ်ထိုးကြစဉ်ကာလ...အရေးမလှသဖြင့် ဆုတ်ပြေးရသောအခါဝယ် တစ်ယောက်စာသော ထမင်းကို စားမည်အပြင်တွင် အလှူခံတို့ကို ကြွေးကြော်ဖိတ်မန်သဖြင့် ကြွလာတော်မူသော ရဟန္တာအရှင်မြတ်အား မိမိအသက် မင့်ကွက်ဘဲ ရွှေခွက်၌ရှိသမျှထမင်းကို လှူခဲ့ပြီ"

ဤအကြောင်းကို ကြားနာပြီးချိန်တွင် မင်းကြီး၏အသွင်မှာ အံ့သြဖွယ်ရာ ပြောင်းလဲသွား၏။ မျက်လုံးများအရောင်ပြန်လက်လာကာ တစ်စုံတစ်ခုပြောလိုဟန်ဖြင့် နှုတ်ခမ်းတပြင်ပြင် ဖြစ်လာ၏။ သမားတော်ကြီးက မင်းကြီး၏ အခြေအနေကို အကဲခတ်ကာ နှင်းရည်ဖြင့်ဖျော်စပ်သော ဆေးအနည်းငယ်ကို လဲဝါဂွမ်းစတွင် စွတ်စေကာ အသာအယာအစက်ချတိုက်ကျွေးလိုက်သည်။

မယုံနိုင်စရာ ကောင်းလောက်အောင်ပင် အမောဆိုက်နေသောလက္ခဏာများ ပပျောက်သွားကာ မင်းကြီးသည် တစ်လုံးချင်းစကားပြောလေတော့သည်။

"မရိစဝဋ္ဋကျောင်း လောဟပါသာဒ ဓါတ်တော်ဌာပနာ မဟာစေတီတည်ဆောက်လှူဒါန်း အနုမောဒနာပြုတဲ့ ခုနစ်ရက်တာတွေ မှာ သံဃာတော်များကို ကြီးကျယ်လှတဲ့ အလှူပေးခဲ့ပြီ ကဆုန်လပြည့်နေ့ ပွဲတော် နှစ်ဆယ့်လေးကြိမ်ပူဇော်မှု၊ လင်္ကာဒီပတစ်ကျွန်းလုံးရှိ သံဃာတော်အားလုံးကို သုံးကြိမ်တိုင် တိစီဝရိတ်သင်္ကန်းလှူခဲ့ပြီ ဆယ့်နှစ်ဌာနတို့မှာ ဆီမီးတစ်ထောင်ညှိထွန်းလှူခဲ့ပြီး ဆယ့်ရှစ်ဌာနနေ ရဟန်းတို့ကို ဆွမ်း၊ ဆေးလုပ်ကျွေးခဲ့ပြီ ဆေးဆယ့်လေးဌာနမှာ ပျားဆွမ်း၊ ဃနာဆွမ်း၊ ဆီကြော်နှံ့ခဲ မဟာဇလာမုန့်တို့ကို ဆွမ်းနဲ့တကွ နိစ္စဗဒ်ကပ်လှူခဲ့ပြီ လစဉ် ရှစ်ရက်ဥပုသ်နေ့တိုင်း ကျောင်းတိုက်အားလုံး ဆီမီးထွန်းဖို့ဆီကို ကပ်လှူခဲ့ပြီ။ အာမိပဒါနထက် ဓမ္မဒါနက ပိုပြီးမြတ်တယ်...လောဟပါသာဒအောက် သံဃာအလယ်မှာ ရိုသေသမှုနဲ့မဟောဝံ့လို့ ဓမ္မကထိကပုဂ္ဂိုလ်တို့ကို ပူဇော်၊ တရားစကားများ ပြောဟောစေခဲ့တယ်၊

ဒီတရားပွဲမှာ ထောပတ်၊ တင်လဲ၊ သကာနွယ်ချို၊ ပုဆိုးအဝတ်အစုံအစုံ ကပ်လှူခဲ့တယ်…”

အနည်းငယ် မောသွားဟန်ရှိသဖြင့် သမားတော်ကြီးက နှင်းရည်ဆေးစက်ချပေးရပြန်သည်။

နှုတ်ခမ်းများကို လိမ်းသတ်လျက် မင်းကြီးစကားဆက်သည်။

“ငါလှူခဲ့တဲ့ အဲဒီ ဒါနတွေများလှတယ်၊ ဒါပေမဲ့ ငါ့စိတ်ထဲ စွဲစွဲထင်ထင်မရှိ။ ငါ အလွန်နှစ်သက်တဲ့ အလှူက နှစ်ခု၊ အသက်ဘေး မငဲ့ဘဲ လှူရတဲ့ ဆပ်ဆွမ်းနဲ့ စစ်ပြေးရစဉ်လှူရတဲ့ တစ်ယောက်စာဆွမ်း ဒီနှစ်ခုသာပဲ”

ထေရပုတ္တာဘယမထေရ်သည် မင်းကြီး၏ ဦးခေါင်းရင်းဘက်သို့ ချဉ်းကပ်လာသည်။ ကြည်ညိုရင်းစွဲကို တိုးပွားစေရန် မထေရ်မိန့်လေသည်။

“ဒကာတော် မဟာရာဇ…မင်းကြီးရဲ့ ဆပ်ဆွမ်းကိုခံသော ရဟန်း ငါးပါးတို့မှာ မလိယဒေဝမဟာထေရ်က ဆပ်ဆွမ်းခံယူပြီး သုမနတော် မှာနေတဲ့ ရဟန်းကိုးရာတို့ကို ခွဲဝေလှူဒါန်းဘုန်းပေးကြတယ်။ ဒီဆွမ်း ကို ခံယူတဲ့ ဓမ္မဂုတ္တထေရ်က တစ်ဖန်ကလျာဏီကျောင်းက ရဟန်းငါး ရာတို့နဲ့ ခွဲဝေဘုန်းပေးပြန်တယ်။ ဓမ္မဒိန္နမထေရ်က ပိယင်္ဂုကျွန်းက ရဟန်းတစ်သောင်းနဲ့အတူ ခွဲဝေဘုန်းပေးပြန်တယ်။ ခုဒ္ဒတိဿမထေရ်က ကေလာသကျောင်းနေ ရဟန်းခြောက်သောင်းနဲ့အတူ ခွဲဝေဘုန်းပေးပြန် တယ်။ မဟာဗျဂ္ဃမထေရ်ကလည်း ဒုက္ကနှဂကျောင်းနေ ရဟန်းခုနစ်ရာ တို့နဲ့အတူ ခွဲဝေဘုန်းပေးပြန်တယ်”

အဆင့်ဆင့်အဆဆပွား းသော ထို ဆပ်ဆွမ်းဒါန၏ အာနိသင်ကို နားလည်ကြည်နူးစွာဖြင့် မင်းကြီးမျက်တောင်ခတ်သည်။

“မဟာရာဇက စစ်ပြေးစဉ်က တစ်ယောက်စာဆွမ်းကို အလှူခံခဲ့တဲ့ ကုဋ္ဌမ္ဗိကပုတ္တတိဿမထေရ်က တစ်သောင်းနှစ်ထောင်သော ရဟန်းတို့နဲ့အတူ ခွဲဝေဘုဉ်းပေးတယ်။ အောက်မေ့ဆင်ခြင်ပြီး ကုသိုလ်ပီတိ

ပွားပါလေ ဒကာတော်”

မင်းကြီးလက်အုပ်ချီလျက်

“နှစ်ဆယ့်လေးနှစ်တိုင် တပည့်တော်ဟာ သံဃာရဲ့ကျွန်အဖြစ်နဲ့ လုပ်ကျွေးပူဇော်ခဲ့ပါတယ်။ တပည့်တော်ရဲ့ ရုပ်အစုဟာလည်း သံဃာအား ကျေးဇူးများပါစေ၊ တပည့်တော်လွန်ပြီးနောက် ကြွင်းကျန်တဲ့ရုပ်ကလာပ်ကို မဟာစေတီကို မြင်ရာအရပ် သံဃာတို့ ကံကြီးကံငယ်ပြုရာ ဥပုသ်အိမ်မှာ မီးသင်္ဂြိုဟ်ပေးပါဘုရား”

ထေရပုတ္တာဘယ်မထေရ် ဆိတ်ဆိတ်နေတော်မူသည်။ နောက်ဆုံးအချိန် နီးကပ်လာပြီဖြစ်ကြောင်း အားလုံးသိလိုက်ကြ၏။ မီးစာသည် ကုန်ဆုံးတော့မည်။ ဆီသည်ခမ်းခြောက်တော့မည်…ငြိမ်းသေကာနီးတစ်ဒင်္ဂ။ နောက်ဆုံးအနေဖြင့် လက်ခနဲ ထွန်းပသည်။

“တိဿ”

လေသံသဲ့သဲ့မျှသာ ရှိသည်။

“မဟာစေတီ မပြီးသေးတာ ပြီးစီးအောင် လုပ်၊ နံနက် ညဆွမ်း ပန်း ရေချမ်း တူရိယာသံ ပူဇော် သံဃာတော်တို့ကိစ္စ မမေ့မလျော့”

ထွန်းပသော ဆီမီးအလင်း ချက်ချင်း မှိန်ဖျော့သွားသည်။

ရဟန်းသံဃာတော်အပေါင်းတို့၏ ရွတ်ဖတ်သရဇ္ဈာယ်သံ ပေါ်လာသည်။

ခေတ္တအကြာတွင် မင်းကြီး၏လက်တစ်ဖက် အနည်းငယ်လှုပ်လျက် လက်ဝါးကာပြသည်ကို တွေ့ကြရလေသည်။ သံဃာတို့က ရွတ်ဖတ်ခြင်းကို တားမြစ်သည်ဟု ယူဆကာ ရပ်လိုက်ကြ၏။ မင်းကြီးမျက်လုံးမဖွင့်ဘဲ ဆက်ရွတ်ပါဟူသော အဓိပ္ပာယ်ဖြင့် လက်ကို ပြပြန်သည်။ ထို့နောက် လေသံဗလုံးဗထွေးဖြင့် …

“ရထားခြောက်စင်းလာတယ်၊ နတ်တို့လာခေါ်တယ်၊ ခဏနေပါလို့ လက်ဝါးကာပြပါတယ်”

မင်းကြီးသည် သေအံ့မူးမူးဝယ် ကယောင်ကတမ်း ရေရွတ်နေ

ပြီဟု အချို့မှူးမတ်များ တီးတိုးပြောကြလေသည်။ ထေရပုတ္တာဘယ မထေရ်သာလျှင် အဖြစ်မှန်ကို သိတော်မူသည်။ အကယ်ပင် ဒုဋ္ဌဂါမဏိ မင်းကြီးအတွက် နတ်သားများသည် နတ်ရထားခြောက်စင်းဆိုက်တည် ကာ ရထားပေါ်သို့တက်ရောက်ရန် ခေါ်ငင်ကြောင်း မထေရ်သိတော်မူ လျက် ထင်ရှားသိသာကြစေရန် မင်းကြီးနားတွင် ကပ်ကာမေးသည်။

"ဒကာတော် နတ်ရထား ရောက်လာသည်ကို ဘယ်သို့ သိနိုင် ကြမလဲ"

မင်းကြီး၏ နှုတ်ခမ်းများ လှုပ်ရုံသာလှုပ်သည်။ မထေရ်ကား နားလည်ဟန်ဖြင့် ခေါင်းညိတ်လျက်...

"ပန်းကုံးတွေကို အထက်ဆီပစ်တင်ကြည့်လိုက်ကြပါ"ဟု မိန့် လေသည်။

ပန်းကုံးများ ပစ်တင်လိုက်ကြ၏။ လူတို့ မမြင်အပ်သော နတ်ရထားတို့၏ လှည်းသံ၊ ဘီး စသည်တို့၌ ပန်းကုံးများ ကပ်ငြိကာ ကောင်းကင်၌ ပန်းဆိုင်းတွဲ ရရွဲဆွဲသည်သို့ တည်ကြလေသည်။ ထိုအခါ မှ သံသယကင်းကြလေသည်။

မင်းကြီး၏ လက်ချောင်းများ အနည်းငယ်လွန့်ပြန်သဖြင့် မထေရ်မြတ်သည် နားအနီးကပ်ကာ နားထောင်ရသည်။ လွန်စွာ တိုးလျ သော လေသံသဲ့သဲ့ ...

"နတ်ပြည်ခြောက်ရွာ နတ်ရထားခြောက်စင်း ဘယ်နတ်ရွာကို"

"ဒကာတော် ဗုဒ္ဓဖြစ်ထိုက်သော အခါကိုကြည့်မျှော်နေသော မေတ္တေယျ ဘုရားလောင်းဟာ တုသိတာနတ်ပြည်မှာ ရှိတယ်"

မင်းကြီး ငြိမ်သက်သွားသည်။ ထေရပုတ္တာပုတ္တာ ဘယမထေရ် စကားကိုကောင်းစွာ နားလည်ဟန် လက်ချောင်းလှုပ်ပြသည်။ ဆီမီး သည် လုံးဝချုပ်ငြိမ်းတော့မည်။ မို့မောက်လှုပ်ရှား ရင်အုံသည် ဖြည်း ညှင်းစွာသာ နိမ့်မြင့်ရှိတော့သည်။ မထေရ်က မင်းကြီးအား မဟာစေတီ ဘက်စောင်းလှည့်ပေးရန် သမားတော်ကို အရိပ်အကဲပြသည်။

သမားတော်ကြီးအကူအညီဖြင့် ဒုဋ္ဌဂါမဏိမင်းကြီးသည် မဟာစေတီဘက် လျှောင်းလျက်ပင် ညင်သာ ငြိမ်သက်စွာ ချုပ်လေသည်။

ထိုခဏ၌ပင် တုသိတာနတ်ပြည်မှလာသော ရထားထက်၌ ဥပပတ်နတ်၏ ကိုယ်သည် ထင်ရှားဖြစ်ပေါ်၏။ နတ်၏တန်ဆာကိုယ်အရောင်အဝါဖြင့် အလွန်တင့်တယ်သောအဆင်းကို လူအားလုံးပင် အထင်အရှားမြင်ကြရသည်။ နတ်ဒေဝါသည် မဟာစေတီတော်ကြီးကို လက်ယာရစ် သုံးပတ်လှည့်ရှိခိုးသည်။ သံဃာတော်တို့ကို ရှိခိုးသည်။ အခြားမဲ့၌ ကွယ်ပျောက်သွားလေသည်။

## နိဂုံး

ရဟန္တာအရှင်မြတ်တို့ ဗျာဒိတ်စကားမိန့်ဆိုတော်မူကြသည်။

"ဤ ဒုဋ္ဌဂါမဏိမင်းကြီးသည် နောင်ပွင့်လတ္တံ့သော မေတ္တေယျဘုရား၏ လက်ယာရံ အဂ္ဂသာဝကဖြစ်လတ္တံ့။ ညီတော်သဒ္ဒါတိဿမင်းကား လက်ဝဲရံအဂ္ဂသာဝက ဖြစ်လတ္တံ့။ ခမည်းတော်ကာကဝဏ္ဏတိဿမင်းကား မေတ္တေယျဘုရား၏ခမည်းတော်ဖြစ်လတ္တံ့။ မယ်တော်ဝိဟာရဒေဝီကား မေတ္တေယျဘုရား၏ မယ်တော်ဖြစ်လတ္တံ့။ ဒုဋ္ဌဂါမဏိမင်းကြီး၏သားတော် သာလိကုမာရမင်းသားကား မေတ္တေယျဘုရားလောင်း၏သားတော် ဖြစ်လတ္တံ့"

**ချစ်ဦးညို**

၂၀၀၄၊ မေ၊ ၂၁